*"ဆာလံသီချင်း မှစသော ဓမ္မသီချင်း အမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကို ပြု၍"*

# ဆာလံကျမ်း

ဘုရားသခင် မှုတ်သွင်းတော်မူလျက်၊ စောင့်ရှောက်တော်မူသော ဤ ဆာလံသီချင်း ကဗျာသည် ဤလောက၏ အကျော်ကြားဆုံး ကဗျာများထက် များစွာ သာလွန်ခြင်းရှိ၏။ ဘုရားသခင် က ဆာလောင်သော စိတ်ဝိညာဉ်အတွက် အစာအဟာရကဲ့သို့ ဤ ဆာလံကျမ်းကို သီဆိုဖို့ရန်နှင့် ဖတ်ဖို့ရန် စီစဉ်တော်မူခဲ့ပါသည်။ ဘုရားသခင်သီကုံးတော်မူသော ဤဆာလံသီချင်းတို့သည် ကောင်းကင်ဘုံသို့ ချီတတ်ခရီးဆက်နေသော၊ ဤလောကဧည့်သည်များအတွက် ဒဏ်ကြေလိမ်းဆေး သဖွယ်ဖြစ်ပါသည်။ ဤကျမ်းသည် စိတ်ကူးယဉ်တရား မဟုတ်ဘဲ၊ လက်တွေ့ကျသော ဝိညာဉ်တရား များကို ဖော်ပြခဲ့ပါသည်။

ဟေဗြဲကျမ်းစာတွင်၊ ဤဆာလံကျမ်းကို "Tehillim" (ချီးမွမ်းခြင်း) ဟုဖော်ပြ၏။ ဂရိဘာသာ စကားတွင်၊ "Psalmoi" (ချီးမွမ်းသီချင်းများ) ဟု ဘာသာပြန်ထားပါသည်။ ဤသီချင်းများသည် ဣသရေလ၏ဘုရားသခင်ထံ သီဆိုသော သီချင်းများဖြစ်၍၊ သမိုင်းကြောင်းနှင့် ယုံကြည်ခြင်းတရား များဖြစ်ကြပါသည်။ ဆုတောင်းခြင်းနှင့် ဆိုင်သောသီချင်းများလည်းဖြစ်ပါသည်။ စိတ်ခံစားချက်များ ဖော်ပြခြင်း၊ ဘုရားသခင်၏ဘုန်းတော် ချီးမွမ်းခြင်းလည်းဖြစ်ပါသည်။ ဤဆာလံကျမ်းက ယုံကြည်သူ ကို ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင် ဘုရားသခင် ကိုးကွယ်ခြင်း သို့ ခေါ်ဆောင်တော်မူ၏။

ဤဆာလံကျမ်းကို ရေးသားသောသူသည် ဘုရားသခင်ကိုယ်တိုင် ဖြစ်တော်မူ၏။ ဒါဝိတ်ဖြစ်စေ၊ မောရှေ (သို့) အာသပ်ဖြစ်စေ၊ သူတို့သည် "သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်း တော်မူခြင်းကို ခံရ၍ ဟောပြောကြ၏" (၂ ပေ ၁း၂၁)၊ ရေးသားခဲ့ကြ၏။

ဆာလံ ၁ ၌ စတင်တွေ့ရသည်မှာ၊ ဘုရားသခင်၏လမ်းသည် ကောင်းကင်ဘုံသို့ ခေါ်ဆောင်တော်မူလျက်၊ ရန်သူ၏လမ်းကမူ ပျက်စီးခြင်းသို့ လူကို ခေါ်ဆောင်၏ ဟူသောအချက် ပင်ဖြစ်ပါသည်။ လူသားရွေးချယ်ရမည့် အရေးကြီးဆုံးသောအရာ၊ အသက်ရှင်ခြင်းသို့ ခေါ်ဆောင် သော ဘုရားသခင်ကြောက်ရွံ့ခြင်းလမ်းနှင့် သေခြင်းသို့ပို့ဆောင်သော မတရားသောလမ်း ကို ဖော်ပြခဲ့ ပါသည်။ ဤတရားသည် သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းဟူသော ဆာလံကျမ်း တခုလုံး၏ အဓိကအကြောင်းကို ဖော်ပြလျက်ရှိပါသည်။ လူအပေါင်းတို့သည် သေခြင်းလမ်းကို လျှောက်သွား ခဲ့ကြပါသည်။ ခရစ်တော် အားဖြင့် မဟုတ်လျှင် အဘယ်သူမျှ အသက်ရှင်ခြင်း လမ်းကို မလျှောက် နိုင်ကြပါ။ ထို့ကြောင့် ဤဆာလံကျမ်း၏အကျိုးတရားကို နားလည်သဘောပေါက်ဖို့ရန် ဘုရားသခင်၏ ဝိညာဉ်တော် ကျိန်းဝပ်တော်မူခြင်းနှင့် ခရစ်တော်၏စိတ်သဘော ပိုင်ဆိုင်ဖို့လိုအပ် ပါသည်။ ကျန် ကျမ်းစာများ နားလည်သဘောပေါက်ဖို့ရန်လည်း ထိုနည်းတူဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ ဆာလံ ၁၁၉ ကို ကျွန်တော်တို့ ဆင်ခြင်နှလုံးသွင်းမည် ဖြစ်သည်နှင့် အညီ၊ သင်၏အသက်တာကို ရှေးဦးစွာ ခရစ်တော်ထံ ဆက်ကပ်ဖို့ရန် ကျွန်တော် တိုက်တွန်း လိုပါ သည်။ သင်သည် ခရစ်တော်ကို မိမိ၏ကယ်တင်ရှင် သခင် အဖြစ် လက်မခံသေးဘူးဆိုလျှင်၊ ယခု လက်ခံဖို့ရန် တိုက်တွန်းလိုပါသည်။ ဤသို့ကျွန်တော်တို့ နေ့စဉ် ဘုရားသခင်၏နှုတ်ကပတ်တရား လေ့လာခြင်းဖြင့် ဘုရားသခင်သည် သင့်ကို အသစ်တဖန် ခွန်အားနှင့် ပြည့်ဝစေတော်မူပါစေသော။

**ဆင်ခြင်ရန်** - ခရစ်တော်၏အမှုတော်ကို ကျွန်တော်ဆောင်ရွက်နေပါသလား၊ ကျွန်ုပ်၏ အသက်တာကို ကိုယ်တော့်ထံ ဆက်ကပ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏စကားကို နေ့စဉ် နာခံလိုက်လျှောက် မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

# နှုတ်ကပတ်တရားတော်၌ မင်္ဂလာရှိခြင်း

"မင်္ဂလာရှိသောသူ" (ဆာလံ ၁၁၉း၁) အကြောင်းဖြင့် ဆာလံ ၁၁၉ စတင်ခဲ့ပါသည်။ မင်္ဂလာရှိသောသူ ဆိုသည်မှာ အခြေအနေ အပေါ်၌ မမူတည်ဘဲ၊ စိတ်နှလုံးထဲ၌ ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိသော ယုံကြည်သူ ပင်ဖြစ်ပါသည်။ ဤ မင်္ဂလာသည် ထာဝရတည်၏။ အခက်အခဲကြုံတွေ့နေသော အစေခံအတွက် အံ့ဘွယ်ဂတိတော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ဤလောက၌ အခက်အခဲ ကြုံတွေ့နေရသော်လည်း မင်္ဂလာရှိသောအသက်တာ ပိုင်ဆိုင်ကြ၏။

ဘုရားသခင်၏တရားလမ်း၌ လျှောက်သွားကြပါသည် - မင်္ဂလာရှိခြင်းသည် အကျင့်မပျက်သောသူများ အဖို့ဖြစ်ပါသည်။ သူတို့သည် ဝိညာဉ်ရေးရာ၌ ကျန်းမာသောသူ၊ အညစ်အကြေးနှင့်ကင်းသောသူဖြစ်ကြပါသည်။ လောကီလူတို့က အပြစ်စွပ်စွဲကြလျှင်လည်း သက်သေ မပြနိုင်ကြပါ။ ဘုရားသခင်၏တရားတော်အတိုင်း နေထိုင်ကြပါသည်။ သူတို့သည် အပြစ်လုံးဝ မရှိသောသူ၊ စုံလင်သောသူတော့ မဟုတ်ကြပါ။ သို့သော်လည်း၊ ဘုရားသခင်ထံ အပြစ်ဝန်ခံလျက် ခွင့်လွှတ်ခြင်းတောင်းလျှောက်ကြသောကြောင့် ခွင့်လွှတ်တော်မူခြင်း အစဉ် ခံရသောသူဖြစ်ကြပါသည်။

သက်သေခံတော်မူချက်ကို စောင့်ကြ၏ - ယုံကြည်သူများသည် မင်္ဂလာနှစ်ဆ ခံရသောသူဖြစ်ကြပါသည်။ သူတို့သည် ဘုရားသခင်၏သက်သေခံတော်မူချက်ကို သေသေချာချာ လိုက်လျှောက်ကြ၏။ ဘုရားသခင်၏နာမတော် ဘုန်းတော်ထင်ရှားစေခြင်းငှါ အသက်ရှင်ကြ၏။ ဘုရားသခင်၏တရားတော်ကို သက်သေခံလျက်၊ မိန့်တော်မူချက်များကို နာခံခဲ့ကြပါသည်။

ကိုယ်တော်ကို စိတ်နှလုံး အကြွင်းမဲ့ရှာကြ၏ - ဤမင်္ဂလာရှိသော သန့်ရှင်းသောသူတို့သည် ထာဝရဘုရား တပါးတည်းကိုသာ ကိုးစားခဲ့ကြပါသည်။ ပလ္လင်တော်သို့ အစဉ် ချဉ်းကပ်လျက်၊ ဆုတောင်းခြင်းပြု၍၊ ထို ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ဝတ်ပြုကိုးကွယ်ကြပါသည်။

များစွာသောလူတို့သည် ဘုရားသခင်၏သားသမီးဟု မိမိကိုယ်ကို ဆိုကြသော်လည်း၊ အနည်းငယ်သည်သာ မင်္ဂလာရှိသောသူ ဖြစ်ကြပါသည်။ အမည်ခံ ခရစ်ယာန်တို့သည် ညစ်ညူးသောသူ ဖြစ်ကြပြီး၊ လောကီလမ်းသို့ လိုက်သွားကြပါသည်။ ဘုရားသခင်၏တရားတော်အတိုင်း အသက် မရှင်ကြပါ။ ယုံကြည်ခြင်း ရှိလျှင် တော်ပြီး၊ အသက်တာက အရေး မကြီးဘူး ဟု သတ်မှတ်ခဲ့ကြ၏။ လောကီလူများကျင့်သည် နည်းတူ အသက်ရှင် နေထိုင်ကြပါသည်။ သူတို့သည် ဤလောကီအရာနှင့် ဇာတိပကတိ အရာတို့၌ ကျေနပ်ရောင့်ရဲခြင်း ရှိကြ၏။ သူတို့ စိတ်ဝင်စားသောအရာမှုကား၊ အစားအသောက်နှင့် ဤလောကီအရာများဖြစ်သော ပိုက်ဆံနှင့် ကားများသာဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ ဤအထက်ပါ ဖော်ပြချက်တို့သည် သင့်အသက်တာနှင့် တိုက်ဆိုင်နေပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မင်္ဂလာရှိသောသူ အမှန် ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကောင်းကြီးမင်္ဂလာများကို ကိုယ်တော်၏နှုတ်ကပတ် တရားတော်၌ ရှာပါမည်။

**ဆာလံ ၁၁၉း၃**

ဆာလံ ၁၀၁

*"စုံလင်သောတရား၌ ကျင်လည်သောသူသည်*
*ငါ၏အမှုတော်ကို ဆောင်ရွက်ရမည်"*

# နှုတ်ကပတ်တော်၌ မင်္ဂလာရှိသောသူ

နှုတ်ကပတ်တရားသည် ယုံကြည်သူကို အပြစ်မှ ကွယ်ကာမည်ဖြစ်၏။ သို့သော်လည်း အပြစ်သည် ယုံကြည်သူကို နှုတ်ကပတ်တရားတော်နှင့် ဝေးကွာစေမည်ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးတော်သည် တရားတော်နှင့် နီးလျက်နေသောသူအပေါ်၌ ပိုသက်ရောက်တတ်ပါသည်။ စားကျက်မြေ၌ ကျင်လည်သော သိုးများသည် ဝဖြိုးလျက် ကြီးထွားခြင်း ရှိသကဲ့သို့ နှုတ်ကပတ်တရားတော် နို့နှင့်အစာကို စားသုံးသောသူ ဘုရားသခင်၏သားသမီးတို့သည် ဝိညာဉ်အသက်တာ၌ ကြီးထွားခြင်းရှိပါလိမ့်မည်။ လောကီ သဲကန္တာရ၌ အဘယ်သိုးမျှ ဝဖြိုးခြင်း ရှိမည်မဟုတ်ပါ။ ထိုနည်းတူ သန့်ရှင်းသူသည် ညစ်ညူးသော ဤလောကီအမှုများ၌ ကောင်းကင် မင်္ဂလာကို မြင်တွေ့ရမည် မဟုတ်ပါ။ ဆာလံဆရာက မင်္ဂလာရှိသောသူများသည် မည်သို့အသက်ရှင်ကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖော်ပြထားပါသည်။

<u>ဒုစရိုက်ကို မပြုကြပါ</u> - သူတို့သည် အပြစ်နှင့်ဆိုင်သော လောကီနေထိုင်မှု စရိုက်ကို မုန်းကြ၏။ မယုံကြည်သူတို့၏ အကျင့်ပျက်ခြင်းနှင့်တပ်မက်ခြင်းကို ရွံရှာကြ၏။ ထိုလောကီ အပျော်အပါးများ၏ လွှမ်းမိုးခြင်း မခံရဖို့ရန် အသီးအခြား နေကြပါသည်။ ဘုရားသခင်အပေါ် အပြစ်မပြုဖို့ရန် သတိထားကြ၏။ ဤလောကီအရာများ၌ မင်္ဂလာလုံးဝ မရှိကြောင်း ကို သိမှတ်ကြပါသည်။

<u>ဘုရားသခင်၏လမ်းတော်၌ လိုက်သွားကြ၏</u> - ယုံကြည်သူများ လျှောက်သွားသော၊ ယေရှု ဖော်ပြတော်မူသော ကျဉ်းသောလမ်းသို့ လိုက်သွားကြပါသည်။ ဤလမ်းသာလျှင် အသက်ရှင်ရာလမ်း ဖြစ်ပါသည်။ ယုံကြည်သူများနှင့် သန့်ရှင်းသော မိသာဟာရဖွဲ့ခြင်းကို တောင့်တကြပါသည်။ ထိုအမှု၌ ပျော်ရွှင်ဝမ်းမြောက်ခြင်း ရှာတွေ့ခဲ့ကြ၏။ ဝိညာဉ်တော်၏လမ်းပြတော်မူခြင်း ခံရသောသူများ၏ သက်သေခံချက်များကို နှစ်သက်ပါသည်။ သူတို့သည် သမ္မာတရားလမ်းသို့ လိုက်လျှောက်တတ်ကြ၏။

နှုတ်ကပတ်တရားတော်၌ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ ခံစားရသောသူတို့သည် ထိုလမ်းကို နှစ်သက်ကြ၏။ သခင်ယေရှု မလျှောက် မနင်းသောလမ်းသို့ မလျှောက်လိုကြပါ။ ဘုရားသခင်၏အစေခံကျွန်များသည် ခက်ခဲသောလမ်းကို လျှောက်သွားရသော အချိန်၌လည်း၊ ကိုယ်တော်ကိုယ်တိုင် ထိုလမ်းကို လျှောက်ခဲ့ကြောင်း သိမှတ်လျက် သည်းခံလျက် ကြိုးစား လျှောက်လှမ်းခဲ့ကြပါသည်။ ထိုလမ်း အဆုံး၌ ဘုရားသခင်နှင့်အတူ နေထိုင်ရသော၊ ထာဝရ အသက်ရှင်ခြင်း ရှိပါသည်။

ကျယ်သောလမ်းကို ရှာ မနေပါနှင့်။ ထိုလမ်းကိုလည်း မလိုက်ပါနှင့်။ ဘုရားသခင်၏ တရားလမ်း၌ လျှောက်လျက်၊ ဒုစရိုက်ကို မပြုဘဲနေပါလော့။ ထိုလမ်းသည် မင်္ဂလာရှိသောလမ်း၊ မြတ်သောလမ်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်လမ်းကို ကျွန်တော် ယခု လိုက်လျှောက်နေပါသနည်း၊ အသက်ရှင်ခြင်း လမ်း လော (သို့) ပျက်စီးခြင်းလမ်း လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ထံမှ အကျွန်ုပ်ကို လမ်းမလွဲ စေပါနှင့်။

*“သင်၏ ဘုရားသခင် ထာဝရဘုရား ထားတော်မူသော . . . ပညတ်တရားတို့ကို ကြိုးစား၍ စောင့်ရှောက်ရမည်”*

# နှုတ်ကပတ်တရားတော် တောင့်တခြင်း

နက်ဖြန် ဘာဖြစ်မည်ကို အဘယ်သူ သိပါသနည်း။ နောက် ဖြစ်လာမည့်အရာကို အဘယ်လူသားကမျှ မသိကြပါ။ ထို့ကြောင့် ဘဝတွင် အံ့ဘွယ်အမှုများနှင့် အခက်အခဲများစွာ ရှိပါသည်။ ထိုအရာများကို ဘယ်အချိန်၌ ဖြစ်လာမည်ကို ကျွန်တော်တို့ မသိကြပါ။ မနက် ကောင်းမွန်စွာ အိပ်ယာမှ ထလာ သော်လည်း၊ နေ့ခင်းပိုင်း၌ နာခြင်း ကြုံတွေ့တတ်ပါသည်။ မနက်ပိုင်း၌ အရာရာ ကောင်းမွန်ခဲ့သော်လည်း၊ နေ့လည်ပိုင်းတွင် မိုးသက်မုန်တိုင်း ကျရောက်နိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့၌ လုံခြုံမှု၊ လုံခြုံသောနေရာ ရှိပါ၏။ ထိုသို့ ဘေးအန္တရယ်ကျရောက်နိုင်သော်လည်း၊ သခင်ယေရှုအားဖြင့် နှိမ့်သိမ့်ခြင်းနှင့် မစတော်မူခြင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွန်တော်တို့ တွေ့မြင်ရကြပါသည်။

ဘုရားသခင် လမ်းပြတော်မူ၏ - ဘုရားသခင်က မိမိ၏ဩဝါဒများကို လိုက်လျှောက်ဖို့ရန် ကျွန်တော်တို့ကို မိန့်တော်မူ၏။ ဘယ်အချိန်၌မဆို ကျွန်တော်တို့ စစ်ကြောခြင်း ကြုံတွေ့နိုင်ကြောင်း ဘုရားသခင် သတိပေးတော်မူ၏။ ခရစ်တော်၏နောက်တော်သို့ လိုက်သောသူများကို စာတန်သည် သွေးဆောင် လိမ့်မည်ဖြစ်ပါသည်။ ထိုအမှုကို ကျွန်တော်တို့၏အကျိုးအတွက် ဘုရားသခင် ခွင့်ပြုတော်မူ၏။ ထို့ကြောင့် အစဉ် အသင့် ရှိဖို့ရန် သတိပေးတော်မူခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏သတိပေးတော်မူချက်ကို အလေးထား ကြရပါမည်။

ယုံကြည်သူ၏ တောင့်တချက် - ခရစ်ယာန်တို့သည် အစဉ်လမ်းပြမှုကို လိုချင်ကြ၏။ မနက် အိပ်ယာမှထသောအခါ ဘုရားသခင်ထံ အရာရာတိုင်းကို ဆက်ကပ်ခဲ့ကြပါသည်။ ရန်သူသည် အလွန် ကောက်ကျစ်ပါသည်။ ထို့ကြောင့် ယုံကြည်သူတို့သည် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏လမ်းပြတော်မူခြင်းကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ နေရာတကာ၌ လျှောက်သွား ပျံ့ဝဲလျက်နေသော စာတန်၏ သွေးဆောင်ခြင်း လေးမြှားများကို သတိပြုရပါမည်။ ဤလောက၌ စစ်ဖြစ်လျက် ရှိပါသည်။

ဘုရားသခင် ကယ်နှုတ်တော်မူ၏ - သို့သော်လည်း ခရစ်ယာန်တို့အတွက် သေချာသော အရာသည် ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းဖြစ်၏။ မုသား ပြောတော် မမူသော၊ ဘုရားသခင် ဂတိထားတော်မူပြီ။ နှုတကပတ်တရားတော်သည် ဟုတ်မှန်၏၊ ကိုးစားသောသူသည် အရှုက်ရမည် မဟုတ်ပါ။ သူတို့၌ လုံခြုံမှု ရှိပါ၏။ နှုတ်ကပတ်တော်သည် လမ်းပြတော်မူ၍ ဘယ်သောအခါမျှ လမ်းမှားသို့ ပို့ဆောင်တော် မမူခဲ့ပါ။ ဘုရားသခင်သည် စုံလင်သော ကယ်တင်ရှင်ဖြစ်တော်မူ၏။

ချစ်သော စာဖတ်သူ၊ သင့်ကို လမ်းပြပေးမည့် နှုတ်ကပတ်တော်ကို သင် ကိုးစားပါသလား။ ထိုတရားအားဖြင့် ဝိညာဉ်တော်၏လမ်းပြမှုကို သင်ခံလိုပါသလား။ နှုတ်ကပတ်တော်ကို ရှာဖွေ လေ့လာလျက်၊ ပို၍ သိလိုခြင်း တောင့်တခြင်း ရှိပါလေ့။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော် လေ့လာသင်ယူခြင်းကို ကျွန်တော် တောင့်တခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆာငတ် တောင့်တခြင်း ရှိမည် အကြောင်း မစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၅)
**ဆာလံ ၁၁၉း၇-၈**
၅ ရာ ၂၉း၁၃-၁၇

*"အကျွန်ုပ်တို့၏ ဘုရားသခင်၊ ကျေးဇူးတော်ကြီးလှပါသည်ဟု အကျွန်ုပ်တို့သည် ဝန်ခံ၍ ဘုန်းကြီးသော နာမတော်ကို ချီးမွမ်းကြပါ၏"*

# နှုတ်ကပတ်တရားတော် သင်ယူလေ့လာခြင်းအကြောင်း

ကျွန်ုပ်တို့ကိုယ်ခန္ဓာ၌ အလိုအလျောက်တုန့်ပြန်ခြင်းနှင့်အလိုအတိုင်းတုန့်ပြန်ခြင်းဟူ၍ ရှိပါသည်။ လက်သည် မီးသွေးကို ထိသောအခါ၊ ချက်ချင်း ပြန်ရုတ်သိမ်းလိမ့်မည်။ သဲပွင့်လေးသည် ကျွန်ုပ်တို့မျက်စိထဲသို့ ဝင်လာတော့မည်ဆိုလျှင်၊ မျက်စိထဲသို့ မဝင်ရောက်နိုင်အောင် မျက်ခုံးသည် ပိတ်၍ အလိုအလျောက် ဆီးတားခြင်းပြုခဲ့ပါသည်။ သို့သော်လည်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းသည် အလိုရှိသည်အတိုင်းပြုသောအမှု ဖြစ်ပါသည်။ အံ့ဘွယ်အမှုများကြောင့် ဘုရားသခင်ကို ချီးမွမ်းမည်ဆိုလျှင် ကြိုးစားအားထုတ်မှုလိုအပ်ပါသည်။ ဘုရားသခင်၏တရားမျှတသော စီရင်ခြင်းကို သိသော ကျွန်တော်တို့သည် မည်သို့ပြုရပါမည်နည်း။ ကျေးဇူးတော် ခံစားရသော ကျွန်တော်တို့သည် မည်သို့ တုန့်ပြန် ရပါမည်နည်း။

<u>ဘုရားသခင်ကို ချီးမွမ်းရပါမည်</u> - "ချီးမွမ်း" (ဆာလံ ၁၁၉း၇) ဆိုသည်မှာ ရိုသေစွာ ဝတ်ပြုကိုးကွယ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ပြုတော်မူသော၊ တရားသဖြင့် စီရင်တော်မူခြင်းကို သိနားလည်သော ဆာလံဆရာ၏ ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်ပါသည်။ ထိုချီးမွမ်းခြင်းသည် လက်ကို မြှောက်ခြင်း၊ အော်ဟစ်ခြင်း မျိုး မဟုတ်ဘဲ၊ ဘုရားသခင်၏တရားတော်နှင့် ညီသော စိတ်သဘော ဖြောင့်မတ်ခြင်းပင်ဖြစ်ပါသည်။ အဘယ်တူရိယာကမျှ မမှီသော၊ ဘုရားသခင်လက်ခံတော်မူသော တူရိယာမူကား ဘုရားသခင်၏တရားတော်နှင့် ညီသော စိတ်နှလုံး ဖြောင့်မတ်ခြင်းပင်ဖြစ်ပါ၏။

<u>ကိုယ်တော်၏အထုံးအဖွဲ့များကို စောင့်ပါမည်</u> - ချီးမွမ်းခြင်းသည် စိတ်သဘောထား သက်သက် မဟုတ်ဘဲ၊ လက်တွေ့ ဖော်ပြခြင်းလည်းဖြစ်၏။ ဘုရားသခင်၏စိတ်တော်နှင့် ထိတွေ့သော စိတ်သဘော ဖြောင့်မတ်ခြင်းသည် ယုံကြည်သူ၏အသက်တာဖြောင့်မတ်ခြင်း၌ ပေါ်လွင်တတ်၏။ သူသည် ဘုရားသခင်၏အထုံးအဖွဲ့များကို လိုက်လျှောက် ဟောပြော ကျင့်စောင့်ပါသည်။ ဘုရားသခင်၏တရားတော်များသည် လိုက်လျှောက်ထိုက်သောတရားများဖြစ်ကြပါသည်။ ထိုတရားသည် ခန္ဓာစိတ်ဝိညာဉ်ကို ကွယ်ကာစောင့်ရှောက်တော်မူလိမ့်မည်။ ထိုတရားသည် ယုံကြည်သူ အတွက် အကွယ်အကာဖြစ်၍ ထိုတရားမှ လမ်းလွဲမည် မဟုတ်ပါ။ ဘုရားသခင်သည် မိမိ သားသမီးများကို စွန့်ပစ်မည် မဟုတ်ပါ။ သို့သော်လည်း၊ ဘုရားသခင်ထံမှ လမ်းလွဲသောသူသည် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

ယုံကြည်သူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူရမည်ဖြစ်ပါသည်။ ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏တရားသော စီရင်ခြင်းကို သင်သိမှတ်သောအခါ၊ ဘုရားသခင်၏ ဘုန်းတော်ကို ချီးမွမ်းပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော်မှ သင်ခန်းစာများကို ကျွန်တော်မည်သို့ တုန့်ပြန်ပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော် သွန်သင်ပေးတော်မူသည် အတိုင်း၊ ဖြောင့်မတ်ခြင်း ယဇ်ကို ကျွန်တော် ပူဇော်လိုပါ၏။

စနေ၊ ဇန်နဝါရီ (၆)

**ဆာလံ ၁၁၉း၉**

ယာကုပ် ၁း၂၁-၂၅

*"စိုက်ပျိုးသော နှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့် ခံယူကြလော့"*

# နှုတ်ကပတ်တရားတော်၏ သန့်ရှင်းစေတော်မူခြင်း

ဘဝ၌ ဖြေရခက်ခဲသောမေးခွန်းများရှိပါသည်။ လူ့အသိဉာဏ်သည် အကန့်အသတ်ရှိ၏။ ထိုခက်ခဲသောမေးခွန်းများကို လူသည် ကျေနပ်လောက်အောင် အဖြေ မပေးနိုင်ပါ။ သေခြင်းနှင့် အသက်ရှင်ခြင်းတရားကို သိပ္ပံပညာအတတ်ကပင် အဖြေ မပေးနိုင်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကသာလျှင် အဖြေပေးနိုင်၏။

"အဘယ်သို့" - စိတ်ခွန်အားကြီး၍ ထက်မြက်သော၊ အပြစ်သား လူငယ်သည် ဘယ်လိုအားဖြင့် အပြစ်လွှတ်ခြင်း ခံရမည်နည်း။ "သူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဘွယ်သော ဒုစရိုက်ကို ပြုတတ်ကြ၏။ ကောင်းသော အမှုကို ပြုသော သူယောက်မျှ မရှိ။ . . . လူအပေါင်းတို့သည် ဆုတ်သွားကြပြီ။ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်းသောအကျင့်ကို ကျင့်သောသူ မရှိ။ တယောက်မျှ မရှိ" (ဆာလံ ၅၃း၁၊ ၃)။ အဘယ်သို့ သန့်ရှင်းနိုင်မည်နည်း။ ဆာလံဆရာက "သတိပြုခြင်း" ဖြင့် ဟု အဖြေပေးခဲ့ပါသည်။ သတိပြုခြင်း ဆိုသည်မှာ လိုက်လျှောက်နာခံခြင်း ပင်ဖြစ်ပါသည်။

"ဘာကို" - ယုံကြည်သူများသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သတိပြုကြရပါမည်။ "ငါတို့ကျင့်သောအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏" (တိတု ၃း၅)။ ဘုရားသခင်၏ဝိညာဉ်တော်သည် နှုတ်ကပတ်တရားတော်ကို အသုံးပြုလျက် လူ၏အပြစ်များကို ဖော်ထုတ်တော်မူ၏။

လူငယ်၏အသက်တာ သန့်ရှင်းဖို့ရန် နည်းလမ်း တလမ်းသာ ရှိပါသည်။ ဆာလံဆရာက အခြားနည်းလမ်း မပေးခဲ့ပါ။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သာလျှင် လူငယ်ကို သန့်ရှင်းစေသောတန်ဆာပလာ ဖြစ်ပါသည်။ ဤအရာမှတပါး အခြားအရာ မရှိပါ။

ယနေ့လူတို့၏အကျင့်ပျက်မှုကို လူတို့ တီထွင်သော နည်းလမ်းများဖြင့် ပြုပြင်၍ မရပါ။ ချစ်သော စာဖတ်သူ၊ အသက်တာ သန့်ရှင်းစေဖို့ရန် နည်းလမ်း တလမ်းသာ ရှိ၍ တန်ဆာပလာ တပါးသာလျှင် ရှိပါသည်၊ "နှုတ်ကပတ်တော်အတိုင်း သတိပြုရမည်။" အခြားနည်းလမ်း မရှာပါနှင့်။ ရှာလျှင်လည်း တွေ့မည် မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်အတိုင်း သတိပြုနေထိုင်ခြင်း သာလျှင် တခုတည်းသောနည်းလမ်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်အတိုင်း သတိပြုခြင်းဖြင့် အကျွန်ုပ်သည် သန့်ရှင်းဖြူစင်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ လူတို့၏ မသန့်ရှင်းခြင်းကို သိတော်မူသောကိုယ်တော်သည် အကျွန်ုပ်ကို သန့်ရှင်းစေတော်မူလျက် ကိုယ်တော်နှင့်အတူ နေဖို့ရန် ထိုက်တန်သောသူ ဖြစ်စေတော်မူပါ။

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကြိုးစားရှာလော့

ရတနာသိုက် ရှာသောသူတို့သည် မိမိတို့၏အသက်ကို ရင်း၍ ခက်ခဲသောလမ်းကို လျှောက်ခဲ့ကြပါသည်။ အသက်ကို ရင်း၍ မတ်စောက်သောတောင်တန်းကို တတ်လျက်၊ နက်နဲသောပင်လယ်ထဲသို့လည်း ခုန်ဆင်းခဲ့ကြပါသည်။ ထိုသဘာဝတရား၏ ဆီးတားမှုကို ကျော်ဖြတ်ကြသည် သာမက၊ တောရိုင်းတိရိစ္ဆာန်တို့၏ရန်ကိုလည်း ရင်ဆိုင်ကြရပါသည်။ ရတနာကို ရလိုသောစိတ်အားကြီးလှသော ကြောင့် ကြုံတွေ့နိုင်သော သေခြင်းကိုပင် မကြောက်ဘဲ နေကြ၏။ သို့သော်လည်း၊ ထိုရတနာထက် များစွာ အဖိုးတန်သော၊ လူတို့ ရှာဖွေရမည့် ရတနာ ရှိသေး၏။ ထိုရတနာကို မရေတွက်နိုင်သော၊ များစွာသောငွေ ဖြင့်လည်း ဝယ်ယူ၍ မရနိုင်ပါ။

<u>ထာဝရဘုရားကို ရှာလော့</u> - ဆာလံဆရာ အစဉ် ရှာဖွေ သည်မှာ ဘုရားသခင်ပင်ဖြစ်ပါသည်။ စိတ်နှလုံး အကြွင်းမဲ့ ကြိုးစား ရှာဖွေခြင်း ပြု၏။ ထိုအမှု၌ စိတ် နှစ်မြုပ်ထားပါသည်။ ထာဝရဘုရားသခင်သာလျှင် ရှာဖွေထိုက်သော အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဘုရားသခင်ကို ရှာပါလော့။ နှုတ်ကပတ်တရားတော်မှ လမ်း မလွဲလိုသောသူတို့သည် ထိုသို့ ဘုရားသခင်ကို ရှာကြပါသည်။ ဆိုလိုသည်မှာ ယုံကြည်သူသည် ဘုရားသခင်၏ပညတ်တရားကို မချိုးဖောက်လိုပါ။ ဘုရားသခင်၏လမ်းမှ လွဲသွားလျှင် ဘုရားသခင်ကို ရှာတွေ့ရမည် မဟုတ်ပါ။

<u>နှုတ်ကပတ်တရားတော်ကို သိထားပါလော့</u> - ဘုရားသခင်ထံ သွားရာလမ်းသည် နှုတ်ကပတ်တရားတော်အားဖြင့်ဖြစ်ပါသည်။ ဘုရားသခင်ထံ ဝင်ရောက်ဖို့ရန် ထိုလမ်းမှအပ အခြားလမ်း မရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော် သိထားခြင်းဆိုသည်မှာ နှုတ်ကပတ်တရားတော်ကို အလေးအမြတ်ထားခြင်းပင်ဖြစ်ပါသည်။ ထိုနှုတ်ကပတ်တရားလမ်းမှ လွဲသွားလျှင် ထိုကြီးမြတ်လှသော ရတနာဆုံးရှုံးမည်ဖြစ်ကြောင်း ဆာလံဆရာ ကောင်းကောင်းသိထားပါသည်။ နှုတ်ကပတ်တော်သာလျှင် စစ်မှန် လုံခြုံသောလမ်းဖြစ်ပါသည်။ ယေရှုက “ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ” (ယောဟန် ၁၄း၆) ဟု မိန့်တော်မူ၏။ ယေရှု၏နောက်တော်သို့ မလိုက်ဘဲ အဘယ်သူမျှ ကောင်းကင်နိုင်ငံသို့ မဝင်ရောက်ရကြ။

ချစ်သော စာဖတ်သူ၊ စစ်မှန်သော ကောင်းကင်ဘဏ္ဍာကို ရအောင် ကြိုးစားပါလော့။ ထာဝရဘုရားကို ကြိုးစား ရှာပါလော့။ ယေရှု ကို သင်ပိုင်ဆိုင်ပါလျှင် သင်သည် ကောင်းကင်ဘုံရှိ အသက်စာစောင်၌ ပါဝင်ပြီဖြစ်ပါသည်။ သေချာ အပိုင် လုပ်ထားပါလော့။

**ဆင်ခြင်ရန်** - စစ်မှန်၍ ထာဝရတည်သော စည်းစိမ်ဥစ္စာကို ကျွန်တော် ရှာနေပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်နှင့်အတူ ထာဝရနေရမည်အကြောင်း၊ ကိုယ်တော်၏နိုင်ငံတော်သို့ သွားရာလမ်းကို အကျွန်ုပ်အား ပြတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၈)
**ဆာလံ ၁၁၉း၁၂**
ဆာလံ ၈၆း၈-၁၇

*"အို ထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အား ပြသွန်သင်တော်မူပါ။ ကိုယ်တော်၏သမ္မာတရားလမ်းသို့ လိုက်သွားပါမည်"*

# ထာဝရဘုရားသည် မင်္ဂလာရှိတော်မူ၏

ထာဝရဘုရားသည် မင်္ဂလာရှိတော်မူ၏ဟုဆိုခြင်းသည် ရိုသေစွာ ဝတ်ပြုကိုးကွယ်ခြင်းကို ဆိုလိုပါသည်။ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဘုရား၊ မိမိလူတို့ကို ကယ်တင်တော်မူသော ကယ်တင်ရှင် ဖြစ်တော်မူကြောင်း သိမှတ်လျက် ရှေ့တော်၌ ဒူးထောက်ခြင်းမျိုးဖြစ်ပါသည်။ ဘုရားသခင်၏ဇာတိသဘောများကို အမှန်သိရှိသောယုံကြည်သူသည် ထိုဘုရား၏ကျေးဇူးတော်ကို မြည်းစမ်း ပိုင်ဆိုင်လိုသော ဆန္ဒရှိလာမည်ဖြစ်ပါသည်။ သစ်သီး၏အရသာကို မမြည်းစမ်းဘဲ မသိနိုင်ပါ။ ထိုနည်းတူ ကျေးဇူးတော်သည်လည်း မြည်းစမ်းသောသူသာလျှင် ဝမ်းမြောက်ခြင်းအစစ်အမှန် ခံစားခဲ့ရကြ၏။

<u>ချီးမွမ်းပါလော့</u> - ဘုရားသခင်၏တန်ခိုးတော်နှင့်ဉာဏ်တော်ကို သဘာဝတရား၌ မြင်တွေ့နိုင်ပါသည်။ "မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍ မိုးမျက်နှာကျက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏" (ဆာလံ ၁၉း၁)။ ဘုရားသခင်၏ဘုန်းတော်ကို ဤကမ္ဘာ စကြာဝဠာ ဖြစ်တည် လည်ပတ်ခြင်း အံ့ဘွယ် စနစ်က ထင်ရှားစွာ ပြသလျက်ရှိပါသည်။ လူ့ဉာဏ်ကလိုက်၍ မမှီသော ကိုယ်တော်၏ဉာဏ်တော်နှင့်စိတ်သဘောကို နှုတ်ကပတ်တရားတော် အသေးစိတ်စုံလင်ခြင်းက သက်သေပြလျက်ရှိပါသည်။ ဤတရားကို ကျမ်းစာ ယုံကြည်သောသူမှန်သမျှ လက်ခံကြပါသည်။ နှစ်ပေါင်းထောင်ချီ သမိုင်းကြောင်းကို ကြိုတင်ရေးမှတ်လျက် ပြည့်စုံစေတော်မူသော ဘုရားသခင်၏အံ့ဘွယ်လက်တော်ကို အလေးအထားဘဲ နေ၍ မရပါ။

<u>လက်ခံလိုက်ပါ</u> - ထိုဘုရားသခင်၏သဘောသဘာဝများကို ဦးနှောက်အားဖြင့် သိသော်လည်း လက်တွေ့ လက်ခံခြင်း မရှိလျှင် အကျိုး မရှိပါ။ ပြုစုကျွေးမွေး စောင့်ရှောက် တော်မူသောဘုရားကို သိသော်လည်း ထိုဘုရားကို ယုံကြည်ကိုးစား မှီခိုခြင်း မပြုလျှင် အကျိုး မရှိပါ။ ခွင့်လွှတ်ခြင်းတရားကို ပေးတော်မူသော ဂရုဏာရှင်ဘုရားကို သိသော်လည်း နောင်တ မရဘဲ၊ ယေရှုကို မိမိ၏ကယ်တင်ရှင်သခင် အဖြစ် လက်မခံလျှင် လုံးဝ အကျိုး မရှိပါ။ ဝမ်းနည်းစရာပင်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ ထာဝရဘုရားကို သင် အချည်းနှီး ချီးမွမ်းပါသလား။ ဘုရားသခင်၏ဂုဏ်တော်ချီးမွမ်း သီချင်းများကို သင်ဆိုသောအခါ၊ ထိုသမ္မာတရား စာသားများကို သင်လက်တွေ့ မြည်းစမ်းခဲ့လျှင် သင်သည် ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ နှိမ့်သိမ့်ခြင်း ခံစားပါလိမ့်မည်။ ဘုရားသခင်၏ မစပြုစုတော်မူခြင်းကို သင်ခံစားဖူးခဲ့လျှင် သင် ဆုတောင်းသောအခါ ထိုဘုရားသခင်သည် အမှန်အဖြေပေးတော်မူမည်အကြောင်း သင် စိတ်ချမှုရှိမည်ဖြစ်ပါသည်။ ထိုနည်းတူ၊ ကိုယ်တော်၏ကယ်တင်ခြင်းတရားကို သင် ဟောပြောသောအခါ သင်ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့သော ထိုသက်သေခံချက်တို့သည် သူတပါးအတွက် အလွန်အကျိုးရှိလျက် တန်ခိုးရှိမည်ဖြစ်ပါသည်။ ဘုရားသခင်ကို ချီးမွမ်းလျက်၊ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို သင် လက်တွေ့ခံစားပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂုဏ်တော်များကို ကျွန်တော် ပိုင်ဆိုင်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဇာတိဂုဏ် အမှန်ကို ကျွန်တော် မြင်တွေ့လိုပါ၏။

အင်္ဂါ၊ ဇန်နဝါရီ (၉)
**ဆာလံ ၁၁၉း၁၃-၁၄**
ယေရမိ ၁၅း၁၅-၂၁

*"နှုတ်ကပတ်တော်သည် အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်ပါ၏"*

# နှုတ်ကပတ်တရားတော်၌ ရွှင်လန်းဝမ်းမြောက်ခြင်း

မိသားစု၌ အသစ်သော မိသားစုဝင် ကလေး မွေးဖွားလာသောအခါ၊ ပျော်ရွှင်မှုကို မဖော်ပြဘဲ မနေနိုင်ကြပါ။ လယ်သမားသည်လည်း မိမိ၏လယ်မှ များစွာသော အသီးအပွင့် ရိတ်သိမ်းရသောအခါ၊ ထိုသတင်းကို သူတပါးထံ မဖော်ပြဘဲ မနေနိုင်ပါ။ စီးပွားရေးသမားကလည်း တနှစ်တာအမြတ်များစွာ ရသောအခါ၊ သူ့မိတ်ဆွေများထံ ဝမ်းမြောက်စွာ ပြောပြတတ်ပါသည်။ ငြိမ်သက်နှုတ်ဆိတ်ခြင်းသည် ဝမ်းမြောက်ပျော်ရွှင်ခြင်း လက္ခဏာ မဟုတ်ပါ။ ဝမ်းမြောက်သောစိတ်နှင့် ဖော်ပြချီးမွမ်းခြင်းသည် ပုံမှန်လုပ်ဆောင်ချက်ဖြစ်ပါသည်။

<u>နှုတ်အားဖြင့်</u> - ဆာလံဆရာသည် ဘုရားသခင်၏တရားသဖြင့် စီရင်ခြင်းအကြောင်းကို နှုတ်ဖြင့် ဖော်ပြခဲ့ပါသည်။ သူသည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို သိရှိခံစားလျက်၊ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါသည်။ ဘုရားသခင်ထံမှ ရရှိသော ကောင်းကြီးမင်္ဂလာများကို ရေတွက်ခဲ့ပါသည်။ ထို့နောက် နှုတ်ဖြင့် ရေရွတ်လျက် ကြွေးကြော်ခဲ့ပါသည်။ ထိုသို့ နှုတ်ဖြင့် ဖော်ပြ ရေတွက်ခဲ့သောကြောင့် ထိုဘုရားသခင်၏ ကောင်းကြီးများကို ဘယ်တော့မှ သူ မမေ့မည် မဟုတ်ပါ။

<u>စုံလင်သော စည်းစိမ်ဥစ္စာ</u> - ကောင်းချီး ရေတွက်ခြင်းကို ဆက်လက်ပြခဲ့ပါသည်။ ထိုကောင်းကြီးမင်္ဂလာများ ရေးမှတ်ဖို့ရန် စာရွက် မလောက် ဖြစ်ရပါသည်။ ထိုကောင်းကြီးမင်္ဂလာတို့သည် ရွှေချောင်းများ၊ ပုလဲများ ထက် ပို၍ တန်ဖိုးကြီးလှပါသည်။ ထိုသို့ ယုံကြည်သူသည် ဘုရားသခင်၏ ပညတ်တရားများကို တန်ဖိုးထားပါ၏။ နှုတ်ကပတ်တော်သည် ပင်ပန်းသောသူအဖို့ နှိမ့်သိမ့်ခြင်း၊ ငြိမ်သက်ခြင်း အရင်းအမြစ်ဖြစ်ပါသည်။ ငွေဖြင့် ဝယ်ယူ၍ မရပါ။ မှန်ကန်သော ဆုံးဖြတ်ချက် ချဖို့ရန်နှင့် မှန်ကန်စွာ ပြဿနာ ဖြေရှင်းဖို့ရန် နှုတ်ကပတ်တော်သည် အကြံပြုတော်မူ၏။ အဘယ်ရတနာနှင့်မျှ လဲလှယ်၍ မရပါ။ ယုံကြည်သူတိုင်းအတွက် ထာဝရအသက်နှင့်ဆိုင်သော လုံခြုံ စိတ်ချမှုကို ဖြစ်စေပါသည်။ အဘယ် ဥစ္စာနှင့်မျှ နှိုင်း၍ မရပါ။ ဤလောက၌ ရှိသမျှသော စည်းစိမ် ဥစ္စာတို့ထက် နှုတ်ကပတ်တော်သည် ပို၍ တန်ဖိုးကြီးလှပါ၏။

နှုတ်ကပတ်တရားတော်၏ တန်ဖိုးအစစ်အမှန်ကို သင်သိပါသလား။ ဘုရားသခင်ပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာများကို သင် မရေတွက် တတ်လျှင်၊ သင် ခံစား ရရှိခြင်း ရှိ မရှိ သေချာသေးလျှင်၊ သူတပါး ရရှိ ခံစားသောအရာကို သင် သဝန်တို နေသေးလျှင်၊ သင်သည်အမှန်တကယ် နားမလည်သေးဟု ဆိုရပါမည်။ ထို့ပြင် သင်ခံစားရရှိသော ကောင်းကြီးမင်္ဂလာများကို လုံလောက်ခြင်း မရှိဟု သင်ခံစား သေးလျှင် သင်သည် သနားစရာအလွန် ကောင်းလှပါ၏။ ယုံကြည်သူသည် ထိုသို့ မဖြစ်ရပါ။ သို့သော်လည်း အသင်းတော်၌ ရှိသော များစွာသော လူတို့သည် ထိုသို့ဖြစ်တတ်ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်တော် ရေတွက် ချီးမွမ်းနေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော် ကောင်းကြီးမင်္ဂလာကို တခုပြီး တခု ကျွန်တော် ရေတွက်လိုပါ၏။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၀)
**ဆာလံ ၁၁၉း၁၅-၁၆**
၁ တိ ၄း၆-၁၆

*“ဤအရာများကို စိတ်စွဲလန်း၍ ကြိုးစားအားထုတ်လော့”*

# ယုံကြည်သူနှင့်နှုတ်ကပတ်တရားတော်

ဘုရားသခင်သည် တိရိစာန်အမျိုးမျိုးတို့အား ရှင်သန်ရသောအခွင့်နှင့် မျိုးပွားခွင့်ကို ပေးတော်မူ၏။ အချို့သည် မြက်စားသတ္တဝါများဖြစ်ကြပါသည်။ ထိုမြက်ကို အစာခြေဖို့ရန် သူတို့၌ လိုအပ်သော ဝမ်းဗိုက်ကို ဘုရားသခင် ပေးတော်မူ၏။ အချို့သည် အသားစားသတ္တဝါဖြစ်ကြပါသည်။ ထိုတ္တဝါများအတွက် ဘုရားသခင်က လိုအပ်သော အစာခြေခြင်း စနစ်ကို ပေးတော်မူ၏။ ထို့ပြင် အချို့သည် နှစ်မျိုးစလုံးကို စားသောသတ္တဝါဖြစ်ကြပြီး၊ သူတို့အတွက် ထူးခြားသော အစာခြေမှု စနစ်ကို ဖန်ဆင်းရှင်ဘုရားက ပေးတော်မူခဲ့ပါသည်။

<u>ဩဝါဒကို ဆင်ခြင်လိမ့်မည်</u> - ထိုသို့ သတ္တဝါများ ရှင်သန်အသက်ရှင်ဖို့ရန် ဘုရားသခင်သည် လိုအပ်သော အစာခြေခြင်း စနစ်ကို ပေးတော်မူသည်အတိုင်း၊ လူတို့အား နှုတ်ကပတ်တရားကို ဆင်ခြင်နှလုံးသွင်းဖို့ရန် ဉာဏ်ပညာနှင့်နည်းလမ်းကို ပေးတော်မူ၏။ ထိုနည်းလမ်းကား၊ ဘုရားသခင် ဝိညာဉ်တော်၏ အသိဉာဏ်အလင်းပေးတော်မူခြင်း ပင်ဖြစ်ပါသည်။ ဆင်ခြင်ခြင်းဆိုသည်မှာ တွေးတောခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ယုံကြည်သူအား နှုတ်ကပတ်တော်ကို လှော်လာဖို့ရန် စိတ်နှလုံးကို ပေးတော်မူ၏။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့် မိသာဟာယဖွဲ့ခြင်းလည်း ပြုနိုင်ပါသည်။ ဘုရားသခင်သည် မိမိရွေးကောက်တော်မူသောသူများကို နှုတ်ကပတ်တရားတော် တောင့်တခြင်း ပေးသနားတော်မူ၏။ ထိုသူသည် ဘုရားသခင်၏ဩဝါဒကို ဆင်ခြင်လျက်၊ နာခံလိုက်လျှောက်၏။

<u>အထုံးအဖွဲ့တော်၌ မွေ့လျော်၏</u> - ယုံကြည်သူသည် နှုတ်ကပတ်တော်ကို နှစ်သက်ခြင်းရှိ၏။ ထိုနှုတ်ကပတ်တရား၌ မွေ့လျော်ခြင်းလည်းရှိ၏။ ထိုနှုတ်ကပတ်တရားတော်များကို မိမိ၏အကျိုး အတွက် ဖြစ်ကြကြောင်း နားလည်သဘောပေါက်ခဲ့ပါသည်။ မွေ့လျော်ခြင်းရှိသောအခါ၊ မေ့လျော့ခြင်း လည်း မရှိတော့ပါ။ နှုတ်ကပတ်တော်ကို နှစ်သက်သောသူသည် ထိုတရားကို တန်ဖိုးလည်းထား၍ အစဉ် ဆင်ခြင်တွေးတော်တတ်ပါသည်။ ထို့ကြောင့် နှုတ်ကပတ်တရားတော်သည် ထိုသူ၌ အစဉ် ရှိတော်မူလိမ့်မည်။

ယုံကြည်သူ၌ ကျိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တရားတော် တောင့်တခြင်းကို ဖြစ်ပွားစေတော်မူ၏။ ထိုတရားတော် ဆင်ခြင်ဖို့ရန် ယုံကြည်သူ၏ စိတ်နှလုံးထဲ၌ လိုချင်တောင့်တမှု မျိုးစေ့ စိုက်ပျိုးတော်မူ၏။ သိုးတို့သည် စိမ်းလန်းသော စားကျက်မြေကို မျှော်ကြည့်ကြသကဲ့သို့ ယုံကြည်သူသည် နှုတ်ကပတ်တရားတော်ကို တောင့်တလျက် ဆင်ခြင် နှလုံးသွင်းပြီး၊ ကျင့်သုံးပါသည်။ ထိုသို့ဖြစ်ခြင်းငှါ ဝိညာဉ်တော်သည် မစတော်မူ၏။ ခရစ်တော်၏ စိတ်သဘောကို ပိုင်ဆိုင်သော သန့်ရှင်းသူများသည် ဝိညာဉ်နှင့်ပတ်သက်သော အရာများ နားလည်သဘောပေါက် နိုင်သော အရည်အချင်း ရှိကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကျွန်တော် ဆာငတ်မွတ်သိပ်မှု ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ပညတ်တရားများကို နာခံလိုက်လျှောက်လိုသောစိတ်ဖြင့် ဖတ်ရှုမည်အကြောင်း မစတော်မူပါ။

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် ထိုက်တန်၏

လူတို့အသက်တာ၌ အလွန်တန်ဖိုးသောအရာများစွာ ရှိပါသည် - ဥပမာအားဖြင့်၊ သူတို့၏သားသမီးများ၊ သူတို့၏အလုပ်အကိုင်၊ စသည်ဖြင့် များစွာ ရှိပါသည်။ ထိုအရာတို့သည် အရေးကြီးကြသော်လည်း၊ ခဏသာတည်သောအရာဖြစ်၍ ပျောက်ကွယ်ကြပါလိမ့်မည်။ ကျွန်ုပ်တို့၏ဘဝ၌ တန်ဖိုးအကြီးဆုံးသော၊ အရေးကြီးဆုံးသောအရာသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ဖြစ်ကြောင်း ဆာလံဆရာက ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ထိုနှုတ်ကပတ်တော်ကို များစွာ သိထားမည်အကြောင်း ဘုရားသခင်၏ကျေးဇူးပြုတော်မူခြင်းကို သူကြိုးစားရှာဖွေခဲ့ပါသည်။ သို့မှသာ နှုတ်ကပတ်တရားတော်၏ အကျိုးရှိမှုနှင့်အဖိုးတန်မှုကို သူသည်နားလည်သဘောပေါက်မည်ဖြစ်ပါသည်။

<u>အသက်ရှင်၍</u> - နှုတ်ကပတ်တော်အတွက် အသက်ရှင်ခြင်းသည် အလွန်အကျိုးရှိလှပါသည်။ ဝိညာဉ်အသက်တာအတွက် နေ့စဉ်ခွန်အားဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းတော် ထင်ရှားဖို့ရန် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်မည်အကြောင်း နှုတ်ကပတ်တရားတော်က ခွန်အားပေးလျက်ရှိ၏။ နာမကျန်းဖြစ်သောအခါ၌ နှုတ်ကပတ်တရားသည် အနာလိမ်းဆေး ဖြစ်တော်မူ၏။ စိတ်ဒဏ်ရာများကို ဖယ်ရှား ပေးတော်မူ၏။ နေ့စဉ် အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ဖို့ရန် အားအင် ပေးတော်မူ၏။ နှုတ်ကပတ်တော်က ဆာလံဆရာအား ခက်ခဲသောကာလ၌ စောင့်ရှောက်ကွယ်ကာတော်မူ၏။ ရန်သူများကြောင့် ကြောက်ရွံ့ခြင်းရှိနိုင်သော်လည်း၊ နှုတ်ကပတ်တရားတော်သည် ဘုရားသခင်၏သားသမီးများကို ခွန်အားပေး၍ ရဲရင့်ခြင်း ရှိစေတော်မူ၏။

<u>စောင့်ရှောက်ဖို့ရန်</u> - ဆာလံဆရာသည် အသက်တာ၌ နှုတ်ကပတ်တရားတော်ကို အကောင်းဆုံး ကြိုးစား စောင့်ရှောက်ခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်ကို မိမိထံမှ အဘယ်သူမျှ မလု မယူဖို့ရန် ကာကွယ်ခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်၏တန်ဖိုးကို သိမှတ်သဖြင့် သူပိုင်ဆိုင်သမျှ လျော့ မသွားဖို့ရန် ကွယ်ကာခြင်းဖြစ်ပါသည်။ သူ လေ့လာသိမှတ်သမျှသော နှုတ်ကပတ်တရားတော်များကို တလုံး မကျန် တန်ဖိုးထားလျက်၊ မပျောက် လေအောင် ကြိုးစား ဝန်းရံလျက် လိုက်လျှောက်ကွယ်ကာခဲ့ပါသည်။ မိမိ၏နေ့စဉ် အစားအစာ ကဲ့သို့မှတ်လျက်၊ နှုတ်ကပတ်တော်ကို အစဉ် ဆင်ခြင်နှလုံးသွင်းတတ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်အသက်တာကို ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ရန် အတွက် ဆက်ကပ်ပါလော့။ အကျိုးမရှိသော၊ တန်ဖိုးမရှိသောအရာ အတွက် သင့်အသက်တာ၊ အချိန်ကို မဖြုန်းပါနှင့်။ သင်၌ ဘဝခု၊ အသက် တချောင်းသာ ရှိသည်ဖြစ်သောကြောင့်၊ ဘုရားသခင်အတွက် အကျိုးရှိစွာ အသုံးပြု အသက်ရှင်ပါလော့။

**ဆင်ခြင်ရန်** - ဘယ်အရာအတွက် အသက်ရှင်ခြင်းသည် တန်ဖိုးအကြီးဆုံး ဖြစ်ပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်အတွက်၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်အတွက် အသက်ရှင်ခြင်းသည် တန်ဖိုးအကြီးဆုံးဖြစ်ကြောင်း အကျွန်ုပ်အား နားလည်စေတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၁၂)
**ဆာလံ ၁၁၉း၁၈**
ယောရှာ ၃၂း၁-၈

*"မျက်စိမြင်သောသူတို့သည် ရှင်းလင်းစွာ မြင်ကြလိမ့်မည်"*

# နှုတ်ကပတ်တရားတော်ရှိအံ့ဘွယ်သောအရာများ

သင် ဘာကို ကြည့်ချင်ပါသလဲ။ ဤကမ္ဘာမြေကြီး၏ဆောင်းရာသီအလှကို ခံစားကြည့်ရှုဖို့ရန် မြောက်ဝင်ရိုးစွန်းဘက်ကို သွားချင်ပါသလား။ လူ့မျက်စိသည် အံ့ဘွယ်မြင်ကွင်းများဖြင့်လည်း ကျေနပ်ရောင့်ရဲခြင်း မရှိနိုင်ပါ။ လူသည် လနှင့်အခြားဂြိုလ်များ၌ ဘာများ ရှိမည်နည်းဟု သိမြင်ချင်ခဲ့ပါသည်။ ထို့ပြင် စကြဝဠာတခုလုံးကို စူးစမ်းရှာဖွေ သိလိုခြင်း ရှိခဲ့ပါသည်။ လူ့မျက်စိသည် ရောင့်ရဲခြင်း မရှိနိုင်ပါ။ ပို၍ ထူးဆန်းသောအရာများကို သိမြင်လိုခြင်းရှိ၏။ သို့ဆိုလျှင်၊ လူ မမြင်အတွေ့သေးသော အကြီးမြတ်ဆုံး မြင်ကွင်းကား အဘယ်အရာဖြစ်မည်နည်း။ ထိုအရာသည် ကြည့်မြင်ခွင့်ရသောသူများကသာလျှင် မြင်ခွင့်ရှိ၏။ လူသည် မွေးကတည်းက ထိုအရာကို တန်ဖိုးမထားခဲ့ပါ။ ဒုတိယမွေးဖွားခြင်း ခံရသောအခါ၌သာ မြင်ခွင့်ရခဲ့ပါသည်။

<u>အကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ</u> - မိမိမျက်စိအား ဖွင့်ပေးဖို့ရန် ဆာလံဆရာသည် ဘုရားသခင်ထံ ဆုတောင်းပါသည်။ ယုံကြည်သူဖြစ်သောကြောင့်၊ သူသည် မြင်ခွင့်ရခဲ့ပါသည်။ ထို့ကြောင့် တန်ဖိုးထားလျက်၊ ထိုအရာ၏လှပမှုကို ဖော်ပြခဲ့ပါသည်။ သူသည် ထိုသို့ မြင်ရုံဖြင့် မကျေနပ်ဘဲ၊ ပို၍ လေ့လာ သိမြင်လိုခဲ့ပါသည်။ နှုတ်ကပတ်တရားတော်၏နက်နဲသောအရာများကို ပို၍ သိမြင်လိုခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ သူ့ကို များစွာသောရတနာကို ရယူလိုသော ရွှေတွင်း တူးသမား နှင့်ခိုင်းနှိုင်းခဲ့ပါသည်။ တန်ဖိုး ဖြတ်၍ မရလောက်အောင် အဖိုးတန်သောကြောင့် များစွာ လိုချင်ခဲ့ပါသည်။ သူများအတွက် မဟုတ်၊ မိမိအတွက် ကြိုးစားရှာဖွေ ခဲ့ပါသည်။ လောဘကြီးသောကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို အလွန် ချစ်နှစ်သက်သည် ဖြစ်သောကြောင့်၊ အဦးဆုံးနှင့်အကောင်းဆုံး တွေ့မြင်သိရှိလိုခြင်း ရှိသောကြောင့် ဖြစ်ပါသည်။

<u>မြင်နိုင်မည်အကြောင်း</u> - သူသည် မြင်ရ၍ ထိုအရာ၏ကောင်းမြတ်မှုကို အသေးစိတ်ဆင်ခြင်ရမည်အကြောင်း တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ထိုတရား၏ ချိုမြိန်ခြင်း၊ တောက်ပမှုများကို အတွင်းကျကျ သိမြင်ခံစားလိုခဲ့ပါသည်။ ထိုအရာတို့သည် သူ့အတွက် အံ့ဘွယ်အရာများဖြစ်သောကြောင့် မမြင်ရဘဲ မနေလိုခဲ့ပါ။ နှုတ်ကပတ်တရားတော်၏ အံ့ဘွယ်အရာများကို သိမြင်လိုခဲ့ပါသည်။ ထိုနှုတ်ကပတ်တရားတော်၏သက်သေခံချက်များကို ထုတ်ဖော် ပြသခဲ့ပါသည်။ သန့်ရှင်းသူတို့သည် မည်သို့အသက်ရှင် နေထိုင်ခဲ့ကြသည်ကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် ဘုရားသခင်နှင့်အတူ ထာဝရနေထိုင်ဖို့ရန် ချီဆောင်ခြင်း ခံရမည်အကြောင်းလည်း ဖော်ပြခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တော်၏နက်နဲသော တန်ဖိုးနှင့်အံ့ဘွယ်အမှုကို သိမြင်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် အကျွန်ုပ်၏စိတ်သဘောထားကား အဘယ်နည်း။

**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်ကို ချီးမြှောက်မည်အကြောင်း နှုတ်ကပတ်တရား၏ အံ့ဘွယ်အမှုများကို အကျွန်ုပ်အား မြင်စေတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၃)
**ဆာလံ ၁၁၉း၁၉-၂၀**
ဟေဗြဲ ၁၁း၁၃-၁၆

*"မိမိတို့သည် မြေကြီးပေါ်မှာ တကျွန်းသူ တနိုင်ငံသား၊ ဧည့်သည်အာဂန္တုဖြစ်သည်ကို ထင်ရှားစွာ ဝန်ခံလျက်"*

# ဧည့်သည်အာဂန္တုအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်

ဧည့်သည် ဆိုသည်မှာ မိမိသည် ခရီးသွားတယောက်ဖြစ်ကြောင်း သိလျက် သူတည်းခိုသောနေရာသည် ယာယီအရပ်ဖြစ်ကြောင်း သိမှတ်သောသူ ဖြစ်ပါသည်။

လူသည် ဤကမ္ဘာလောက၌ ဧည့်သည်ပင်ဖြစ်ပါသည်။ သူသည် နိုင်ငံတနိုင်ငံ၏ နိုင်ငံသားဖြစ်သော်လည်း၊ ဤလောက၌ ထာဝရနေရမည် မဟုတ်ကြောင်း သိမှတ်ထားပါသည်။ တချိန်ချိန်၌ သူသည် အခြားတနေရာသို့ ထွက်သွားရမည်ကို သိခဲ့ပါသည်။ ဆာလံဆရာသည် ထိုအချက်ကို ကောင်းကောင်း သိလျက်၊ မိမိ ထာဝရနေရမည့် နေရာသည် ဘုရားသခင်က မိမိသားသမီးများအတွက် ပြင်ဆင်တော်မူသော ကောင်းကင်အိမ်တော်ဖြစ်ကြောင်း မြော်လင့်လျက်ရှိ၏။ သူသည် ခရစ်ယာန်ဖြစ်၍ ကောင်းကင်နိုင်ငံသား ဖြစ်ပါသည်။

<u>ဝှက်ထားတော်မမူပါနှင့်</u> - နှုတ်ကပတ်တရားတော်ကို မိမိထံမှ ဝှက်ထားတော်မမူဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ နှုတ်ကပတ်တော် မပါဘဲ ဤလောက၌ သူ အသက် မရှင်နိုင်ကြောင်း သိခဲ့ပါသည်။ သူ့ဝိညာဉ်အတွက် အကွယ်အကာဖြစ်သော နှုတ်ကပတ်တရားတော်နှင့် မိမိသည် ဝေးကွာ၍ မရကြောင်း သိခဲ့ပါသည်။ လူတို့၏ ဆန့်ကျင်တိုက်ခိုက်ခြင်းများကို ခံရသော်လည်း၊ ထိုအမှုသည် ခဏတာမျှသာဖြစ်ကြောင်း နှုတ်ကပတ်တော်က ဖော်ပြခဲ့ပါသည်။ သူသည် ဝမ်းနည်းငိုကြွေးခြင်း မရှိတော့မည့် အရပ်သို့ များမကြာမီ ပို့ဆောင်ခြင်း ခံရမည်ဖြစ်ပါသည်။ ဗျာဒိတ် ၂၁း၄ ကို ဖတ်ပါ။ နှုတ်ကပတ်တော်သည် ဖုံးအုပ်ရန် မဟုတ်ဘဲ၊ ဖွင့် ဖတ်ရန် ဖြစ်ပါသည်။

<u>တောင့်တခြင်း</u> - သူသည် နှုတ်ကပတ်တော်ကို တောင့်တလျက်ရှိ၏။ ဤဧည့်သည် အတွက် တခုတည်းသော အစာ ခွန်အားသည် နှုတ်ကပတ်တော်သာလျှင်ဖြစ်ပါသည်။ သူ့ စိတ်ဝိညာဉ်ကို ထိုတောင့်တခြင်းက လွှမ်းမိုးခဲ့ပါသည်။ ခက်ခဲကြမ်းတမ်းသော ဤလောက၌ အသက်ရှင် လျှောက်လှမ်းစဉ် မိမိလိုအပ်သော ခွန်အား အစာအစားနှင့်နို့ရည်သည် နှုတ်ကပတ်တော်ဖြစ်ကြောင်း သူသိပါသည်။ လမ်းခရီးတလျှောက်၌ ရန်သူများ၏ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ အဆိပ်ပြင်းသောမြွေများ၏ရန်၊ လေပြင်းမုန်တိုင်း စသည့် အန္တရယ်များ ကြုံတွေ့နိုင်သော်လည်း၊ သူသည် နို့နှင့်ပျားရည် စီးဆင်းသော ဂတိတော်ပြည်သို့ အမှန် ရောက်မည်အကြောင်း နှုတ်ကပတ်တော်က သေချာ ဂတိပေးတော်မူခဲ့ပါသည်။ ကောင်းကင်ဘုံသည် မိမိ၏ထာဝရ နေရမည့် ရွှေပြည်တော်ဖြစ်ကြောင်း နှုတ်ကပတ်တော်က ဖော်ပြအသိပေးတော်မူ၏။

ချစ်သော စာဖတ်သူ၊ သင်သည် ဤလောက၌ ဧည့်သည်ဖြစ်ကြောင်း စဉ်းစား မိပါသလား။ သို့ဆိုလျှင်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်မှလွဲ၍ သင် အခြား ဘာမှ လိုအပ်ခြင်း မရှိပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဤလော၌ ဧည့်သည်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ဂတိတော်ပြည်ကို ကျွန်တော် အစဉ်တွေးတောမျှော်ကြည့်လိုပါ၏။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၄)
**ဆာလံ ၁၁၉း၂၁-၂၂**
ယာကုပ် ၅း၁၉-၂၀

*"ညီအစ်ကိုတို့၊ သင်တို့တွင်
တစုံတယောက်သောသူသည် သမ္မာတရားလမ်းမှ
လွဲသွား၍ သူတပါးသည် ထိုသူကို ပြန်စေလျှင်"*

# သမ္မာတရားလမ်းမှ လွဲမသွားပါနှင့်

အချက်အပြုတ်၌ အမှားပြုမိလျှင်၊ အမွှေးအကြိုင်အနည်းငယ် ထပ်ထည့်ခြင်းဖြင့် အရသာကောင်းပြန်ရနိုင်ပါသည်။ လမ်းမှား ကွေ့မိလျှင်လည်း၊ အချိန်အနည်းငယ် ထပ်ပေးခြင်းဖြင့် လမ်းမှန်ပေါ် သို့ပြန်ရောက်နိုင်ပါသည်။ သို့သော်လည်း၊ နှုတ်ကပတ်တရားတော်မှ လမ်းလွဲခြင်း (နာမခံခြင်း) သည် ပြန်ပြင်၍ မရနိုင်သော ပျက်စီးခြင်းသို့ ရောက်စေနိုင်ပါသည်။ နှုတ်ကပတ်တရားလမ်းမှ လွဲသွားခြင်း၏ ဆိုးကျိုးကို ဆာလံဆရာသည် ကောင်းကောင်း သိခဲ့ပါသည်။ သူတပါး၏ လှည့်စားခြင်းမခံရမည်အကြောင်း သူသည် သတိပြု၍ နှုတ်ကပတ်တရားတော်ကို သူသည် နာခံလိုက်လျှောက်၏။

<u>အကျိန်ခံရသောသူ၊ မာနကြီးသောသူကို ဆုံးမတော်မူပါ</u> - မာနကြီးသောသူတို့အား သူတို့၏ မိုက်မဲမှုအတိုင်း စီရင်ဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ထိုသူတို့သည် သူတပါးကို မုသားဖြင့် လှည့်စား ခဲ့ကြ၏။ များစွာသောလူတို့ကို လမ်းလွဲစေခဲ့ကြပါသည်။ သူတပါးကို လမ်းမှား ထပ်မရောက်စေဖို့ရန် ဘုရားသခင်က သူတို့ကို ဆုံးမတော်မူပါစေ။ သူတို့သည် လူတို့ကို ပျက်စီးခြင်းသို့ ပို့ဆောင်တတ်ကြ၏။ ထို့ကြောင့် သူတို့သည် အကျိန်ခံရသောသူ ဖြစ်ကြ၏။ သူတို့၏ နိဂုံးသည် ပျက်စီးခြင်း၊ ထာဝရ ငရဲပင်ဖြစ်ပါသည်။ သူတို့သည် လူတို့ကို လမ်းမှားသို့ ပို့ဆောင်လျက်၊ လူတို့အား နှုတ်ကပတ်တော်ကို သံသယ ဝင်ဖို့ရန် လှည့်စားခဲ့ကြပါသည်။

<u>ကဲ့ရဲ့ခြင်း မထီမဲ့မြင်ပြုခြင်းနှင့် ကင်းလွတ်စေတော်မူပါ</u> - ဆာလံဆရာသည် ဘုရားသခင်ထံ၌ ကဲ့ရဲ့ခြင်း မထီမဲ့မြင်ပြုခြင်းနှင့် ကင်းလွတ်စေဖို့ရန် ဆုတောင်းခဲ့ပါသည်။ ထိုအရာတို့သည် မာနကြီးသောသူများ အတွက်ဖြစ်ပြီး၊ နှုတ်ကပတ်တရားတော် လိုက်လျှောက်သောသူ အဖို့ မဟုတ်ပါ။ နှုတ်ကပတ်တော် နာခံလိုက်လျှောက်သောသူတို့သည် အရှက်နှင့် ကင်းဝေးကြပါလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ ချီးမြှောက်ခြင်းကို ခံရကြလိမ့်မည်။ သစ္စာရှိသော၊ ငယ်သားကောင်းဟု ဘုရားသခင် ချီးမြှောက်တော်မူမည်။ အသက်သရဖူ ချီးမြှောက်ခြင်း ခံရကြလိမ့်မည်။ အသက်ရှင်ခြင်း သက်ပင်ရှိရာ မြို့ထဲသို့ ဝင်ရသော အခွင့် ရကြလိမ့်မည်။ ဘုရားသခင်၏ အထံတော်၌ ထာဝရ နေထိုင်ရသော အခွင့် ရကြမည်ဖြစ်ပါသည်။ ရောမ ၈း၁ ကို ဖတ်ပါ။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ယေရှုခရစ်တော်အား မိမိ၏ ကယ်တင်ရှင် သခင်အဖြစ် လက်ခံယုံကြည်သော၊ ဒုတိယမွေးဖွားခြင်း ခံရသောသူသည် အသစ်ပြုပြင်သော သတ္တဝါဖြစ်ပါသည်။ နှုတ်ကပတ်တရားတော်ကို နှစ်သက် နာခံလိုက်လျှောက် လိုခြင်း ရှိ၏။ နှုတ်ကပတ်တရားမှ လမ်း မလွဲလိုကြပါ။ စိတ်နှလုံးထဲ၌ ထိုတရားများကို သိုထားတတ်ကြ၏။ ၁ ယော ၃း၂၄ ကို ဖတ်ပါ။

သတိထားပါလော့။ နှုတ်ကပတ်တရားတော်ကို မယုံကြည်သောသူသည် ထာဝရ ငရဲမီးပင်လယ်ထဲ၌ ထာဝရ နေရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မတရားလမ်းမှ လွဲသွားမည်ကို ကျွန်တော် စိုးရိမ်မှုရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော်သည် ထောင်လွှားခြင်း မရှိမည်အကြောင်း၊ ကျိန်ခြင်း မခံရမည်အကြောင်း မစတော်မူပါ။

**ဆာလံ ၁၁၉း၂၃-၂၄**
၂ တိ ၃း၁၅-၁၇

*"ထိုကျမ်းစာရှိသမျှသည်
ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်ကို အုပ်စိုးတော်မူ၏

သင့်အသက်တာကို အဘယ်သူ အုပ်စိုးပါသနည်း။ များစွာသောလူတို့သည် မိမိတို့၏ အလုပ်ရှင်များ၏ အုပ်စိုးခြင်းကို ခံရကြပြီး သူတို့စကားကို နာခံကြ၏။ သူတို့ အလုပ်ဖြုတ်ခံရမည်ကို ကြောက်ကြသဖြင့် အလုပ်ရှင်များ အလိုမကျဖြစ်မည်ကို စိုးရိမ်ကြသောကြောင့် အရာရာတိုင်း၌ "ဟုတ်ကဲ့" ဟုတုန့်ပြန်တတ်ကြ၏။ အလုပ်ရှင်တို့၏စကားအတိုင်း သူတို့နာခံ လုပ်ဆောင်ကြရပါသည်။ သာမန်အလုပ်သမားများအတွက် သူတို့သည် ဘုရားသဖွယ်ဖြစ်လာခဲ့ကြ၏။

<u>အကျွန်ုပ်၏အရှင်</u> - မိမိကိုဆန့်ကျင်သော မင်းတို့၏စကားများကို ဆာလံဆရာသည် ကြောက်ရွံ့ခြင်း မရှိပါ။ သူတို့ကို ပြန်လည် အံတုရန် မိမိ၌ ခွန်အားရှိသောကြောင့် မဟုတ်ဘဲ၊ နှုတ်ကပတ်တရားတော်ကို ဆင်ခြင်တွေးတောသောကြောင့် ဖြစ်ပါသည်။ နှုတ်ကပတ်တရားတော်ကို ပေးတော်မူသော ဘုရားသခင်နှင့်လည်း မိသာဟာယဖွဲ့ခြင်း ပြုခဲ့ပါသည်။ အဆုံးစွန် ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကို သူသည် ယုံကြည်ကိုးစားခြင်းရှိ၏။ ရောမ ၁၁း၃၃-၃၄ ကို ဖတ်ပါ။

<u>အကျွန်ုပ်၏တိုင်ပင်ဘက်</u> - ဆာလံဆရာ၏တိုင်ပင်ဘက်သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်၏အကြံပေးချက်များကို သူလိုက်လျှောက်ခဲ့ပါသည်။ ဤလောကီလူတို့၏ အကြံပေးမှုကို သူ မယူခဲ့ပါ။ လူ၏အကြံအစည်သည် သေးငယ်သော လူ့ဦးနှောက်မှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တရားတော်၏အကြံအစည်သည် အစမှ အဆုံးထိ သိတော်မူသော၊ အလုံးစုံကို သိကျွမ်းတော်မူသော ဘုရားသခင်ထံမှ လာခြင်းဖြစ်ပါသည်။ ဟေရှာ ၅၅း၈-၉ ကို ဖတ်ပါ။ ဘုရားသခင်၏ဉာဏ်တော်ကိုသာ ဆာလံဆရာ ကိုးစားခဲ့ပါသည်။ ထိုနှုတ်ကပတ်တရားတော်ကို မအားကိုး မမှီခို ဖို့ရန် အဘယ်အရာကမျှ မဆီးတားနိုင်ပါ။

ချစ်သော စာဖတ်သူ၊ အဘယ်သူသည် သင်၏သခင်၊ သင်၏လမ်းပြရှင် ဖြစ်ပါသနည်း။ သင့် အနာဂတ်အတွက် မိမိကိုယ်တိုင်၏အနာဂတ်ပင် သေချာ မသိသော လူတို့ကို သင်ကိုးစားပါသလား။ မိမိသွားရာလမ်းကိုပင် သေချာ မသိသော လူတို့၏နောက်ကို သင်လိုက်နေပါသလား။ မိမိအကြိုက်ကိုပင် သေချာ မသိသော လူတို့၏အကြံကို သင်ခံယူပါသလား။ လူကို မကိုးစားပါနှင့်၊ သေလူကို အသက်ရှင်စေတော်မူလျက် ထာဝရအသက်ရှင်ခြင်း ပေးတော်မူသော နှုတ်ကပတ်တရားတော်၏တန်ခိုးတော်ကို မှီခိုကိုးစားပါလော့။

သမ္မာတရားတည်းဟူသော နှုတ်ကပတ်တရား၌ နှိမ့်သိမ့်ခြင်း ရှာပါလော့။ ဘုရားသခင်၏ စကားကို နာခံသယောင်ရှိပြီး၊ လက်တွေ့ နာခံလိုက်လျှောက်ခြင်း မရှိသောသူကဲ့သို့ မနေပါနှင့်။ သင့် ယုံကြည်ခြင်းနှင့်အသက်တာကို အဆုံးစွန် အုပ်စိုးသော အရှင်သခင်သည် နှုတ်ကပတ်တရားတော် ဖြစ်ပါစေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာကို အုပ်စိုးတော်မူသောသူသည် မည်သူနည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်အသက်တာကို အုပ်စိုးတော်မူသောသူ ဖြစ်တော်မူလျက်၊ ဤလောကီလူတို့၏ အကျိုးမရှိသောအကြံဉာဏ်ကို နားမထောင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၁၆)

**ဆာလံ ၁၁၉း၂၅-၃၂**

ဆာလံ ၁၄၃း၇-၁၂

*"အို ထာဝရဘုရား၊ နာမတော် အတွက်ကြောင့် အကျွန်ုပ်ကို အသက် ရှင်စေတော်မူပါ"*

# ဘုရားသခင်၏နှုတ်ကပတ်တော်၌ အသက်ရှင်စေခြင်း

ဆာလံဆရာသည် ဘဝ၌ အလွန်ခက်ခဲသောအရာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ပါသည်။ သေတော့မည်ဟု သူခံစားခဲ့ပါသည်။ မြေကြီး၌လဲကျလျက် ပြန်ထဖို့ရန် ခွန်အား မရှိဖြစ်ခဲ့ပါသည်။ အားကိုးစရာ မရှိ မျော်လင့်ချက် မဲ့လျက် မျက်စိ မှိတ်လုနီးပါး ဖြစ်ခဲ့ရပါသည်။ စကားလုံး အနည်းငယ်သာ ဤသို့သဲ့သဲ့ ရေရွတ်နိုင်ခဲ့၏ - "နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ" (ဆာလံ ၁၁၉း၂၅)။ ကောင်းကင်တန်ခိုးတော်ကို ဆင်းသက်စေတော်မူသော ထိုယုံကြည်သူ၏ အနည်းငယ်သော စကားလုံးတို့သည် တန်ခိုးကြီးလှပါသည်။ ဘုရားသခင်ကသာလျှင် ပြန်လည် အသက်ရှင်စေနိုင်ပါသည်။ နှုတ်ကပတ်တော်အတိုင်း အသက် မရှင်ခြင်းက ဆာလံဆရာကို ဝမ်းမြောက်ခြင်း မပေးနိုင်ပါ။ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ခြင်းကသာလျှင် သူ့ကို ပျော်ရွှင်ဝမ်းမြောက်ခြင်း ရှိစေ၏။

<u>အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်အား သွန်သင်တော်မူပါ</u> - ဆုတောင်းခြင်းဖြင့် မိမိ၏ အကျင့်တို့ကို ဖော်ပြလျက်၊ ဘုရားသခင်သည် အဖြေပေးတော်မူ၏။ ထိုလမ်းခရီး၌ ဘုရားသခင်သည် လမ်းပြပို့ဆောင်တော်မူမည်အကြောင်း ဂတိပေးတော်မူ၏။ ထိုအခါ ဘုရားသခင်၏ လမ်းပြခြင်းကို သူ ရှာဖွေခဲ့ပါသည်။ ဘုရားသခင်၏လမ်းပြပို့ဆောင်တော်မူခြင်း မပါလျှင် မိမိ တဦးတည်း ဘယ်လိုမှ ခရီး မသွားနိုင်ကြောင်း သိမှတ်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏သွန်သင်ချက်ကို တောင်းခံခဲ့ပါသည်။ မိမိကိုယ်ကို မကိုးစားကြောင်း ထင်ရှားပါ၏။ ဘုရားသခင်၏လမ်းကို သိနားလည်မည်အကြောင်း ဘုရားသခင်ထံမှ အသိဉာဏ်ကို တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသခင်၏ အကြံအစည် သည် စုံလင်ခြင်းရှိကြောင်း သိမှတ်သဖြင့် ဘုရားသခင်ကို မှီခိုကိုးစားခဲ့ပါသည်။ ဘဝခရီး၌ မိမိ၏ အကြံအစည်ကို ကိုးစားလျှင် ခရီးရောက်မည် မဟုတ်ပါ။

<u>ဩဝါဒလမ်းကို နားလည်စေတော်မူပါ</u> - နားလည်သဘောပေါက်ခြင်း မရှိသော သွန်သင်ခြင်းကို ဆာလံဆရာ အလိုမရှိပါ။ ဘုရားသခင်၏ဩဝါဒတရားကို နားလည်သဘောပေါက်ဖို့ရန် ကြိုးစားအားထုတ်ခဲ့ပါသည်။ ဦးနှောက်အသိဉာဏ်သက်သက် မဟုတ်ဘဲ၊ နှုတ်ကပတ်တော်ကို လက်တွေ့ ကျင့်သုံးအသက်ရှင်ဖို့ရန် ကြိုးစားခဲ့ပါသည်။ ဤလောက၌ အောင်မြင်ခြင်း သရဖူ ဆွတ်ခူးဖို့ရန် မရည်ရွယ်ဘဲ၊ ဘုရားသခင် ဂတိထားတော်မူသော ထာဝရ အိမ်တော်၌ ဆုလက်ဆောင်ရဖို့ရန် ကြိုးစား အသက်ရှင်ပါ၏။

ချစ်သော စာဖတ်သူ၊ သင့် ဘဝကို ထာဝရဘုရား လက်တော်ထဲသို့ အပ်နှံပါလော့။ သင်၏အားအင် ကုန်ခမ်းလာသောအခါ၊ ဆာလံဆရာ ဆုတောင်းသကဲ့သို့ ဘုရားသခင်ထံ ဆုတောင်းလိုက်ပါ။

**ဆင်ခြင်ရန်** - ဇာတိတပ်မက်ခြင်းအရာများ တွေးတောခြင်း၌ ကျွန်တော် ပျော်ရွှင်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဝိညာဉ်တော်စကားကို နားလည် နာခံခြင်းငှါ အသိဉာဏ် ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၇)
**ဆာလံ ၁၁၉း၂၈-၂၉**
ဟေရှာ ၄၀း၂၇-၃၁

*"မောသောသူတို့အား ခွန်အားကို ပေးတော်မူ၏"*

# မောပန်းအားငယ်သောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တော်

ဤသည်ကား ဆာလံဆရာ ကြုံတွေ့ရသော ဘဝအခက်အခဲ တခုဖြစ်ပါသည်။ ကျွန်တော်တို့သည်လည်း ဘဝမုန်တိုင်းကြုံရသောအခါ၊ "တော်ပါပြီ၊ ဘုရား၊ တော်ပါပြီ" ဟု အော်ဟစ်တတ်ကြပါသည်။ ကျွန်တော်တို့ ဆက်လက်ရှင်သန်နိုင်မည်ဟု ကိုယ့်ကိုကိုယ် မထင်တတ်ကြပါ။ ကျွန်တော်တို့သည် အားနည်းသောသူဖြစ်သောကြောင့် အခက်အခဲကို မြန်မြန် ပြီးဆုံးစေလိုကြ၏။ သို့သော်လည်း ထိုအချက်သည် ဖြေရှင်းနည်းဖြစ်ပါသလား။

ဆာလံဆရာသည် ထိုသို့ မထင်မှတ်ပေ။ သူသည် "စိတ်နှလုံး အရည်ယို" (ဆာလံ ၁၁၉း၂၈) သည်အထိ၊ အခက်အခဲကြုံတွေ့ခဲ့ပါသည်။ ဤစကားလုံးက ရေအိုး တစက်စက် ယို၍ ခမ်းခြောက်သွားခြင်းကို ပြသလျက်ရှိပါသည်။ ဆိုလိုသည်မှာ သူသည် ဝမ်းနည်းခြင်းကြောင့် ငိုကြွေးလျက်၊ မျက်ရည်စက် မကျန်သည်အထိ၊ ခမ်းခြောက်သည်အထိ ဝမ်းနည်းခံစားခဲ့ရပါသည်။ သာမန် ဝမ်းနည်းခြင်း မဟုတ်ပါ။ နာကျင်ခံစားမှုက သူ၏ဝမ်းနည်းခြင်းကို ဖြစ်စေလျက်၊ အဆက်မပျက် ငိုကြွေး ခဲ့ပါ၏။ သို့သော်လည်း၊ မြော်လင့်ချက် မဲ့ပြီဟု မိမိကိုယ်ကို ထင်ထားသောသူများ အတွက် ဆာလံဆရာ၏ စကားသည် ခွန်အားဖြစ်ပါသည် - နှုတ်ကပတ်တရားတော်အားဖြင့် ဘုရားသခင်၌ မြော်လင့်ခြင်း ရှိပါ၏။

<u>တည်ကြည်စေတော်မူခြင်း</u> - အားငယ်သောအချိန်၌ပင် ဆာလံဆရာသည် ပြသနာ ချုပ်ငြိမ်း ဖို့ရန် မတောင်းလျှောက်ခဲ့ပါ။ ဤအခက်အခဲကို အဘယ့်ကြောင့် ဘုရားသခင်က ခွင့်ပြု ခဲ့ပါသနည်းဟုလည်း မညီးတွားခဲ့ပါ။ ထိုအခက်အခဲကို ကျော်ဖြတ်နိုင်ဖို့ရန် ခွန်အားကိုသာ တောင်းလျှောက် ခဲ့ပါသည်။ ထိုခွန်အားသည် နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ ဝန်ထုပ်ဖယ်ရှားခြင်း က ပြသနာကို မဖြေရှင်းနိုင်ကြောင်း သူသိခဲ့ပါသည်။ ထိုဝန်ထုပ်ကို ထမ်းရွက်ဖို့ရန် ခွန်အားကိုသာ သူလိုချင်ခဲ့၏။ ထိုခွန်အားကို နှုတ်ကပတ်တော်က မိမိအား ပေးတော်မူနိုင်ကြောင်း သူယုံကြည်၏။

<u>သန့်ရှင်းစေတော်မူခြင်း</u> - ဘုရားသခင်၏အမှုတော်ကို ဆက်လက် ဆောင်ရွက်နိုင်ဖို့ရန် ခွန်အားကိုသာ မိမိ လိုအပ် တောင်းလျှောက်သည် မဟုတ်ဘဲ၊ မိမိ၏အသက်တာသည် ဘုရားသခင် နှစ်သက် လက်ခံတော်မူသော အသက်တာဖြစ်ဖို့ရန်လည်း တောင်းလျှောက်ခဲ့ပါသည်။ ဤအသိတရား သည် ဝိညာဉ်တော် ပေးသနားတော်မူသော အသိဉာဏ်ဖြစ်ပါသည်။ ယခု သူခံစားနေရသောအရာ သည် အလွန်ခက်ခဲလှသည်ဖြစ်၍ နှုတ်ကပတ်တရားတော်မှ ခွန်အားပေးခြင်းကို သူ တောင့်တလျက် ရှိပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ထံမှ ခွန်အားကိုငှင်း၊ အပြစ် မပြုဘဲ နေနိုင်မည် အကြောင်း ဝိညာဉ်တော်၏သန့်ရှင်းစေတော်မူခြင်းကိုငှင်း တောင်းလျှောက်ပါလော့။

**ဆင်ခြင်ရန်** - ဘဝအခက်အခဲများကို ကျွန်တော်မည်သို့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါလဲ။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကိုသာ အစဉ် ယုံကြည်ကိုးစားမည်အကြောင်း မစတော် မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၁၈)

**ဆာလံ ၁၁၉း၁၀-၃၂**

တရား ၁၁း၁၈-၂၅

*“သို့ဖြစ်၍ ငါဟောပြောသော ဤစကားကို စိတ်နှလုံး၌ သွင်းထား၍”*

# ဘုရားသခင်၏သမ္မာတရား နှုတ်ကပတ်တော်

လုံးဝမှန်သောတရား မရှိ ဟူသော ယနေ့ခေတ် အယူဝါဒက သမ္မာတရားကို ဆန့်ကျင်လျက်ရှိပါသည်။ အမှား အမှန်သည် မိမိ၏ ထင်မြင်ယူဆချက်အပေါ် မူတည်သည်ဟု ဆိုကြပါသည်။ ထို အယူဝါဒသည် အသင်းတော်၌လည်း တိုးဝင်လာလျက်ရှိပါသည်။ ကျမ်းစာကို ဘုရားသခင်၏နှုတ်ကပတ်တရားတော်ဟု မမြင်တော့ဘဲ၊ စာအုပ် တအုပ်ကဲ့သို့သာ သတ်မှတ်ကြ၏။

<u>ရှေ့မှာ ထားပါပြီ</u> - ဆာလံဆရာသည် သမ္မာတရားလမ်းကို ရွေးချယ်ခဲ့ပါသည်။ နှုတ်ကပတ်တော်သည် စုံလင်မှန်ကန်တော်မူကြောင်း သိမှတ်ခဲ့ပါ၏။ ထို့ကြောင့် ဘုရားသခင်၏ စီရင်တော်မူချက်တို့ကို ရှေ့မှာ ထားပါပြီဟု ဆိုခဲ့ပါသည်။ ထားပါပြီ ဆိုသည်မှာ ပြသခြင်းသက်သက် မဟုတ်ဘဲ၊ ဆင်ခြင် နှလုံးသွင်းလျက် ကျင့်သုံးခြင်းကို ဆိုလိုပါသည်။ အမှားအမှန်၊ သမ္မာတရားနှင့် ပတ်သက်လာလျှင် သူသည် ယိမ်းယိုင်ခြင်း မရှိဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တရားကို သေချာ လက်ကိုင်ထားပါသည်။

<u>မှီဝဲပါပြီ</u> - အကျိုးရှိသည်ဖြစ်သောကြောင့်၊ ဆာလံဆရာသည် နှုတ်ကပတ်တော်ကို မှီဝဲ၏။ ထိုတရားကို နာခံလိုက်လျှောက်သည်ဖြစ်သောကြောင့် သူသည် ဘုရားသခင်၏ကျေးဇူးတော် ခံစားရ၍ အရှက်ရမည် မဟုတ်ပါ။ စိတ်ပျက်အားငယ်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း နှုတ်ကပတ်တော်သည် သူ့ကို လမ်းပြတော်မူ၏။ နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားသောကြောင့် သူသည် ရှုတ်ထွေးခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်။

<u>ထိုလမ်းသို့ လိုက်ပါမည်</u> - သမ္မာတရားသည် မိမိလိုက်သောလမ်းဖြစ်ပါသည်။ ထိုပညတ်လမ်းသို့ အလျင်အမြန် လိုက်သွားခဲ့ပါသည်။ အခြားလမ်းသို့ မလိုက်ပါ။ ထိုဘုရားသခင်၏ နှုတ်ကပတ်တော်သည် မိမိအား “လမ်းခရီး၊ သမ္မာတရားနှင့်အသက်” (ယောဟန် ၁၄း၆) တည်းဟူသော သခင်ဘုရားထံ ပို့ဆောင်မည်အကြောင်း ကောင်းကောင်း သိခဲ့ပါသည်။ ထိုသို့ ပြုရခြင်းမှာ ဘုရားသခင်သည် သူ့ ဉာဏ်ကို ပွင့်စေတော်မူသောကြောင့် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဘဝအသက်တာ၌ မှန်ကန် ကောင်းမွန်စွာ နေထိုင်ကျင့်ကြံနိုင်မည်အကြောင်း ဘုရားသခင်က အသိဉာဏ် တိုးပွားစေခြင်းပင်ဖြစ်ပါသည်။ ထိုသမ္မာတရားအားဖြင့် ဘုရားသခင်၏လမ်းတော်သို့ တည်ကြည်စွာ လိုက်လျှောက်နိုင်ခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရား မရှိ၊ မှန်သောတရား မရှိ ဟု ဆိုသော၊ လူမိုက်တို့၏ လှည့်စားခြင်းကို မခံပါနှင့်။ စိတ်နှလုံး အသစ် ဖန်ဆင်းခြင်း ခံရသောသူတို့သည် သမ္မာတရားကို သိကြ၏။ ယေရှုက “သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏” (ယောဟန် ၁၇း၁၇) ဟု ဆုတောင်းခဲ့ပါသည်။ ယုံကြည်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်တော်မူကြောင်း ကျွန်တော် ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သာလျှင် အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင် ဖြစ်တော်မူ၏။ ကိုယ်တော်၏သမ္မာတရားကိုသာ ယုံကြည်လိုပါ၏။

သောကြာ၊ ဇန်နဝါရီ (၁၉)
**ဆာလံ ၁၁၉း၃၃-၃၄**
ယာကုပ် ၂း၈-၁၃

*"ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင်"*

---

## ဘုရားသခင်၏နှုတ်ကပတ်တော်ကို စောင့်ရှောက်ခြင်း

ဘုရားသခင်၏နှုတ်ကပတ်တော်သည် သိရုံမျှ မဟုတ်ဘဲ၊ အထူးသဖြင့် လိုက်နာစောင့်ရှောက်ရန်ဖြစ်ပါသည်။ နာခံခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်၏။ ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့ နာခံလိုက်လျှောက်ကြ၏။ စာတန်သည် နှုတ်ကပတ်တော်ကို သိသော်လည်း၊ သူ့ကို ဘယ်တော့မှ ပြောင်းလဲမှု မဖြစ်စေပါ။ ဘယ်တော့မှ နောင်တ မရပါ။ နားလည်သဘောပေါက်ခြင်းကို ဖြစ်ပွားစေတော်မူသောသူသည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပါသည်။ ယောဟန် ၁၆း၇-၁၁ ကို ဖတ်ပါ။

<u>အဆုံးတိုင်အောင်</u> - ဆာလံဆရာက မိမိအားသွန်သင်တော်မူဖို့ရန် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့ပါသည်။ "သွန်သင်" ဟူသော ဂရိ စကားလုံး၏အဓိပ္ပါယ်မှာ ရေကဲ့သို့ စီးဆင်းခြင်း၊ မြားကဲ့သို့ ပစ်ခွင်းခြင်း ဖြစ်ပါသည်။ ဤသွန်သင်ခြင်းသည် အချက်အလက် မှတ်သားခြင်း သာသာ မဟုတ်ပါ။ သူ့အပေါ်သို့ ဘုရားသခင်က နှုတ်ကပတ်တရားတော်များ သွန်းလောင်း စေလိုခြင်း ဖြစ်ပါသည်။ သူ လျှောက်ရမည့်လမ်း ဘုရားသခင် ပို့ဆောင်ဖို့ရန် အလိုရှိ၏။ ချိန်ရွယ်သော ပစ်မှတ်သို့ ဖြောင့်တန်းစွာ သွားသော မြားကဲ့သို့ နှုတ်ကပတ်တော်သို့ မိမိအား လမ်းပြဖို့ရန် အလိုရှိခြင်းဖြစ်ပါသည်။ ပစ်မှတ်တွင် မြားစိုက်ဝင်သကဲ့သို့ ထိုနှုတ်ကပတ်တရားတော်၌ မြဲမြံစွာ အစဉ်တည် နေလို၏။

<u>စိတ်နှလုံး အကြွင်းမဲ့</u> - ဆာလံဆရာသည် နားလည်သဘောပေါက်ခြင်းအတွက်လည်း တောင်းလျှောက်ခဲ့ပါသည်။ နှုတ်ကပတ်တော် များစွာ ပိုင်ဆိုင်ခြင်းသာမက၊ အဆိုးအကောင်း ခွဲခြားတတ်သော ဉာဏ်ကိုလည်း လိုချင်တောင့်တခဲ့ပါသည်။ အမှားအမှန် ခွဲခြားနိုင်သောဉာဏ်သည် အလွန်မြတ်သော အသိဉာဏ်ဖြစ်ပါသည်။ ထို့ပြင် ဤလောကီအညစ်အကြေးများနှင့် မိမိကိုယ်ကို မညစ်ညူးစေဖို့ရန် သတိထားခဲ့ပါသည်။ ထို့ကြောင့် ပညတ်တရားကို လိုက်လျှောက်ခဲ့ပါသည်။ မြို့ကို စောင့်သောသူသည် ရန်သူလက်မှ လုံခြုံစေဖို့ရန် မအိပ်ဘဲ သတိနှင့် စောင့်ခဲ့ကြ၏။ ထိုနည်းတူ၊ နှုတ်ကပတ်တော်ကို သတိဖြင့် စောင့်ကျင့်ခဲ့ပါသည်။ ထို့ကြောင့် ဤစောင့်ရှောက်ခြင်းသည် ကာကွယ်ခြင်းနှင့် လိုက်လျှောက်ခြင်း ပေါင်းစပ်ထားပါသည်။ မိမိ၏ စပျစ်ဥယျာဉ်ကို ခြံစည်းရိုးခတ်၍ ဝံပုလွေများ ဝင်ရောက် မဖျက်ဆီးနိုင်ရန် ကာကွယ်စောင့်ရှောက် ပြုစုသကဲ့သို့ ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို စိတ်နှလုံး အကြွင်းမဲ့ ထိန်းသိမ်း နာခံ လိုက်လျှောက်ခြင်း ပင်ဖြစ်ပါသည်။ ချစ်သော စာဖတ်သူ၊ နာခံခြင်းထက် များစွာ သိခြင်းသည် ပို၍အရေးကြီးသည် ဟူသော လောကီလူတို့၏လှည့်စားခြင်းကို သတိပြုပါလော့။ နာခံခြင်းသည် ပိုအရေးကြီး၏။

**ဆင်ခြင်ရန်** - နာခံလိုက်လျှောက်ဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော် လေ့လာသင်ယူပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို သဘောတရား ဖတ်ခြင်းအမှု၌ အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို သိလျက် နာခံ လိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဇန်နဝါရီ (၂၀)
**ဆာလံ ၁၁၉း၃၅-၃၆**
ဆာလံ ၁၁၂း၁-၅

*"ထာဝရဘုရားကို ကြောက်ရွံ့၍၊ ပညတ်တော်တို့၌ အလွန်မွေ့လျော်သောသူသည် မင်္ဂလာရှိ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်၌ မွေ့လျော်ခြင်း

သင်သည် အဘယ်အရာကို နှစ်သက်ပါသနည်း။ အချို့သည် အစားအစာ၊ အချို့သည် အနုပညာကို နှစ်သက်ကြ၏။ အများစုသည် ငွေကို ခုံမင်နှစ်သက်ကြပါသည်။ ယုံကြည်သူအတွက်မူ နှုတ်ကပတ်တော်သည် သူတို့၏ ပျော်မွေ့ရာဖြစ်ရပါမည်။ ခရစ်ယာန်တိုင်းအတွက် ထိုသို့ မဟုတ်သော်လည်း၊ ဒုတိယမွေးဖွားခြင်းခံရသော ဘုရားသခင်၏သားသမီးတို့အတွက်မူ နှုတ်ကပတ်တော်သည် သူတို့ပျော်မွေ့ရာဖြစ်ရပါမည်။ ဆာလံဆရာသည် ဤလောကီအရာများ၏ သွေးဆောင်ခြင်းကို အလူးအလဲ ခံရသောကြောင့် ဘုရားသခင်၏မစတော်မူခြင်းကို တောင်းလျှောက်ခဲ့ပါသည်။

<u>ပို့ဆောင်တော်မူပါ</u> - ဤတောင်းလျှောက်ချက်က ဆာလံဆရာသည် ဘုရားသခင်၏စကားကို မနာခံဘဲ နေမည်ကို အလို မရှိကြောင်း ဖော်ပြလျက်ရှိပါသည်။ လမ်းမှန်လျှောက်ဖို့ရန် ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်း လိုအပ်ပါသည်။ သူသည် အမှားအမှန် ခွဲခြားနိုင်သော်လည်း၊ ဆုံးဖြတ်ချက် ချရာတွင် အပြစ်၏သွေးဆောင်မှုကို လိုက်တတ်ပါ၏။ ထို့ကြောင့် ဘုရားသခင်၏ လမ်းပြခြင်း လိုအပ်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မှန်သောလမ်းလျှောက်သည်ဟု ထင်ရသော်လည်း၊ ဘုရားသခင်ထံမှ လမ်းလွဲသွားတတ်ကြပါသည်။ ထို့ကြောင့် နှုတ်ကပတ်တရားတော်လမ်းသို့ ကျွန်တော်တို့ကို ဘုရားသခင် ပို့ဆောင်ဖို့ လိုပါသည်။ ဤလောကီ ပျော်ရွှင်မှုသည် ခဏတာသာဖြစ်၍ ဘုရားသခင်ထံမှ ဝမ်းမြောက်ပျော်ရွှင်ခြင်းသည် ထာဝရတည်၏။

<u>ကျွန်ုပ်စိတ်နှလုံးကို ဆွဲတော်မူပါ</u> - နှုတ်ကပတ်တော်ဘက်သို့ မိမိ၏စိတ်နှလုံးကို ဆွဲတော်မူဖို့ရန် ဆာလံဆရာသည် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့ပါသည်။ အပြစ်သည် လူ့ဘဝတခုလုံးကို လွှမ်းမိုးလျက်ရှိပါသည်။ အသင်းတော်၌ပင် အချို့လူတို့သည် မိမိညီအစ်ကိုကို မုန်းတီး ဆန့်ကျင်လျက်ပင် ဘုရားသခင်၏အမှုတော် ဆောင်ရွက်နိုင်သည်ဟု ထင်မှတ်ကြ၏။ နှုတ်ကပတ်တော်ဘက်သို့ မိမိတို့၏စိတ်နှလုံး ဆွဲဆောင်ဖို့ရန် ဆုတောင်း ကြရမည် မဟုတ်လော။ ဘုရားသခင်ထံ ပြန်လှည့်ဖို့ရန် သူတို့၏ လမ်းလွဲသော စိတ်ကို ကြိုးစားပြုပြင် ပေးတော်မူဖို့ရန် ဆုတောင်း သင့်ကြသည် မဟုတ်လော။ ဘုရားသခင်ကို လိုအပ်ကြပါသည်။ ဤလောကီအရာတို့သည် အလွန်ဆွဲဆောင်မှု ရှိကြ၏။ ထို့ကြောင့် ဘုရားသခင်ထံ မိမိ၏စိတ်နှလုံး စွဲမြဲဖို့ရန် အစဉ် ဆုတောင်းရပါမည်။

လောကီအရာထဲသို့ လွယ်ကူစွာ ကျရောက်နိုင်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်ထံ ပြန်လှည့်ဖို့ရန် အချိန် ကြာမြင့်တတ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကို စောင့်ရှောက်ဖို့ရန် ဘုရားသခင်ထံ ဆုတောင်း ဖို့လိုပါသည်။ မသဲ ၁၃း၂၂ ထဲမှ ယေရှု၏ သတိပေးစကားကို ဖတ်ပါ။

ချစ်သော စာဖတ်သူ၊ ကိုယ်တော်၏လမ်းသို့ ပို့ဆောင် ခံရဖို့ရန်ငှင်း၊ နှုတ်ကပတ်တရားတော်သို့ သင့် စိတ်နှလုံး ဆွဲခေါ်ဖို့ရန်ငှင်း၊ ဘုရားသခင်ထံ မစတော်မူခြင်း တောင်းလျှောက်ပါလော့။

**ဆင်ခြင်ရန်** - ကျွန်ုပ်စိတ်နှလုံးသည် ဤလောကီအရာများကို စွဲလမ်းခြင်းရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်သာလျှင် လမ်းပြပို့ဆောင်တော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၁)
**ဆာလံ ၁၁၉း၃၇-၃၈**
တော ၁၅း၃၇-၄၁

*"ကိုယ်အလိုသို့ လိုက်လျက်၊ ကိုယ်ဥာဏ်ကို မှီဝဲလျက် မှားယွင်းသကဲ့သို့ မလိုက်၊ မမှီဝဲ"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် အနတ္တကိုဖယ်ရှား၏

ဆာလံ ၁၁၉း၃၇ မှ "အနတ္တ" သည် အသုံး မဝင်ခြင်း အပြင်၊ ဖျက်ဆီးတတ်သော မကောင်းမှုများကို ဆိုလိုပါသည်။ ထို့ပြင် မှားယွင်းမှုနှင့်မုသား ကိုလည်း ရည်ညွှန်းပါသည်။ စာတန်ပြုသောအမှုများ ပင်ဖြစ်ပါသည်။ ထိုအရာက များစွာသော ယုံကြည်သူများကို ဘုရားသခင်၏ အမှုတော်၌ အကျိုးမဲ့ ဖြစ်စေတတ်၏။ သူတို့သည် ကယ်တင်ခြင်းရသောသူ ဖြစ်နိုင်သော်လည်း၊ သူတို့၏အသက်တာသည် အကျိုးမရှိ ဖြစ်တတ်ပါ၏။ ထို့ကြောင့် ဆာလံဆရာသည် စာတန်၏ သားကောင် မဖြစ်ဖို့ရန် ဆုတောင်းခဲ့ပါသည်။

<u>ကျွန်ုပ်မျက်စိကို လွှဲတော်မူပါ</u> - "လွှဲ" ၏မူရင်း အဓိပ္ပါယ်မှာ လွှန်စေခြင်း ဟူ၍ဖြစ်ပါသည်။ မျက်စိသည် ဤလောကီ မကောင်းမှု၏ ဆွဲဆောင်မှု ဝင်ရောက်လာရာ တံခါးဖြစ်ပါသည်။ ဤမျက်စိ တပ်မက်ခြင်းကြောင့် စိတ်နှလုံးသည်လည်း သွေးဆောင်ခြင်း ခံရ၏။ ထို့ကြောင့် အနတ္တကို ဆက်လက် ကြည့်ရှုနေမည် ဆိုလျှင်၊ လူ့ဇာတိသဘောကို နိုးဆော်သောအခါ ထိုသွေးဆောင်မှုကို မငြင်းဆန်နိုင်ဘဲ အပြစ်သို့ လဲကျတတ်၏။ ထို့ကြောင့် အကောင်းသောအရာများ ကြည့်ခြင်းမှ မိမိမျက်စိကို လွှဲတော်မူမည်အကြောင်း ဆုတောင်းခဲ့ပါသည်။

<u>အသက်ရှင်စေတော်မူပါ</u> - ထိုသို့ မကောင်းသောအရာကို မကြည့်ခြင်း သာမက၊ ဘုရားသခင်သည် မိမိအား အသက်ရှင်စေဖို့ရန် ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်၏ ကွယ်ကာမှုကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ အသက်ရှင်စေခြင်း ဆိုသည်မှာ အပြစ်ကြောင့် စိတ်အား ထက်သန်ခြင်း မရှိတော့သော အသက်တာကို ပြန်လည် နိုးဆော် အားအင်ပြည့်ဝစေခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ လမ်းမလွဲဖို့ရန် ဆာလံဆရာ အလိုရှိပါ၏။

<u>ဗျာဒိတ်တော်ကို တည်စေတော်မူပါ</u> - မိမိအသက်တာ၌ နှုတ်ကပတ်တော် တည်စေဖို့ရန် ဘုရားသခင်ထံ ဆုတောင်းပါသည်။ သူသည် နှုတ်ကပတ်တော်၌ တည်ကြည်လျက် မကောင်းမှု၏ သွေးဆောင်ခြင်းကြောင့် ပျက်စီးခြင်းသို့ မရောက်မည်အကြောင်း ဆုတောင်း ခဲ့ပါသည်။ သူသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်သောကြောင့် ထိုသို့ တောင်းလျှောက်ခြင်းဖြစ်ပါသည်။ အနတ္တကို မှီဝဲသောသူတို့သည် ဘုရားသခင်၏စီရင်ခြင်းကို ခံရကြမည်။ ထို့ပြင် သူသည် ဘုရားသခင်၏ သန့်ရှင်းခြင်း ဇာတိသဘောကို သိခဲ့ပါသည်။ မိမိ၌ တည်သော နှုတ်ကပတ်တော်သည် စာတန်၏ တိုက်ခိုက် သွေးဆောင်ခြင်းများကို ပြန်လည် ခုခံနိုင်သော ခွန်အားပေးလိမ့်မည် ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ အနတ္တအရာများသည် ခဏသာ တည်ပါ၏။ လှည့်စားခြင်း မခံပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဤလောက၏အနတ္တအရာများကို စွဲလမ်းနေတုန်းဘဲလား။

**ဆုတောင်းချက်** - အဖဘုရား၊ သခင်ယေရှုနှင့်နှုတ်ကပတ်တရားကိုသာ စွဲလမ်းမည်အကြောင်း၊ အနတ္တအရာများဖြင့် စာတန်၏သွေးဆောင်မှု ကျော့ကွင်းထဲသို့ မကျမည် အကြောင်း မစတော်မူပါ။

**ဆာလံ ၁၁၉း၃၉-၄၀**
ဆာလံ ၅၇း၁-၆

*"ငါ့ကို ကိုက်စားသောသူကို အရှက်ခွဲသဖြင့် ငါ့ကို ကယ်တင်တော်မူမည်"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် အရှက်ကို ဖယ်ရှားတော်မူ၏

မထီမဲ့မြင်ပြုခြင်းခံရခြင်းသည် ခရစ်ယာန်တို့နှင့် ရင်းနှီးသောအရာ ဖြစ်သင့်ပါသည်။ သခင်ယေရှုခရစ်တော်၏ နောက်လိုက်ဖြစ်သော ကျွန်တော်တို့၏အသက်တာ၌ ထိုအရာသည် အလိုလိုပါလာသောအရာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုအရာကို ရင်ဆိုင်ကြုံတွေ့ဖို့ရန် ပြင်ဆင်ထားရပါမည်။ အကောင်းဆုံးနည်းလမ်းမှာ ဆာလံဆရာ ပြုသကဲ့သို့ ဘုရားသခင်၏မစတော်မူခြင်း တောင်းလျှောက်ခြင်း ပင်ဖြစ်ပါသည်။

<u>ကဲ့ရဲ့ခြင်းကို ပယ်ပျောက်စေတော်မူပါ</u> - "ပယ်ပျောက်" (ဆာလံ ၁၁၉း၃၉) သည် ဆာလံ ၁၁၉း၃၇ ၌တွေ့ရသော "လွှဲ" နှင့်အတူတူပင်ဖြစ်ပါသည်။ မိမိကြောက်သော ကဲ့ရဲ့ခြင်းကို ဘုရားသခင် ပယ်ပျောက်စေတော်မူဖို့ရန် ဆာလံဆရာ တောင်းလျှောက်ခဲ့ပါသည်။ ထိုကဲ့ရဲ့ခြင်းကို မိမိမည်သို့တုန့်ပြန်သည်အကြောင်း ဘုရားသခင် စီရင်မည်ကို ဆာလံဆရာ သိသဖြင့် ကြောက်ရခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံမှ မိမိ၏အပြစ်ကို မဖုံးကွယ်နိုင်ကြောင်း သူသိပါ၏။ ထိုဘုရားသခင်၏ စီရင်ခြင်းသည် မိမိအတွက် ကောင်းကျိုးကို ဖြစ်စေကြောင်း သိသဖြင့် ဘုရားသခင်၏ တရားသောစီရင်ချက်များကို သူကိုးစားခဲ့ပါသည်။ မိမိကို စီရင်သော ထိုဘုရားသခင်၏ နှုတ်ကပတ်တော်သည် မိမိကို လမ်းပြ လွတ်မြောက်စေတော်မူသော တရားတော်ဖြစ်ကြောင်း သူသိခဲ့ပါသည်။

<u>ဖြောင့်မတ်ခြင်းတရားတော်အားဖြင့် အသက်ရှင်စေတော်မူပါ</u> - မနေ့ ဆာလံဆရာ တောင်းလျှောက်သောအရာသည် နိုးကြားစေခြင်းအားဖြင့် ဘုရားသခင်၏ကွယ်ကာတော်မူခြင်းပင်ဖြစ်ပါသည်။ ယနေ့တွင်၊ ထိုနိုးကြား အသက်ရှင်စေခြင်းသည် သခင်ယေရှုခရစ်တော် ယုံကြည်ကိုးစားခြင်းအားဖြင့်သာဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ တည်ကြည် မြဲမြံဖို့ရန် နည်းလမ်းသည် နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်ပါသည်။ ကျွန်တော်တို့လိုအပ်သောအရာသည် ခရစ်တော်၏ဖြောင့်မတ်ခြင်း ပင်ဖြစ်ပါသည်။ ထိုအရာကို ဆာလံဆရာ တောင့်တပါ၏။ ထို့ကြောင့် ထိုအရာကို ရှာဖွေလျက် ဘုရားသခင်၏နှုတ်ကပတ်တော်၌ သူတွေ့ရှိခဲ့ပါသည်။

ဘုရားသခင်၏ လူသားအပေါ် ချမှတ်တော်မူသောစီရင်ချက်သည် ထာဝရတည်၏။ ထာဝရ ပျက်စီးခြင်း ဖြစ်သောကြောင့် ကြောက်စရာကောင်းလှပါသည်။ ခန္ဓာကိုယ်သာ မဟုတ်ဘဲ၊ ဝိညာဉ်သည်လည်း ပျက်စီးခြင်းသို့ ရောက်မည်ဖြစ်ပါသည်။ ထိုအဖြစ်မှ လွတ်မြောက်ရာလမ်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သခင်ယေရှုခရစ်တော် ယုံကြည်ခြင်းအားဖြင့်သာလျှင်ဖြစ်ပါသည်။ သင် အပြစ်မှ နောင်တရလျက် ယေရှုကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည် လက်ခံပြီးပါသလား။ ရောမ ၁၀း၉-၁၁ ကို ဖတ်ပါ။ ချစ်သော စာဖတ်သူ၊ ယနေ့ ယုံကြည်ပါလော့။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံ ဝင်စားလျက်၊ အရှက်နှင့် ကင်းလွတ်မည်အကြောင်း၊ ကျွန်တော် အမှန် သိမှတ်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ထာဝရ အရှက်ရခြင်းမှ ကျွန်ုပ်ကို ကယ်နှုတ်တော်မူဖို့ရန်၊ သားတော် သခင်ယေရှုကို စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ဆာလံ ၁၁၉း၄၁-၄၂**
ဆာလံ ၃း၁-၃

*"အို ထာဝရဘုရား၊ ကိုယ်တော်သည်*
*အကျွန်ုပ်၏အကွယ်အကာ၊ အကျွန်ုပ်၏ ဘုန်း၊*
*အကျွန်ုပ်၏ဦးခေါင်း ချီကြွသောသူလည်း ဖြစ်တော်မူ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် ချီးမြှောက်တော်မူ၏

မထီမဲ့မြင်ပြုခြင်းကို ဘုရားသခင် ငြင်းပယ်သောသူတို့ထံမှ ထွက်လာသည်ဖြစ်သော ကြောင့် သခင်ယေရှုကို ယုံကြည်သောသူတို့သည် မထီမဲ့မြင်ပြုခြင်း မခံရဘဲ နေ။ စာတန်သည် ထိုသူတို့ကို အသုံးပြုလျက် ခရစ်ယာန်တို့၏သက်သေခံချက်ကို ထိခိုက်စေတတ်၏။ မတရားစွပ်စွဲခြင်း နှင့်အတင်းပြောခြင်းတို့အားဖြင့် သန့်ရှင်းသူတို့၏အသက်တာနှင့် အမှုတော်ဆောင်ခြင်းကို အရှက် ရစေတတ်ကြပါသည်။ အသင်းတော်၌လည်း ထိုသို့သော ရန်သူ၏အသုံးတော်ခံများလည်း အံ့သြဘွယ် တွေ့ရတတ်ပါသည်။ ဆာလံဆရာ၏တုန့်ပြန်မှုသည် ယနေ့ယုံကြည်သူတို့အတွက် သင်ခန်းစာ ဖြစ်ပါလိမ့်မည်။

<u>ကရုဏာတော် ရောက်ပါစေသော</u> - ဘုရားသခင်၏ကရုဏာတော်ကို သူတောင်းလျှောက်ခဲ့ ပါသည်။ အနည်းငယ်သာ မဟုတ်၊ များစွာသော ကရုဏာတော်ကို သွန်းလောင်းဖို့ရန် ဆုတောင်း၏။ ရန်သူထံမှ ကရုဏာတော် ရောက်လာမည် မဟုတ်ပါ။ သူတို့သည် အဆုံးတိုင်အောင် လိုက်လံ ဖျက်ဆီးကြပါလိမ့်မည်။ သန့်ရှင်းသူတို့သည် သူတို့၏ မတရားတိုက်ခိုက်ခြင်းကြောင့် လဲကျခဲ့လျှင်၊ သူတို့သည် မိုက်မဲစွာ အသက်သေဆုံးသည်အထိ မကောင်းမှုကို ဆက်လက် ပြုနေကြပါလိမ့်မည်။ ထာဝရဘုရားထံမှသာ ကျေးဇူးတော်နှင့် သနားကြင်နာမှု သက်ရောက်ပါသည်။ ဘုရားသခင်သည် ကရုဏာတော်နှင့် ပြည့်စုံတော်မူပြီး၊ မိမိလူတို့၏ ဆုတောင်းသံကို နားညောင်းတော်မူလျက် ကူညီ မစတော်မူတတ်၏။

<u>ကယ်တင်တော်မူခြင်း ရောက်ပါစေသော</u> - ယုံကြည်သူသည် ဒုတိယအသုတ် ကယ်တင်ခြင်း ဟူ၍ မလိုအပ်ပါ။ အခက်အခဲမှ ကယ်လွှတ်တော်မူခြင်းကို တောင်းလျှောက်ခြင်း ဖြစ်ပါသည်။ ထိုအခက်အခဲမှ ကယ်နှုတ်တော်မူနိုင်သောသူသည် ဘုရားသခင် တပါးတည်းသာလျှင် ရှိ၏။ ထာဝရဘုရားသည် သူ၏ ဒိုင်း လွှား၊ ခိုလှုံရာဖြစ်တော်မူ၏။ ဘုရားသခင်၏တန်ခိုးတော်သည် ရန်သူတို့၏ခွန်အားထက် များစွာ သာလွန်ခြင်းရှိ၏။ ထိုဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို ကိုးစားတောင်းလျှောက်ခြင်းဖြစ်ပါသည်။

ထာဝရဘုရားထံမှ ကရုဏာတော်နှင့် ကယ်နှုတ်တော်မူခြင်းကို တောင်းလျှောက်ပါလော့။ တခါတရံ ဘုရားသခင်၏ မစတော်မူခြင်းကို လူ့အနေဖြင့် နောက်ကျသည်ဟု ထင်ရသော်လည်း၊ အမှန်မှာ နောက်ကျခြင်း မရှိပါ။ ဘုရားသခင်၏အချိန်သည် စုံလင်သော အချိန်ဖြစ်ပါသည်။ ဒေါသ ထွက်ခြင်းက အခြေအနေကို မပြောင်းလဲစေနိုင်ပါ။ ဘုရားသခင်၏ ကရုဏာတော်နှင့် ကယ်နှုတ်တော် မူခြင်း တောင်းလျှောက် စောင့်နေခြင်းသည် ရန်သူ၏အကြံအစည်ကို အကောင်းဆုံး တုန့်ပြန်မှုဖြစ် ပါသည်။ ချစ်သော စာဖတ်သူ၊ ဂလဲ့စား မချေပါနှင့်။ သင့်အတွက် ဘုရားသခင် အမှုပြုစေတော် မူပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော် အမှန် ယုံကြည်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ခက်ခဲသောကာလ၌ ဘယ်သူ၏မစခြင်းမျှ မရှာဘဲ၊ ကိုယ်တော်၏ ကယ်တင်ခြင်းနှင့်ကရုဏာတော်ကိုသာ ရှာမည်အကြောင်း မစတော်မူပါ။

# အကျွန်ုပ်နှုတ်၌ ဘုရားသခင်၏နှုတ်ကပတ်တော်

ဘုရားသခင်၏နှုတ်ကပတ်တော် အစဉ်ဖတ်ရှုခြင်းနှင့် နေ့ည မပြတ် ဆင်ခြင်နှလုံးသွင်းခြင်းသည် အဘယ့်ကြောင့် အရေးကြီးပါသနည်း။ ဆာလံဆရာက သမ္မာတရားသည် မိမိအတွက် အဓိက အရေးကြီးဆုံးသောအရာဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ နှုတ်ကပတ်တော်ကို မေ့လျော့၍ ဆင်ခြင်အောက်မေ့ခြင်း မရှိသောအခါ၊ သူပြောသောစကားနှင့် ပြုသောအမှု၌ နှုတ်ကပတ်တော်၏ လွှမ်းမိုးခြင်း မရှိတော့ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော် သူ့နှုတ်မှ ပျောက်ကွယ်သောအခါ ကြုံတွေ့ရမည့် ဆိုးကျိုးသည် မတွေးဝံ့စရာ ဖြစ်ကြောင်း ဆာလံဆရာက ဖော်ပြခဲ့ပါသည်။ ထိုသို့ မဖြစ်မည့်အကြောင်း ဆုတောင်းခဲ့ပါသည်။

<u>စီရင်တော်မူချက်ကို မြော်လင့်ပါ၏</u> - သမ္မာတရားသည် သူ၏မြော်လင့်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ တရားသောစီရင်ချက်ကို သူစောင့်လျက်ရှိပါသည်။ မုသားနှင့် လှည့်စားခြင်းစကားတို့သည် သူ့မြော်လင့်ချက်ကို ပျောက်ကွယ်စေဖို့ရန် စွပ်စွဲကြပါသည်။ မုသားသည် ပြဿနာနှင့် ရန်တွေ့ခြင်းတို့၏ အရင်းအမြစ်ဖြစ်ပါသည်။ သမ္မာတရား မရှိလျှင် ရန်ဘက်ပြုခြင်းနှင့်သင်းကွဲခြင်း ဖြစ်ပွားတတ်ပါသည်။ သို့သော်လည်း၊ လူတိုင်း၏စိတ်နှလုံးထဲ၌ သမ္မတရားက နေရာယူသောအခါ၊ ချစ်ခြင်းမေတ္တာနှင့်စည်းလုံးခြင်း ရှိပါ၏။ ဘုရားသခင်၏စီရင်ခြင်းသည် လူမျက်နှာ ထောက်ခြင်းမရှိ၊ တရားသဖြင့် စီရင်ခြင်းဖြစ်ပါသည်။ သမ္မာတရားသည် သန့်ရှင်းသူတို့ကို ဖြောင့်မတ်စေပြီး၊ သန့်ရှင်းစေတော်မူ၏။ သမ္မာတရားသည် ထိုသူ၏ ကျောက်ဆူးဖြစ်တော်မူသည်ဖြစ်၍ ရန်သူ၏မုသားစကားဖြင့် သူ့ကို လမ်း မလွဲစေနိုင်ပါ။ သူသည် ဘုရားသခင်၏ စီရင်ခြင်းကို ခံရမည် မဟုတ်ပါ။

<u>တရားတော်ကို အစဉ်အမြဲ ကျင့်စောင့်ပါမည်</u> - လူသည် ဘုရားသခင်၏တရားတော်ကို မည်သို့ အစဉ်အမြဲ ကျင့်စောင့်နိုင်ပါမည်နည်း။ ထိုတရားတော်ကို နေ့ည မပြတ် ဆင်ခြင် အောက်မေ့ပါလျှင်၊ သူသည် မြစ်နား၌ စိုက်သော သစ်ပင် ကဲ့သို့ဖြစ်မည်အကြောင်း ဆာလံဆရာ ဆိုခဲ့ပါသည်။ ထိုအပင်သည် မိမိအချိန်၌ အသီးကို သီးလိမ့်မည်။ ထိုနည်းတူ၊ သမ္မာတရားကို အစဉ် နှုတ်ဖြင့် ပြောသောသူသည် ဖြစ်ပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တရားတော်သည် သူနှင့်အတူ အစဉ်ရှိသည်ဖြစ်သောကြောင့်၊ ထိုတရားကို မချိုးဖောက်ဘဲ အစဉ်နေလိုခြင်း ရှိပါသည်။ ထိုတရားကို အစဉ် ကျင့်စောင့်လိုသောစိတ် သူ့၌ရှိပါသည်။

ဆာလံဆရာသည် မိမိ၏အသက်တာ၊ ဤလောကီ မကောင်းမှုနှင့် မုသားများ၏ရန်မှ မိမိကို ကွယ်ကာမည့် အကာအကွယ်များ အလယ်၌ လွတ်လပ်ခြင်း ရှိသော အသက်တာကို ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်နှစ်သက်သကဲ့သို့ နှုတ်ကပတ်တရားတော်ကိုလည်း နှစ်သက်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ယုံကြည်မည်အကြောင်း မစတော် မူပါ။

**ဆာလံ ၁၁၉း၄၆-၄၈**
၁ ယော ၅း၁-၅

*"ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချစ်နှစ်သက်ခြင်း

ယေရှုက "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့" (ယော ၁၄း၁၅) ဟု မိန့်တော်မူ၏။ ဆာလံဆရာက ပညတ်တရားကို ချစ်သောကြောင့် မည်သို့ ကျင့်စောင့်သည်ကို အရိပ်အမြွက် ဖော်ပြခဲ့ပါသည်။ ကျွန်ုပ်တို့အတွက် များစွာသောအမှုပြုတော်မူသော သခင်ယေရှု ခရစ်တော် နှစ်သက်သော အသက်တာဖြင့်အသက်ရှင်မည်အကြောင်း နှုတ်ကပတ်တော်ကို ထိုသို့ ကျွန်တော်တို့ ကျင့်စောင့်ကြပါစို့။ ကျွန်တော်တို့၏ ကယ်တင်ခြင်းအတွက် ကားတိုင်ပေါ်၌ အသေခံလျက်၊ ကျွန်တော်တို့၏ ဖြောင့်မတ်ခြင်းအတွက် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူသော၊ သခင်ယေရှု ပြုတော်မူသော အမှုကြောင့် ကျေးဇူးတော် ချီးမွမ်းခြင်း ကိုပြသကြပါစို့။

<u>ပြန်ပြောပါမည်</u> - ပြန်လည်ပြောကြားခြင်းသည် သိကျွမ်းခြင်းကို ဖော်ပြပါသည်။ ဆာလံဆရာသည် ဘုရားသခင်၏သက်သေခံတော်မူချက်များကို မင်းများထံ ဖော်ပြပါလိမ့်မည်။ ထို အသက်ရှင်ခြင်း တရား ဟောပြောခြင်းကို သူ မရှက်ပါ။ ဘုရားသခင်၏ အကြံစည်တော်များကို ဖော်ပြပါလိမ့်မည်။ ဒံယေလ ကဲ့သို့၊ သူသည် နောင်ဖြစ်လာမည့် ဘုရားသခင်၏ အစီအစဉ်များကို သိမြင်လျက် မှန်ကန်စွာ ဖော်ပြမည်ဖြစ်ပါသည်။ ရှင်ပေါလု ကဲ့သို့၊ တပါးတည်းသော ကယ်တင်ရှင် မေရှိယကို ယုံကြည်ခြင်း ရှိကြရန် တိုက်တွန်း နိုးဆော်မည်ဖြစ်ပါသည်။

<u>မွေ့လျော်ပါမည်</u> - သူသည် ပညတ်တော်၌ ပျော်ရွှင်ခြင်းရှိ၏။ ပညတ်တရား၏ ခိုင်းစေချက်နှင့်တားမြစ်ချက်များကို ဝန်ထုပ် ဝန်ပိုးအဖြစ် သူ မခံစားပါ။ နှုတ်ကပတ်တော်ကို သူ နှစ်သက်သဖြင့် နှုတ်ကပတ်တော် ဖတ်ခြင်း၊ လေ့လာခြင်း၊ ဆင်ခြင်လျက် အသက်တာ၌ လိုက်လျှောက်ကျင့်သုံးခြင်းတို့၌ သူ ပျော်မွေ့ခြင်းရှိပါသည်။ နှုတ်ကပတ်တော်သည် သူ့ဘဝ ပျော်ရွှင်ခြင်းဖြစ်သောကြောင့် သူတပါးထံ၊ မင်းများထံသို့လည်း ဟောပြောခဲ့ပါသည်။

<u>ဆင်ခြင်အောက်မေ့ပါမည်</u> - သူသည် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်သောကြောင့် ပညတ်တော် ဘက်သို့ လက်ကို မြှောက်ခဲ့ပါသည်။ ဤသည်ကား နှုတ်ကပတ်တော်ကို အလေးထားခြင်းလည်း ဖြစ်ပါသည်။ စိတ်ထဲမှ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းကို အပြင်သို့ ဖော်ပြခြင်းလည်းဖြစ်၏။ အစဉ်အမြဲ ဆင်ခြင်ခြင်းဖြင့် မိမိ၏နှုတ်ကပတ်တော် နှစ်သက်ခြင်းကို ပေါ်လွင်စေပါသည်။ ဤသည်ကား အကောင်းဆုံးသော နှစ်သက်မှု ဖော်ပြခြင်းပင်ဖြစ်ပါသည်။

ကယ်တင်ရှင် သခင်ယေရှု၏တရားနှင့် ကျေးဇူးတော်၌ ကြီးထွားခြင်း ရှိမည်အကြောင်း နှုတ်ကပတ်တော်ကို အစဉ် ဆင်ခြင်နှလုံးသွင်း ကြပါစို့။ နှုတ်ကပတ်တော်သည် သင့်ဘဝ၏ အနှစ်သက်ဆုံးသောအရာ ဖြစ်ပါစေသော။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ချစ်နှစ်သက်ကြောင်း ကျွန်တော် မည်သို့ ပြသနိုင်ပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုနှင့်နှုတ်ကပတ်တော်ကို နှုတ်အားဖြင့်သာ မဟုတ်ဘဲ၊ အမှန် ချစ်နှစ်သက်ကြောင်း လက်တွေ့ပြသနိုင်ရန် မစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၂၆)
**ဆာလံ ၁၁၉း၄၉-၅၀**
ရောမ ၅း၁-၅

*"ဒုက္ခဆင်းရဲခြင်းကို ခံ၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏၊ အကြောင်းမူကား၊ ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏"*

# ခက်ခဲသောအချိန်၌ နှုတ်ကပတ်တရားတော်၏နှိမ့်သိမ့်ခြင်း

ထာဝရဘုရားသည် ပဋိညာဉ် စောင့်ရှောက်တော်မူသောဘုရားသခင် ဖြစ်ပါသည်။ ထာဝရဘုရားမှအပ ဘယ်သူကိုမျှ ကျွန်တော်တို့ ယုံကြည်ကိုးစား၍ မရပါ။ သို့သော်လည်း၊ ဆာလံဆရာသည် မိမိ ထံထားတော်မူသောပညတ်တော်ကို ဘုရားသခင်အား အောက်မေ့ဖို့ရန် ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်သည် သတိမရဘဲ မေ့သွားမည်ကိုဂုဏ်၊ စိတ်ပြောင်းသွားမည်ကိုဂုဏ် ဆာလံဆရာ သံသယ ရှိခဲ့ပါသလော။ မရှိခဲ့ပါ၊ မိမိ၏ဘုရားသခင်အပေါ် ထားရှိသော ယုံကြည်ခြင်း မြဲမြံစေဖို့ရန် ထိုသို့ ဆိုခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည်လည်း ထိုသို့ နှုတ်ကပတ်တော်၌ နှိမ့်သိမ့်ခြင်းကို ရှာလျက်၊ ဂတိတော်ကို ယုံကြည်ကိုးစားခြင်း ရှိကြပါစို့။

<u>မြော်လင့်စေတော်မူပါ</u> - အောက်မေ့တော်မူပါ ဆိုသည်မှာ ဂတိတော်များအတိုင်း ပြည့်စုံစေဖို့ရန် ဘုရားသခင်ထံတောင်းလျှောက်ခြင်းဖြစ်ပါသည်။ မစုံလင်မည်ကို ဆာလံဆရာ စိုးရိမ်သောကြောင့် မဟုတ်ဘဲ၊ ထိုဂတိတော်ကို ဖြစ်နိုင်လျှင် ယခု စုံလင်စေဖို့ရန် လိုချင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ သူသည် အခက်အခဲ ကြုံတွေ့ရသည်ဖြစ်သောကြောင့် နှုတ်ကပတ်တော်၌ မြော်လင့်ခြင်း ထားခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ဂတိတော်ကို မေ့တော် မမူကြောင်း ဆာလံဆရာ သိပါ၏။ သို့သော်လည်း ဒုက္ခကြုံတွေ့စဉ် အမှုပြုတော်မူဖို့ရန် ဘုရားသခင်ထံ ဆုတောင်းခြင်းဖြစ်ပါသည်။ ထိုသို့ မတောင်းလျှောက် သင့်ကြောင်း၊ မိမိကိုယ်ကို မထိုက်တန်ကြောင်းကိုလည်း သူသိခဲ့ပါသည်။ ဘုရားသခင်၏နားညောင်းတော်မူခြင်းနှင့်လည်း မိမိ မထိုက်တန်ကြောင်း သူသိပါ၏။ သို့သော်လည်း၊ နှုတ်ကပတ်တော်ကိုသာ မိမိမြော်လင့်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ မြော်လင့်ဆိုသည်မှာ စောင့်မျှော်ခြင်း၊ စောင့်စားခြင်းပင်ဖြစ်ပါသည်။

<u>အသက်ရှင်စေခဲ့၏</u> - မိမိကို အသက်ရှင်စေခဲ့သော ဘုရားသခင်၏ နှုတ်ကပတ်တော်သာလျှင် နှိမ့်သိမ့်ခြင်းအကြောင်း ဖြစ်သည်ကို သူသိခဲ့ပါသည်။ ဘုရားသခင်၏ဂတိတော်သည် မိမိ၏ စိတ်သက်သာရာဖြစ်ပါသည်။ ဤဘုရားသခင်သည် သူ၏ဆုတောင်းသံကို အစဉ် နားညောင်းတော်မူလျက်၊ အစဉ်အဖြေပေး၍ မစတော်မူခဲ့ပါသည်။

သင် စိတ်အားငယ် ပင်ပန်းသောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင့်အဖို့ စိတ်သက်သာရာ၊ နှိမ့်သိမ့်စရာ ဖြစ်ပါသလား။ အားနည်းသောယုံကြည်သူကို နှိမ့်သိမ့်လျက်၊ အားအင်ပြန်လည် ဖြည့်ပေးတော်မူသော ထာဝရအသက်ရှင်ခြင်းနှင့်ဆိုင်သော သမ္မာတရားသည် သင့်အနီး၌ ရှိပါသည်။ ဘုရားသခင်ကို မြော်လင့်လျက်၊ ဘုရားသခင်၏အချိန်ကို စောင့်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်နှုတ်ကပတ်တော်၏နှိမ့်သိမ့်ခြင်းကို ကျွန်တော်ခံရပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကျေနပ်ခြင်း မရှိသော လူများအလယ်၌ သန့်ရှင်းသော ဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်ကို နှိမ့်သိမ့်တော်မူပါစေ။

စနေ၊ ဇန်နဝါရီ (၂၇)
**ဆာလံ ၁၁၉း၅၁-၅၂**
ယေ ၂၀း၇-၁၃

*"အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကို နေ့တိုင်း ခံရပါ၏။
လူတိုင်း ပြက်ပြယ်ခြင်းကို ပြုတတ်ကြပါ၏"*

## ပြက်ရယ်ပြုခြင်းခံရသောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တော်

မိုက်မဲသော၊ မာနကြီးသောလူ များစွာ ရှိကြပါသည်။ သူတပါး စိတ်ဓာတ်ကျစေသော၊ ရှုတ်ချသော စကားများကို ပြောတတ်ကြ၏။ မဟုတ်မမှန်စကားကို ပြောလျက် သူတပါး၏ဂုဏ်အသရေကို ဖျက်၍ အထင်အမြင် လွဲစေတတ်ကြပါသည်။ ထိုသို့သောလူများကို အပြင်လောက၌သာ မဟုတ်ဘဲ၊ အသင်းတော်ထဲ၌လည်း တွေ့ရ၍ ပြဿနာကို ဖြစ်ပွားစေကြပါသည်။

မလဲကျပါ - ဆာလံဆရာသည် မာနကြီးသောသူများ၏ အလွန် ကဲ့ရဲ့ခြင်းကို ခံခဲ့ရပါသည်။ ဤကဲ့ရဲ့ခြင်းကို ပေါ်တင်၊ လူများရှေ့၌ ပြုကြခြင်းဖြစ်ပါသည်။ အလွန်ပြင်းထန်သော ကဲ့ရဲ့ခြင်းဖြစ်၍ ယုံကြည်သူသွားရာလမ်းကို လွဲစေဖို့ရန် တမင်ပြုကြခြင်းဖြစ်ပါသည်။ လူကို စိတ်ပျက်အားလျော့စေနိုင်သော အပြုအမူဖြစ်ပါသည်။ သို့သော်လည်း၊ ဆာလံဆရာသည် ဘယ်တော့မှ အရှုံးမပေးပါ။ ဘုရားသခင်၏စုံလင်သောနှုတ်ကပတ်တော်သည် သူ၏ခွန်အားဖြစ်ပါ သည်။ လူတို့၏ကဲ့ရဲ့ခြင်းနှင့်ချိုးမွမ်းခြင်း၌ စိတ်ပျက်ခြင်း မရှိ၊ သာယာခြင်း မရှိခဲ့ပါ။ မာနကြီးသောသူ များ၏ ဖိနှိပ်ခြင်း၊ ကဲ့ရဲ့ခြင်းကြောင့် သူသည် လဲကျ မသွားပါ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆက်လက် ကိုးစားခဲ့ပါသည်။

အောက်မေ့ပါ၏ - ဆာလံဆရာသည် နှုတ်ကပတ်တော်ကို အောက်မေ့ပါ၏။ မိဘများထံမှ သူ ကြားနာခဲ့သောတရား ဖြစ်ပါသည်။ ထာဝရအသက်နှင့်ဆိုင်သောတရားဖြစ်ကြောင်း သူ သိပါသည်။ မာနကြီးသောသူများ၏ နှုတ်အားဖြင့် ကဲ့ရဲ့ခြင်း ခံရသော၊ ခက်ခဲသောအချိန်၌လည်း နှုတ်ကပတ်တော်သည် သူ၏စိတ်သက်သာရာ၊ နှိမ့်သိမ့်စရာ ဖြစ်ပါသည်။ သူသည် အဘယ်အရပ်သို့မျှ မလှည့်၊ မသွားနိုင်သော၊ ရေတွင်းထဲ၌ ကျနေသောသူ ကဲ့သို့ဖြစ်၍၊ အထက်အရပ်သို့သာ မြော်ကြည့်လျက်၊ ဘုရားသခင်၏ ဂတိတော်၊ မစတော်မူခြင်းကို တောင်းလျှောက်ခဲ့ပါသည်။

ကဲ့ရဲ့ခြင်းခံရသောအခါ ကျွန်တော်တို့သည် ဘုရားသခင်ထံ ချဉ်းကပ်ကြရပါမည်။ ဂလွှဲစားမချေ၊ မတုန့်ပြန်ဘဲ နေလျက်၊ ဘုရားသခင် အလုံးစုံ သိတော်မူကြောင်း သိမှတ်လျက် နှုတ်ကပတ်တရားတော်၌ နှိမ့်သိမ့်ခြင်း ရှာကြရပါမည်။ ဘုရားသခင်သည် မိမိလူတို့ကို ဂရုစိုက်တော်မူ၏။ ဘုရားသခင်၏ဂတိတော်စကားများသည် ကျွန်ုပ်တို့အတွက် အကာအကွယ်ဖြစ်ကြပါသည်။

ချစ်သော စာဖတ်သူ၊ ပတ်ဝန်းကျင်ရှိ လူတို့သည် ကျွန်ုပ်တို့ကို ကဲ့ရဲ့ခြင်းပြုခဲ့လျှင်လည်း၊ ဘုရားသခင်၏စကားတော်သည် ကျွန်ုပ်တို့အတွက် အတည်ဖြစ်ပါ၏။ ကျမ်းစာသာလျှင် သမ္မာတရားဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ပြက်ရယ်ပြုခြင်းကို ခံနေရပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ နှုတ်ကပတ်တရားတော်ဖြင့် အကျွန်ုပ်ကို နှိမ့်သိမ့်တော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၂၈)

**ဆာလံ ၁၁၉း၅၃**

လု ၁၉း၄၁-၄၄

*"ယေရုရှလင်မြို့အနီးသို့ရောက်၍ ကြည့်မြင်လျက် ငိုကြွေးတော်မူ၍"*

# နှုတ်ကပတ်တော် မထီမဲ့မြင်ပြုခြင်းသည် ကြောက်စရာကောင်းလှ၏

သတင်းဆိုးများက နေ့စဉ် ကျွန်တော်တို့ကို ဝန်းရံထားပါသည်။ ထိုသတင်း ဖတ်ကြားသော ကျွန်တော်တို့ထက် ထိုအမှုကို လက်တွေ့ ကြုံတွေ့ရသောသူတို့သည် ပို၍ကြောက်ရွံ့ တုန်လှုပ်ကြပါလိမ့်မည်။ ပုံမှန်ဘဝကို ဆက်လက် ဖြတ်သန်းနိုင်ကြလိမ့်မည် မဟုတ်ပါ။ ထိုဆိုးရွားသော အဖြစ်အပျက်၏ ခြောက်လှန့်ခြင်းကို ခံရကြလိမ့်မည်ဖြစ်ပါသည်။ ထိုဆိုးရွားသောသတင်း ဖတ်ရခြင်းကပင် ကြောက်လန့်စရာကောင်းလှပါပြီ။

<u>ကြောက်လန့်သောသူ</u> - ဆာလံဆရာသည် စိတ်ပူလောင် ကြောက်လန့်ခြင်းရှိပါသည်။ ပူလောင်စော စိတ်စွဲလန်းခြင်း ရှိခဲ့ပါသည်။ မှန်ကန်သော ဒေါသထွက်ခြင်းလည်းဖြစ်၏။ ထိုလူတို့ ပြုသောအမှုကို မြင်သောအခါ သူသည် စိတ် မသက်မသာဖြစ်ခဲ့ရပါသည်။ အကြောင်းမှာ သူတို့ ခံစားရမည့် ဆိုးကျိုးသည် ခဏတာ မဟုတ်ဘဲ၊ ထာဝရနှင့်ဆိုင်သောကြောင့် ဖြစ်ပါသည်။ ထိုသူတို့ ကြုံတွေ့ရမည့် စီရင်ချက်ကို သူ ကြိုမြင်ခဲ့ပါသည်။ ဘုရားသခင်၏ တရားသောစီရင်ခြင်းကို သူတို့ ခံကြရမည် ဖြစ်ပါသည်။

<u>ကြောက်လန့်စရာအကြောင်း</u> - ဤကြောက်လန့်စရာအကြောင်းကို သူဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တရား ငြင်းပယ်သောသူ၊ လူဆိုးများအကြောင်း ပင်ဖြစ်ပါသည်။ လူဆိုးသည် ပြစ်ဒဏ်ပေးခြင်း ခံရသောသူ ဖြစ်ပါသည်။ အဘယ်အမှုက သူ့ကို လူဆိုးဖြစ်စေပါသနည်း။ ပညတ်တရားကို ငြင်းဆန်ခြင်း ပင်ဖြစ်ပါသည်။ ပညတ်တရားကို စွန့်ပစ်သော သဘောဖြစ်ပါသည်။ ဤလူဆိုးသည် တချိန်၌ ပညတ်တရားကို စွဲကိုင်ခဲ့ဖူးပါသည်၊ ယုံကြည်သည်ဟု ထင်ရပါသည်။ သို့သော်လည်း၊ နောက်၌ ထိုတရားကို မယုံကြည်တော့ဘဲ ပစ်ပယ်ထားခဲ့ပါသည်။

အဘယ့်ကြောင့် ထိုအရာသည် ကြောက်လန့်စရာ ကောင်းပါသနည်း။ ရှင်ပေါလုသည်လည်း ဆာလံဆရာကဲ့သို့သောစိတ်ခံစားမှု ရှိခဲ့ပါသည်။ ဟေဗြဲ ၆း၄-၆ ကို ဖတ်ပါ။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပစ်ပယ်ထားသည်ဟု မိမိကိုယ်ကို ထင်မိလျှင်၊ ဝိညာဉ်တော်၏ အသိဉာဏ် အလင်းပေးတော်မူခြင်းကို တောင်းလျှောက်ပါ။ သင့် ထံမှ နှုတ်ကပတ်တော်ကို ထွက် မသွားစေပါနှင့်။ ကောင်းကင်ဘုံ အကြောင်း မြည်းစမ်းရပြီးမှ၊ နှုတ်ကပတ်တော်ကို ပစ်ပယ်သောကြောင့် ထာဝရ ငရဲမီးထဲသို့ ပစ်ချခြင်း ခံရခြင်းသည် အလွန် ကြောက်လန့်စရာကောင်းသည် မဟုတ်လော။ ထိုအမှုထက် ပို၍ ကြောက်လန့်စရာကောင်းသော အမှု ရှိပါမည်လော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော် မထီမဲ့မြင်ပြုခဲ့ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ပညတ်တော်ကို မထီမဲ့မြင် မပြုမည်အကြောင်း၊ အကျွန်ုပ်၏စိတ်နှလုံး အသိဉာဏ်ကို စောင့်မပေးတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၂၉)

**ဆာလံ ၁၁၉း၅၄**

သု ၆း၂၀-၂၂

*"အိပ်သောအခါ၊ သင့်ကို စောင့်လိမ့်မည်။ နိုးသောအခါ သင်နှင့် နှုတ်ဆက်လိမ့်မည်"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်၏သီချင်းဖြစ်ပါ၏

သူတပါးနိုင်ငံ၌ ဧည့်သည်ဖြစ်ခြင်းသည် မလွယ်ကူပါ။ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ခွဲခြားဆက်ဆံမှု ရှိပါသည်။ ဝိညာဉ်သဘော၌လည်း ထိုသို့ရှိပါ၏။ သခင်ယေရှုက ကျွန်တော်တို့သည် ဤလောကနှင့် မဆိုင်သောကြောင့်၊ လောကီလူတို့သည် ကျွန်တော်တို့ကို မုန်းတီးမည်ဖြစ်ပါသည်၊ ကျွန်တော်တို့ကို မမုန်းမှီ၊ မိမိကိုယ်တိုင်လည်း သူတို့ မုန်းတီးခဲ့ကြောင့် မိန့်တော်မူခဲ့ပြီးဖြစ်ပါသည် (ယော ၁၅း၁၈)။ တမန်တော်ပေတရုကလည်း ခရစ်ယာန်တို့အား ဤလောက၌ သူတို့သည် ဧည့်သည်များဖြစ်ကြကြောင်း သတိပေးခဲ့ပါသည်။ ဤလောကသည် ကျွန်ုပ်တို့၏ အိမ်တော် မဟုတ်ကြောင်း သတိပြုကြရပါမည်။

<u>ခရီးသွား ဧည့်သည်</u> - ခရီးသွား ဧည့်သည်ဖြစ်သည် အလျှောက်၊ ဆာလံဆရာသည် သူ့ကို မကြိုဆိုသောလူတို့အကြား၌ နေထိုင်သောအချိန် များစွာ ရှိပါသည်။ သူတို့၏ ယဉ်ကျေးမှု အလေ့အကျင့်အတိုင်း မနေထိုင် မကျင့်တတ်ဘဲ၊ သူစိမ်းဆန်ခဲ့ပါသည်။ ထိုနည်းတူ၊ ယုံကြည်သူ အသက်တာသည် အထီးကျန်ဆန်တတ်ပါ၏။ အထီးကျန်သည်သာမက သူ့ကို အဘယ်သူကမျှ မကြိုဆိုခဲ့ကြပါ။ ယေရှုသည်လည်း ဤလောက၌ ထိုသို့ ခံစားခဲ့ရပါသည်။ ယောဟန် ၁း၁၀-၁၁ ကို ဖတ်ပါ။ သို့သော်လည်း၊ ဘုရားသခင်သည် ဆာလံဆရာ၏ အခြေအနေကို သိတော်မူ၏။ နှိမ့်သိမ့်ဖို့ရန် နှုတ်ကပတ်တော်ကို ပေးတော်မူခဲ့ပါသည်။ ထို နှုတ်ကပတ်တော်သည် ဆာလံဆရာ၏သီချင်း ဖြစ်လာခဲ့ပါသည်။

<u>ဧည့်သည် နေရာအိမ်တွင်</u> - တည်းခိုရာအိမ်၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဆာလံဆရာ၏ သီချင်းဖြစ်လာခဲ့ပါသည်။ စာသား၊ သံစဉ်တို့သည် ဘုရားသခင်ထံမှ တိုက်ရိုက်လာခဲ့ပါသည်။ ထိုသီချင်းသည် "သြဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏" (၂ တိ ၃း၁၇)။ ဘုရားသခင်ထံမှလာ၍ ဘုရားသခင်ထံ ပြန်တတ်သွားသော၊ အလုံးစုံကို သိတော်မူသော ဘုရားသခင်၏နားတော်၌ အလွန် သာယာနှစ်သက်ဖွယ်ကောင်းသော သီချင်းပေတည်း။

အထီးကျန်သော ခရီးသွားဧည့်သည်အတွက် အလွန် နှိမ့်သိမ့်စရာကောင်းသောအရာ ဖြစ် ပါသည်။ ဘုရားသခင်၏ အကြံစည်တော်နှင့် ဂတိတော်များကို သိနားလည်ဖို့ရန် ဤသီချင်းများက ကျွန်ုပ်တို့၏ ဝိညာဉ်ကို ဘုရားသခင်ထံ ပို့ဆောင်တော်မူ၏။ သံစဉ်များက နာကျင်သော စိတ်နှလုံးကို လန်းဆန်းစေပြီး၊ စာသားများက အားနည်းသော ခန္ဓာကိုယ်အတွက် အနာလိမ်းဆေး၊ ဖြေဆေး သဖွယ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ချီးမွမ်းသီချင်းဆိုသော ခရစ်ယာန် လော၊ အပြစ်ပြုသော ခရစ်ယာန် လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကောင်းကင်သီချင်းများကို အကျွန်ုပ်အား ကြားစေလျက်၊ ကိုယ်တော့် ချီးမွမ်းသီချင်းကို ဆိုမည်အကြောင်း စိတ်ခွန်အားပေးသနားတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၃၀)
**ဆာလံ ၁၁၉း၅၅-၅၆**
ယောဟန် ၁၄း၁၈-၂၄

*"ငါ့ပညတ်တို့ကို ရ၍ စောင့်ရှောက်သောသူသည် ငါ့ကို ချစ်သောသူ ဖြစ်၏"*

# ဘုရားသခင်၏နာမတော်အား အောက်မေ့သတိရခြင်း

ဘုရားသခင်၏နာမတော်များက ဘုရားသခင်၏ဇာတိသဘောကို ဖော်ပြလျက်ရှိပါသည်။ ယေဟောဝါ ဟူသောနာမက ဘုရားသခင်သည် ပဋိညာဉ်ကို စောင့်ရှောက်ခြင်း၊ အစဉ်သစ္စာရှိခြင်း၊ ပြောင်းလဲမှု မရှိခြင်းကို ဖော်ညွှန်းပါသည်။ Elohim က အနန္တတန်ခိုးရှင်၊ အရာခပ်သိမ်း၊ သင်နှင့် အကျွန်ုပ်ကို ဖန်ဆင်းတော်မူသော ဘုရားသခင်ဖြစ်ကြောင်းကို ဖော်ပြပါသည်။ Adonai က အရာခပ်သိမ်းကို ထိန်းချုပ် အုပ်စိုးတော်မူခြင်း၊ အဆုံးစွန် အာဏာရှိတော်မူခြင်းကို ပြသပါသည်။ အခြားအမည်နာမများလည်း ရှိသေး၏။

ထို့ကြောင့်၊ ဘုရားသခင်၏နာမတော်ကို သတိရအောက်မေ့ခြင်းသည် ပြုတော်မူသော ကျေးဇူးတော်များကို အောက်မေ့ခြင်းလည်းဖြစ်ပါသည်။ ပြုတော်မူသော ကောင်းကြီးမင်္ဂလာများသည် ပစ္စည်းဥစ္စာဘဲ မဟုတ်ပါ၊ အထူးသဖြင့် စိတ်ဝိညာဉ်နှင့်ဆိုင်သောမင်္ဂလာများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဆာလံဆရာသည် ဘုရားသခင်၏ပညတ်တရားကို နှစ်သက် ကျင့်စောင့်ရခြင်း ဖြစ်ပါသည်။ ထို့ပြင်၊ ကျေးဇူးတော် အသစ် ခံစားရတိုင်း ဘုရားသခင်သည် မိမိအသက်တာ အလုံးစုံ၏ အရင်းအမြစ်ဖြစ်တော်မူကြောင်း ပြန်လည် သတိရအောက်မေ့ခြင်း ရှိခဲ့ပါသည်။

<u>ပညတ်တရားကို စောင့်ခြင်း</u> - ပညတ်တရားက မောရှေရေးသားသော ပထမ ကျမ်းငါးကျမ်းကို ဖော်ညွှန်းလေ့ရှိပါသည်။ ပညတ်တော်ဆယ်ပါးသည် ပညတ်တရားအလုံးစုံ၏ အချုပ်ဖြစ်ပါသည်။ မိမိအသက်တာ၌ ထိုတရား ဆင်ခြင်နှလုံးသွင်းခြင်းအမှုကို အဘယ်အရာနှင့်မျှ အစားမထိုးလိုခဲ့ပါ။

<u>ဩဝါဒကို နာခံခြင်း</u> - ဩဝါဒသည်လည်း ဘုရားသခင်မိန့်တော်မူချက်၊ ပညတ်ချက်များပင်ဖြစ်ပါသည်။ ဆာလံဆရာသည် ထိုဩဝါဒတရားများကို အခြားအရာများနှင့် လုံးဝ ရောယှက်ခြင်းမရှိဘဲ၊ လိုက်လျှောက် နာခံလိုခြင်းရှိပါသည်။ သူ့အသက်တာ၌ ထိုတရားများသည် အလွန်ထက်မြက်ခြင်းရှိလျက်၊ အညစ်အကြေးများနှင့် ကင်းစင်လျက် မိမိအသက်တာ၌ အားအင်အပြည့်ဖြင့် တန်ခိုးရှိ စေလိုခဲ့ပါသည်။ ဘုရားသခင်၏ သန့်ရှင်းသော ဇာတိသဘောများအကြောင်း ဆင်ခြင်တွေးတောသောအခါ၊ သူသည် အလွန် ခွန်အားရခဲ့ပါသည်။ ထိုအကျင့်တရားများကို သူ့အသက်တာ၌ ပြသလိုခြင်း ရှိပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နာမများကို သင့်အသက်တာ၌ သတိရအောက်မေ့ပါ။ ထိုအခါ သင့်ဘဝအတွက် သူသည် အဘယ်မျှလောက် ကျေးဇူးကြီးမားလှသည်ကို သင် သဘောပေါက် လာပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးသနားတော်မူခဲ့သောကောင်းကြီးမင်္ဂလာများကို ကျွန်တော် သိမှတ်ခဲ့ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ပညတ်တော်ကို ကျွန်ုပ် အသက်တာ၌ စောင့်ရှောက်မည်အကြောင်း အစတော်မူပါ။

*"ငါ့ ဝိညာဉ်၏သဘောဟူမူကား၊
ထာဝရဘုရားသည် ငါ၏အဘို့ဖြစ်တော်မူ၏။
ထို့ကြောင့်၊ ကိုယ်တော်ကို ငါမြော်လင့်ပါ၏"*

# စောင့်ရှောက်သောသူအဘို့ ဘုရားသခင်၏နှုတ်ကပတ်တော်

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စောင့်ရှောက်ဖို့ ထိုင်တန်ပါသည်။ များစွာသော အရာက ယုံကြည်သူ စိတ်နှလုံးထဲမှ ထိုတရားများကို လုယူလိုကြပါသည်။ မျိုးစေ့ကြဲခြင်း ပုံသာဓကကို အောက်မေ့ပါလော့။ ထို့ကြောင့် ယုံကြည်သူသည် နှုတ်ကပတ်တရားတော်ကို ကောင်းကောင်းမစောင့်ရှောက်လျှင် လုယူခြင်းခံရပါလိမ့်မည်။ နှုတ်ကပတ်တော် စောင့်ရှောက်ခြင်းအမှု၌ ဆာလံဆရာ၏ စိတ်သဘောထားကို သင်ယူလိုက်လျှောက်ကြပါစို့။

<u>အကျွန်ုပ်၏ အဘို့</u> - "အဘို့" ဟူသော အမွေသည် ဣသရေလလူတို့အတွက် အလွန်အရေးကြီးလှပါသည်။ သူတို့သည် ဂတိတော်ပြည်သို့ ဝင်ရောက်ရသောအခါ၊ အမျိုးတိုင်းသည် မိမိတို့အပိုင် အမွေကို ခံခဲ့ရကြပါသည်။ သူတို့သည် ထိုအမွေကို မရောင်းရ၊ သူတပါးထံ မပေးရကြ။ လေဝိအမျိုးသည် နယ်မြေ အမွေ မခံရကြ၊ သူတို့ ရသော အမွေသည် ဘုရားသခင်ဖြစ်တော်မူ၏။ သူတို့ အသက်ရှင်ခြင်း အတွက် ဘုရားသခင်ကိုသာ မှီခိုခဲ့ရကြ၏။ အမွေအဖြစ် ဘုရားသခင်ရခြင်းသည် အလွန်ထူးမြတ်လှပါသည်။

<u>အကျွန်ုပ်၏ ဂတိစကား</u> - ဆာလံဆရာသည် နှုတ်ကပတ်တော်ကို စောင့်ရှောက်လျက်ရှိပါသည်။ သူ ပြောစကားများသည် ဘုရားသခင်ထံ ဂတိပေးသောစကားများဖြစ်ပါသည်။ မဆင်မခြင် ပြောသော စကား မဟုတ်ပါ၊ သူ့ စိတ်နှလုံးထဲမှ ထွက်လာသော စကားများဖြစ်ပါသည်။ နှုတ်ကပတ်တော် မပါဘဲ၊ ရှေ့ဆက် သူအသက် မရှင်နိုင်ပါ။ သူသည် ဝိညာဉ်တော်၏ အသက်ရှင်စေခြင်းကို ခံရပြီဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၌ အသက်ရှင်သောသူသည် ခရစ်တော် သိကျွမ်းခြင်းနှင့် ကျေးဇူးတော်၌ ကြီးထွားခြင်း ရှိမည်အကြောင်း ဝိညာဉ်အစာကို စားသုံးရပါမည်။ သူ ပြုသော ဂတိတော်သည် သူ့အသက်တာ၌ မရှိမဖြစ်လိုအပ်သောအရာသည် နှုတ်ကပတ်တော်ဖြစ်ကြောင်း ပြသလျက်ရှိပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ထံမှ ကျွန်တော်တို့ အမွေ ခံရခြင်းသည် အလွန် ထူးမြတ်သော မခွင့်အရေးဖြစ်ပါသည်။ ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံတော်၌ ဘုန်းတော်ဝင်စားရမည် ဟူသော အာမခံချက် ကယ်တင်ရှင် ယေရှု ထံမှ ရရှိသည် သာမက၊ ဤလောက၌ အသက်ရှင်စဉ်ကာလတွင်လည်း ဘုရားသခင်၏ ပြုစုကျွေးမွေးခြင်းကို ခံရကြမည် ဟူသော အာမခံချက် ရရှိကြပါသည်။ ဆာလံဆရာသည် မိမိအသက်တာ၌ အရေးကြီးဆုံးသောသူသည် ပညတ်တော်ကို ပေးတော်မူသောဘုရားသခင် ဖြစ်ကြောင်း သိသောကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စောင့်ရှောက်ဖို့ရန် ဂတိပြုခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ပေးသနားတော်မူသော အကျွန်ုပ်ဝေစု၌ ကျွန်တော် ကျေးဇူးတင်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အမှန် အကျွန်ုပ်၏အမွေဖြစ်တော်မူ၏၊ နှုတ်ကပတ်တော်ကို စောင့်မည်အကြောင်း ခွန်အား ပေးသနားတော်မူပါ။

**ဆာလံ ၁၁၉း၅၈**
ဆာလံ ၈၆း၁-၇

*"အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို အစဉ်အော်ဟစ်ပါသည် ဖြစ်၍၊ ကယ်မသနားတော်မူပါ"*

## နှုတ်ကပတ်တော်အတိုင်း ဘုရားသခင်၏ဂရုဏာတော်

အကျွန်ုပ်ကို "သနားတော်မူပါ" ဟူသော ဆာလံဆရာ၏ ဆုတောင်းချက်သည် ထာဝရဘုရားထံမှ ဂရုဏာတော်ကို တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ယုံကြည်သူအပေါ် သနားကြင်နာခြင်း ကျေးဇူးတော် သွန်းလောင်းဖို့ရန် ဘုရားသခင်အား တောင်းလျှောက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံမှ ကျေးဇူးတော်ကို လိုအပ်သောကြောင့် ထိုသို့ ဆုတောင်းခြင်းဖြစ်၏။ ဘုရားသခင်နှင့် သင့်မြတ်ခြင်း မရှိလျှင် အဘယ်ကျေးဇူး ကောင်းကြီးမင်္ဂလာမျှ မရနိုင်ပါ။ ဘုရားသခင်၏ အမျက်ဒေါသနှင့်သာ ထိုက်တန်သောသူသည် ဘုရားသခင်၏ ဂရုဏာတော်ခံရမှသာ ကောင်းကြီးခံစားရမည်ဖြစ်ပါသည်။

<u>ကျေးဇူးတော် ခံရမည့်အကြောင်း</u> - ဘုရားသခင်၏ ကျေးဇူးတော်ခံစား ရဖို့ရန် သူသည် ကြိုးစား တောင်းလျှောက်ခဲ့ပါသည်။ သူသည် အဘယ်ဥစ္စာမျှ မတောင်း၊ ဘုရားသခင်၏ အတူပါရှိတော်မူခြင်း ကျေးဇူးကိုသာ တောင်းခဲ့ပါသည်။ "ကျေးဇူးပြုတော်မူခြင်း" ဟူသော ဟေဗြဲစကားလုံးသည် "မျက်နှာ" ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏ မျက်နှာသာပေးခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ ကောင်းကြီးခံစားရခြင်းသည် ဘုရားသခင်၏လက်ခံတော်မူခြင်း ပင်ဖြစ်ပါသည်။ ဘုရားသခင်နှင့် မိဿဟာရဖွဲ့ခြင်း၌ ဆာလံဆရာသည် ပျော်မွေ့ခြင်းရှိ၏။ သူသည် ဘုရားသခင်ကို ချီးမွမ်း လိုလျက်၊ ဘုရားသခင် အတူပါရှိတော်မူခြင်းထက် သူလိုချင်သောအရာ ဘာမှ မရှိပါ။

<u>စိတ်နှလုံး အကြွင်းမဲ့</u> - ဘုရားသခင်၏အထံတော်သို့ ချဉ်းကပ်ခြင်းသည် သာမန်အမှုမဟုတ်၊ စိတ်နှလုံး အကြွင်းမဲ့ ပြုရသောအမှုဖြစ်ပါသည်။ ဘုရားသခင်သည် အလုံးစုံ သိကျွမ်းတော်မူကြောင်း ဆာလံဆရာ သိပါ၏။ လူ့ စိတ်အတွေးများကို ပင် သိတော်မူသောကြောင့်၊ ဘယ်အရာမှသူ့ ရှေ့၌ ဖုံးကွယ်၍ မရပါ။ လူတို့၏ စိတ်ထားကိုလည်း အမှန် သိတော်မူ၏။ စိတ်နှလုံး အကြွင်းမဲ့ တောင်းလျှောက်ခြင်းက စိတ်ဆုံးဖြတ်ချက် ခိုင်မာမှုနှင့် ဆက်ကပ်မှုကို ပြသလျက်ရှိပါသည်။ ထိုသို့ တောင်းလျှောက်ခြင်း မပြုလျှင် ဘုရားသခင်ထံမှ ဘယ်အရာမျှ မရနိုင်ကြောင်း သူ သိပါသည်။

အမည်ခံ ယုံကြည်သူများသည် အပြစ်တရား နားလည်သဘောပေါက်ခြင်း အမှန် မရှိကြပါ။ အပြစ်ပြုလျက်ပင် ဆုတောင်းသောသူသည် ဘုရားသခင်က နားညောင်းတော်မူမည် မဟုတ်ပါ။ ဆာလံဆရာသည် ဘုရားသခင်၏မျက်နှာတော်ကို စိတ်နှလုံး အကြွင်းမဲ့ ကြိုးစား ရှာလျက်၊ ဆုတောင်းခဲ့ပါသည်။ ဘုရားသခင် ရှေ့မှောက်၌ သန့်ရှင်းစွာ နေထိုင် ကျင့်ကြံခြင်းကို လူများက ပညတ်တရားလိုက်လျှောက်ခြင်းဖြင့် ကယ်တင်ခြင်း ခံရရန် ကြိုးစားခြင်းဟု ထင်မှတ်ကြ၏။ အမှန်မှာ ဘုရားသခင် အလိုရှိသော အသက်တာပင်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင် အပြစ်ပြုသောအခါ ဘုရားသခင်က သင့်ကို လက်ခံသည်ဟု မထင်မှတ်ပါနှင့်။ ဘုရားသခင်၏ သနားတော်မူခြင်းနှင့် ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်ကို ကျွန်တော် ချိုးဖောက်ကြောင်း ကျွန်တော် ဝန်ခံပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏အပြစ်ကို ကျွန်တော် ဝန်ခံပါ၏။

သောကြာ၊ ဖေဖော်ဝါရီ (၂)
**ဆာလံ ၁၁၉း၅၉-၆၀**
ဒေ ၉း၄-၁၀

*"ဆောင်ရွက်စရာ အမှုရှိသမျှကို ကြိုးစားအားထုတ်၍ ဆောင်ရွက်လော့"*

# နှုတ်ကပတ်တော်နှင့်ဆိုင်သော လူ့တာဝန်ဝတ္တရား

ကယ်တင်ခြင်းကို ဘုရားသခင် ပိုင်တော်မူ၏။ ခရစ်တော်၌ အသစ်ပြုပြင်ခြင်း ခံရသောသူသည် စုံလင်သောသူ မဟုတ်ခဲ့သော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုသူ၌ ကျိန်းဝပ်တော်မူသည်ဖြစ်၍ ဝိညာဉ်တော် အသီးများ သီးပါလိမ့်မည်။ နှုတ်ကပတ်တော်ကို ဆန့်ကျင်ခဲ့သောသူဖြစ်ခဲ့သော်လည်း၊ ယခုတွင် ထိုနှုတ်ကပတ်တော်ကို နှစ်သက်လျက် နာခံ လိုက်လျှောက် ဟောပြောလိုခြင်း ရှိလာခဲ့ပါသည်။

<u>အကျွန်ုပ်ခြေကို လှည့်တော်မူ၏</u> - ဆာလံ ၁၁၉း၅၉ က ဒုတိယမွေးခြင်း ခံရသော၊ ယုံကြည်ခြင်း စိတ်နှလုံးရှိ၍ မိမိသွားရလမ်းကို ဆင်ခြင်နိုင်သော ဆာလံဆရာကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဝိညာဉ်အရာများကို သိနားလည် ဆင်ခြင်နိုင်သော၊ ခရစ်တော်၏ စိတ်သဘောကို သူပိုင်ဆိုင် ခဲ့ပါသည်။ သူသည် ဘုရားသခင် လမ်းပြ ကွယ်ကာတော်မူခြင်း ခံရသောသူများ၏ အကျင့်များကို သာဓကယူလျက် လိုက်လျှောက်ခဲ့ပါသည်။

<u>အဖင့် မနွဲ့ဘဲ</u> - ထို ဝိညာဉ်အရာများ၌ သူသည် ပျင်းရိသောသူ မဟုတ်တော့ပါ။ စိတ်အားထက်သန်ခြင်း၊ ဝမ်းမြောက်ခြင်းရှိလျက် ဘုရားသခင်၏လမ်းတော်သို့ လိုက်သွားခြင်းသည် မင်္ဂလာဖြစ်ကြောင်း၊ သူတပါး အတွက် ကောင်းကြီးဖြစ်ကြောင်း သိခဲ့ပါသည်။ ဘုရားသခင်၏ အလိုတော်ကို အလျင်အမြန် ရှာဖွေ တောင်းလျှောက် တတ်ပါသည်။ ဘုရားသခင်၏လမ်းတော်သည် ထာဝရ အသက်ရှင်ခြင်းသို့ ပို့ဆောင်တော်မူကြောင်း သေချာ သိခဲ့ပါသည်။ ဘုရားသခင်၏သားသမီးများ လိုက်လျှောက် ရမည့် ပညတ်တရားများကိုလည်း လျင်မြန်စွာ နာခံလိုက်လျှောက်ခဲ့ပါသည်။

ယုံကြည်သူ ကျွန်တော်တို့သည် အသက်ရှင်ခြင်း ခွန်အားပေးခြင်း ခံရသောအခါ၊ ကျွန်တော်တို့၏ တာဝန် ဝတ္တရားကို စတင် ထမ်းဆောင်ဖို့ ဖြစ်ပါသည်။ ကျွန်တော်တို့သည် အမှုတော်ဆောင်ရွက်ဖို့ရန် ကယ်တင်ခြင်း ခံရသောသူများ ဖြစ်ကြပါ၏ (ဖိလိ ၂း၁၂)။ ကယ်တင်ခြင်းအတွက် အမှုပြုခြင်း မဟုတ်၊ ခရစ်ယာန် အသက်တာ၌ ကြိုးစားအားထုတ်ရန် ဖြစ်ပါသည်။ ဘုရားသခင်က နည်းလမ်းများကို နှုတ်ကပတ်တရား၌ ကျွန်ုပ်တို့အား ပေးတော်မူ၏။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏ တဖက်သတ် ကယ်တင်တော်မူခြင်း သင် ခံရသောကြောင့် သင်သည် အလွန် ဝမ်းမြောက်ခြင်း ရှိသင့်သည် မဟုတ်လော။ ထို့ပြင် ခရစ်တော်၌ သင်၏ ကယ်တင်ခြင်း စိတ်ချမှု သင် နားလည်သဘောပေါက်သောအခါ၊ သင်သည် ပြောင်းလဲသော အသက်တာဖြင့် အလျင်အမြန် အသက်ရှင် ရပါမည်။ စစ်မှန်သော ဒုတိယမွေးဖွားခြင်း ခံရသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော် နာခံ လိုက်လျှောက် ဖို့ရန် တာဝန်ရှိပါသည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းခံရပြီးနောက် အကျွန်ုပ်သည် ယုံကြည်ခြင်းတရားများကို ကြိုးစား လိုက်လျှောက် ဆောင်ရွက်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားဘက်သို့ အကျွန်ုပ်ကို တိမ်းညွှတ်စေတော်မူလျက်၊ အမှုဆောင်ရွက်ဖို့ရန် မစတော်မူပါ။

*"ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏"*

# နှုတ်ကပတ်တော် လုယူခံရသောအခါ

"ဝိုင်း" ဟူသော စကားလုံးသည် လူဆိုးတို့၏ ဖမ်းဆီးခြင်းကို ဆိုလိုနိုင်သော်လည်း၊ ဆာလံဆရာအား စာတန်က ဖျက်ဆီးဖို့ရန်၄င်း၊ ချုပ်နှောင်ဖို့ရန်၄င်း တိုက်ခိုက်ခြင်း ခံရကြောင်း ဖော်ပြလျက်ရှိပါသည်။ ထိုအမှုကို ပြုဖို့ရန် စာတန်သည် လူဆိုးများကို အသုံးပြုခဲ့ပါသည်။ သူတို့သည် သန့်ရှင်းသူကို ဖမ်းဆီး ချုပ်နှောင်ဖို့ရန် ကျော့ကွင်း ထောင်ထားကြပါသည်။ လူဆိုးတသိုက်သည် သူ၏ပိုင်ဆိုင်မှုကို သိမ်းခဲ့ကြပါသည်။ ရန်သူသည် ဘုရားသခင်၏သားသမီးများကို ဖျက်ဆီးလိုကြပါသည်။

<u>တရားတော်ကို မမေ့လျော့</u> - ဆာလံဆရာသည် ရန်သူတို့၏ ဝိုင်းခြင်းကို ခံရသော်လည်း တရားတော်ကို မမေ့လျော့ပါ။ ယုံကြည်သူသည် ပညတ်တရားကို ဆင်ခြင်သောအခါ၊ ဘုရားသခင်၏ တရားသဖြင့် စီရင်ခြင်းကို သတိရအောက်မေ့ပါသည်။ ဘုရားသခင်သည် လူမျက်နှာကို မထောက်ဘဲ တရား စီရင်ပါလိမ့်မည်။

<u>ဂုဏ်တော်ကို ချီးမွမ်းဖို့ရန် ထတတ်၏</u> - မြည်တမ်းညီးတွားခြင်း မပြုဘဲ၊ ဆာလံဆရာသည် ကျေးဇူးတော် ချီးမွမ်းခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏တရားတော်အတိုင်း တရားစီရင်မည်ဖြစ်၍ ယေရှုခရစ်တော် မယုံကြည်သောသူများကို ငရဲမီးပင်လယ်ထဲသို့ ထာဝရ ဖျက်ဆီးတော်မူလိမ့်မည်။ ထိုအပြစ်ဒဏ်ပေးခြင်း၌ ဆာလံဆရာသည် ကျေးဇူးတော် ချီးမွမ်းသည် မဟုတ်ဘဲ၊ ဘုရားသခင်၏ ကယ်တင်တော်မူခြင်း ဆုကျေးဇူးတော်ကြောင့် ဝမ်းမြောက်ခြင်းဖြစ်ပါသည်။ သခင်ယေရှုခရစ်တော် ပြုတော်မူသော ကြီးမြတ်သော အမှုတော်ကြောင့် ဂုဏ်တော် ချီးမွမ်းဖို့ရန် အိပ်စက်ခြင်းက မဆီးတားနိုင်ပါ၊ ထ၍ ချီးမွမ်းခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ သင်သည် လူဆိုးတို့၏ တိုက်ခိုက်ခြင်းကြောင့် ဝမ်းနည်း ကြေကွဲနေခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ သူတို့ ကြုံတွေ့ရမည့် စီရင်ခြင်းကို စဉ်းစားပါလော့။ သူတို့ပြုခဲ့သော မကောင်းမှုအတိုင်း သူတို့ ခံရပါလိမ့်မည်။ သူတို့ ခံရမည့် ထာဝရ အပြစ်ဒဏ်သည် ယခု သင်ကြုံတွေ့နေရသောအရာနှင့် နှိုင်းယှဉ်စရာ လုံးဝ မရှိပါ။ သူတို့၏ မကောင်းသော အကြံအစည် နောက်သို့ မလိုက်ပါနှင့်။ ဘုရားသခင်၏ ပညတ်တရားတော်ကို အောက်မေ့လျက် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါလော့။ သင် ကြုံတွေ့နေရသောအရာကြောင့် အပြစ် မပြုပါနှင့်။ သင် အပြစ်ပြုလျှင် ဘုရားသခင်သည် သင့်ကို ဆုံးမတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ဒုက္ခပေးသောသူတို့ကို ကျွန်တော်မုန်းတီးပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းနှင့် တရားသဖြင့် စီရင်ခြင်းကို သိလျက်၊ မကောင်းမှုကို မပြုမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၄)
**ဆာလံ ၁၁၉း၆၃-၆၄**
မာလခိ ၃း၁၆-၁၈

*"ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့သည်
တယောက်ကို တယောက် နှုတ်ဆက်၍ ပြောဆိုကြ၏။
ထာဝရဘုရားသည်လည်း နားထောင်၍ ကြားတော်မူ၏"*

# နှုတ်ကပတ်တရားတော်၏ တပည့်တော်များ

ဘုရားသခင်၏သားသမီးတို့သည် လောကီလူတို့၏ မုန်းတီးခြင်းကို ခံရလျက်၊ ယခုခေတ်တွင် ပို၍ ခံရကြပါသည်။ လုပ်ဖော်ကိုင်ဖက်တို့သည် ပါတီပွဲများ၌ သင့်ကို မခေါ်ဘဲ နေကြပါလိမ့်မည်။ အတန်းဖော်များကလည်း သင့်ကို မကောင်းကြံ ကြံပါလိမ့်မည်။ သင့် အဆွေအမျိုးများကလည်း မိသားစု တွေ့ဆုံပွဲများ၌ သင့်ကို မဖိတ်ဘဲ နေကြပါလိမ့်မည်။ ထိုအခါ ကျွန်တော်တို့သည် အထီးကျန် ကြပါလိမ့်မည်။ ဘယ်သူ့ကို ကျွန်တော်တို့ ချဉ်းကပ်ကြရပါမည်နည်း။ ဘယ်သူသည် သူငယ်ချင်းကောင်း ဖြစ်ပါမည်နည်း။ ဆာလံဆရာအားဖြင့် ကျွန်တော်တို့ အဘယ်သူကို ပေါင်းသင့်သနည်း ဟူသောအကြောင်းကို လေ့လာကြပါစို့။

ဘုရားသခင်ကို ကြောက်ရွံ့သောသူများ - နှုတ်ကပတ်တရားတော်၏ တပည့်တော်များသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူများနှင့် အပေါင်းအသင်းလုပ်ဖို့ရန် သတိထားတတ်ကြပါသည်။ ဘုရားသခင်ကြောက်ရွံ့ခြင်းဆိုသည်မှာ ရိုသေလေးစားခြင်း၊ ကိုးကွယ်ခြင်း တခုတည်း မဟုတ်ပါ၊ ဘုရားသခင်၏ တရားသော စီရင်ခြင်းကြောင့် ကြောက်လန့်တုန်လှုပ်ခြင်းလည်း ပါပါသည်။ နှုတ်ကပတ်တရားတော်ကို ဖြောင့်မတ်မှန်ကန်စွာ နာခံလိုက်လျှောက်ခြင်းလည်း ဖြစ်ပါသည်။ ကျမ်းစာ ယုံကြည်သောသူများနှင့် ပေါင်းသင်းဆက်ဆံခြင်းလည်း ပြုကြပါသည်။ သူတို့ ခံစားရရှိသော ကျေးဇူးတော်၊ ဂရုဏာတော်တို့နှင့်အတူ သူတို့၏ကြောက်ရွံ့ခြင်းသည် ပေါင်းစပ်ထားပါသည်။

သြဝါဒတရားကို လိုက်လျှောက်သောသူများ - ဘုရားကိုကြောက်ရွံ့သောကြောင့် နှုတ်ကပတ်တရားကို လိုက်လျှောက်ကြပါသည်။ ထိုအခါ လောကီလူတို့သည် ထိုနှုတ်ကပတ်တော်ကို သူတို့ထံမှ လုမယူနိုင်ကြပါ။ သူတို့နှင့်အတူ တရားတော်သည် အစဉ်ရှိတော်မူ၏။ မနာခံခြင်း၊ မယုံကြည်ခြင်းကြောင့် နှုတ်ကပတ်တရားတော်သည် လူများတို့အတွက် သြဝါဒတရား၊ ပညတ်တရား မဟုတ်တော့သဖြင့်၊ သူတို့သည် မလိုက်လျှောက်ကြပါ။ နှုတ်ကပတ်တရားတော် နာခံလိုက်လျှောက်သောသူများသည် ထိုတရားတော်၏တပည့်တော်များ ဖြစ်ကြပါသည်။

ဤလောက၌ အသက်ရှင်ခြင်းသည် ခက်ခဲလှပါသည်။ သို့သော်လည်း ဘုရားသခင်သည် မိမိလူတို့အား မိမိ၏အမှုတော်ဆောင်ရွက်၍ မိမိ၏ဘုန်းတော်ထင်ရှားစေဖို့ရန် ဤလောက၌ အသက်ရှင် စေတော်မူ၏။ ကျမ်းစာသွန်သင်ခြင်းနှင့် ကိုက်ညီသော ယုံကြည်ခြင်းသြဝါဒကို စွဲကိုင်သောသူများနှင့်သာ ကျွန်တော်တို့ အပေါင်းအသင်း လုပ်ရပါမည်။ နှုတ်ကပတ်တရားကို ဆာလောင်သောသူများလည်း ဖြစ်ရပါမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သက်သေခံ အသက်ရှင်သောသူများနှင့်သာ ပေါင်းဖော်ကြရပါမည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ဘက်၌သာ အစဉ် ရပ်တည်ဖို့ရန် သတိထားပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အပေါင်းအသင်းတို့သည် သမ္မာကျမ်းစာ ယုံကြည်သောသူများ ဖြစ်ကြပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏လူများကို သိမှတ်နိုင်မည်အကြောင်း အသိဉာဏ်အမြင် ပေးသနားတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၅)
**ဆာလံ ၁၁၉း၆၅-၆၆**
သု ၂း၁-၉

*"သင်သည် ပညာစကားကို နားထောင်၍ စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်"*

# နှုတ်ကပတ်တော် ယုံကြည်ခြင်း

ဟင်းကောင်းကို လူများတို့သည် မြည်စမ်းချင်ကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန် ယုံကြည်သူများက မည်သို့သောမှတ်ချက် ပေးကြပါသနည်း။ ဆာလံဆရာက ဤသို့ နှစ်မျိုးဖြင့် ဖော်ပြခဲ့ပါသည် - သူသည် နှုတ်ကပတ်တော်ကို အလေးအမြတ်ထားပြီး၊ ထိုနှုတ်ကပတ်တော်ကို ပို၍ လိုချင်ခဲ့ပါသည်။

ကျေးဇူးပြုတော်မူ၏ - ဆာလံဆရာသည် ဘုရားသခင် စေခိုင်းတော်မူချက်များကို နှစ်သက်ပါသည်။ ထို့ပြင် ဘုရားသခင် ပေးသနားတော်မူသောအရာတိုင်းကို အလေးထား၏။ ဘုရားသခင်၏ ပြုစုကျွေးမွေး စောင့်ရှောက်မှုအပေါ် ဝမ်းမြောက်ခြင်း ရှိပါသည်။ နှုတ်ကပတ်တရားတော်၌ တွေ့ရသော ဂတိတော်များအတိုင်း ဘုရားသခင် ပြုတော်မူခြင်း ဖြစ်ပါသည်။ မိမိ၏ အကြံအစည် အတိုင်း ပြုတော်မူသည်ဖြစ်သောကြောင့် အကောင်းဆုံး ပြုတော်မူခြင်း ဖြစ်ပါသည်။ ထိုအရာထက် ပိုကောင်းသောအရာ မရှိနိုင်တော့ပါ။ ထို့ကြောင့် ဆာလံဆရာက "ကိုယ်တော်၏ကျွန်၌ ကျေးဇူးပြုတော်မူ၏" (ဆာလံ ၁၁၉း၆၅) ဟု ဆိုခဲ့ပါသည်။

သွင်းပေးတော်မူပါ - ဘုရားသခင်ထံမှ ကောင်းသောအရာများကို မြည်စမ်းခဲ့ပြီ ဖြစ်သောကြောင့်၊ ဆာလံဆရာသည် ဘုရားသခင်၏ စီရင်ခြင်းအတတ်နှင့်အသိဉာဏ်များကို ပို၍ လေ့လာ သိလိုခြင်း ရှိခဲ့ပါသည်။ ပညတ်တော်အတတ် ဆိုသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တရားတော်အားဖြင့် ကောင်းသောအရာကို သိမြင်လျက်၊ အသက်တာ၌ လက်တွေ့ ကျင့်သုံးခြင်းလည်း ဖြစ်ပါသည်။ သန့်ရှင်းသောအရာ၊ ဖြောင့်မတ်သောအရာကို သိမြင်ဖို့ရန် ဘုရားသခင် နှုတ်ကပတ်တရားတော် လေ့လာသွန်သင်ခြင်းကိုလည်း သူ တောင့်တ ခဲ့ပါသည်။ နှုတ်ကပတ်တော်၌ တွေ့ရသော ဘုရားသခင်၏နည်းလမ်းများကို သူ သင်ယူလိုခဲ့ပါသည်။

ဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကို အသုံးပြုလျက် မိမိကို လမ်းပြတော်မူမည် အကြောင်း ဆာလံဆရာ ယုံကြည်ခဲ့ပါသည်။ ဘုရားသခင် စေခိုင်းသောအမှုကို ပြီးစီး ဆောင်ရွက်ဖို့ရန် အခြားလမ်းပြမှု သူ မလိုချင်ခဲ့ပါ။ ထို ဝိညာဉ်တော်၏လမ်းပြမှုသည် သူ့အတွက် လုံခြုံမှု အရှိဆုံး ဖြစ်ပါသည်။ အဆုံးတိုင်အောင် ပို့ဆောင်တော်မူလိမ့်မည်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်ကို ကျေးဇူးပြုတော်မူသော ဘုရားသခင်ထံ၌ သင် ဘယ်အရာ ထပ်လိုချင်ပါသနည်း။ နှုတ်ကပတ်တော်ကို သင်ယုံကြည်သည်ဖြစ်သောကြောင့်၊ သင်၏ နှုတ်ကပတ် တရားတော် ဆာလောင်မှု တင်းတိမ်ရောင့်ရဲခြင်း ရှိမည်အကြောင်း၊ ထိုနှုတ်ကပတ်တော်ကို များစွာ မြည်စမ်း သွန်သင်လေ့လာခြင်း ပြုပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်ကို ယုံကြည်ပါ၏ ဝန်ခံခြင်းသည် ကျွန်တော့်အတွက် မည်သို့ အဓိပ္ပါယ် သက်ရောက်ပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ တရားသောစီရင်ခြင်းနှင့် နှုတ်ကပတ်တော်ကို သင်ယူ နားလည်ဖို့ရန်၊ ဝိညာဉ်တော်၏သွန်သင်မှုကို တောင့်တခြင်း ရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၆)
**ဆာလံ ၁၁၉း၆၇-၆၈**
ယာကုပ် ၄း၇-၁၀

*"ဆင်းရဲငြိုငြင်ခြင်း၊ စိတ်မသာ ညည်းတွားခြင်း၊ ငိုကြွေးမြည်းတမ်းခြင်း ရှိကြလော့။ သင်တို့ ရယ်ခြင်းကို စိတ်မသာ ညည်းတွားခြင်း ဖြစ်စေကြလော့"*

# ဆင်းရဲခံခြင်း နှင့် နှုတ်ကပတ်တော်

"ဆင်းရဲ" ဟူသောစကားလုံးသည် ဘဝ၌ အဆင်မပြေမှု တစုံတခုကြောင့်၊ စိတ်အားငယ်သောသူကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ထိုအရာက ဆာလံဆရာ၏ ဘုရားသခင်သိရှိ နားလည် သဘောပေါက်ခြင်းကို မပြောင်းလဲစေနိုင်ပါ။ တဘက်တွင်၊ မိမိထံ ချဉ်းကပ်စေဖို့ရန် ဘုရားသခင်က ထိုအမှုကို ဆာလံဆရာထံ မိမိအလိုအတိုင်း ကျရောက်စေတော်မူခြင်းဖြစ်ပါသည်။

ဆင်းရဲ မခံမီ - သူသည် လမ်းလွဲပါ၏။ ဆိုလိုသည်မှာ သူသည် အပြစ်ပြုခဲ့ပါ၏။ နှုတ်ကပတ်တရားမှ မိမိလမ်းလွဲခဲ့သည်ကို သူ သတိ မထားခဲ့ပါ။ ဘုရားသခင် အလိုတော်နှင့် ဆန့်ကျင်သောအရာကို လိုက်ခဲ့ပါသည်။ ဟုတ်ပါ၏၊ မှားယွင်းသော သွန်သင်မှုကို မသိဘဲ ယုံကြည်သူ လက်ခံ စွဲကိုင် မိသော အချိန် ရှိတတ်ပါသည်။ ထိုအခါ၊ ဘုရားသခင်သည် ယုံကြည်သူ၏အကျိုးနှင့် မိမိ၏ဘုန်းတော်အတွက် ဝင်ရောက် အမှုပြုတော်မူတတ်၏။

ဆင်းရဲ ခံပြီးနောက် - နှုတ်ကပတ်တော် ကျင့်စောင့်ပါ၏။ ဆင်းရဲဒုက္ခကြုံတွေ့သောအခါ၊ တိတ်ဆိတ်လျက်၊ စဉ်းစားတွေးတောလျက်၊ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ပြန်လည်တွေးတော အောက်မေ့ခြင်းရှိတတ်ပါသည်။ ဆာလံဆရာသည်လည်း ထိုသို့ တိတ်ဆိတ်လျက် ဘုရားသခင်၏ကယ်တင်တော်မူခြင်းကို စောင့်လျက်နေခဲ့ပါသည်။ ဘာမှ မပြောနိုင်ဘဲ၊ ဘုရားသခင် ပြုတော်မူမည့်အမှုကိုသာ စောင့်ကြည့်မည်ဖြစ်ပါသည်။ ထိုအခါ၊ မိမိသည် ဘုရားသခင်၏ အကြံအစည်နှင့် ဆန့်ကျင်သောအမှုကို ပြုခဲ့ကြောင်း သတိရခဲ့ပါသည်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏။ ဒုက္ခဆင်းရဲခြင်းက သူ့အသက်တာကို ပြန်လည် ဆင်ခြင်စေခဲ့ပြီး၊ လမ်းမှန်သို့ ပြန်သွားစေမည်ဖြစ်ပါသည်။

ထိုဒုက္ခဆင်းရဲသည် ခဏသာဖြစ်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါ၏။ သူသည် ဘုရားသခင်၏ အချိန် စီမံမှုကို အလေးထားပါ၏။ မိမိ၏ဆင်းရဲဒုက္ခခံခြင်း၌ မြည်တမ်းခြင်း မပြုခဲ့ပါ။ ဆာလံဆရာသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်း အသက်တာဖြစ်သော၊ သစ္စာရှိခြင်း နှင့် မင်္ဂလာရှိသော အသက်တာသို့ ပြန်လည် လမ်းပြခြင်း ခံရခဲ့ပါသည်။ နှုတ်ကပတ်တရားလမ်းမှ ကျွန်တော်တို့ကို လမ်းလွဲခြင်း အခွင့် ပေးတော် မမူသော ဘုရားသခင်သည် ကြီးမြတ် အံ့ဩဘွယ် ကောင်းလှပါသည်တကား။ ကျွန်ုပ်တို့၏ အားနည်းမှုကို သိတော်မူသည်ဖြစ်၍ မိမိနှင့် နှုတ်ကပတ်တော်၏ဘုန်းတော်ကို ထင်ရှားစေဖို့ရန် ဘုရားသခင်သည် မစတော်မူ၏။ ထိုသို့သော ချစ်ခြင်းမေတ္တာသည် သားသမီးများအပေါ် ထားရှိသော ဘုရားသခင်၏ချစ်ခြင်း မေတ္တာဖြစ်ပါ သည်။ ဘုရားသခင်သည် သားသမီးများကို ဘယ်တော့မှ စွန့်ပစ် ထားတော် မမူခဲ့ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဆင်းရဲဒုက္ခများ၌ ကျွန်တော် ဝမ်းမြောက်ခြင်း ရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ခက်ခဲသောအချိန်၌ ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို သိမြင်လျက်၊ နှုတ်ကပတ်တော်သို့ မိမိကိုယ်ကို ဆက်ကပ်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၇)
**ဆာလံ ၁၁၉း၆၉-၇၀**
ဆာလံ ၃၅း၁၁-၁၆

*"မမှန်သောသက်သေ တို့သည် ပေါ်လာ၍၊ ငါ မသိသောအမှုပြစ်တို့ကို ငါ့အပေါ်မှာ တင်ကြ၏"*

# မာနထောင်လွှားခြင်းသည် နှုတ်ကပတ်တော်ကို ဆန့်ကျင်၏

မာနထောင်လွှားသောသူကို ဆာလံ ၁၁၉ ထဲတွင် ခြောက်ကြိမ် ဖော်ပြထားပါသည်။ ဆာလံ ၁၁၉း၆၉ ထဲတွင်၊ သူတို့သည် ဆာလံဆရာကို ဆန့်ကျင်ခဲ့ကြပါသည်။ သူတို့၏ ဆိုးသွမ်းသော အမှုပြုခြင်းကို ဘုရားသခင်က မိမိလူတို့ကောင်းကျိုးအတွက် ခွင့်ပြုတော်မူ၏။ သူတို့ပြုသော ထိုအမှုကို မိမိလူတို့အကျိုးအဖြစ် ဘုရားသခင် အသုံးပြုတော်မူသော်လည်း၊ သူတို့သည် ချီးမွမ်းခြင်းနှင့် လုံးဝ မထိုက်တန်ပါ။ ထိုသူတို့ပြုသော ဆန့်ကျင်ခြင်းအမှုအတိုင်း ဘုရားသခင်က စီရင်တော်မူမည်။

<u>မုသာစကား ကြံစည်ကြ၏</u> - သူတို့သည် ဆာလံဆရာ တဘက်၌ စွပ်စွဲမှုကို ပြုကြပါသည်။ မုသာစကားကို ထိတွင်ဖန်တီးခဲ့ကြပြီး၊ ယုံကြည်သူကို ရှုတ်ချကြ၏။ ယုံကြည်သူသည် ထိုသို့သော သူတို့ ပြုသည့် ဆိုးသွမ်းမှုကို သိထားရပါမည်။ မဟုတ်လျှင် သူတို့စကားကြောင့် ဒုက္ခရောက်ပါမည်။

<u>သူတို့နှလုံးသည် ဆီဥကဲ့သို့ ခဲလျက်ရှိ၏</u> - ဆီဥ ကဲ့သို့ ခဲလျက်ရှိ၏ ဆိုသည်မှာ မိုက်မဲမှု၌ ကြွယ်ဝခြင်းရှိကြ၏ ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့ စိတ်နှလုံး၏ မိုက်မဲမှုကို ပြသလျက်ရှိပါသည်။ အထူးသဖြင့်၊ မာနကြီးသောသူတို့၏ စိတ်နှလုံး ကိုဖော်ပြခြင်းဖြစ်၏။ သူတို့၏စိတ်နှလုံးကို အဆီဖြင့် အပြည့်ဖုံးလျက်ရှိပါသည်။ ထို့ကြောင့် သွန်သင်ဆုံးမ၊ ထိန်းချုပ်၍ မရကြပါ။ သူတို့သည် မုသာစကားကို ကြံစည်ခြင်း၍ လျင်မြန်ကြပါသည်။ ဆာလံဆရာကို ဆန့်ကျင်ဖို့ရန် မိုက်မဲစွာ ဆုံးဖြတ်ထားခဲ့ကြပါသည်။

သို့ဆိုလျှင် ဆာလံဆရာက မည်သည့်အမှုကို ပြုပါလိမ့်မည်နည်း။ မိုက်မဲစွာ သူတို့ကို ပြန်လည်း တိုက်ခိုက်မည်လော။ မဟုတ်ပါ။ ယုံကြည်သူသည် အမှား မကျူးလွန်မိဖို့ရန် ဘုရားသခင်၏ နှုတ်ကပတ်တရားကို အစဉ် စောင့်ရပါမည်။ ဆာလံဆရာသည် နှုတ်ကပတ်တရားကို တိုက်ခိုက်လာသောသူများအကြား၌ စောင့်ရှောက်ခဲ့ပါသည်။ ထိုသို့ပြုနိုင်ခြင်းသည် နှုတ်ကပတ်တော်ကို သူ နှစ်သက်သောကြောင့် ဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော်၏ ခွန်အားပေးခြင်းကို များစွာ သူ ခံခဲ့ ရပါသည်။ သူသည် ဝမ်းမြောက်ခြင်း ရှိ၏။ ထိုနှုတ်ကပတ်တော် မရှိလျှင် ကြွလာတော်မူမည့် မေရှိယကို ယုံကြည်ခဲ့လိမ့်မည် မဟုတ်ပါ။ ထိုနှုတ်ကပတ်တရားတော်အားဖြင့် ကောင်းကင်ဘုံ၌ ထာဝရဘုရားနှင့်အတူ ထာဝရနေရမည်အကြောင်း သေချာ သိခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တရားတော်သာလျှင် သင့် အသက်တာ၏ ဝမ်းမြောက်ခြင်း ဖြစ်စေလျက်၊ နှုတ်ကပတ်တော်၌ ဂတိထားတော်မူသော ကောင်းကင်ဘဏ္ဍာကိုသာ မျှော်ကြည့်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ ကျွန်တော် ပျော်မွေ့ခြင်း ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ နှုတ်ကပတ်တရားတော် လိုက်လျှောက်ခြင်း၏ ပျော်ရွှင် ဝမ်းမြောက် ခြင်းကို ပေးသနားတော်မူပါ။

*"မိမိသန့်ရှင်းခြင်း ပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှါ၊ ငါတို့အကျိုးကို ထောက်၍သာ ဆုံးမပေးတော်မူ၏"*

# ဆင်းရဲဒုက္ခ၏ကောင်းကျိုး

ဆင်းရဲဒုက္ခခံခြင်းအကြောင်းကို ကျွန်တော်တို့ လေ့လာခဲ့ပြီဖြစ်၏။ လောကီလူတို့သည် သူတပါးထက် ကျော်ကြား အောင်မြင် လိုကြ၏။ ကျဆုံးခြင်း၊ သူတပါး၏ အထင်ကြီးခြင်း မခံရခြင်းနှင့် အကျိုး မရှိသောသူဟု ထင်ခံရခြင်းတို့သည် ဘဝ၏အဆုံးသတ် သဖွယ်၊ မျှော်လင့်ခြင်း မဲ့၍ မှောင်မိုက်ခြင်း အတိ ဖုံးသောအသက်တာဖြစ်ပါသည်။ သို့ဆိုလျှင်၊ ယုံကြည်သူအတွက် အဘယ့်ကြောင့် ကောင်းကျိုးဖြစ်ပါသနည်း။ ဆာလံဆရာ၏စကားကို နားထောင်ကြည့်ပါ။

<u>နှုတ်ကပတ်တော်ကို သွန်သင်လေ့လာပါ၏</u> - ဆင်းရဲခံခြင်းသည် သူ့အတွက် ကောင်းပါ၏။ သူသည် ဆင်းရဲဒုက္ခ၏ကောင်းကျိုးကို သိမြင်ခဲ့ပါသည်။ အမှန်မှာ၊ ဆင်းရဲဒုက္ခခံခြင်းသည် လွယ်ကူသော၊ နှစ်သက်စရာကောင်းသောအရာ မဟုတ်ပါ။ သို့သော်လည်း ဆင်းရဲခံပြီးနောက်တွင် ရလာသောအကျိုးကို သူမြင်တွေ့ခဲ့ပါသည်။ ထိုမှောင်မိုက်သောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သူသင်ယူခဲ့ပါသည်။ ထိုအမှုသည် သူ့အတွက် အကြီးမြတ်ဆုံးသောအမှု ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို နားလည်ခြင်း၊ ဘုရားသခင်နှင့်အတူ ထာဝရနေရမည်ဟူသော စိတ်ချမှုရှိခြင်းသည် အလွန်မြတ်သော အသိတရားဖြစ်ပါသည်။

<u>နှုတ်ကပတ်တော်ကို တန်ဖိုးထားပါ၏</u> - နှုတ်ကပတ်တော် သင်ယူလေ့လာခြင်း၌ သူတွေ့ရှိခဲ့သော ဝမ်းမြောက်ခြင်းကို ဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍ မရခဲ့ပါ။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ထောင်သောင်း မကသော ရွှေငွေတို့ထက် ပို၍ကောင်းကြောင်း ဖော်ပြခဲ့ပါသည်။ ထိုအရာများပိုင်ဆိုင်ခြင်းထက်၊ နှုတ်ကပတ်တော် လေ့လာသင်ယူခြင်း၌ ဝမ်းမြောက်ခြင်း အပြည့်အဝ သူ ရရှိခဲ့ပါသည်။ ထို ရွှေငွေများစွာထက်၊ နှုတ်ကပတ်တော်ကို အကျွန်ုပ်အား ပေးကြပါ ဟု ဆာလံဆရာ ကြွေးကြော်သကဲ့သို့ဖြစ်၏။

ဆာလံဆရာသည် ဆင်းရဲခြင်း ရွှံ့နွံထဲ၌ တန်ဖိုးကြီးမားလှသောရတနာ ရှာတွေ့ သကဲ့သို့ ဖြစ်ပါသည်။ မထီမဲ့မြင်ပြုခြင်း ခံရသောအချိန် လွန်သောအခါ၊ ဘုရားသခင်ထံမှ ထွက် မသားခြင်း၏ ကြီးမားသော အကျိုးကို သူ ခံစားရရှိခဲ့ပါသည်။ မြေကြီး၌ ပစ်ချခံရခြင်း ကြုံတွေ့စဉ် ခံစားရသော ဝမ်းနည်းခြင်းထက်၊ အဆပေါင်းများစွာ သာလွန်သော ဝမ်းမြောက်ခြင်းကို ယခု သူခံစားရပါသည်။

ဤလောကဆင်းရဲခြင်းများ ကုန်လွန်သောအခါ၊ ကျွန်တော်တို့ ကြုံတွေ့ ခံစားရမည့် ဘုရားသခင် သိုထားတော်မူသောအရာ သိမြင်ခြင်းသည် အလွန် ချိုမြိန်လှပါသည်တကား။ ထို့ကြောင့် ဆင်းရဲဒုက္ခခံရစဉ် ဘုရားသခင်၏ဂတိတော်၌ ဝမ်းမြောက်ခြင်း ရှိကြပါစို့။ ပင်ပန်း နွမ်းနယ် ခြင်းခံရသောအခါ၌လည်း ကျွန်ုပ်တို့အတွက် ဘုရားသခင် သိုထားတော်မူသောအရာကို မျှော်ကြည့်ကြပါစို့။ ဤလောကီစည်းစိမ်ဥစ္စာများစွာထက်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဆာလံဆရာ ကဲ့သို့ ပို၍နှစ်သက် တန်ဖိုးထားကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်ယုံကြည်ခြင်းသည် အသေလော၊ အသက်ရှင်သလော။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော် စေခိုင်းတော်မူသော အမှုကို ဆောင်ရွက်ခြင်း၌ နှုတ်ကပတ်တရားတော်သည် လမ်းပြတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဖေဖော်ဝါရီ (၉)

**ဆာလံ ၁၁၉း၇၃**

ဆာလံ ၁၁၁း၆-၁၀

*"ပညတ်တော်ကို စောင့်ရှောက် သမျှသောသူတို့သည် ကောင်းသောဉာဏ်ရှိကြ၏"*

# နှုတ်ကပတ်တော် သင်ယူဖို့ရန် အသိဉာဏ်

ဖုန်း၊ ကားနှင့်လေယာဉ်ပျံ ပြုလုပ်သူများသည် သူတို့၏ ဉာဏ်အမြော်အမြင်၊ တတ်မြောက်ခြင်းနည်းပညာတို့ဖြင့် ထူးကဲစွာ ပြုလုပ် ဖန်တီးခဲ့ကြပါသည်။ ထိုအရာများကို ပြုပြင်ဖို့ရန်လည်း အလွန်တော်သော အလုပ်သမားများရှိကြပါသည်။ ထို ဒီဇိုင်းများကို လူတို့သည် လိုက်အတုခိုးဖို့ရန် ကြိုးစားခဲ့သော်လည်း၊ အတိအကျ အတုမခိုး နိုင်ကြပါ။ စက်ပစ္စည်းများ၌လည်း ထိုသို့ဖြစ်ပါသည်။ လူ၏အန္ဓာကိုယ်ဖွဲ့စည်းမှု၊ ဝိညာဉ်အရေးကိုလည်း ဖန်ဆင်းရှင်ဘုရားသခင်သာလျှင် သိကျွမ်းတော်မူ၏။ ထို ဖန်ဆင်းရှင်ဘုရားကသာလျှင် မိမိ၏အလိုတော်အတိုင်း ပြုပြင်၊ ထိန်းသိမ်း ချီးမြှောက်တော်မူနိုင်ပါသည်။

<u>ဖန်ဆင်းရှင်ထံမှ</u> - ဆာလံဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော် လေ့လာသိရှိခြင်း ဉာဏ်တော်ကို လိုချင်ခဲ့ပါသည်။ ဘုရားသခင်ကသာလျှင် ထိုအသိဉာဏ်ကို ပေးနိုင်၏။ အဘယ်သို့မျှ သူ့ အရပ်ကို တစ်ပေမျှပင် မရှည်စေနိုင်ပါ။ လူ့ခန္ဓာကိုယ် ဖွဲ့စည်းခြင်း၊ ဒီအင်အေနှင့်ဆဲလ်ဆက်စပ်မှု စသည်တို့ကို ဘုရားသခင်က အံ့ဩဘွယ် စနစ်တကျ စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ အသက်ရှင်ခြင်း ပေးတော်မူသော ဘုရားသခင်၏ ခွင့်ပြုချက် မပါဘဲ၊ အမိုင်နို အက်စစ် တစ်ခုမျှ မဖြစ်တည်နိုင်ပါ။ လူသည် အံ့ဘွယ် ဖန်ဆင်းတော်မူသောသတ္တဝါဖြစ်သည်တကား။ စုံလင်တော်မူသော ကောင်းကင်ဘုံရှိ ဘုရားသခင်က မိမိ၏စုံလင်တော်မူသော ဉာဏ်တော်ဖြင့် ဖန်ဆင်းတော်မူခြင်း ဖြစ်ပါသည်။

<u>ပုံသဏ္ဍာန်ကို ပေးတော်မူ၏</u> - လူကို ပုံသဏ္ဍာန်ပေးတော်မူသော ဘုရားသခင်ထံ ဆာလံဆရာက ဉာဏ်ပညာ တောင်းလျှောက်ခဲ့ပါသည်။ လူ၏လိုအပ်သောအရာကို လိုအပ်သောနေရာ၌ ဘုရားသခင် အတိအကျ ပေးတော်မူတတ်၏။ ဘုရားသခင်သည် လောကီလူတို့၏နည်းလမ်းကို လိုက်လျှောက်ဖို့ မလိုပါ။ ဘုရားသခင် ဖန်ဆင်းတော်မူသည်အတိုင်း ကျွန်တော်တို့သည် တန်ဖိုးရှိကြပါသည်။ နောက်ထပ် ဘယ်အရာမျှ ကျွန်တော်တို့ ထပ်ဖြည့်စရာ မလိုပါ။ လူ၏လိုအပ်ချက်မူကား ဝိညာဉ်အသီးများ သီးဖို့ရန် ဘုရားသခင်လက်တော်၏ ကွယ်ကာမှုနှင့် ခွန်အားပေးမှုကို နှိမ့်ချသောစိတ်ဖြင့် တောင်းလျှောက်ရန်သာဖြစ်ပါသည်။

ကျွန်တော်တို့သည် အံ့ဩဘွယ်ကောင်းလောက်အောင် ဘုရားသခင် ဖန်ဆင်းလျက် ပုံသဏ္ဍာန် ပေးခြင်းခံရသောသူများ ဖြစ်သောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းရမည်ဖြစ်ပါသည်။ ထို ဘုရားသခင်၏ အံ့ဘွယ်ဖန်းဆင်းတော်မူခြင်းကို မြင်တွေ့သောအခါ၊ လူ့ အသိဉာဏ်ဖြင့် မမှီသော ထို အစီအစဉ်များကို အဘယ်သူမျှ မေးခွန်း မထုတ်ရဲကြပါ။

**ဆင်ခြင်ရန်** - ဘုရားသခင် ဖန်ဆင်းတော်မူရာဖြစ်ကြောင်း ကျွန်တော် မိမိကိုယ်ကို သိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ် ဖန်ဆင်းရှင်၊ လမ်းပြရှင် ဖြစ်တော်မူကြောင်း သိလျက်၊ ကြုံတွေ့သောအရာတိုင်း၌ ကိုယ်တော်ကို ချီးမွမ်းနိုင်မည်အကြောင်း မစတော်မူပါ။

*"အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက်၊ သစ္စာစောင့်သော ဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သော ဘုရား ဖြစ်တော်မူ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဖြောင့်မတ်မှန်ကန်၏

သမ္မာကျမ်းစာ၏ဘုရားသခင် ထာဝရဘုရားသည် ဖြောင့်မတ်တော်မူသောဘုရားဖြစ်ပါသည်။ ပြုတော်မူသမျှသည်လည်း ဖြောင့်မတ်မှန်ကန်ကြ၏။ မှတ်သွင်းတော်မူသမျှသော စကားတော်တို့သည် မှန်ကန်ပါ၏။ ကျွန်ုပ်တို့အသက်တာ၌ ဖြစ်ပျက်သမျှသောအရာတိုင်းသည် မှန်ကန်ပါ၏။ နှုတ်ကပတ်တရားတော်အတိုင်း ပြုသောအရာမှန်သမျှသည် မှန်ကန်၏။ ဆာလံဆရာသည် ထိုအကြောင်းကို သိမြင်၏။ ယုံကြည်သူတိုင်းကလည်း သိနားလည်ကြရပါမည်။ ဘုရားသခင်နှင့် ဆန့်ကျင်သောအရာ မှန်သမျှသည် မှားယွင်း၏။ ကျွန်ုပ်တို့၏ဘုရားသခင်သည် အစဉ်မှန်ကန်၏။

နှုတ်ကပတ်တော်ကို မျှော်လင့်ပါ၏ - ဆာလံဆရာသည် နှုတ်ကပတ်တော်ကို စိတ်ရှည်စွာစောင့်မြော်ခဲ့ပါသည်။ ဘုရားသခင်၏ဂတိတော်၌သာ မစတော်မူခြင်းကို သူတွေ့ရပါသည်။ ဘုရားသခင်ကို မြော်လင့်သောသူများက မိမိကိုမြင်၍ ဝမ်းမြောက်ကြကြောင်း ဖော်ပြခဲ့ပါသည်။ အကြောင်းမှာ သူတို့သည် ဆာလံဆရာနှင့်အတူ နှုတ်ကပတ်တော်ကို ယုံကြည်ကိုးစားခဲ့ကြ၏။ သူတို့သည် ဘုရားသခင်မိန့်တော်မူချက်ကို ပြုခဲ့ကြပါသည်။ နာမခံသောသူတို့အပေါ် ထားတော်မူသော ဘုရားသခင်၏အမျက်တော်ကို ကြောက်ရွံ့ခြင်းရှိခဲ့ကြပါသည်။

နှုတ်ကပတ်တော်ကို သိပါ၏ - နှုတ်ကပတ်တော်ကို ကောင်းကောင်း သိသောကြောင့် ဘုရားသခင်၌ မြော်လင့်ခြင်းရှိရခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်သည် အစဉ် မှန်ကန်ကြောင်း သူသိပါ၏။ နှုတ်ကပတ်တော် စုံလင်ခြင်းအကြောင်း သိနားလည်မှုက ယုံကြည်ကိုးစားမှုကို ဖြစ်စေပါသည်။ ဘုရားသခင်ပြုတော်မူသောအရာမှန်သမျှ၊ ဆင်းရဲခံစေခြင်းပင်ဖြစ်စေ၊ မိမိအတွက် ကောင်းကျိုးကို ဖြစ်စေကြောင်း သိခဲ့ပါသည်။ ဘုရားသခင်နှင့် သင့်မြတ်ခြင်းသည် အကောင်းဆုံးဖြစ်သောကြောင့် အခြားအရာကို မလိုချင်ခဲ့ပါ။ ကျွန်ုပ်တို့အား ဘုရားသခင် ဆင်းရဲဒုက္ခခံစေခြင်းသည် သစ္စာတော်အားဖြင့်၊ သနားကြင်နာမှုအားဖြင့် ဖြစ်ပါသည်။

ဖြောင့်မတ်တော်မူသော ဘုရားသခင်ကို ကျွန်တော်တို့ သံသယ မဝင်ရပါ။ ဘုရားသခင်၏ နည်းလမ်းများသည် ယုံကြည် စိတ်ချရပြီး၊ ယုံကြည်သူသည် အရာရာတိုင်း၌ ဘုရားသခင်ကို မြော်လင့်ခြင်း၊ ယုံကြည်ခြင်းဖြင့် မျှော်ကြည့်ရပါမည်။ ဘုရားသခင် ပြုတော်မူသမျှသည် မှန်ကန်ကြောင်း သိမှတ်လျက်၊ ထို ဘုရားအား မြော်လင့်ခြင်းသည် အလွန် စိတ်ချမ်းသာမှုကို ဖြစ်စေ၏။ ဘုရားသခင်သည် အမှား မကျူးလွန်နိုင်ပါ။

ချစ်သော စာဖတ်သူ၊ စုံလင်စွာ အမှုပြုတော်မူသော ဘုရားသခင်ကို စိတ်ရှည်စွာ စောင့်ပါလော့။ မှန်သောအရာကိုသာ ဘုရားသခင် ပြုတော်မူကြောင်း သိလျက်၊ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့ ယုံကြည်ကိုးစား ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်အား စိတ်ရှည်စွာ ကျွန်တော် စောင့်နေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကိုသာ မျှော်လင့်မည်အကြောင်း မစတော်မူပါ။

# ဘုရားသခင်၏ဂရုဏာတော်

ဂရုဏာတော်ဆိုသည်မှာ လူတို့သည် အပြစ်ကြောင့် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းနှင့် ထိုက်တန်သော်လည်း၊ မိမိ၏အမျက်တော်ကို ချုပ်တည်းလျက် ကျွန်တော်တို့အတွက် မိမိ၏တပါးတည်းသော သားတော်ကို စေလွှတ်တော်မူပြီး၊ အသေခံစေတော်မူ၍ ရှင်ပြန်ထမြောက်စေတော်မူပြီး နောက်၊ တဖန် ကြွလာစေတော်မူမည် အကြောင်း ဂတိထားတော်မူခြင်း ပင်ဖြစ်ပါသည်။ ထို့ပြင် ဆာလံဆရာက ဂရုဏာတော်ကို မိမိအပေါ် ထားရှိသော ဘုရားသခင်၏သနားကြင်နာခြင်းကိုလည်း ရည်ညွှန်းစေခဲ့ပါသည်။

<u>ဂရုဏာတော်သည် အကျွန်ုပ်၏စိတ်ချမ်းသာခြင်း</u> - ဘုရားသခင်ပြုတော်မူသော ကောင်းမှုသည် ဆာလံဆရာအတွက် စိတ်ချမ်းသာခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံ ဂရုဏာတော် တောင်းလျှောက်စဉ် သူ့စိတ်ထဲ၌ နှိမ့်သိမ့်ခြင်း ခံစားခဲ့ရပါသည်။ သူသည် ဘုရားသခင်၏ကျွန်သာဖြစ်ကြောင်း မိမိကိုယ်ကို သိခဲ့ပါ၏။ ဂရုဏာတော်နှင့် ပြည့်စုံသော ဘုရားသခင်၏ ကျေးဇူးတော်ပလ္လင်တော်ရှေ့၌ သူသည် ဂရုဏာတော် ခံစားရမည်အကြောင်း ယုံကြည် စိတ်ချမှု ရှိခဲ့ပါသည်။ ဘုရားသခင်သည် လူအပေါင်းတို့အပေါ်၌၊ အထူးသဖြင့် မိမိရွေးနှုတ်တော်မူသော လူတို့အပေါ်၌ ဂရုဏာတော် ပြတော်မူ၏။

<u>သနားစုံမက်ခြင်း သက်ရောက်ပါစေ</u> - မိမိအပေါ် ဘုရားသခင်၏သနားစုံမက်ခြင်း သက်ရောက် ဖို့ရန် ဆာလံဆရာ ဆုတောင်းခဲ့ပါသည်။ အမိဝမ်းထဲ၌ပင် ဘုရားသခင်၏ဂရုဏာတော်ကို ခံစားခဲ့ရပါ၏။ ဘာမှ မလုပ်နိုင်၊ ဘာမှ မသိသော ထိုအချိန် ကတည်းမှ ဂရုဏာတော်ကို ခံစားခဲ့ပါသည်။ မိခင်စားသုံးသော အဟာရဖြင့် အသက်ရှင်ခဲ့ပါသည်။ အမိဝမ်းထဲ၌ အကောင်းဆုံးသော ပြုစုကျွေးမွေးမှုကို ခံစားခဲ့ရပါသည်။ ထိုသို့သော သနားစုံမက်ခြင်း ဂရုဏာတော်ကို ဘုရားသခင်ထံမှ ခံရလိုခဲ့ပါသည်။ သို့မှသာ သူသည် အသက်ရှင်ခွင့်ရမည်ဖြစ်ပါသည်။

နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက် စိတ်ချမ်းသာမှုဖြစ်ပါသလား။ ဘုရားသခင် ကိုယ်တိုင် စောင့်ရှောက်တော်မူခြင်း ခံရသောသူသည် အလွန်ဝမ်းမြောက်ခြင်း ရှိပါလိမ့်မည်။ လူတိုင်း လိုချင်သောအရာသည် ဘုရားခင်ထံမှ နှိမ့်သိမ့်ခြင်း၊ စိတ်ချမ်းသာခြင်း ပင်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတတရားတော်၌ သင် စိတ်ချမ်းသာခြင်း၊ နှိမ့်သိမ့်ခြင်း ခံစားရပါသလား။ သင့် ဝိညာဉ် နေ့စဉ်လိုအပ်သောအရာကို နှုတ်ကပတ်တော်က ဖြည့်ဆည်း ပေးပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကျွန်တော် နှိမ့်သိမ့်ခြင်း ရရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်တော့်ကို နှိမ့်သိမ့်တော် မူပါ။

*"အကျွန်ုပ်၌အားရောက်သည် အကြောင်းကို ဝမ်းမြောက်သောသူ အပေါင်းတို့သည် အရှက်ကွဲ၍ မျက်နှာ ပျက်ကြပါစေသော"*

## မတရားခံရသောအချိန်၌ နှုတ်ကပတ်တရားတော်

မာနကြီးသောသူ၊ ဝါကြွားသောသူတို့သည် သန့်ရှင်းသူတို့ကို မတရားပြု တတ်ကြပါသည်။ ဘုရားသခင်၏သားသမီးများကို အရှက်ရစေဖို့ရန် သူတို့သည် မုသားဖြင့် စွပ်စွဲခြင်း ပြုတတ် ကြ၏။ အမှန်တရားကို ပြောင်းပြန်လှန်လျက် ခရစ်ယာန်များကို ဒုက္ခပေးတတ်ကြပါ၏။ များစွာသော ယုံကြည်သူများကို လဲကျအောင် ပြုလုပ်တတ်ကြပါသည်။ သူတို့၏စွပ်စွဲချက်များက သန့်ရှင်းသူများ၏ အသက်တာနှင့် သက်သေခံချက်များကို လူတို့ကငြင်းပယ်တတ်ကြ၏။

<u>မာနကြီးသောသူသည် ရှက်ကြောက်ကြပါစေ</u> - ဤအခြေအနေ၌ လက်တုန့်ပြန်ချင်စရာ ကောင်းလှပါသည်။ သို့သော်လည်း ဆာလံဆရာသည် ထိုသို့သော အခွင့်ကောင်း ရဖို့ရန်ပင် ဆု မတောင်း ခဲ့ပါ။ ဘုရားသခင်ထံ ထိုအမှုကို ဆက်ကပ်ခဲ့ပါသည်။ ထိုသူတို့သည် သူတို့အမျက်ဒေါသ ကြောင့် အရှက်ရကြစေဖို့ရန်သာ ဆုတောင်းခဲ့ပါသည်။ အကြောင်းမရှိဘဲ ဘုရားသခင်၏လူကို ဆန့်ကျင်ခဲ့ကြ၏။ သူတို့ ပြုသော မကောင်းမှုသည် သတင်းကောင်းအမှုတော်မြတ်ကို ဆီးတားပါ၏။ ထို့ကြောင့် သူတို့ကို ဘုရားသခင်ဆီးတားတော်မူဖို့ရန် ဆာလံဆရာ ဆုတောင်းပါသည်။ သူသည် နှုတ်ကပတ်တော်ကို ဆင်ခြင်တွေးတောခဲ့ပါသည်။

<u>ဘုရားကိုကြောက်ရွံ့သောသူတို့သည် ကျွန်ုပ်ထံသို့ လှည့်ကြပါစေ</u> - ဘုရားသခင်၏အမှု တော်ကို မှန်ကန်စွာ ဆောင်ရွက်သောသူတို့သည် အခြားသူများလည်း လာပါဝင်ကြရန် အလိုရှိ ကြပါသည်။ သူတို့အသက်တာသည်လည်း ပုံသက်သေကောင်းဖြစ်ပါသည်။ ထိုသူတို့နှင့်အတူ အမှုတော်ဆောင်ဖို့ရန် ဆာလံဆရာ တောင့်တခြင်းရှိ၏။ သူတို့သည် အချင်းချင်း ခွန်အား ပေးတတ် ကြ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သည် မိမိကိုယ်ကို မချီးမြောက်တတ်၊ သူတို့၏ သခင်၊ အရှင် ယေရှုခရစ်တော်၏နာမတော်ကို ချီးမြောက်တတ်ကြ၏။

<u>ကျွန်ုပ်နှလုံးသည် စုံလင်ပါစေသော</u> - စုံလင်သော၊ မှန်ကန်သော စိတ်နှလုံးကို ဘုရားသခင် ထံ တောင်းလျှောက်ခဲ့ပါသည်။ ကောင်းသောအကျင့်ကို ကျင့်၍ ညစ်ညူးခြင်း မရှိသော နှလုံးကို ဆိုလိုပါသည်။ သန့်ရှင်းသော အသက်တာ၊ စစ်မှန်သော စိတ်နှလုံးကို သူလိုချင်ခဲ့၏။ ဘုရားသခင်ကို ဆန့်ကျင်ခဲ့လျှင် သူသည်လည်း မာနကြီးသောသူကဲ့သို့ အရှက်ရမည်အကြောင်း သိခဲ့ပါသည်။ ဘုရားသခင်ရှေ့၌ မှန်ကန်သော စိတ်သဘောထား ရှိလိုခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ ဝါကြွားသောစိတ် မရှိပါနှင့်။ ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်သဘော မွေးပါလော့။ ဘုရားသခင်သည် တရားသဖြင့် ပြုတော်မူမည်။ နှုတ်ကပတ်တော်ကို မှောက်လှန်သောသူတို့သည် စီရင်ခြင်း ခံရကြမည်။ သူတပါး လမ်းမှားစေသောသူကို ဘုရားသခင် သည် အပြစ်မရှိဟု သတ်မှတ် တော်မမူ။ သန့်ရှင်းသူသည် ဤလောကီ ညစ်ညူးခြင်း၏ လွှမ်းမိုးမှုကို မခံ။ ဘုရားသခင်ထံ သစ္စာရှိကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူများနှင့်နှုတ်ကပတ်တော်ကို ကျွန်တော် မဟုတ်မမှန် စီရင် ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ထောင်လွှားသောသူကို ကိုယ်တိုင် မစီရင်ဘဲ၊ ကိုယ်တော်၏ တရားသော စီရင်ခြင်းသို့ ပို့ဆောင်မည်အကြောင်း မစတော်မူပါ။

**ဆာလံ ၁၁၉း၈၁-၈၂**

ဆာလံ ၃၉း၇-၁၃

*"အို ထာဝရဘုရား၊ ကိုယ်တော်၌သာ မြော်လင့်စရာ အကြောင်းရှိပါ၏"*

# နှုတ်ကပတ်တော်၌ တည်သောငြိမ်သက်မြော်လင့်ခြင်း

ယုံကြည်သူအသက်တာ၌ ရန်သူက အနိုင်ရသည်ဟု ထင်ရသော အချိန်များ ရှိတတ်ပါသည်။ ထိုသို့သော ခက်ခဲသည့်အချိန်တွင် ဘုရားသခင်၏စစ်သူရဲတို့သည် နောက်ဆုတ်ကြသည်ဟု ထင်မှတ်ရပါသည်။ ထိုအချန်တွင် စစ်သူရဲခေါင်းဆောင်သည် စစ်သူရဲများကို စိတ်ခွန်အား ပေးလျက် အမှုတော်သို့ ပြန်လည်ချီတတ်ရန် တိုက်တွန်းခဲ့ပါသည်။ ထိုသို့ အထက်မှ ခွန်အား ပေးခြင်း မရှိလျှင် စစ်သူရဲတို့သည် စိတ်ပျက်အားငယ်၍ အမှုတော် မအောင်မြင်ဘဲ ရှိနိုင်ပါသည်။

ခွန်အားလျော့ပါ၏ - ဆာလံဆရာသည် ထိုသို့ အားအင်ကုန်ခမ်းလျက်၊ ရန်သူတို့၏ ဖိအားပေးခြင်းကို ခံခဲ့ရပါသည်။ သူသည် ကူညီမစခြင်း လိုအပ်ပါ၏။ သူ့ခွန်အားတို့သည် ဖယောင်းကဲ့သို့ အရည်ပျော်လျက် ပုန်းခိုဖို့ရန် မိမိခြေများကိုပင် မရွေ့လျား လိုခဲ့ပေ။ စစ်တိုက်ပြီးနောက် စားစရာမရှိဖြစ်၍ သူသည် ပင်ပန်းနွမ်းလျခြင်းကြောင့် အားအင်ကုန်ခမ်းခဲ့ပါသည်။ ဆက်လက်၍ အသက်မဆက်နိုင် ဖြစ်ခဲ့ရပါသည်။ သူသည် ခေါင်းဆောင်ထံမှ အားပေးစကားကို လိုအပ်ခဲ့ပါသည်။ အောင်မြင်ခြင်း ရမည်အကြောင်း နောက်တကြိမ် ဂတိတော်စကား ကြားရသောအခွင့် ရလိုခဲ့ပါသည်။ ထိုသို့သောအသံကို ကြားဖို့ရန် သူ နားစွင့်နေပါ၏။ သူသည် နှုတ်ကပတ်တရားတော်၊ ထာဝရအသက်ရှင်ခြင်းနှင့်ဆိုင်သော စကားတော်ကို မြော်လင့်လျက်၊ နှိမ့်သိမ့်လျက် စိတ်သက်သာရာရခဲ့ပါသည်။

အကျွန်ုပ်မျက်စိတို့သည် အားကုန်ပါ၏ - ဆာလံဆရာသည် သေအံ့ဆဲဆဲဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ နှိမ့်သိမ့်ခြင်း နှုတ်ကပတ်တော်ကို မြော်လင့်လျက် မျက်စိ အားကုန်ခဲ့ပါသည်။ အမှောက် လမ်းအဆုံး၌ ရှိသော အလင်းကိုပင် မမြင်နိုင်ဖြစ်ခဲ့ရပါသည်။ သူသည် မြော်လင့်ခြင်းမဲ့သောသူ ကဲ့သို့ဖြစ်ခဲ့ရပါသည်။ သို့သော်လည်း၊ ဤ သန့်ရှင်းသူသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ နှိမ့်သိမ့်ခြင်းကို မြော်လင့်ခဲ့ပါသည်။ ဤလောက၌ အခက်အခဲ ကြုံတွေ့ရသော်လည်း၊ နောက်ဆုံးတွင် ဘုရားသခင်၏ နှိမ့်သိမ့် အားပေး ခြင်းဖြင့် ခရစ်တော်ယေရှု၌ အောင်မြင်ခြင်း ရရှိမည်ဖြစ်ပါသည်။

ခရစ်ယာန်တိုင်း တိုက်ခိုက်ရမည့် စစ်ပွဲသည် အလွန်ခက်ခဲသော၊ ပင်ပန်းစရာကောင်းသော စစ်ဖြစ်ပါသည်။ ရန်သူ နတ်ဆိုးများတို့သည် မရပ်မနား သူတို့၏ လေးမြှားတို့ဖြင့် အပြင်းအထန် ပစ်ခတ်နေကြပါသည်။ အားနည်းသောစစ်သူရဲသည် အမှန် စိတ်ပျက် အားငယ်မည်ဖြစ်ပါသည်။ အချို့တို့သည် ကျဆုံးနိုင်ပါသည်။ သို့သော်လည်း၊ ဆာလံဆရာ၏အသက်တာ၌ တွေ့ရသည်မှာ စစ်ပွဲသည် ဘုရားသခင်၏စစ်ဖြစ်လျက်၊ ခွန်အားသည် ဘုရားသခင်ထံမှ လာမည်ဖြစ်ပါသည်။ အောင်မြင်ခြင်းသည်လည်း မုချအမှန် ရောက်ရှိလာပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏တန်ခိုးကြီးသော နှုတ်ကပတ်တော်ကို ကျွန်တော် ကိုးစားပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို စိတ်မပျက်စေမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၄)
**ဆာလံ ၁၁၉း၈၃-၈၄**
မသဲ ၅း၁၀-၁၂

*"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှင်းဆဲခြင်းခံရသောသူတို့သည် မင်္ဂလာရှိကြ၏"*

# ညှင်းဆဲခြင်းခံရသောသူအဖို့ ဘုရားသခင်၏နှုတ်ကပတ်တော်

ညှင်းဆဲခံရခြင်းသည် သေးငယ်သောအမှု ဟုတ်ပါ။ သနားကြင်နာခြင်း လုံးဝ မရှိဘဲ ထုထောင်းခြင်းနှင့် အော်ဟစ် ကြိမ်းမောင်းခြင်းက ညှင်းဆဲခြင်း ခံရသောသူ၏စိတ်ကို ရှုတ်ထွေးစေပါလိမ့်မည်။ များမကြာမီ ထိုသူသည် ဘေးဖယ်ခြင်းခံလျက်၊ စိတ်အားငယ်ခြင်း ခံစားရမည် ဖြစ်ပါသည်။ ညှင်းဆဲသောသူ၏ ဖိအားပေးမှုကြောင့် ခံရသောသူသည် စိတ်ဒဏ်ရာရလျက်၊ ပုံမှန်စိတ်မရှိဘဲ ရူးကြောင်ကြောင် ဖြစ်သွားနိုင်ပါသည်။

<u>မီးခိုး၌ ရှိသော သားရေဘူး ကဲ့သို့ ဖြစ်ပါ၏</u> - ဆာလံဆရာက မိမိသည် မီးခိုး၌ ရှိသော သားရေဘူး ကဲ့သို့ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (ဆာလံ ၁၁၉း၈၃)။ ဓမ္မဟောင်းထဲတွင် ဘူးများကို ဖန် (သို့) ပလပ်စတစ်ဖြင့် မပြုလုပ်ဘဲ၊ သားရေဖြင့် ပြုလုပ်ကြပါသည်။ မီးခိုး၌ ထားသော သားရေဘူးသည် မည်သို့ဖြစ်မည်ကို သင်ခန့်မှန်းနိုင်ပါသည်။ ထိုသို့သောညှင်းဆဲခြင်းကို သူ ခံစားခဲ့ရပါသည်။ သားရေသည် မကြာမီ မာကြောပါလိမ့်မည်။ ထိုအခါ လွယ်ကူစွာ ကွဲလျက်၊ ဘူးအဖြစ်သို့ ပြန်လည် ပြုပြင်၍ မရတော့ပါ။ ညှင်းဆဲခြင်းခံရသောသူကို နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကသာလျှင် ပြန်လည် ပြုပြင် အသက်ရှင်စေတော်မူနိုင်၏။

<u>နှုတ်ကပတ်တရားတော်ကို မမေ့လျော့ပါ</u> - ညှင်းဆဲခြင်းခံရသောသူသည် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ ထာဝရတန်ခိုးတော်ဖြင့်သာလျှင် ခံနိုင်ရည်ရှိ၍ ဆက်လက် ရပ်တည်နိုင်၏။ ညှင်းဆဲသောသူများအလယ်၌ သူသည် ထိုဘုရားသခင်၏နှုတ်ကပတ်တောကို ယုံကြည်သည် ဖြစ်သောကြောင့် ထိုနှုတ်ကပတ်တော်က လမ်းပြတော်မူလိမ့်မည်။ စိတ်အားငယ်ခြင်းနှင့် ကဲ့ရဲ့ခြင်းအလယ်၌ သူ ယုံကြည်ကိုးစားသော မျှော်လင့်သောအရာသည် နှုတ်ကပတ်တော်သာလျှင် ဖြစ်ပါ၏။ ထိုနှုတ်ကပတ်တရားတော်ကို သူ့စိတ်နှလုံးထဲမှ ပျောက်ကွယ်မည် မဟုတ်တော့ပါ။

ဆာလံဆရာသည် ဘုရားသခင်အား အလျင်အမြန် အမှုပြုတော်မူဖို့ရန် တောင်းလျှောက်သောအခါ မေးခွန်းထုတ် ခဲ့ပါသည်။ ကိုယ်တော်၏ကျွန်သည် နေ့ရက် ကာလ ဘယ်လောက် နေရပါမည်နည်း။ ရေငွေ့ကဲ့သို့ မကြာမီ ကွယ်ပျောက်ပါလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်အား တရားသော စီရင်ခြင်းကို အလျင်အမြန် ဆောင်ရွက်ဖို့ရန် တောင်းလျှောက်ခဲ့ပါသည်။ ထိုအမှုကို ဘုရားသခင်သည် မိမိအချိန်၌ ပြုတော်မူလိမ့်မည်။ ဤအချက်အားဖြင့် သူခံရသောညှင်းဆဲခြင်း၏ ပြင်းထန်မှုကို သိမြင်ရပါသည်။

ချစ်သော စာဖတ်သူ၊ ထိုသို့သောညှင်းဆဲခြင်း ခံရသော်လည်း ဘုရားသခင်၏ဂတိတော်တရားကို မမေ့လျော့သော ဆာလံဆရာကဲ့သို့ ဖြစ်ကြပါစို့။ ထာဝရဘုရားသည် တရားသဖြင့် စီရင်တော်မူသော တရားသူကြီးဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ညှင်းဆဲသောသူတို့အပေါ် ဘုရားသခင်၏တရားသော စီရင်ခြင်းသည် ဤလောက၌ ဖြစ်ပွားပါမည်လော။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏သားသမီးများကို ကယ်တင်တော်မူမည်အကြောင်း၊ ကိုယ်တော်၏ဂတိတော်ကို အစဉ်သိမှတ်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၅)
**ဆာလံ ၁၁၉း၈၅-၈၈**
မသဲ ၁၀း၁၆-၂၆

*"ထို့ကြောင့် သူတို့ကို မကြောက်ကြနှင့်။ ဖုံးထားလျက် ရှိသမျှသောအရာတို့သည် ပွင့်လိမ့်မည်"*

# ညှင်းဆဲခြင်းအမှုပြုသောသူတို့အဖို့ ဘုရားသခင်၏နှုတ်ကပတ်တော်

အဘယ့်ကြောင့် ညှင်းဆဲသောသူများ ရှိကြပါသနည်း။ ဤအမှု၏အရင်းအမြစ်သည် စာတန် ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏လူများကို ညှင်းပန်းနှိပ်စက်ခြင်းပြု၏။ ခရစ်တော်ထံ လူတို့ကို ခေါ်ဆောင်သော သတင်းကောင်း ဟောပြောခြင်းကို စာတန် မုန်းတီးပါသည်။ ဘုရားသခင်၏အမှုတော် မှန်သမျှကို စာတန်သည် ဆန့်ကျင်ခြင်းပြုပါ၏။ ဘုရားသခင်၏သားသမီးများအား ဤလောက၏အလင်းနှင့်ဆား မဖြစ်ဖို့ရန် သူသည် ကြိုးစား ဆီးတားလျက်ရှိပါသည်။ ထို့ကြောင့် ခရစ်ယာန်များကို ဆန့်ကျင်လျက် ညှင်းဆဲခြင်းပြုခြင်းဖြစ်ပါသည်။

<u>တွင်းများကို တူးကြပါပြီ</u> - ညှင်းဆဲသောသူတို့သည် ယုံကြည်သူများအတွက် တွင်းတူးကြ၏။ သူတို့ကို မာနကြီးသောသူများဟု ဖော်ပြခဲ့ပါသည်။ သက်သေခံခြင်းအမှုကို ပြုသောခရစ်ယာန်များကို တရား မဟောနိုင်မည်အကြောင်း အမျိုးမျိုး ဆီးတားခြင်းပြု၏။ ဘုရားသခင်၏သားသမီးများကို အသေသတ်ခြင်းထက် ပိုကောင်းသောအရာ သူတို့အတွက် ရှိပါတော့မည်လော။ သူတို့သည် တရားမဲ့သောသူ ဖြစ်ကြသဖြင့်၊ ဘုရားသခင်၏ပညတ်တော်ကို မလိုက်လျှောက်ကြပါ။

<u>အကြောင်းမရှိဘဲ ညှင်းဆဲကြသည်</u> - ဘုရားသခင်၏သစ္စာရှိတော်မူခြင်းနှင့် ဆန့်ကျင်လျက်၊ သူတို့သည် ဆာလံဆရာကို အကြောင်းမရှိဘဲ ညှင်းဆဲကြ၏။ မှားယွင်းစွာ စပ်စွဲလျက် ဘုရားသခင်၏ လူကို နှိပ်စက်ကြပါသည်။ ခရစ်ယာန်များ၏အသက်တာနှင့် သက်သေခံချက်များကို မဟုတ် မမှန် ကြိုးစား ဖျက်ဆီးတတ်ကြပါသည်။ ထို မဟုတ်မမှန် သတင်းများကြောင့် လူတို့သည် ဘုရားလူများနှင့် မိသာဟာယ မဖွဲ့လိုကြဘဲနေ၍ ဝိညာဉ်အရေး၌ မကြီးထွားနိုင်ဖြစ်ကြပါသည်။

<u>သုတ်သင်ပယ်ရှင်းလုပါပြီ</u> - ပယ်ရှင်း ဆိုသည်မှာ ထိုလူဆိုးတို့သည် သန့်ရှင်းသူကို အသေ သတ် ဖျောက်ပစ်လိုကြခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သောအရာမှန်သမျှကို သူတို့သည် ဆန့်ကျင် ဖျက်ဆီးဖို့ရန် ကြိုးစားခဲ့ကြပါသည်။

ချစ်သော စာဖတ်သူ၊ ညှင်းဆဲသောသူတို့သည် စာတန်၏တမန်များဖြစ်ကြပါသည်။ သူတို့သည် လူတို့၏အသက်ကို ဖျက်ဆီးလိုကြ၏။ သူတို့သည် အားကုန်ထုတ်ကြိုးစားသော်လည်း၊ ယုံကြည်သူများကို "ပယ်ရှင်းလု" (ဆာလံ ၁၁၉း၈၇) နီးပါး သာလျှင် တတ်နိုင်ကြ၏။ အမှန်တကယ် ပယ်ရှင်း နိုင်မည် မဟုတ်ပါ။ စာတန်နှင့်သူ၏အပေါင်းအပါ၊ သူတို့ကိုယ်တိုင်သာလျှင် နောက်ဆုံးတွင် ထာဝရ ပယ်ရှင်းခြင်း ခံရကြမည်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို မခံစားရကြပါ။ ဘုရားသခင်၏ရည်ရွယ်ချက်၊ အကြံအစည်ကို သူတို့သည် ဘယ်တော့မှ မဖျက်ဆီး နိုင်ပါ။ သူတို့၏ အကောင်းဆုံး တတ်နိုင်စွမ်းသည် "လုနီးနီး" သာလျှင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ညှင်းဆဲသောသူများ၏အဆုံးသတ်ကို ကျွန်တော်သိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ရန်သူဘက်၌ မရပ်တည်မည်အကြောင်း ကျွန်ုပ်အား အသိဉာဏ် အလင်း ပေးသနားတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၆)
**ဆာလံ ၁၁၉း၈၉-၉၁**
မသဲ ၅း၁၇-၂၀

*“ကောင်းကင်နှင့်မြေကြီး မပျက်စီးမှီတိုင်အောင်၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံး ဗိန္ဓုတလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မှီ မပျက်စီးရ”*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်၏

အရင်ကထက် ယနေ့ အချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဆိုးရွားစွာ အတိုက်အခိုက် ခံရ၏။ စာတန်သည် အပြင်လူဘဲ မဟုတ်၊ အသင်းတော်အတွင်းမှ လူတို့ကို အသုံးပြုလျက် နှုတ်ကပတ်တရားတော်ကို ဆန့်ကျင်ခြင်းပြု၏။ ထို့ကြောင့် များစွာသော ယုံကြည်သူများ၏ ယုံကြည်ခြင်းသည် ယိမ်းယိုင်လျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အမှားပါသောကြောင့် ယုံကြည်စိတ်ချ၍ မရ ဟူသော မှားယွင်းသည့်ယုံကြည်ခြင်းဘက်သို့ တဖြည်းဖြည်း ရွေ့သွားခဲ့ကြ၏။

ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏ - အစဉ်အမြဲတည်၏ ဆိုသည်မှာ ကျောက်ပေါ်၌ စိုက်ထူထားသော၊ ခိုင်မြဲသော၊ မြဲမြံသော တိုင်လုံးနှင့် ခိုင်းနှိုင်း၍ ရပါသည်။ ဆာလံဆရာက နှုတ်ပတ်တော်သည် မတည်မြဲသော ဤလောက၌ မဟုတ်ဘဲ၊ ကောင်းကင်ဘုံ၌ စိုက်ထူထားသော အရာဟု ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရ အစဉ်အမြဲတည်၏။ ထာဝရ ပြောင်းလဲခြင်း မရှိသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆာလံဆရာသည် ယုံကြည်ကိုးစား ခဲ့ပါသည်။

လူမျိုးအဆက်ဆက် - ကောင်းကင်ဘုံသည် ထာဝရတည်သည် ဖြစ်သောကြောင့်၊ ထိုကောင်းကင်ဘုံ၌တည်သော နှုတ်ကပတ်တော်သည်လည်း ထာဝရတည်ပါ၏။ နှုတ်ကပတ်တော်၌ တည်သော ဘုရားသခင်၏ဂတိတော်တို့သည် ဆက်လက်တည်နေမည်ဖြစ်ပါသည်။ လူမျိုးအဆက်ဆက်တို့သည် ထိုဂတိတော်စကားကို ကြားရကြမည်ဖြစ်၏။ ဤကမ္ဘာလောက၌လည်း နှုတ်ကပတ်တော်သည် အမှားအယွင်း မရှိဘဲ စုံလင်စွာ ထိန်းသိမ်း စောင့်ရှောက်ခြင်း ခံရပါသည်။ မောရှေ၊ ပရောဖက်များနှင့်တမန်တော်များထံ ပေးသနားတော်မူခဲ့သော နှုတ်ကပတ်တော်သည် အမှားအယွင်း မရှိ ယနေ့ ကျွန်တော်တို့လက်ထဲ၌ ရှိပါသည်။

အမြဲနေပါ၏ - ယနေ့ထိတိုင် ရှိနေဆဲဖြစ်ကြောင်း ဆာလံဆရာက မိန့်တော်မူ၏။ ထာဝရတည်မည်ဖြစ်သောကြောင့်၊ ယနေ့ ဤကမ္ဘာ၌လည်း မပြောင်းမလဲ တည်ရှိရပါမည်။ လူတို့၏ စကားသည် ပြောင်းလဲခြင်းရှိပါသည်။ မပြောင်းလဲသော လူ၏စကား ဟူ၍ မရှိပါ။ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သာလျှင် ခေတ်အဆက်ဆက် တည်သည်ဖြစ်၍ လုံးဝ ယုံကြည် စိတ်ချ၍ ရ၏။ ထိုကျမ်းစာသည် ဉာဏ်ပညာ၏ တခုတည်းသော အရင်းအမြစ်ဖြစ်ပါသည်။ လူကို မကိုးစားဘဲ၊ ကျွန်တော်တို့သည် ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားပါ၏။ ချစ်သော စာဖတ်သူ၊ သင် အဘယ်သူကို ယုံကြည်ကိုးစား ပါမည်နည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာကို ကျွန်တော် ယုံကြည် ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏သမ္မာတရားကို သိမြင်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁၇)

**ဆာလံ ၁၁၉း၉၂**

ရောမ ၇း၁၄-၂၅

*"ငါသည် အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကို နှစ်သက်၏"*

# ဘုရားသခင်၏ပညတ်တော်မပါလျှင် ကျွန်တော်ပျက်စီးပါပြီ

အခက်အခဲဒုက္ခ သည် ဤလောကလူ့ အသက်တာ၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။ ထိုအရာများအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များနှင့် ခံရမည့် ထာဝရ ငရဲမီးအိုင်အကြောင်းကို အသိပေးလျက်ရှိပါ၏။ ထိုအမှုများကြောင့် ဘုရားသခင်၏ပညတ်တရားကို ကျွန်တော်တို့ ချိုးဖောက်ခဲ့ကြောင်းနှင့် ကယ်တင်ရှင် လိုအပ်ကြောင်းကို သိခဲ့ရပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်တရား မပါဘဲ၊ ထိုအခက်အခဲများအားဖြင့် ယေရှုထံ ပို့ဆောင်ပေးတော်မူသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာလက်တော်ကို မြင်နိုင်ခြင်း မရှိပါ။ ဝိညာဉ်တော်၏ တန်ဆာပလာဖြစ်သော နှုတ်ကပတ်တရားတော် မပါလျှင်၊ ကျွန်တော်တို့သည် ပို၍ စိတ်နှလုံး ခိုင်မာလျက်၊ ပျက်စီးခြင်းသို့ ရောက်မည်ဖြစ်ပါသည်။

<u>တရား၌ မွေ့လျော်ခြင်း</u> - ဆာလံဆရာသည် ဘုရားသခင်၏တရား၌ မွေ့လျော်ခြင်း မရှိခဲ့လျှင်၊ သူ အခက်အခဲ ခံရစဉ် ပျက်စီးခြင်းသို့ ရောက်ခဲ့ပါလိမ့်မည်။ ထိုသို့သောအမှုကို များစွာသောလူများ ကြုံတွေ့ခဲ့ရပါသည်။ မွေးကတည်းက စစ်နှင့် အစားအစာ ခေါင်းပါးမှုကို ကြုံ ခဲ့ရကြ၏။ သို့သော်လည်း တရားတော်၌ မွေ့လျော်ခြင်း ရှိကြသောကြောင့် သူတို့၏တပါးတည်းသော မြော်လင့်ခြင်းသည် ယေရှုသာလျှင် ဖြစ်ကြောင်း သိခဲ့ကြပါသည်။ ဤအချက်ကို ကျမ်းစာ မှန်မှန် ဖတ်ရှု လေ့လာသောသူသာလျှင် နားလည်သဘောပေါက်နိုင်ပါသည်။

<u>ဆင်းရဲခံစဉ် ပျက်စီးပါပြီ</u> - ထိုသို့သောဆင်းရဲဒုက္ခသည် ဆာလံဆရာကို ပျက်စီးစေမည်ဖြစ်ပါသည်။ ထိုသို့သောဆင်းရဲဒုက္ခ ခံရသောသူများသည် ညီးထွား မြည်တမ်းခြင်း ပြုကြပါလိမ့်မည်။ နောက်ဆုံးတွင် နှုတ်ကပတ်တော်နှင့်ဘုရားသခင်ကို ဆန့်ကျင်ကြလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်ကို ဆန့်ကျင်သော၊ ယေရှုကို မိမိ၏ကယ်တင်ရှင် သခင်အဖြစ် လက်မခံသောသူများသည် နောက်ဆုံးတွင် အမှန် ပျက်စီးခြင်းသို့ ရောက်ကြမည်ဖြစ်ပါသည်။ ထိုပျက်စီးခြင်းသည် ခဏတာ မဟုတ်၊ ငရဲ မီးပင်လယ်၌ ထာဝရ ပျက်စီးခြင်းပင်ဖြစ်ပါသည်။

နှုတ်ကပတ်တော်၌ မွေ့လျော်ခြင်းသည် သမ္မာတရားကို သိဖို့ရန် လူ့မျက်စိကို ဖွင့်ပေးပါလိမ့်မည်။ ဤဆင်းရဲဒုက္ခများသည် အပြစ်သားများကို မိမိထံ ချဉ်းကပ်ဖို့ရန် ဘုရားသခင် ခေါ်တော်မူခြင်းဖြစ်ကြောင်း လူတို့ကို အသိပေးတော်မူသောသူသည် ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကြောင့် ဝမ်းမြောက်ခြင်း ရှိပါလော့။ ဆင်းရဲဒုက္ခများသည် စိတ်ပျက်စရာ အလွန်ကောင်းလှသော်လည်း၊ နှုတ်ကပတ်တော်၌ မွေ့လျော်သောသူ၏အမြင်တွင် ထိုအရာများသည် ဘုရားသခင်၏ လမ်းပြ စောင့်ရှောက် ပြုစုတော်မူခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ရှု ဆင်ခြင်ခြင်းကို ကျွန်တော် နှစ်သက်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်၌ ပျော်မွေ့ခြင်းရှိသော စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၈)
**ဆာလံ ၁၁၉း၉၃**
ယောဟန် ၆း၆၀-၆၆

*"ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။
အသက်လည်း ဖြစ်၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသက်ရှင်ခြင်းကိုပေး၏

အသက်ရှင်စေခြင်း ဆိုသည်မှာ နိုးဆော် နိုးထခြင်းလည်း ဖြစ်ပါသည်။ စကား အပြောကောင်းသောသူသည် လူတို့ကို နိုးထစေလျက်၊ အမှုပြုဖို့ရန် စိတ်အားထက်သန်စေ၏။ သူတို့ ပြောစကားသည် လူတို့အား သူတို့၏မှုသာကို အမှန်ထင်စေတတ်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် ပို၍များစွာ တန်ခိုးရှိတော်မူ၏။ သေလူကို ပြန်လည် အသက်ရှင်စေနိုင်၏၊ ထာဝရအသက် ကိုလည်း ပေးတော်မူ၏။ ဆာလံဆရာက မိမိကို အသက်ရှင်စေတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မိမိ မမေ့ကြောင်း သက်သေခံခဲ့ပါသည်။

<u>အစဉ် မမေ့လျော့</u> - အရေးကြီးသောအဖြစ်အပျက်များကို ကျွန်တော်တို့သည် အစဉ်သတိရ တတ်ပါသည်။ ကျွန်ုပ်အသက်တာ၌ မေ့၍ မရသော နေ့ရက်သည် ခရစ်တော်အား အကျွန်ုပ်၏ ကယ်တင်ရှင် သခင်အဖြစ် ယုံကြည်လက်ခံသော နေ့ ပင်ဖြစ်ပါသည်။ ထိုနေ့သည် ဝိညာဉ်အရာ၌ ကျွန်တော် အသက်ရှင်စေခြင်း ခံရသောနေ့ ဖြစ်သောကြောင့် ပေတည်း။ ဟောပြောသော တရားတော် ကျွန်တော် ကြားရပြီး၊ ဝိညာဉ်တော်က ထိုတရားကို အသုံးပြုလျက် ကျွန်ုပ်အပြစ် ကို ဖော်ပြလျက်၊ ကယ်တင်ရှင် ယေရှု ခရစ်တော် ကျွန်တော်လိုအပ်ကြောင်း သိစေတော်မူ ခဲ့ပါသည်။ ထိုနှုတ်ကပတ်တော် မရှိခဲ့လျှင်၊ ငရဲကျခံမည့်သူ၊ ဘုရားသခင်၏အမျက်တော် ခံရမည့်သူဖြစ်ကြောင်း မိမိကိုယ်ကို သိခဲ့လိမ့်မည် မဟုတ်ပါ။ ထိုနေ့ကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မည် မဟုတ်ပါ။

<u>နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်စေတော်မူ၏</u> - ခရစ်တော်၏သတင်းကောင်း၊ နှုတ်ကပတ်တော်သည် "ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်း တို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော် ဖြစ်၏" (ရောမ ၁း၁၆)။ "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်း မတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်း ဖြစ်၏" (ယောဟန် ၆း၆၃)။ ဝိညာဉ်၌ သေသောသူကို အသက်ရှင်စေဖို့ရန် ဝိညာဉ်တော်သည် နှုတ်ကပတ်တရားတော်ကို အသုံးပြုတော်မူ၏။ နှုတ်ကပတ်တော်၏ အရေးကြီးမှု ကို မှတ်သားပါလော့။ အချို့သော ယနေ့လူတို့သည် နှုတ်ကပတ်တော်ကို ပစ်ပယ်လျက်၊ ဘုရားသခင်၏ဝိညာဉ်တော် မဟုတ်သော ဝိညာဉ်ကို ကိုးစားတတ်ကြ၏။

ချစ်သော စာဖတ်သူ၊ သင့်ကို အသက်ရှင်စေသော နှုတ်ကပတ်တော်ကို မမေ့ပါနှင့်။ ထိုနှုတ်ကပတ်တော်ကို ချစ်ခင် နှစ်သက်ခြင်း ရှိလော့။ သင့်ကို ထာဝရအသက်ပေးသော၊ ကယ်တင် ရှင် ယေရှုခရစ်တော်ထံ ပို့ဆောင်တော်မူသော နှုတ်ကပတ်တော်ကို သင် မေ့နိုင်ပါမည်လော။ သင် ခံရသော ကယ်တင်ခြင်းသည် ပြန်လည် မဆုံးရှုံးနိုင်သော ကယ်တင်ခြင်း ဖြစ်ကြောင်း ထိုနှုတ်ကပတ် တရားတော်က ဂတိပေးခဲ့ပါသည်။ ထို အသက်ရှင်ခြင်း တရားတော်ကို မမေ့ပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်က အသက်ရှင်စေတော်မူသည် မဟုတ်လော။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို အသက်ရှင်ခြင်းပေးတော်မူသော ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကျွန်တော် အစဉ်အောက်မေ့ သတိရ လိုပါ၏။

*"သင်တို့၌ထားသော တရားအပေါင်းနှင့်အမျှ ဖြောင့်မတ်သော စီရင်ထုံးဖွဲ့ချက်တို့ကို ရသော အဘယ်လူမျိုးကြီး ရှိသနည်း"*

# ကယ်နှုတ်တော်မူခြင်း နှုတ်ကပတ်တော်

ဘုရားသခင်၏လူတို့သည် ရန်သူ၏တိုက်ခိုက်ခြင်းကို ခံနေရပါသည်။ ၂ တိ ၃း၁၂-၁၃ ကို ဖတ်ပါ။ ယုံကြည်သူများကို သွေးဆောင်နေသော ဤလူဆိုးများထံမှ လွတ်မြောက်ဖို့ရန် ဘုရားသခင်၏ မစတော်မူခြင်းကို ကျွန်တော်တို့ လိုအပ်ပါသည်။ ဖြားယောင်း သွေးဆောင်သောသူများထံမှ ကျွန်တော်တို့ကို ဘယ်အရာက ကွယ်ကာနိုင်ပါသနည်း။

<u>ဆုတောင်းခြင်း</u> - မိမိကို ဘုရားသခင် ပိုင်တော်မူကြောင်း ဆာလံဆရာ ကောင်းကောင်း သိပါ၏။ သူသည် ဘုရားသခင်၏သား၊ ခရစ်တော်၏ယုံကြည်သူဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ မေရှိယကို ယုံကြည်ကိုးစားဖို့ရန် သွန်သင်ပေးတော်မူသော နှုတ်ကပတ်တရားတော်ကို သူ နှစ်သက် လိုက်လျှောက်ခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်၏ ကယ်နှုတ်ခြင်းကို ခံရသောကြောင့် ဆက်လက် ကိုးစားလျက်ရှိပါသည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို သိသဖြင့်၊ ထိုဘုရားသခင်ထံ ဆုတောင်းခြင်းအမှုကို ပြုခဲ့ပါသည်။

<u>စောင့်လျက်နေကြ၏</u> - မိမိအား လူဆိုးတို့က စောင့်လျက်နေကြသည်ကို ဆာလံဆရာ သိခဲ့ပါသည်။ မိမိကို ဖျက်ဆီးဖို့ရန် ထိုသူတို့သည် ကြိုးစားကြကြောင်း သိခဲ့ပါ၏။ သို့သော်လည်း သူသည် ထိုသူတို့ကိုပြန်လည် မတိုက်ခိုက်ဘဲ၊ ဘုရားသခင်ထံ ဆုတောင်းလျက်၊ သက်သေခံတော်မူ ချက်များကို ဆင်ခြင်တွေးတောခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ဂုဏ်တော်များကို သိသဖြင့်၊ ရန်သူများ၏တိုက်ခိုက်ခြင်း ခံနေရစဉ်ပင် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း ရှိ၏။ များစွာသော ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို ကြုံတွေ့ ခံစားခဲ့ကြပါသည်။

<u>သိမြင်ခြင်း</u> - ဆာလံဆရာသည် ဤလောက၌ နေထိုင်စဉ် များစွာသောအရာများ၏ အဆုံး၊ စုံလင်ခြင်းကို သိမြင်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်ပြုတော်မူသော၊ များစွာသော အမှုများ ကြောင့် အံ့သြခြင်းရှိခဲ့ပါသည်။ ထိုအရာတို့ကို သူ သဘောပေါက် နားလည်ခြင်း မရှိခဲ့ပါ။ သူ သိသည်မှာ ထို အံ့သြဘွယ်အမှုများကို ပြုတော်မူသော ဘုရားသခင်သည် မိမိအား လူဆိုးတို့လက်မှ ကယ်နှုတ်တော်မည် ဟူ၍ဖြစ်ပါသည်။ သူသည် ခြိမ်းခြောက်ခြင်း ခံနေရသော်လည်း၊ ဘုရားသခင် သည် မိမိကို ကယ်နှုတ်တော်မူနိုင်ကြောင်း ကောင်းကောင်း သိမြင်ခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်ကို ဘုရားသခင် ကယ်နှုတ်တော်မူနိုင်ကြောင်း မည်သို့ သင် ယုံကြည် နိုင်ပါသနည်း။ နှုတ်ကပတ်တော်ကို ဖတ်ပါ။ ကျမ်းစာကို သင် ပိုဖတ်လေလေ၊ ဘုရားသခင် ၏ သနားကြင်နာခြင်းနှင့်စောင့်ရှောက်တော်မူခြင်းကို သင်ခံစားရမည်အကြောင်း ယုံကြည် စိတ်ချမှု ရှိလေလေ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းကို ကျွန်တော် အမှန် ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ သမ္မာကျမ်းစာ၌ ဖော်ပြထားသော အံ့ဘွယ်အမှုများတို့သည် အကျွန်ုပ်ကို ကိုယ်တော် ကယ်နှုတ်တော်မူနိုင်ကြောင်း လိုအပ်သည်ထက် ပိုသော သက်သေများ ဖြစ်ကြပါသည်။

**ဆာလံ ၁၁၉း၉၇**

တရား ၆း၄-၁၆

*"သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်လော့"*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချစ်နှစ်သက်လော့

ဘုရားသခင်၏ပညတ်တော်ကို ဆာလံဆရာ အလွန် နှစ်သက်ကြောင်း တွေ့ရပါသည်။ မှန်ပါ၏၊ ပညတ်တရားတော်မှ ဘုရားသခင်၏ကျေးဇူးတော် ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ ယုံကြည်သူများ သိနားလည်ကြ၏။ ဘုရားသခင်၏ပညတ်တော်ကို လူတို့ စုံလင်စွာ မလိုက်လျှောက်နိုင်ကြသောကြောင့်၊ သခင်ယေရှု ခရစ်တော်၌ ကျေးဇူးတော်ကို ပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။ "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကို ပို့ဆောင်၍ ငါတို့၏ အထိန်းတော် ဖြစ်သတည်း" (ဂလာတိ ၃း၂၄)။ ဘုရားသခင်ရှေ့၌ ကျွန်တော်တို့သည် အပြစ်သားဖြစ်ကြောင်း ဖော်ပြပေးသော ပညတ်တရားကြောင့် ကျေးဇူးတင်ပါ၏။ ထိုအချက်က စစ်မှန်သော ကယ်တင်ရှင်၊ လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူသော ယေရှုထံ ကျွန်တော်တို့ကို ခေါ်ဆောင်တော်မူ၏။

ဆင်ခြင်အောက်မေ့ခြင်း - ဘုရားသခင်၏ပညတ်တော်ကို နှစ်သက်ကြောင်း မည်သို့ ပြသရပါမည်နည်း။ ဆာလံဆရာက ဤသို့ဖော်ပြခဲ့ပါသည် - နှုတ်ကပတ်တော် ဆင်ခြင်အောက်မေ့ခြင်းဖြင့် ဖော်ပြရပါမည်။ လေ့လာ သင်ယူခြင်းလည်းဖြစ်ပါသည်။ ထိုသို့လေ့လာ သင်ယူလျက်၊ ဆင်ခြင်အောက်မေ့ သောအခါ လိုက်လျှောက်လိုခြင်း ဖြစ်ပေါ်လာ၏။ ဘုရားသခင် ပြုစေလိုသောအရာကို သိဖို့ရန် ကျွန်တော်တို့ ဆုတောင်းတတ်လာ၏။ နှုတ်ကပတ်တော်ကို နှစ်သက်သောကြောင့်၊ အသက်တာ၌ ထိုနှုတ်ကပတ်တရားတော်၏ သွန်သင်ချက်၊ ဆုံးမချက်နှင့် လမ်းပြပို့ဆောင်မှုကို ဆင်ခြင် လိုက်လျှောက်တတ်လာပါသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ဘဝ၌ အခြားအရာများ ထက် အရေးကြီးဆုံးသောအရာ ဖြစ်လာ၏။ ဤလောကီအရာအားလုံးထက် နှုတ်ကပတ်တော်ကို ပို၍ ကျွန်တော်တို့ တန်ဖိုးထားလာ၏။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် အသက်တာ၌ အာဏာအရှိဆုံး ဖြစ်လာခဲ့ပါသည်။

တနေ့လုံး - နှုတ်ကပတ်တော်ကို တခဏသာ မဟုတ်၊ တနေ့လုံး ဆင်ခြင်ရပါမည်။ ဤလောကီအရာထက် နှုတ်ကပတ်တော်က ကျွန်ုပ်တို့၏စိတ်ကို လွှမ်းမိုးရပါမည်။ ကျွန်ုပ်တို့အတွက် ဘုရား ပြုပေးတော်မူသောအရာကို နေ့စဉ် အောက်မေ့ရပါမည်။ နှုတ်ကပတ်တော် မပါဘဲ၊ ဘယ်အရာမျှ မပြုပါနှင့်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အသက်တာ၏အစိတ်အပိုင်းဖြစ်လာ၍ ထိုတရားအတိုင်း အရာရာကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံသို့ ခရီးဆက်လျက်ရှိသောသူ အဖို့ လမ်းပြရှင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို နှစ်သက်လျှင်၊ ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်ရမည်။ ဘုရားသခင်၏ချစ်ခြင်းအကြောင်းကို ဖော်ပြတော်မူသော နှုတ်ကပတ်တော်ကို သင် ချစ်နှစ်သက်ပါသလား။ ယေရှုကို ချစ်သောသူသည် သမ္မာကျမ်းစာကိုလည်း ချစ်နှစ်သက်၏။

**ဆင်ခြင်ရန်** - ပညတ်တော်ကို ချစ်လျက် ကျွန်တော် အစဉ် ဆင်ခြင် နှလုံးသွင်းပါ သလား။

**ဆုတောင်းချက်** - အဖဘုရား၊ ရေးမှတ်သော နှုတ်ကပတ်တော် တည်းဟူသော သမ္မာကျမ်းစာ၌ ဖော်ပြတော်မူသော၊ အသက်ရှင်သော နှုတ်ကပတ်တော် တည်းဟူသော ယေရှုကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၁)
**ဆာလံ ၁၁၉း၉၈-၁၀၀**
သု ၈း၁-၁၁

*"နားလည်သောသူ၌ အလုံးစုံရှင်းလင်း၍၊ ပညာကို ရသောသူတို့အား ဟုတ်မှန်ကြ၏"*

## နှုတ်ကပတ်တရားတော်သည် လူကိုပညာရှိဖြစ်စေတော်မူ၏

ယနေ့ မိဘများသည် သားသမီးများ၏ပညာရေးအတွက် အချိန်ပေးလျက် ကြိုးစား အလုပ်လုပ်ကြပါသည်။ သားသမီးများကလည်း ဘွဲ့ရဖို့ရန် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ထိုသို့ မကြိုးစားသောသူများထက် သူတို့သည် ပိုသင်ကြား၍ ပိုသိခဲ့ကြပါသည်။ သို့သော်လည်း၊ သူတို့သည် ပို၍ ပညာရှိသည်ဟု မဆိုလိုပါ။ ပညာရှိကို ဤလောကီအသိဉာဏ် ကြွယ်ဝခြင်းဖြင့် မတိုင်းတာဘဲ၊ ဘုရားသခင်၏အကြောင်း သိခြင်း၊ ဘုရားသခင်၏အလိုတော် သိခြင်းဖြင့် တိုင်းတာခြင်းဖြစ်ပါသည်။

<u>ရန်သူတို့ထက်</u> - သူ၏ရန်သူတို့သည် မိမိတို့၏အသိဉာဏ် ကြွယ်ဝမှုကြောင့် ကြွားဝါခြင်း ပြုကြကြောင်း ဆာလံဆရာ သိပါသည်။ သို့သော်လည်း၊ ထိုသူတို့ထက် သူသည် ပို၍ ပညာရှိပါ၏။ ရန်သူတို့သည် စိတ်ထဲမှ ဘုရားသခင် မရှိဟု ဆိုကြသဖြင့်၊ မိုက်မဲသောသူများ ဖြစ်ကြပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူကြောင်း ယုံကြည်သောကြောင့် ဆာလံဆရာသည် ထိုသူတို့ထက် ပို၍ ပညာရှိသောသူဖြစ်ပါသည်။

<u>ဆရာအပေါင်းတို့ထက်</u> - သူ၏ဆရာများက သူ့ကို ကြယ်နှင့်လများ၊ သစ်ပင်များနှင့် တိရိစာန်များ၊ လူမျိုးများနှင့်ကိုယ်ကျင့်တရားများ အကြောင်းကို သင်ပေးခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ သူသည် ဘုရားသခင်ကို သိတော်မူသောကြောင့် ထိုဆရာများထက် ပို၍ ပညာရှိပါသည်။ ဘုရားသခင်ကို သိသည်သာမက၊ ဘုရားသခင်နှင့် မိဿဟာရ ဖွဲ့ခြင်းရှိပါသည်။ နှုတ်ကပတ်တော်ကို လေ့လာဖတ်ရှုသောအခါ ထိုတရားများက အသက်ရှင်ခြင်းသို့ မိမိကို ပို့ဆောင်မည်အကြောင်း သူသိခဲ့ပါသည်။

<u>အသက်ကြီးသူတို့ထက်</u> - အသက်ကြီးသူများဆိုသည်မှာ ရှေးလူများဖြစ်ပါသည်။ သူတို့သည် ဘဝအတွေ့အကြုံများစွာ ရှိသည်ဖြစ်သောကြောင့်၊ လူငယ်များ စားခဲ့သော ထမင်းထက်၊ သူတို့ စားသုံးခဲ့သော ဆားသည် ပိုများ၏ ဟုဆိုတတ်ကြပါသည်။ မည်မျှပင် အတွေ့အကြုံ ရှိစေကာမူ၊ ခရစ်တော်၏စိတ်သဘောရှိသော ခရစ်ယာန်၏ဉာဏ်ပညာနှင့် နှိုင်းယှဉ်စရာ မရှိပါ။ ရှေးလူများတို့သည် ကမ္ဘာဦးကျမ်းထဲမှ ဖန်ဆင်းခြင်းအကြောင်းကို မယုံကြည်ခဲ့ကြပါ။ သို့သော်လည်း ကျွန်တော်တို့သည် ယုံကြည်ခြင်း ရှိသဖြင့် သူတို့ထက် ပို၍ ပညာရှိကြပါ၏။

လောကီလူတို့ထက် ပို၍ ပညာရှိပါလော့။ နှုတ်ကပတ်တော်ကြောင့် ကျွန်တော်တို့သည် ပညာရှိဖြစ်ကြသောကြောင့်၊ ထိုနှုတ်ကပတ်တော်ကို အစဉ်လေ့လာဆည်းပူးပါလော့။ သို့မှသာ ကျွန်တော်တို့သည် သန့်ရှင်းသူတို့အား ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ရန် ခွန်အားပေး တိုက်တွန်း နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်ကြောင့် ကျွန်တော်သည် ပညာရှိဖြစ်ပါ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ဘုရား၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်တော်သည် ပို၍ ပညာရှိဖြစ်မည်အကြောင်း၊ နှုတ်ကပတ်တရားတော်ကို ဆင်ခြင်နှလုံးသွင်းလိုသော စိတ်နှလုံး ပေးသနားတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၂)
**ဆာလံ ၁၁၉း၁၀၁-၁၀၂**
ယောဟန် ၇း၁၄-၂၄

*"ထိုသူ၏ အလိုတော်သို့ လိုက်ချင်သောသူမည်သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ ဒေသနာဖြစ်သလော . . . သိလိမ့်မည်"*

# ဘုရားသခင်၏ဒေသနာတော်

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူလေ့လာသောအခါ၊ လက်တွေ့လိုက်လျှောက်ကျင့်သုံးခြင်း ပါဝင်ရပါမည်။ အသက်တာပြောင်းလဲခြင်း၊ နာခံလိုက်လျှောက်ခြင်း မပါလျှင် နှုတ်ကပတ်တော် သင်ယူသည်ဟု မဆိုနိုင်ပါ။ ဝိညာဉ်တော်က နှုတ်ကပတ်တော်ကို စိတ်နှလုံးထဲသို့ ပို့ဆောင်တော်မူသောအခါ အခြားသူများ မြင်တွေ့နိုင်သော အသက်တာ၌ ကျင့်သုံးခြင်း တွေ့ရ၏။

မကောင်းသောလမ်းကို လွှဲရှောင်ပါ၏ - နှုတ်ကပတ်တော်ကို ယုံကြည်သော ခရစ်ယာန်သည် မကောင်းသောလမ်းကို ရှောင်လွှဲပါလိမ့်မည်။ မာနထောင်လွှား စေနိုင်မည့်အရာများကိုလည်း စွဲလမ်းမှု မရှိအောင် မိမိစိတ်ကို ထိန်းချုပ်ပါလိမ့်မည်။ ထိုသို့ပြုခြင်းမှာ သင်ထက် ငါ ပို၍ သန့်ရှင်း၏ ဟူသော စိတ်ထားကြောင့် မဟုတ်ဘဲ၊ နှုတ်ကပတ်တော်က မကောင်းသောလမ်းသို့ ပြန် မသွားဖို့ရန် သွန်သင်ထားသောကြောင့် ဖြစ်ပါသည်။ ယုံကြည်သူသည် စာတန်၏နောက်လိုက် မဟုတ်တော့ဘဲ၊ ခရစ်တော်၏နောက်လိုက် ဖြစ်ပါသည်။

စီရင်တော်မူချက်မှ လွှဲ၍ မသွားပါ - ပညတ်တော်ဆယ်ပါးကိုလည်း ဘေးဖယ် မထားပါ။ ထိုပညတ်တရားကို ကယ်တင်ခြင်းအတွက် လိုက်လျှောက်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ ပြစ်ဒဏ်ခတ်ခြင်း မခံရဖို့ရန် နာခံခြင်းဖြစ်ပါသည်။ ခရစ်တော် စေခိုင်းတော်မူသော ကောင်းသောအကျင့် ကျင့် ဖို့ရန် ကြိုးစားအားထုတ်တတ်၏။ ဘုရားသခင်ကို ချစ်လျက်၊ နှုတ်ကပတ်တော်၏သွန်သင်ချက် အတိုင်း မကောင်းမှုကို ရှောင်လွှဲပါသည်။ သူသည် ကျဉ်းသောလမ်းသို့ လိုက်သဖြင့်၊ ဘုရားသခင်၏ တရားသဖြင့် စီရင်ခြင်းကို ကြောက်စရာ မလိုပါ။

ဝိညာဉ်တော်ဘုရား၏ ဒုတိယမွေးဖွားစေခြင်းခံရသော ယုံကြည်သူသည် နှုတ်ကပတ်တော်ကို ကြားသောအခါ၊ နာခံလိုက်လျှောက်လိုခြင်း ရှိ၏။ စုံလင်စွာ မလိုက်လျှောက်နိုင်သော်လည်း၊ အတတ်နိုင်ဆုံး ကြိုးစား လိုက်လျှောက်ခဲ့ပါသည်။ မလိုက်လျှောက်သောအချိန်၌ သူသည် အပြစ်ကို ဝန်ချတောင်းပန်လျက် ဘုရားသခင်ထံ အပြစ်လွှတ်ခြင်း တောင်းလျှောက်ခဲ့ပါသည်။ မိမိကို ကယ်တင်တော်မူသော သခင်ယေရှုအတွက် အသက်ရှင်လျက် ထိုသခင် အလိုကျ အသက်ရှင် နေထိုင် လိုခြင်း ရှိပါသည်။ ထိုသခင်သည် နောက်တကြိမ် ကြွလာတော်မူလိမ့်မည်။

ချစ်သော စာဖတ်သူ၊ သန့်ရှင်းခြင်းသည် ယုံကြည်သူ၏အသက်တာ ဖြစ်ရပါမည်။ သန့်ရှင်းစင်ကြယ်စေခြင်း ခံရပြီးမှ နောက်တဖန် အပြစ် နွံထဲသို့ ပြန်သွားမည် မဟုတ်ပါ။ သင်သည် သိုးဖြစ်ပါသည်၊ ဝက် မဟုတ်ပါ။ သိုးသည် မိမိကို ထိန်းကျောင်းသော သိုးထိန်း၏အသံကို သိ၍ နောက်တော်သို့ လိုက်၏။ သင်သည် မကောင်းသောလမ်းသို့ ပြန် မသွားရပါ၊ နှုတ်ကပတ်တရားလမ်းမှလည်း ထွက် မသွားရပါ။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော် ဖတ်ကြားသောအချိန်၌ ကျွန်တော်သည် ဘုရားသခင်၏ သွန်သင်မှုကို ခံရပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်မှ လမ်းမလွဲမည်အကြောင်း မစတော်မူပါ။

*“ချိုမြိန်သော ပျားလပို့ကိုလည်း စားလော့။ ထို့အတူ သင်တွေ့ရသော ပညာတရားသည် စိတ်ဝိညာဉ်၌ အရာသာနှင့် ပြည့်စုံ၍”*

# နှုတ်ကပတ်တရားတော်သည် ပျားရည်ထက် ချို၏

ပျားရည်သည် ပန်းပွင့်များမှ ပျားစုတ်ယူ ရရှိသည့် ချိုသောအရည် ဖြစ်ပါသည်။ ဆာလံ ၁၁၉း၁၀၃ မှ “ချို” ဟူသော စကားလုံးက ကောင်းမွန်သောအရသာကို ဖော်ဆောင်ပါ၏။ ပျားရည်၏ ချိုသောအရသာကိုလည်း ဆိုလိုနိုင်ပါသည်။ သို့သော်လည်း၊ ဆာလံဆရာအတွက် နှုတ်ကပတ်တော်သည် ပျားရည်ထက် ချိုပါ၏။ ဆိုလိုသည်မှာ နှုတ်ကပတ်တော်သည် သူ၏အာခေါင်ထဲ၌ ပျားရည်ထက် ပို၍ ကောင်းသောအရသာ ရှိခဲ့ပါသည်။ အကြောင်းရင်းများကား အဘယ်နည်း။

ဉာဏ်တိုးပွား၏ - နှုတ်ကပတ်တော်ကို သူနှစ်သက်ရခြင်းသည် အရသာ တခုတည်းကြောင့် မဟုတ်ပါ၊ သူ ရရှိသော အကျိုးကြောင့်ဖြစ်ပါသည်။ ထိုအကျိုးသည် ဝိညာဉ်ရေးရာ အကျိုးဖြစ်၍ ထာဝရအသက်နှင့် ဆိုင်သောအရာများဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ပို၍ နားလည် သဘောပေါက်ခြင်း ရှိလာပြီး၊ ဘုရားသခင်အကြောင်း ပိုသိလာ၍ ယုံကြည်ခြင်း၌ တိုးပွားခြင်း ရှိသောကြောင့် ဘဝ၌ ကြုံတွေ့ရသော ဝိညာဉ်အရေး အခက်အခဲများကို ကျော်လွှားနိုင်လာ၏။

မိစ္ဆာလမ်း ရှိသမျှကို မုန်းပါ၏ - ပျားရည်သည် ခန္ဓာကိုယ် ကျန်းမာရေးအတွက် အကျိုးရှိ၏။ ထိုနည်းတူ၊ နှုတ်ကပတ်တော်ကို နားလည်သောသူသည် စိတ်နှလုံးကို ပြောင်းလဲခြင်းရှိ၍ မှားယွင်း သောလမ်းကို မုန်းတီးပါသည်။ ဘုရားသခင်၏နိုင်ငံတော် မြင်တွေ့ဖို့ရန် မျက်စိ ဖွင့်ခြင်း ခံရသော ကြောင့်၊ ကျယ်သောလမ်းက မည်သည့် အရပ်သို့ ပို့ဆောင်မည်ကို သိသဖြင့် မလိုက်ဘဲနေ၏။ အခက်အခဲများနှင့်သွေးဆောင်ခြင်းအလယ်၌ နှုတ်ကပတ်တော်သည် သူ့ကို စောင့်ရှောက် သောကြောင့် နှစ်သက်ခဲ့ပါသည်။ ရန်သူ၏လှည့်ဖြားခြင်းများကို တိုက်လှန်ဖို့ရန် နှုတ်ကပတ်တော် သည် သူ့ကို ခွန်အားလည်း ပေးခဲ့ပါသည်။ ယုံကြည်သူသည် ဘဝ၌ ထိုအခက်အခဲများနှင့် ကြုံတွေ့ ရမည် ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ကို ချစ်ဖို့ရန် ကျွန်ုပ်တို့အား ချစ်တတ်သော စိတ်နှလုံး ပေးတော်မူသောကြောင့်၊ နှုတ်ကပတ်တော်သည် ချိုပါ၏။ အမှုတော်မြတ် အတွက် လိုအပ်သော ခွန်အားကိုလည်း ပေးတော်မူသည်ဖြစ်သောကြောင့်၊ နှုတ်ကပတ်တော်သည် ကောင်းသောအရသာ ရှိပါ၏။ ရန်သူ၏ကျော့ကွင်းမှ ခရစ်ယာန်များကို စောင့်ရှောက် ကာကွယ် ပေးလျက်၊ ဘုရားသခင် အတွက် ငြိမ်သက်စွာ အသက်ရှင်ပြီး၊ ဘုရားသခင် နှစ်သက်သော အသက်တာ ပိုင်ဆိုင်နိုင် စေသော ကြောင့်၊ နှုတ်ကပတ်တော်သည် အလွန်နှစ်သက်စရာကောင်းလှပါသည်။ ဆာလံ ၁၉း၁၀ ကို ဖတ်ပါ။

**ဆင်ခြင်ရန်** - ကျွန်တော့်အတွက် နှုတ်ကပတ်တော်သည် ပျားရည်ထက် ပို၍ ချိုပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ပျားရည်ထက် ကိုယ်တော်၏နှုတ်ကပတ်တော်ကို အကျွန်ုပ်အတွက် ပိုချိုစေတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂၄)

**ဆာလံ ၁၁၉း၁၀၅**

၂ ပေ ၁း၁၉-၂၁

*"စိတ်နှလုံးထဲ၌ အာရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည်
ကာလတိုင်အောင်၊ ထိုအနာဂတ္တိ စကားတော်ကို
မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးကဲ့သို့"*

# နှုတ်ကပတ်တရားတော်သည် အကျွန်ုပ်၏ဆီမီးဖြစ်ပါ၏

ကျွန်တော်တို့သည် အပြစ်အမှောင်ဖုံးလျက်ရှိသော၊ စာတန်အစိုးရသော ဤလောက၌ အသက်ရှင်နေထိုင် ကြပါသည်။ ယခု နောက်ဆုံးကာလတွင်၊ ထို ဘုရားသခင်၏ရန်သူကြီးသည် ခရစ်တော်၏သတင်းကောင်း အလင်းကို မှေးမှိန်စေဖို့ရန် နှစ်ဆ ကြိုးစားလျက် အလုပ်လုပ် နေပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ခြေရှေ့မှာ မီးခွက်ဖြစ်၍ သွားရာလမ်းကို လင်းစေသော ထိုနှုတ်ကပတ်တော်ကို ကျွန်တော်တို့ အလွန် လိုအပ်ခြင်းရှိပါသည်။

<u>အကျွန်ုပ်ခြေရှေ့မှာ</u> - စစ်ပွဲကာလတွင်၊ မြို့တံခါးများပိတ်သောအခါ၊ မြို့ထဲရှိလူတို့သည် အပြင်၌ ရှိသော ရေကို ခပ်ဖို့ရန် မှောင်မိုက်သော လိုဏ်ဂူဖြင့် သွားရကြပါသည်။ ထို့ကြောင့် မီးအိမ်များ ယူဆောင်ဖို့ လိုပါသည်။ ရေပုံးများ ဆွဲလျက် ပြန်လာသောအခါ၊ ထိုမီးအိမ် ကိုင်ဖို့ရန် လက်သည် မအားတော့ပါ။ ထို့ကြောင့် သူတို့၏မီးအိမ်များကို ခြေ၌ ချည်ထားတတ်ကြ၏။ ထိုအခါ သူတို့သည် ထိုအလင်းထဲ၌ လုံခြုံစွာ သွားလာနိုင်ခြင်းဖြစ်ပါသည်။

<u>အကျွန်ုပ်လမ်းခရီးကို</u> - မှောင်မိုက်သောလမ်းခရီး၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဆာလံဆရာ အတွက် မီးအိမ်ကဲ့သို့ ဖြစ်ပါသည်။ ထို အလင်း မပါဘဲ၊ မှောက်မိုက်သောလမ်း၌ ဘယ်လိုမှ လျှောက်သွား၍ မရပါ။ လဲကျလျက် လိုရာခရီးသို့ ရောက်မည် မဟုတ်ပါ။ ထိုလမ်းသည် မှောင်မိုက်သည်သာမက၊ ကျဉ်းသောလမ်းဖြစ်ပါသည်။ ထို့ကြောင့် အလင်း မရှိလျှင်၊ ရှေ့ဆက် လျှောက်လှမ်း၍ မရပါ၊ အန္တရာယ်လည်း များလှပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်သူ၏ခြေရှေ့၌ မရှိမဖြစ် လိုအပ်သော အလင်းဖြစ်ပါသည်။ ကောင်းကင်ဘုံသို့ ခရီးဆက်နေသောသူတိုင်း ထိုအလင်း မလိုအပ်သောသူ မရှိပါ။ လမ်းခရီးတလျှောက် ခြေလှမ်းတိုင်းအတွက် နှုတ်ကပတ်တော်သည် လမ်းပြရှင်ဖြစ်ပါသည်။ ယုံကြည်သူ၏အသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော် အလင်းသည် မရှိမဖြစ် လိုအပ်သော အရာဖြစ်ပါသည်။ ထိုအလင်း မပါလျှင်၊ ရန်သူသည် သင့်အသက်တာ၌ လွယ်ကူစွာ အနိုင်ယူလျက် သင့်အကျင့် သက်သေခံချက်များကို ထိခိုက်စေမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော် အလင်း အသိဉာဏ် မရှိခဲ့လျှင်၊ မှားယွင်းသော သွန်သင်ချက်များ ယုံကြည် လက်ခံ မိနိုင်ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်လမ်းခရီး၌ သင့်ခြေလှမ်းအတွက် နှုတ်ကပတ်တော်ကို အလင်း သဖွယ် အသုံးပြုပါလော့။ ကျွန်တော်တို့သည် များစွာသော အန္တရာယ်ရှိသည့် မှောင်မိုက်သော ခေတ်ကာလ၌ နေထိုင်ကြောင်း သတိပြုကြရပါမည်။ သင်၏ ခရစ်ယာန် အသက်တာကို အန္တရာယ် ပြု ခြိမ်းချောက်နိုင်သော အခြေအနေဖြစ်သည့် ဘုရားသခင်၏နှုတ်ကပတ်တော် မပါဘဲ အသက်ရှင်ခြင်းကို ရှောက်ရှားပါလော့။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်ကို အကျွန်ုပ်၏ဆီမီးဟု အစဉ်မှတ်ယူပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည် ရန်သူစိုးမိုးရာ ဤလောကီအမှောင်ထဲ၌ သွားလာနေရသည်ဖြစ်သောကြောင့်၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော် ဆီမီးကို ကျွန်တော် မစဉ် လိုအပ်ကြောင်း သိစေတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၅)
**ဆာလံ ၁၁၉း၁၀၆-၁၀၈**
ဆာလံ ၆၆း၁၃-၂၀

*"မီးရှို့ရာယဇ်ပါလျက် အိမ်တော်သို့ အကျွန်ုပ် သွားပါမည်"*

# အချိန်တိုင်းအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်

ဘုရားသခင်၏နှုတ်ကပတ်တော်ကို အချိန်တိုင်း ကျွန်တော်တို့ လိုအပ်ပါသည်။ ကျန်းမာသည်ဖြစ်စေ၊ နေမကောင်းဖြစ်သည်ဖြစ်စေ၊ ပျော်ရွှင်သည်ဖြစ်စေ၊ နှုတ်ကပတ်တော်သည် သင်ပြုသောအမှု၏ အခြေခံအရင်းအမြစ် ဖြစ်ရပါမည်။ ဆာလံဆရာက မိမိ၏အသက်တာ အခြေအနေတိုင်း၌ နှုတ်ကပတ်တော်သည် အလွန်အရေးကြီးကြောင်း ဖော်ပြခဲ့ပါသည်။ များစွာသော ခရစ်ယာန်တို့သည် ခက်ခဲသောအချိန်၊ ခက်ခဲသော ဆုံးဖြတ်ချက် ချမည့်အချိန်၌သာ နှုတ်ကပတ်တော်ကို ချဉ်းကပ်တတ်ကြ၏။ ပျော်ရွှင်သောအခါ ကျေးဇူးတော် ချီးမွမ်းလျက်၊ ခက်ခဲသောအခါ ဆုတောင်း လျက် နှုတ်ကပတ်တော်ကို အစဉ် လေ့လာ ချဉ်းကပ်ကြပါစို့။

<u>ကျိန်ဆိုသည့်အတိုင်း</u> - မိမိ ကျိန်ဆိုချက်အတိုင်း ပြုမည်ဟု ဆာလံဆရာ ကျိန်ဆိုခဲ့ပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်သော စီရင်ချက်များကို စောင့်မည်အကြောင်း ဂတိပြုခဲ့ပါသည်။ ဂတိပြုခြင်းနှင့်ကျိန်ဆိုခြင်း အမှု၌လည်း နှုတ်ကပတ်တော် လိုအပ်ပါသည်။ ထိုနှုတ်ကပတ်တော် မပါလျှင် မည်သို့ပြုရမည်ကို သိမည် မဟုတ်ပါ။ ကျိန်ဆိုသည့်အတိုင်း ပြုနိုင်ဖို့ရန်လည်း နှုတ်ကပတ်တော်၏ မစတော်မူခြင်း လိုအပ်ပါသည်။ ထိုနှုတ်ကပတ်တော်၏ နိုးဆော်ခြင်းအားဖြင့် ကျိန်ဆိုခြင်းကို ယုံကြည်သူ စုံလင်စေတတ်၏။

<u>ဆင်းရဲခြင်းခံစဉ်</u> - ခက်ခဲသောကာလ၌ အထူးသဖြင့် နှုတ်ကပတ်တော်ကို အလေးထားတတ်ကြ၏။ နှုတ်ကပတ်တော်သည် နှိမ့်သိမ့်မှု၊ မြော်လင့်ခြင်းနှင့် ယုံကြည် စိတ်ချမှုကို ပေးတော်မူ၏။ ဘုရားသခင်၏ ကွယ်ကာမှု ဂတိတော်ကိုလည်း သိခဲ့ရပါသည်။ ကျန်းမာသော အချိန်၊ ခက်ခဲသော အချိန်၌ပင် ဘုရားသခင်သည် ကောင်းမြတ်တော်မူကြောင်း နှုတ်ကပတ်တော်က ဖော်ပြခဲ့ပါသည်။

<u>ဝမ်းမြောက်သောအချိန်</u> - ဝမ်းမြောက် ပျော်ရွှင်သောအချိန်၌လည်း နှုတ်ကပတ်တော်သည် အလွန်အရေးကြီးလှပါသည်။ နှုတ်သက်သက် ကျေးဇူးတော် ချီးမွမ်းခြင်းသည် ဘုရားသခင်ထံသို့ မရောက်။ အချို့သည် မာနထောင်လွှားသောစိတ်ဖြင့် ချီးမွမ်းတတ်ကြ၏။ ဘုရားသခင်၏ဘုန်းတော် လုယူခြင်း တမျိုးပင်ဖြစ်ပါသည်။ မိမိကိုယ်ကို ချီးမြှောက်ခြင်းနှင့် ရောယှက်သော ပေးကမ်း ချီးမွမ်းခြင်းသည် ချီးမွမ်းခြင်း အမှန် မဟုတ်ပါ။ မှန်သော ချီးမွမ်းကိုးကွယ်ခြင်းကို နှုတ်ကပတ်တော်က ဖော်ပြခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ရှေ့၌ ပြုသော ကျိန်ဆိုခြင်းနှင့် ဂတိတော်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အညီ ပြုကြရပါမည်။ ယုံကြည်သူတိုင်း၏အသက်တာ၌ နှုတ်ကပတ်တော်သည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။ သင့်အသက်တာ၏အစိတ်အပိုင်းတိုင်းအတွက် နှုတ်ကပတ်တရားတော်ကို အထူး အလေးထားပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ ဖြစ်ပျက်သောအရာတိုင်းကို နှုတ်ကပတ်တော်အားဖြင့် ကျွန်တော် ဆင်ခြင်သုံးသပ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏အသက်တာ တခုလုံးကို ကိုယ်တော်၏နှုတ်ကပတ်တရားတော်ဖြင့် လွှမ်းမိုးစေတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၆)

**ဆာလံ ၁၁၉း၁၀၉-၁၁၀**

ဆာလံ ၁၄၀း၁-၇

*"မာနကြီးသောသူတို့သည် . . . အကျွန်ုပ်သွားရာလမ်း၌ ကွန်ရွက်ကို ဖြန့်၍ ညှတ်များကို ထားကြပါ၏"*

## နှုတ်ကပတ်တရားတော်သည် ကျော့ကွင်းကိုနိုင်၏

ကျော့ကွင်းသည် တိရိစ္ဆာန်များကို ဖမ်းဖို့ရန် ထောင်ထားသော ထောင်ချောက်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၌မူ၊ သတိမထားသော ယုံကြည်သူများကို ဖမ်းဖို့ရန် ထောင်ထားသော ရန်သူ၏ သွေးဆောင်ခြင်း ထောင်ချောက်ဖြစ်ပါသည်။ ဖမ်းမိခြင်းခံရသောအခါ ထိုသူသည် စိတ်ဓာတ်ကျလျက် အသုံးမဝင်ဖြစ်တတ်ပါသည်။ ဘုရားသခင်၏အမှုတော်၌ စိတ်အားထက်သန်ခြင်း မရှိဖြစ်လာ၏။ ထိုကျော့ကွင်းများသည် ပုံစံအမျိုးမျိုးရှိလျက်၊ အလွန်ဆွဲဆောင်မှုရှိတတ်ကြသောကြောင့် သာမန်လူတို့ ကိုလွယ်ကူစွာ ကျော့မိတတ်ပါသည်။

<u>မမေ့လျော့ပါ</u> - ကျော့ကွင်းထောင်ထားသောကြောင့်၊ ယုံကြည်သူသည် သတိထားရပါမည်၊ သွေးဆောင်မှုထဲသို့ မဝင်ဖို့ရန် သတိပြုရပါမည်။ အကောင်းဆုံးမှာ မိမိလူတို့ကို သတိပြုစေဖို့ရန် နှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော် အမှုပြုတော်မူခြင်းပင်ဖြစ်ပါသည်။ ထိုအခါ ယုံကြည်သူသည် ထိုနှုတ်ကပတ်တော်၌ တည်လျက် အစဉ် သတိထားရမည်ဖြစ်ပါသည်။ ထိုကျော့ကွင်းကို ရှောင်ရှားနိုင်ရန် နှင့် လုံခြုံမှုရှိရန် ဘုရားသခင်၏နှုတ်ကပတ်တော်သာလျှင် လမ်းပြတော်မူနိုင်ကြောင်း အစဉ် သတိရအောက်မေ့ရပါမည်။

<u>လွဲ၍ မသွားပါ</u> - လွဲသွား ဆိုသည်မှာ အမှားပြုခြင်း၊ ယုံကြည်သူ ယုံကြည်ခြင်းမှ လမ်းလွဲခြင်း ဖြစ်ပါသည်။ အမှားကျူးလွန်သောအခါ ကျွန်တော်တို့သည် ဘုရားသခင်နှင့် ဝေးသွားတတ်၏။ ထိုအခါ ညီအစ်ကိုတို့နှင့်လည်း ဝေးကွာလာ၍ ကျဉ်းသောလမ်းမှ လွဲသွားတတ်ပါသည်။ ကယ်တင်ခြင်း ခံရသောသူသည် အဆုံးထိအောင် ကယ်တင်တော်မူခြင်းခံရပါသည်။ သို့သော်လည်း၊ ယုံကြည်သူသည် ယေရှု၏သက်သေ မဖြစ်သောအခါ၊ ဘုရားသခင်ရှေ့၌ တာဝန်ကျေပွန်သောသူ မဟုတ်တော့ပါ။ သူသည် ကယ်တင်ခြင်း မဆုံးရှုံးသော်လည်း၊ သူတပါးတို့ကို လဲကျစေတတ်၏။ နိုင်ငံတော် အပြင်ဘက်၌ ရှိလျက်နေသော လူများကိုလည်း ဆီးတားရာရောက်ပါသည်။

ပတ်ဝန်းကျင်၌ ကျော့ကွင်းများရှိသည်ကို သိလျှင် နှုတ်ကပတ်တော်ကို ပို၍ အောက်မေ့ကြရပါမည်။ ထိုနှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော်သည် ထိုကျော့ကွင်းများကို ကျွန်တော်တို့ သိအောင် ဖော်ပြတော်မူ၏။ ဆုတောင်းခြင်းဖြင့် သတိထားလျက် နေရပါမည်။ ၁ ပေ ၅း၈-၉ ကို ဖတ်ပါ။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တော်က ထိုကျော့ကွင်းများအကြောင်းကို ဖော်ပြလျက် သတိ ပေးတော်မူ၏။ စာတန်သည် မိမိအချိန် ကုန်ဆုံးတော့မည်ကို သိသဖြင့်၊ အလုပ်ကို နှစ်ဆ ကြိုးစား၍ လုပ်ဆောင်လျက်ရှိ၏။ နှုတ်ကပတ်တော်ကို မေ့လျော့လျက်၊ မိမိ ခွန်အားကို သင် ကိုးစားခဲ့လျှင်၊ သင်သည် ရန်သူ လက်ထဲသို့ ကျရောက်လျက် မလှုပ်ရှားနိုင်ဖြစ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ရန်သူထောင်ထားသော ကျော့ကွင်းကို ကျွန်တော် သတိထားမိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ လူဆိုးတို့၏ကျော့ကွင်းကို မသိဘဲမနေ၊ သိမြင်မည်အကြောင်း၊ အကျွန်ုပ်အား အသိဉာဏ် ပေးသနားတော်မူပါ။

*“ယာကုပ်အမျိုး ပရိသတ် အမွေခံရသော ဓမ္မတရားကို မောရှေသည် ငါတို့အား ထား၏”*

## နှုတ်ကပတ်တရားတော် အမွေ

အမွေ ဆိုသည်မှာ “ဘိုးဘွားထံမှ သားစဉ်မြေးဆက် ဆက်ခံသောအရာ (သို့) ဥပဒေအရ ဆုံးပါးသွားသောမိဘ ကိုးစား သားသမီးက ပိုင်ဆိုင်လာသော အိမ်ခြံမြေ ဖြစ်ပါသည်” (Webster)။ ထို့ကြောင့် အမွေသည် အလကား ရသောအရာ ဖြစ်ပါသည်။ မွေခံရသောသူသည် အဖိုးအခ ပေးစရာ မလိုပါ။ ယုံကြည်သူသည် ကျေးဇူးတော်ကြောင့် ခရစ်တော်၌ ယုံကြည်ဖြင့် ဘုရားသခင်၏ သားသမီးဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ကောင်းကင်ဘုံ၌ ထာဝရအသက် အမွေကို ခံရကြမည်ဖြစ်ပါသည်။ ဤလောက၌လည်း ဘုရားသခင်၏ ကျွေးမွေးပြုစုခြင်း ကျေးဇူးကို ကျွန်တော်တို့ ခံရာကြပါသည်။

<u>အကျွန်ုပ်နှလုံး ရွှင်လန်းရာ</u> - နှုတ်ကပတ်တော်သည် ဤလောက၌ ကျွန်တော်တို့ ခံရသော တန်ဖိုးအလွန်ကြီးမားသည့် အမွေဖြစ်ပါသည်။ ကျွန်တော်တို့ ဤလောက ခရီးနှင်စဉ် လိုအပ်သော ဂတိတော်များနှင့် ညွှန်ကြားချက်များကို နှုတ်ကပတ်တော်၌ တွေ့ရပါသည်။ ထိုသို့ ခရီးတလျှောက် ခက်ခဲသောအရာများ ကြုံတွေ့သောအခါ ရွှင်လန်းခြင်း ရှိနိုင်မည်အကြောင်း ကောင်းကြီး မင်္ဂလာများလည်း တွေ့ရပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ထိုတန်ဖိုးကြီးမားလှသော အမွေ၌ ဝမ်းမြောက်ခြင်း ရှိရပါမည်။ လိုအပ်သမျှသောအရာ အားလုံး နှုတ်ကပတ်တော်၌ တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အလွန်ဝမ်းမြောက်ခြင်း ရှိကြရပါမည်။ လောကီ ဘယ်အရာနှင့်မျှ ဤအမွေကို နှိုင်းယှဉ်၍ မရပါ။ ထိုအမွေကို ခံရသောကြောင့် ဆာလံဆရာသည် စိတ်ရွှင်လန်းခြင်း ရှိလျက်၊ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါသည်။

<u>စိတ်နှလုံးကို တိုက်တွန်းပါ၏</u> - ယုံကြည်သူသည် ဤမင်္ဂလာရှိသော အမွေကို နားလည် သဘောပေါက်သောအခါ၊ ထိုအရာဘက်သို့ သူတို့၏စိတ်နှလုံး တိမ်းညွှတ်ခဲ့ပါသည်။ ဆာလံဆရာသည် ထိုသို့ပြုခဲ့၏။ နှုတ်ကပတ်တရားတော်ကို ပေးတော်မူသော ဘုရားသခင်ကို ဝတ်ပြု ကိုးကွယ်ခဲ့ပါသည်။ ထိုတရားတော်ကို လက်ခံဖို့ရန် မိမိ၏စိတ်နှလုံးကို ဖွင့်ထားခဲ့ပါသည်။ တန်ဖိုး မဖြတ်နိုင်သော ဤနှုတ်ကပတ်တော် အမွေကို ခံရသော ဆာလံဆရာသည် ထိုသို့ပြုခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်အတွက် ဘုရားသခင်ပေးတော်မူသော ကြီးမြတ်သည့် အမွေကဲ့သို့ နှုတ်ကပတ်တော်ကို သင် တန်ဖိုးထားပါသလား။ ထိုအချက်ကို သိနားလည်သောသူ သာလျှင် ဤအမွေ၌ ဝမ်းမြောက်ခြင်းရှိလျက်၊ ထိုနှုတ်ကပတ်တော်ကို ဖတ်ရှု လေ့လာ ဆင်ခြင် နှလုံးသွင်းပြီး နာခံလိုက်လျှောက် ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသည် အဖိုးဖြတ်၍ မရသော အမွေဖြစ်ကြောင်း ကျွန်တော် ခံယူ သိမှတ်ပါသလား။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို စောင့်ကျင့်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၈)
**ဆာလံ ၁၁၉း၁၁၃-၁၁၄**
ဆာလံ ၁၃၀း၅-၈

*"ထာဝရဘုရားကို ငါစောင့်လျက်နေ၏။*
*ငါ့ဝိညာဉ်သည် စောင့်လျက်နေ၏။*
*နှုတ်ကပတ်တော်ကို ငါမြော်လင့်၏"*

# နှုတ်ကပတ်တရားတော်၌ မြော်လင့်ခြင်း

ပတ်ဝန်းကျင်ကို ကြည့်လျှင်၊ ပျက်စီးလျက်ရှိသော ဤကမ္ဘာမြေကြီးကို ထိန်းသိမ်းဖို့ရန် အစွမ်းကုန် ကြိုးစား လုပ်ဆောင်နေကြသည်ကို တွေ့ရပါမည်။ ကမ္ဘာကြီး သက်တမ်း ရှည် စေဖို့ရန် လောင်စာဆီ လောင်ကျွမ်းခြင်းကို အား မပေးကြဘဲ၊ စွန့်ပစ်ပစ္စည်း ပြန်လည် သုံးစွဲခြင်းကို အားပေး ကြပါသည်။ သို့သော်လည်း၊ မျှော်လင့်ချက် ရှိပါသလား။ ဆာလံဆရာ၏မျှော်လင့်ချက်သည် နှုတ်ကပတ်တော်၌သာ တည်ပါ၏။ ထို့ကြောင့်၊ သူသည် လူတို့၏အချည်းနှီးသော အတွေးအခေါ်ကို မုန်းတီးလျက်၊ နှုတ်ကပတ်တော်၌တွေ့ရသည်အတိုင်း အနန္တတန်ခိုးရှင် ဘုရားသခင်သာလျှင် မိမိ၏ ခိုလှုံရာကျောက်နှင့် ဒိုင်းလွှား ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

<u>အဓမ္မ အတွေးအခေါ်</u> - လူ့အတွေးသည် ဘုရားသခင်၏အတွေး ထက် များစွာ နိမ့်ကျ လျက်ရှိပါသည်။ လူ၏အတွေးသည် အချည်းနှီးသက်သက်ဖြစ်၏။ သဘာဝတရားကို ပြောင်းလဲနိုင် မည်ဟု သူထင်ခဲ့ပါသည်။ မိမိအတွေးအခေါ် ပညာအားဖြင့် ဤကမ္ဘာမြေကြီး၏သက်တမ်းကို ရှည်စေနိုင်မည်ဟု ထင်ခဲ့ပါသည်။ လူတို့၏လိုအပ်ချက်များကို တီထွင်လျက်၊ မိမိ၏အသိမြင်အတိုင်း အရာရာကို ထိန်းချုပ်ရန် ကြိုးစားခဲ့ပါသည်။ သို့သော်လည်း၊ ထိုအရာတို့သည် အချည်းနှီးသာ ဖြစ်ကြပါသည်။ ဘုရားသခင်က အချိန်တန်၍၊ ဤကမ္ဘာမြေကြီးနှင့်ကောင်းကင်ကို ပျောက်ကွယ် ဖို့ရန် အမိန့်ပေးတော်မူသောခါ၊ လူသည် ဘာမှ တတ်နိုင်ခြင်း ရှိမည် မဟုတ်ပါ။ ဘုရားသခင်၏ အလိုတော်ကို မရှာဘဲ၊ လူသည် ဤကမ္ဘာမြေကြီး၏ပြဿနာကို ဖြေရှင်းရန် ကြိုးစားခြင်း၌ အချည်းနှီး လုပ်ဆောင်ကြပါသည်။ ဘုရားသခင်၏အကြံစည်တော်၌ ဆက်ကပ်မှသာ လူ ပြုသောအမှုသည် အချည်းနှီး မဟုတ်ဘဲ၊ အကျိုး ရှိမည်ဖြစ်ပါသည်။

<u>ဘုရားသခင်၌ ခိုလှုံပါ၏</u> - လူ၏အတွေးအခေါ်သည် အချည်းနှီးဖြစ်ကြောင်း ဆာလံဆရာ သိမြင်ခဲ့ပါသည်။ သူသည် ဤလောက အခက်အခဲများကြား၌ ဘုရားသခင်အား မိမိ၏ခိုလှုံရာ အဖြစ် ယုံကြည်ကိုးစားခဲ့ပါသည်။ ဤကမ္ဘာမြေကြီးအား မပျက်စီးခြင်းငှါ လူတို့သည် မကယ်တင်နိုင် ပါ။ ဘုရားသခင်ကိုသာ လူတို့ ကိုးစားရမည်ဖြစ်ပါသည်။ လုံခြုံစိတ်ချမှုအတွက် နှုတ်ကပတ်တော် သည် လုံလောက်ပါ၏။ မကြာမီ ပျက်စီးခြင်းသို့ရောက်မည့် ဤကမ္ဘာကြီး၌ နှုတ်ကပတ်တော်သာလျှင် ကျွန်ုပ်တို့အတွက် ခိုလှုံရာ ဖြစ်တော်မူ၏။

လူ့အတွေးအခေါ်သည် ဘုရားသခင်၏အကြံအစည်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဤလောကီ အတွေးသည် ခရစ်တော်ကို ယုံကြည်သောသူ၏အတွေးနှင့် ခြားနားခြင်း ရှိပါသည်။ ဤကမ္ဘာမြေကြီး၌ အခက်အခဲကိုသာ ခံစားစေရန် လူကို ဘုရားသခင် ဖန်ဆင်းသည် မဟုတ်ပါ။ ကျွန်ုပ်တို့ လိုအပ်သောအရာမှန်သမျှ ဘုရားသခင် ပြင်ဆင်ပေးတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံစည်တော်ကို ဆန့်ကျင်သော လူတို့၏အတွေးအခေါ်ကို ကျွန်တော် မုန်းတီးပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်နှင့် အစဉ် နီးစေတော်မူပါ။

*"သင်တို့ကို ငါအလျှင်း မသိ။ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်"*

# ဒုစရိုက်အမှုပြုသောသူတို့အတွက် နှုတ်ကပတ်အမိန့်တော်

ဒုစရိုက်ကိုပြုသောသူတို့သည် မည်သူများနည်း။ သူတို့သည် ယုံကြည်သူများကို လိုက်နှောင့်ယှက်သော စာတန်၏ တပည့်များ ဖြစ်ကြပါသည်။ ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ရန် ယုံကြည်သူများ အသက် မရှင်နိုင်မည်အကြောင်း ခရစ်တော်၏တပည့်တော်များကို သူတို့သည် လိုက်နှောင့်ယှက်လျက် ဒုက္ခပေးတတ်ကြပါသည်။ ယုံကြည်သူများ၏ ခရစ်ယာန် အသက်တာကို ဖျက်စီးလျက်၊ မကောင်းမှုကို ပြုစေဖို့ရန် သူတို့သည် ဖြားယောင်းသွေးဆောင်တတ်ကြ၏။ ထိုသို့ မကောင်းမှုကို ပြုသော ခရစ်ယာန်များ၏အသက်တာကြောင့် အခြားသူတို့သည်လည်း ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက် မခံလိုဘဲ နေကြမည်ဖြစ်ပါသည်။

<u>ဖယ်သွားကြ</u> - ထို ဒုစရိုက်အမှုပြုသောသူများထံမှ ယုံကြည်သူတို့အား ဖယ်သွားကြရန် ဆာလံဆရာ မိန့်တော်မူ၏။ ကျွန်ုပ်တို့၏ဘဝမှ မကောင်းမှုပြုသောသူတို့ကို ထွက်သွားစေဖို့ရန် နှုတ်ကပတ်တော် မိန့်တော်မူထားပါသည်။ ထို ဒုစရိုက်အမှုပြုသောသူများနှင့် သင့်မြတ်ခြင်း မရှိကြပါနှင့်။ ခရစ်ယာန်တို့၏အသက်တာကို ဖျက်ဆီးဖို့ရန် အစဉ် ကြိုးစားအားထုတ်ခဲ့သော စာတန်သည် အလွန် ကောက်ကျစ် ပါးနပ်လှပါသည်။ ထို့ကြောင့်၊ နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို တိုက်တွန်းသည်မှာ ထိုသူတို့နှင့် ငြင်းခုံခြင်း မပြုဘဲ၊ ကျွန်တော်တို့ထံမှ ဖယ်သွားကြရန် ဖြစ်ပါသည်။ သို့မဟုတ်လျှင် သူတို့၏ လှည့်ဖြားခြင်း၌ ကျွန်တော်တို့ လဲကျပါလိမ့်မည်။ ထို့ကြောင့် သူတို့အား ကျွန်ုပ်တို့ထံမှ ဖယ်သွားစေခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

<u>ပညတ်တော်တို့ကို ကျင့်စောင့်မည်</u> - ဆာလံဆရာသည် မိမိအသက်တာ၌ နှုတ်ကပတ်တရားတော်ကို ကွယ်ကာ လိုက်လျှောက်လိုခြင်း ရှိပါသည်။ ဒုစရိုက်ပြုသောသူတို့သည် ထိုနှုတ်ကပတ်တရားတော်ကို သူ့ထံမှ သိမ်းယူ လုယူ ဖို့ရန်၊ သံသယ ဝင်စေဖို့ရန် ကြိုးစားကြသော်လည်း၊ သူသည် ထိုနှုတ်ကပတ်တော်ကို မြဲမြံစွာ စွဲကိုင်ထားလျက် နာခံလိုက်လျှောက်ပါသည်။ ယုံကြည်သူသည် ဒုစရိုက်အမှုကို ပြုသောသူများ၏ အကြံပေးမှုကို ဖယ်ရှားလျက်၊ နှုတ်ကပတ်တော်ကို သေချာ နာခံလိုက်လျှောက်ရပါမည်။ ဘုရားသခင်သည် မိမိလူများကို ကွယ်ကာစောင့်ရှောက်သည်ဖြစ်ကြောင်း၊ ထိုအမှုကို မိမိ၏နှုတ်ကပတ်တရားတော်အားဖြင့် ပြုတော်မူသည်ဖြစ်ကြောင်းကို ယုံကြည်သူများ သိထားကြရပါမည်။ နှုတ်ကပတ်တရားတော်ကို နာခံလိုက်လျှောက်ခြင်းသည် ဒုစရိုက်အမှုကို ဖယ်ရှားရှောင်လွှဲခြင်းလည်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဓမ္မအမှုပြုသောသူတို့ကို ကျွန်တော် သတိပြုမိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ လူတို့၏ အကျိုးမဲ့သော စကားကို မကိုးစားဘဲ၊ ကိုယ်တော်မှုတ်သွင်းတော်မူလျက် စုံလင်စွာ ထိန်းသိမ်းစောင့်ရှောက်တော်မူသော၊ ထာဝရအသက်နှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ကိုးစားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ မတ် (၁)

**ဆာလံ ၁၁၉း၁၁၆-၁၁၇**

ဟေရှာ ၄၁း၁၀-၁၄

*“မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့စေမည်”*

# နှုတ်ကပတ်တရားတော်သည် သင့်ကို ရှက်ကြောက်ခြင်းမှ ကွယ်ကာမည်

စိတ်ပျက်စရာများက ဘဝမှာ အဆက်မပြတ် ရောက်လာတတ်ပါသည်။ ခရစ်ယာန်များသည်လည်း ဇဝေဇဝါဖြစ်ကြပြီး စိတ်ရှုပ်ထွေးကြသည်။ ယုံကြည်သူများသည် သူတို့၏ယုံကြည်ချက်နှင့်ကျင့်ကြံမှုများကြောင့် လှောင်ပြောင်ခြင်းခံရကြသည်။ ထိုကဲ့သို့ ခက်ခဲသော အခြေအနေမျိုးတွင် ဆာလံဆရာက သူ၏မျှော်လင့်ချက်အတွက် ရှက်ကြောက်စရာမဖြစ်စေဖို့ရန် ဘုရားသခင်ထံ ဟစ်အော်ခဲ့သည်။ သူသည် မယုံကြည်သူတို့ရှေ့တွင် ဘုရားသခင်၏အကူအညီနှင့်ခွန်အားကို ရှာဖွေခဲ့၏။

ဝင်းမှာ သူသည် ကဲ့ရဲ့ရှုံ့ချသော စွပ်စွဲချက်များနှင့်ရင်ဆိုင်ရစဉ်တွင် ကြံ့ကြံ့ခံနိုင်ဖို့ရန် ဘုရားသခင်ထံ အသနားခံခြင်းဖြစ်သည်။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ မြဲမြံဖို့ရန်အလိုရှိသည်။ ဆာလံဆရာက ဘုရားသခင်ထံ၌ သူ၏ယုံကြည်ခြင်းနှင့် အမှုတော်ဆောင်ခြင်း၌ ခိုင်ခံ့မြဲမြံစေရန်နှင့်ဘုရားသခင်၏ အစေခံကျွန်ကဲ့သို့ သက်သေထူခြင်းအရာကို ဆက်လက်ထိန်းသိမ်းထားရန် သခင်ဘုရားထံ တောင်းဆိုခဲ့သည်။ သူသည် ဘုရားသခင်ကို အားကိုးပြီး သူ၏ဂတိတော်များကို ဆုပ်ကိုင်ထားသည်။ အမှန်စင်စစ်၊ ဘုရားသခင်တပါးတည်းသာ သူ့ကိုကူညီနိုင်ပြီး အခြားမည်သူကမျှ မတတ်နိုင်ပါ။ ဆာလံဆရာသည် ဘုရားသခင်၏သစ္စာတရားကို အားကိုးပြီး ဘဝ၏ဒုက္ခအားလုံးအတွက် သူ၏ထောက်မမှုကို ရှာဖွေသည်။

ဤတွင်ဆာလံဆရာသည် ဘုရားသခင်၏ နှစ်သိမ့်မှုကို လိုက်ရှာကြောင်းကို ပြသသည်။ မယုံကြည်သူများနှင့် ခရစ်ယာန်အတုအယောင်များ၏ ကဲ့ရဲ့လှောင်ပြောင်ခံရခြင်းမှ သူ့ကို အဘယ်သူကမျှ ပြန်လည်မလန်းဆန်းစေနိုင်ပါ။ သူ၏ခွန်အားသည် သခင်ဘုရား၌ရှိပြီး သူသည် အနန္တတန်ခိုးရှင်ဘုရားသခင်ကို ဆက်လက်အစေခံနေသကဲ့သို့ သူ့ကိုထူမရန် တောင်းဆိုခဲ့သည်။ ဘုရားသခင်သည် ရှုံးနိမ့်ခဲ့ပြီးဟု လူတို့ထင်နေချိန်၊ သူစိတ်ပျက်နေချိန်တွင် အလိုအပ်ဆုံးမှာ ထောက်မကူညီခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထိန်းသိမ်းခြင်း၌နှင့် ထောက်မကူညီခြင်းကိုလိုအပ်သည်။ ခွန်အားနှင့် နှစ်သိမ့်မှုကို လိုအပ်ကြောင်းကို ဆာလံဆရာနားလည်ထားသည်။ ကျွန်ုပ်တို့သည် သတ္တိရှိပြီး ရဲရင့်မှုဖြင့် စိတ်ပျက်စရာများကို ရင်ဆိုင်လို့ရသော်လည်း မတရားအရှက်ခွဲခံရသည့်အခါတွင်လည်း ငြိမ်သက်မှုနှင့် နှစ်သိမ့်မှုကို လိုအပ်သည်။ သူ၏နှုတ်ကပတ်တော်၌ ဘုရားသခင်က ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဆန်းစစ်ရန် စိတ်ပျက်စရာများကို ခွင့်ပြုသည်။ အမှုအရာများမှားယွင်းသောအခါတွင် ကျွန်ုပ်တို့မျှော်လင့်ချက်ရှိနိုင်ဖို့ရန်မှာ သူ၏နှုတ်ကပတ်တော်အားဖြင့်ဖြစ်သည်။

ချစ်သောစာဖတ်သူ၊ သခင်ဘုရားက လူသားကို ထောက်မထားခြင်းမှာ သူ၏ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ ဝင်းက လူကိုမာနကြီးပြီး ကိုယ့်ကိုယ်ကို အားကိုးရန် မလုပ်ဆောင်သင့်ပါ။ ကျွန်ုပ်တို့နှစ်သိမ့်ခြင်း၏တန်ခိုးနှင့် အခြေခံသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ သူ၏ဘုန်းတော်အတွက် ခွန်အားနှင့်နှစ်သိမ့်မှုကိုရရှိရန် သခင်ဘုရားထံ ချဉ်းကပ်ကြပါစို့။

**ဆင်ခြင်ရန်** - ခက်ခဲသောကာလ၌ ဘုရားသခင်ကို ကျွန်တော် အလုံးစုံ ကိုးစား ပါသလား။

**ဆုတောင်းချက်** - အို အဖဘုရား၊ မစတော်မူခြင်းအတွက် ကိုယ်တော်ကိုသာ အစဉ်ကိုးစားလိုပါ၏။

စနေ၊ မတ် (၂)
**ဆာလံ ၁၁၉း၁၁၈-၁၂၀**
မာလခိ ၃း၁-၆

*"ပေါ်ထွန်းတော်မူသောအခါ အဘယ်သူသည် ခံရလိမ့်မည်နည်း။ ထိုသခင်သည် ငွေစစ်သောသူ၏ မီး၊ ခဝါသည် သုံးသော ဆပ်ပြာ ကဲ့သို့ ဖြစ်တော်မူမည်"*

# နှုတ်ကပတ်တရားတော်သည် အဓမ္မလူတို့ကို ဆန့်ကျင်၏

လူဆိုးတို့သည် တရားစီရင်ခြင်းခံရသည်။ ယေရှုကို သူတို့၏ကယ်တင်ရှင် သခင် အဖြစ်လက်မခံဘဲ ဆက်လက်ငြင်းပယ်ကြသည်။ သူတို့သည် ဧဝံဂေလိတရားကို ကြားသော်လည်း သမ္မာတရားကို ယုံကြည်ဖို့ရန် သူတို့၏စိတ်နှလုံးကို ဖွင့်မပေးကြပေ။ ဘုရားသခင်၏ နောက်လိုက်များကို ထိခိုက်နာကျင်စေပြီး ဖျက်ဆီးကြသည်။ သူတို့သည် ဘုရားသခင်၏ ပြစ်ဒဏ်ကိုခံထိုက်ပြီး ထာဝရမီးအိုင်ထဲတွင် နောက်ဆုံးတရားစီရင်ခြင်းကို စောင့်မျှော်နေကြသည်။ ဘုရားသခင်၏ ကောင်းကင်ဘုံသို့ ဝင်ရောက်ဖို့ရန် မျှော်လင့်ချက်မရှိကြပေ။

<u>ချုနင်းခံရကြသည်</u> - လူဆိုးတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှ လမ်းလွဲသောကြောင့် ဘေးဖယ်ခံထားရသည်။ သူတို့သည် မကောင်းသောအသီးများဖြစ်သောကြောင့်၊ အဘယ်သူမျှအလိုမရှိသော ပုပ်သိုးသောအသီးများကဲ့သို့ ဖယ်ရှားခြင်းခံရသည်။ သူတို့သည် လှည့်ဖြားကြသောကြောင့် ချုနင်းခြင်းခံရကြသည်။ ဘုရားသခင်သည် ထိုသူတို့ကို လူတို့အလယ်မှ အမှန်ဖယ်ရှားလိမ့်မည်။ သူတို့သည် မြေကြီးပေါ်တွင် သန့်ရှင်းသူများကြားတွင် နေထိုင်ကြသည်ကို တွေ့ရှိနိုင်သော်လည်း ထာဝရပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ ဘုရားသခင်၏ နိုင်ငံတော်၌သူတို့အတွက် နေရာမရှိပေ။ သူတို့သည် သန့်ရှင်းသူတို့နှင့်အတူ ဘယ်တော့မှ မထမြောက်နိုင်ကြပါ။

<u>အသုံးမဝင်သောအမှိုက်ကဲ့သို့ စွန့်ပစ်ခြင်းခံရသည်</u> - လူဆိုးတို့သည် မြေကြီးပေါ်ရှိစဉ်တွင်ပင် ဖျက်ဆီးခြင်းခံရမည်။ သန့်ရှင်းသောလူတို့ကြားတွင် သူတို့အတွက် နေရာမရှိပါ။ သူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်သောတရားစီရင်ခြင်းရှေ့မှောက်တွင် ရပ်နေနိုင်မည်မဟုတ်ကြပါ။ သူတို့သည် ဖြောင့်မတ်ခြင်းမရှိ၍ နှင်ထုတ်ခြင်းခံရမည်။ သူတို့သည် ဖယ်ရှားခြင်းခံရမည်။ အမှိုက်ကဲ့သို့ ဖြစ်ကြသည်။ သူတို့၏အပြစ်များနှင့် လွန်ကျူးမှုများသည် နံဟောင်နေ၏။ ဘုရားသခင်၏ စစ်မှန်သောလူများသည် ထိုသူတို့၏ မှားယွင်းမှုများကြောင့် မစွန်းထင်းဘဲ ရှိနေစေရန် ၎င်းတို့ကို မီးရှို့ပစ်ရမည်။ ဘုရားသခင်၏ သားသမီးတို့သည် သူတို့နှင့်သီးခြားနေရပါမည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်တွင် ပညာရှိနှင့်လူဆိုးတို့ကို ပိုင်းခြားဖို့ရန် ပြည့်စုံသောညွှန်ကြားချက်များပါရှိသည်။ နှုတ်ကပတ်တော်သည် လူဆိုးတို့၏ဆိုးသွမ်းသောစရိုက်များကို ဖော်ထုတ်မည်ဖြစ်ပါသည်။ ယုံကြည်သူများသည် မတရားသောလူဆိုးတို့နှင့်ဝေးဝေးနေဖို့ရန် တာဝန်ရှိသည်။ ယုံကြည်သူ တို့သည် သူတို့နှင့်အတူ လမ်းမလျှောက်ရ။ မရပ်ရ (သို့) မထိုင်ရပါ။ ဆိုလိုသည်မှာ ယုံကြည်သူတို့ သည် ဆိုးသွမ်းသောသူတို့၏ မှားယွင်းသောအလုပ်ကို သဘောတူခြင်း၊ ထောက်ခံခြင်း (သို့) ဆိုးသွမ်းသောအရာများကို သူတို့နှင့်အတူ စီစဉ်ခြင်းတို့ မလုပ်ရပါ။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်ရှေ့တော်၌ တုန်လှုပ်လျက် ကြောက်ရွံ့ခြင်းရှိပါလော့။ ဆိုးသွမ်းသောသူတို့ကို ဘုရားသခင်မည်သို့စီရင်မည်ကို နားလည်ထားလော့။ သူ၏တရားစီရင်ချက်များကို ကြောက်လော့။

**ဆင်ခြင်ရန်** - အဓမ္မလူတို့ကို သိမြင်မည်အကြောင်း အကျွန်ုပ်၌ အသိဉာဏ် ရှိပါသလား။
**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်အတွက် အကျိုးရှိသော တန်ဆာပလာ ဖြစ်မည်အကြောင်း၊ အဓမ္မလူတို့နှင့် ကျွန်ုပ်ကို ကင်းဝေးစေတော်မူပါ။

တနင်္ဂနွေ၊ မတ် (၃)
**ဆာလံ ၁၁၉း၁၂၁-၁၂၂**
ဆာလံ ၂၇း၇-၁၄

*"အကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရား၊
ကိုယ်တော်သည် အကျွန်ုပ်ကို မစတော်မူဘူးသည် ဖြစ်၍
အကျွန်ုပ်ကို စွန့်ပစ်တော် မမူပါနှင့်"*

---

# နှုတ်ကပတ်တရားတော်သည် မာနထောင်လွှားသောသူကို ဆန့်ကျင်၏

မာနထောင်လွှားသောသူတို့သည် သူတပါးကို လှည့်ဖြားခြင်းဖြင့် ညှင်းဆဲတတ်ကြသည်။ သူတို့သည် ရိုးသား၍နှိမ့်ချသောသူတို့ကို ဖျက်ဆီးတတ်ကြသည်။ သူတို့လိုချင်သည့်နည်းလမ်းအတိုင်း ဖြစ် မလာလျှင် အကြမ်းဖက်မှုကို လုပ်ဆောင်ကြ သည်။ သူတို့သည် လူ့အခွင့်အရေးနှင့်ဥစ္စာပစ္စည်းများကို အလွဲသုံးစားလုပ်သူများဖြစ်ကြသည်။ အာဏာပိုင်များက သူတို့ကို မတားဆီးနိုင်ကြပါ။ အကြောင်းမှာ သူတို့သည် အင်အားကြီးသောကြောင့်ဖြစ်သည်။ သူတို့၏ မတရားသော လိုအင်ဆန္ဒများကို ပြည့်စုံစေရန် အုပ်ချုပ်သောသူများကို ချုပ်ကိုင်ထားကြသည်။ သူတို့သည် မာနထောင်လွှားပြီး ဘုရားသခင်၏အစေခံများကို ညှင်းဆဲကြသည်။ အကြောင်းမှာ သူတို့သည် တန်ခိုးအာဏာကို တပ်မက်၍ သူတို့၏ဝမ်းဗိုက်ကို အစေခံကြသည်။

<u>အကျွန်ုပ်ကိုမထားခဲ့ပါနှင့်</u> - လောကအမြင်တွင် ဘုရားသခင်၏လူတို့သည် တန်ခိုးမရှိကြပါ။ သူတို့သည် သခင်နှင့်ကယ်တင်ရှင်ကဲ့သို့ နှိမ့်ချ၍ တိတ်ဆိတ်နေကြသည်။ သို့တိုင် သူတို့တွင် တန်ခိုးကြီးသောဒိုင်းလွှားနှင့်အကာအကွယ်တစ်ခုရှိသည်။ သူတို့၏ခိုလှုံရာကို မည်သည့်အရာကမျှ စိန်ခေါ်နိုင်မည်မဟုတ်သောကြောင့် ယုံကြည်သူတို့သည် သူ့ထံသို့ ပြေးကာ အကူအညီနှင့် ကယ်တင်ခြင်းကိုရှာဖွေကြသည်။ ဤအချက်ကို ဆာလံဆရာက ကောင်းကောင်းသိပါသည်။ "ညှင်းဆဲသောသူတို့လက်၌ အကျွန်ုပ်ကို ပစ်ထားတော်မမူပါနှင့်" ဟူ၍ ဘုရားသခင်ထံ ဟစ်အော်သည် (ဆာလံ ၁၁၉း၁၂၁)။ မာနထောင်လွှားသောသူတို့ကို ဆန့်ကျင်ဖို့ရန် သူ မတတ်စွမ်းနိုင်သည်ကို သိရှိစေရန် ဘုရားသခင်သည် သူ့အား ထိုသို့သော ဖိနှိပ်ညှင်းဆဲမှုများကို ကြုံတွေ့ခွင့်ပေးထားကြောင်းကို သူသိသည်။ သို့သော် သူ့ထံတွင် ကြားဝင်စွပ်ဖက်နိုင်သော ကောင်းကင်ဗိုလ်ခြေအရှင်သခင်ရှိ၏။ အနန္တတန်ခိုးရှင်ဘုရားသခင်မှတပါး အခြားမည်သူမျှသူ့ကို ဘေးကင်းအောင် စောင့်ရှောက်နိုင်သူ မရှိသောကြောင့် သူ့ထံ၌သာ အကူအညီတောင်းရမည်။

<u>ကျွန်ုပ်၏အာမခံ</u> - ဆာလံဆရာက ဘုရားသခင်၏ အာမခံချက်ကို ယုံကြည်ကိုးစားသည်။ ဘုရားသခင်သည် သူ၏အာမခံဖြစ်လိမ့်မည်။ သူသည် ဘုရားသခင်၏အစေခံကျွန် ဖြစ်ကြောင်း နှိမ့်ချစွာ ဝန်ခံထားသည်။ ထောင်လွှားသောသူတို့၏ညှင်းဆဲခြင်းသည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်း၌ အနှောင့်အယှက်ဖြစ်စေပါမည်။ ထို့ကြောင့် ပျော်ရွှင်စွာနေထိုင်ဖို့ရန်မဟုတ်ဘဲ ဘုရားသခင်၏အစေကို သစ္စာရှိစွာ အပြည့်အဝဆောင်ရွက်နိုင်ရန် ဘုရားသခင်၏ကယ်လွှတ်ခြင်းကို ရှာခြင်းဖြစ်သည်။ မာနထောင်လွှားသောသူတို့သည် ဘုရားသခင်၏အစေခံများကို စိတ်ဓာတ်ကျစေရန် ကြိုးစားခဲ့ကြပါသည်။ အသီးအပွင့် မရှိသော ဘုရားသခင်၏ အမှုတော်ဆောင်များ၏ လုပ်ဆောင်မှုများကို သူတို့အထင်သေးကြသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်မပါဘဲ ကျွန်ုပ်တို့ဘာမှမလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည် "သစ္စာရှိသော ငယ်သားကောင်း" (မသဲ ၂၅း၂၁) ဟု ချီးမြှောက်ခြင်း ခံရမည်အကြောင်း၊ ဘုရားသခင်ထံ အကူအညီကို တောင်းလျှောက်ကြပါစို့။

**ဆင်ခြင်ရန်** - မာနထောင်လွှားသောသူတို့၏ နှိပ်စက်ခြင်း ခံရသောအခါ ကျွန်တော်သည် မည်သို့ကို ချည်းကပ်ပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ မာနထောင်လွှားသောသူက နှိပ်စက်သောအခါ ကိုယ်တော်သည် အကျွန်ုပ်ကို မစတော်မူမည်အကြောင်း ကိုယ်တော်ကိုသာ အစဉ်တောင့်တလျက် ရှိပါသည်။

တနင်္လာ၊ မတ် (၄)
**ဆာလံ ၁၁၉း၁၂၃**
ဆာလံ ၄၀း၁၁-၁၇

*"ကယ်တင်တော်မူခြင်း ကျေးဇူးကို နှစ်သက်သောသူတို့သည် ထာဝရဘုရား ဘုန်းကြီးတော်မူစေသတည်းဟု အစဉ်မပြတ် ပြောကြပါစေသော"*

# အကျွန်ုပ်၏ကယ်တင်ခြင်း နှုတ်ကပတ်တရားတော်

စမ်းသပ်ခြင်းတို့သည် အလွန်ပြင်းထန်သည်ဟုထင်ရသောအခါ ယုံကြည်ခြင်းပြိုလဲရန် သွေးဆောင်မှု ရှိတတ်သည်။ တိုက်ပွဲက ပြင်းထန်လွန်းပြီး အကြောက်တရားက နှလုံးသားကို ဖမ်းစားထားသောအခါ လက်မြှောက်အရှုံးပေးလိုသောအချိန်များလည်းရှိပါသည်။ ဤအရာများမှာ ဘုရားသားသမီးများအား ယုံကြည်ခြင်းကို စွန့်ရန် သွေးဆောင်ခံရသည့် အကြောင်းရင်းအချို့သာဖြစ်ပါသည်။

အကျွန်ုပ်၏မျက်စိသည် ဘုရားသခင်၏ ကယ်တင်ခြင်းကိုမျှော်၍ အားကုန်ပါပြီ - ဆာလံဆရာက သူ၏ယုံကြည်ခြင်းကို အရှုံးမပေးခဲ့ပါ။ သူ၏ဘုရားသခင်၊ ကယ်တင်ရှင်ကို ဆက်လက်ကိုးစားသည်။ သူသည် မစခြင်းတစုံတရာကို မမြင်နိုင်သော်လည်း၊ ဘုရားသခင်၏သန်မာ၍ တန်ခိုးကြီးသောလက်တော်ကို ဆက်လက်၍ မျှော်လင့်ခဲ့ပါသည်။ ဤအရာမှာ ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် ယုံကြည်ခြင်းကို ပေးခြင်းခံရသော၊ အမှန်အသစ်တဖန် မွေးဖွားခြင်းခံရသော ယုံကြည်သူတိုင်း၌ရှိသည့် ယုံကြည်ချက်ဖြစ်သည်။ သူ၏မျက်လုံးများသည် ဘုရားသခင်၏ ကယ်တင်ခြင်းကို မမြင်နိုင်ဘဲရှိ၍ ဘုရားသခင်၏ကြားဝင်မှုကို မခံစားရဘဲရှိနိုင်သော်လည်း သူယုံကြည်သောဘုရားသခင်အပေါ် သူ့အမြင်သည် ပြောင်းလဲခြင်း မရှိပါ။

ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို မမြင်တွေ့ခဲ့ရပါ - ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မျှော်လျက် သူ့မျက်စိ အားကုန်ခဲ့ပါသည်။ လိမ်လည်လှည့်ဖြားမှုများသည် အသင်းတော်အားဖုံးလွှမ်းပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖယ်ရှားပစ်သည်။ လူတိုင်းက ဤလောက၌ရှိသောအရာများကိုငင်း၊ မိမိတို့ဇာတိအလို နှင့် ဖျော်ဖြေမှုများအကြောင်းကို ပြောဆိုကြလိမ့်မည်။ ဘုရားသခင့်နှုတ်ကပတ်တော်၏ ဖြောင့်မတ်ခြင်းတရားကို မည်သည့်နေရာတွင်မှ ရှာမတွေ့ပါ။ ဤစကြာဝဠာ မစတင်မီကတည်းက နှုတ်ကပတ်တော်သည် ရှိနေခဲ့ပြီး၊ ဤလောကပျောက်ကွယ်သွားသောအခါတွင်ပင် ဆက်လက်တည်ရှိနေမည်။

အခြေအနေများအပေါ်တွင် သင်၏ယုံကြည်ခြင်းကို မမှီခိုစေပါနှင့်။ တိမ်မည်းတွေက ကောင်းကင်ကို ဖုံးလွှမ်းနေနိုင်သော်လည်း၊ တိမ်များ၏အပေါ်တွင် နေ ရှိနေသည်မှာ သေချာလှသည်။ တိမ်မည်းများသည် နေ၏အလင်းရောင်ကို မမြင်ရအောင် တားဆီးနိုင်သော်လည်း နေ ကို ဖယ်ရှားရန် (သို့) နေ၏တောက်ပမှုကို ရပ်တန့်စေရန် အစွမ်းမရှိပါ။ တိမ်များသည် ယာယီသာဖြစ်ကြပြီး အနေးနဲ့အမြန် ပျောက်ကွယ်ကြလိမ့်မည်။ သူတို့မှာ ချုပ်နှောင်ထားဖို့ အစွမ်းမရှိကြပါ။ သို့သော် ဘုရားသခင်သည် ကောင်းကင်သစ်နှင့်မြေကြီးသစ် ဖန်ဆင်း နိုင်ဖို့အတွက် ကောင်းကင်နှင့်မြေကြီးကို ဖျက်ဆီးပစ်မည့် ချိန်းချက်သောကာလတိုင်အောင် နေမင်းကြီးသည် ဆက်လက် တည်ရှိနေမည်ဖြစ်သည်။

ချစ်သော စာဖတ်သူ၊ သင်၏ကယ်တင်ခြင်းကို အထက်ဖော်ပြပါအရာများက ဆုံးဖြတ်သည်။ ထို့ကြောင့် ဘုရားသခင်၏ကယ်တင်ခြင်းအမှုကို ဆက်လက်စောင့်မျှော်လော့။ အမှန်ရောက်လာပါလိမ့်မည်။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်၌ အကျွန်ုပ်၏ယုံကြည်ခြင်းသည် ခိုင်ခံ့မြဲမြံခြင်း ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားတော်မြတ်ကို သိမြင်ခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

*"အို ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ကျွန်မှန်ပါ၏။ ကိုယ်တော်၏ ကျွန်မတွင် မြင်သော သားလည်း မှန်ပါ၏"*

# ကိုယ်တော်၏ကျွန်များအတွက် နှုတ်ကပတ်တရားတော်

ဆာလံဆရာလက်ထက်၌ "အစေခံ" ဟူသော စကားလုံးမှာ "ကျွန်" ဟူသော စကားလုံးနှင့်တူပြီး သူတပါးအိမ်၌ ကျွန်ခံရခြင်းကို ဆိုလိုသည်။ ဆာလံဆရာက ဤသို့ မိမိကိုယ်ကို နှိမ့်ချသောအခါ သူ၏ဘဝမှာ သခင်၏အုပ်စိုးမှုအောက်တွင်ရှိသည်။ သူ့မှာ ဘာမှပိုင်ဆိုင်မှုမရှိ၊ အခွင့်အာဏာလည်းမရှိပါ။ သို့သော် သူသည် ကောင်းကင်ဘုံ၌ ရှိတော်မူသော၊ ချစ်ခြင်းမေတ္တာနှင့်ဂရုဏာရှိသော ခမည်းတော်၏ စောင့်ရှောက်မှုအောက်တွင်ရှိသည်။ ထို့ကြောင့် ခက်ခဲသောအချိန်များတွင် သူသည် မိမိ၏သခင်နှင့်ဘုရင်ထံ ဆက်ကပ်အပ်နှံထားသည်။

ကရုဏာတော်အတိုင်းပြုခြင်း - "ပြု" ဟူသောစကားလုံးသည် အဓိပ္ပာယ် အလွန်ကျယ်ပြန့်လှပြီး နှိမ့်ချသောကျွန်အပေါ် ဘုရားသခင် ပြုသောအမှု သာမက၊ သနားခြင်းဖြင့် "ပေးအပ်ခြင်း (သို့) အပ်နှံခြင်း" ကိုလည်း ဆိုလို၏။ အစေခံကျွန်သည် မည်သည့် ဂရုစိုက်မှုကိုမျှ မခံယူထိုက်ပေ။ အစေခံကျွန်များသည် သခင်အလိုရှိသည်အတိုင်း နာခံလုပ်ဆောင်ရပါမည်။ ဤတွင် နှိမ့်ချသောဆာလံဆရာသည် ဘုရားသခင်၏ ဂရုဏာနှင့်ကျေးဇူးတော်အရ မျက်နှာသာ ရဖို့ ဆက်လက်ရှာဖွေနေသည်။ သူ့သခင်၏ ရှေ့မှောက်တွင် မှန်သောအကျင့်ကို ကျင့်နိုင်ဖို့ရန် သူ့အား သွန်သင်ပေးဖို့သခင်ဘုရားကို တောင်းဆိုသည်။ ဘုရားသခင်၏အလိုတော်နှင့် ဆန့်ကျင်ဘက်ပြုခြင်းကို သူ မနှစ်သက်ပါ။ ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်တို့ကို သူ သင်ယူချင်၏။

နားလည်နိုင်သော ဉာဏ်ကိုပေးသနားခြင်း - သူသည် ဘုရားသခင်၏ ပိုင်းခြားသိမြင်မှုဉာဏ်အတွက် ဆုတောင်းသည်။ ဘုရားသခင်နှင့်ဆိုင်သောအရာမှ လွဲ၍ ဘယ်အရာကမျှ သူ့ကို ကျေနပ်စေနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏အစီအစဉ်အပြင် မည်သည့်အရာကမှ သူ့အတွက် နှစ်လိုဖွယ်ရာ မရှိပါ။ ဤအရာကြောင့် သူသည် ဘုရားသခင်ထံမှ နားလည်နိုင်သောဉာဏ်ကို အလိုရှိခြင်းဖြစ်သည်။ ရန်သူတို့သည် သူ့ကိုမှားယွင်းသော စွပ်စွဲချက်များဖြင့် အကြိမ်ကြိမ် တိုက်ခိုက်သောကြောင့် သူသည် သူ့သခင်၏အလိုတော်ကို ဖြည့်ဆည်းပေးဖို့ရန် အလိုရှိပြီး အမှန်တရားကို သိရှိလို၏။ ကျွန်တစ်ဦးသည် မိမိသခင် မနှစ်သက်သော မည်သည့်အရာကိုမျှ မလုပ်လိုပါ။ သူလုပ်ဆောင်သမျှသည် နှုတ်ကပတ်တော်၏လမ်းညွှန်မှုအောက်တွင် ရှိသည်။ ဤသည်ကား ဖန်ဆင်းရှင်ဘုရား၏ ပျော်ရွှင်မှုကိုသာ အလိုရှိသော၊ ဘုရားသခင်၏အစေခံကျွန်၏ တောင့်တခြင်း ပင်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင်သည် ဘုရားသခင်၏ကျွန်တစ်ဦးဖြစ်ပါသလား။ ကရုဏာ တော်၊ ကျေးဇူးတော် အတိုင်း သင့်အပေါ်၌ ဘုရားသခင် ပေးကမ်းခြင်းငှါ ဆုတောင်း ပါသလား။ သင်သည် ဘုရားသခင်၏အစေကို ဆက်လက်ထမ်းရွက်နိုင်ဖို့ရန် ဘုရားသခင်၏သနားခြင်းကို အလိုရှိပြီး၊ သင့်အားနည်းမှုကို ဝန်ခံသည့် နှလုံးသား ရှိပါသလား။ "ထမင်းအိုး" အတွက် အစေခံသောသူ မဖြစ်ပါနှင့်။ အမှုတော်ဆောင်ပြီး၊ ဘုရားကို ပိုမိုသိရှိရန် ဆန္ဒရှိပါလော့။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်၏ကျွန် အမှန်ဖြစ်ပါသလား။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏သက်သေခံတော်မူချက်များကို သိမြင်မည်အကြောင်း၊ ဂရုဏာတော်များသည် အတိုင်း အကျွန်ုပ်ကို သွန်သင်တော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၆)
**ဆာလံ ၁၁၉း၁၂၆-၁၂၈**
ဟဗ ၁း၁-၄

*"တရားသဖြင့် စီရင်ဆုံးဖြတ်ခြင်း မရှိပါ။
မတရားသောသူတို့သည် ဖြောင့်မတ်သောသူတို့ကို
ဝိုင်းသောကြောင့် . . ."*

# မတရားသောသူတဘက်၌ နှုတ်ကပတ်တရားတော်

များစွာသောလူတို့သည် ဘုရားသခင်၏ပညတ်တော်ကို အလေးမထားကြောင်း ဆာလံဆရာ သိ၏။ သူတို့သည် ဘုရားသခင်၏ပညတ်တော်တိုင်းကို ချိုးဖျက်ပြီး မိမိတို့အလိုကို လုပ်ဆောင်ကြသည်။ အကျင့်ယိုယွင်းပြီး အပြစ်ရှိသောနည်းလမ်းများကို လိုက်လျှောက်ရန် ကိုယ်တော်၏ပညတ်များကို ချိုးဖောက်ကြသည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကို လျစ်လျူရှုသောကြောင့် ဒုစရိုက်များနှင့်ပြည့်နေသည်။ သူတို့၏လုပ်ရပ်များသည် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လူအများကို စိတ်ပျက်စေသည်။ သူတို့သည် ဥပဒေမဲ့ဖြစ်၍သူတို့လှောင်ပြောင်သောဥပဒေအောက်တွင် တရားစီရင်ခြင်းခံရမည်။

<u>ပညတ်တော်ကို ချစ်လော့</u> - များစွာသောသူတို့သည် တရားမဲ့သော်လည်း သူသည် တရားမဲ့သူ မဖြစ်ဖို့ရန် ဆာလံဆရာ ဆုံးဖြတ်ထားသည်။ ထိုအစား သူသည် ဘုရားသခင်၏ ပညတ်တော်ကို ချစ်၏။ ချစ်ခြင်းဆိုသည်မှာ မေတ္တာဖြင့် ရင်ဝယ်ပိုက် ထားခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို သင်တကယ်ချစ်လျှင် တရားတော် ဖတ်ရှုခြင်းအတွက် အချိန် ပေးထားရမည်။ ဖတ်ရုံတင်မဟုတ်ဘဲ နားလည်သဘောပေါက်ပြီး လုပ်ဆောင်ရပါမည်။ ဆာလံဆရာ က ဘုရားသခင်၏ပညတ်တော် ချစ်ခြင်းသည် သာမန်ချစ်ခြင်းမျိုး မဟုတ်ကြောင်းကို သိသည်။ ရွှေစင်ကို တန်ဖိုးထားချစ်ခင်သည်ထက် ပို၍ကြီးမားသောချစ်ခြင်းမျိုး ဖြစ်သည်။ လူတို့သည် ရွှေကောင်း ဝယ်နိုင်ဖို့ရန် ရှိသမျှအရာကိုရောင်းဖို့ အဆင်သင့်ဖြစ်နေကြသည်။ ပညတ်တော်များကို တွေ့ရသည့် နှုတ်ကပတ်တော်သည် သင့်အဘို့ အဘယ်သို့ရှိသနည်း။

<u>ပညတ်တော်ကို မြတ်နိုးတန်ဖိုးထားလော့</u> - မြတ်နိုးခြင်းဆိုသည်မှာ ဘုရားသခင်၏ ပညတ်တော်အားလုံးကို လုံးဝမှန်ကန်သည်ဟု မှတ်ယူ၍ အလွန်တန်ဖိုးထားခြင်းဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရိုသေလေးစားခြင်းက မှားယွင်းသောနည်းလမ်းများကို မုန်းတီး ရမည်ဟု ဆိုလို၏။ ပညတ်တော်ကို မှန်မှန်ကန်ကန်သုံးသပ်ရန် မှားယွင်းသောနည်းလမ်းများကို ငြင်းပယ်ရမည်။ တရားမဲ့သူများသည် ပညတ်တရားကို တရားမဝင်ဖြစ်စေပြီး ဘုရားသခင်၏နှုတ် ကပတ်တော်ကို မြတ်နိုးတန်ဖိုးထားခြင်းမရှိကြသည်ကို ဆာလံဆရာမြင်တွေ့ခဲ့သည်။ သို့သော် ဆာလံ ဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချီးမြှောက်၍ မြှင့်တင်ခဲ့ပါသည်။

ဤနောက်ဆုံးသောကာလတွင် မှားယွင်းသောသွန်သင်ချက်များနှင့် အယူဝါဒများသည် အသင်းတော်များနှင့် စာသင်ကျောင်းများကို နှောင့်ယှက်လျက်ရှိပြီး နှုတ်ကပတ်တော်အပေါ် သူတို့၏ ချစ်ခြင်းမေတ္တာ အေးစက်သွားစေရန် လူအများကို လွှမ်းမိုးထားသည်။ ထို့ကြောင့် နှုတ်ကပတ်တော်ကို ဤလောက၌အခြားသောအရာများထက် သာ၍ချစ်ရပါမည်။ ယုံကြည်သူတို့သည် လောက၏ လွဲမှားသောနည်းလမ်းများ၏လွှမ်းမိုးခြင်း မခံရဖို့ နှုတ်ကပတ်တော်ကို အလွန်လေးစားရပါမည်။

ချစ်သော စာဖတ်သူ၊ သင့်ကိုသင် ဘုရားသခင်၏လက်အောက်တွင် ဆက်လက်တည်ရှိပြီး ယေရှု၏ထိုက်တန်သောနောက်လိုက်ဖြစ်ပါလော့။ ဖြောင့်မတ်သောသူသည် အခြားသောအရာ များထက် ဘုရားသခင်၏ပညတ်တော်ကို ပိုချစ်ရပါမည်။ သူသည် နှုတ်ကပတ်တော်ကို အလွန်လေးစားရမည်။ နှုတ်ကပတ်တော်သည် လူတို့ကို လွှမ်းမိုးရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မတရားသောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ကျွန်တော် အလွန်နှစ်သက် လှပါ၏။

*"နှုတ်ကပတ်တရား၏ နို့စစ် အားဖြင့် ကြီးပွါးမည်အကြောင်း ဘွားစသော သူငယ်ကဲ့သို့၊ ထိုတရား နို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့"*

# နှုတ်ကပတ်တရားတော်ကို လိုချင်တောင့်တခြင်း

တရားဟောကျမ်း ၈း၃ တွင် မောရှေက ဣသရေလလူတို့ကို "ထိုသို့သင့်ကိုနှိမ့်ချ၍ အငတ်မွတ်ခံစေတော်မူသောအခါ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဖူးသော မန္နနှင့် ကျွေးမွေးတော်မူသဖြင့် လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်ကို သိစေတော်မူ၏" ဟု၍ပြောခဲ့သည်။ ဘုရားသခင်၏သားသမီးတိုင်းသည် ဝိညာဉ်ရေးအစာကို ငတ်မွတ်ကြသည်။ နှုတ်ကပတ်တော်ကို စားသုံးဖို့ရန်နှင့် ပြည့်ဝဖို့ရန် တောင့်တသည်။

<u>အံ့ဩစရာဖြစ်သည်</u> - နှုတ်ကပတ်တော်၏ သက်သေခံချက်များသည် အံ့ဩစရာဖြစ်သည်။ အာဗြဟံ၏အသက်တာကို သုံးသပ်ကြည့်ပါ။ အာဗြဟံထံ ဣဇက် ပေးအပ်ခြင်းသည် မည်မျှ အံ့ဖွယ်ရာနည်း။ မောရှေ၏အသက်တာတွင် သူပြုခဲ့သော အံ့ဖွယ်အမှုများကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ယောရှု၊ ဒါဝိတ်နှင့် ကောင်းသော ရှင်ဘုရင်များနှင့် ဧလိယနှင့် ဧလိရှဲ ကဲ့သို့ ပရောဖက်များ၏ အသက်တာများ၌လည်း အံ့ဩစရာ များစွာရှိသည်။ ဓမ္မဟောင်းကျမ်းတွင် မှတ်တမ်းတင်ထားသည့်အတိုင်း သူတို့၏အသက်တာများသည် လိုချင်ဖို့ ထိုက်တန်သည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့၏ ကြီးမြတ်သောကယ်တင်ရှင်နှင့်သခင်ယေရှုခရစ်အကြောင်းကိုလည်း ဖော်ပြထားသည်။ ငယ်ရွယ်သောယုံကြည်သူများနှင့် အသက်ကြီးသော ယုံကြည်သူတို့သည် နှုတ်ကပတ်တော်ကို ဆာလောင်ငတ်မွတ်ခြင်းရှိရပါမည်။ သက်သေခံချက်များက ဆာလံဆရာ၏နှလုံးသားကို ပျော်ရွှင်စေသည်။

<u>အလင်းကိုပေး၏</u> - အလင်းသည် အလွန်အရေးကြီးသည်။ အလွန်မှောင်မိုက်သော လမ်းပေါ်တွင် ညဘက်လမ်းလျှောက်ခြင်းကို စိတ်ကူးကြည့်ပါ။ အလင်းရောင်မရှိလျှင် အလွန်ခက်လသည်။ အရာဝတ္ထုများကို တိုက်မိဖို့ရန်လွယ်ကူသည်။ အလင်းရောင်မရှိဘဲ ဘဝဆိုတာ မဖြစ်နိုင်ပါ။ အလင်းမရှိဘဲ အပင်များကြီးထွားလာမည်မဟုတ်သလို ဂေဟစနစ်တစ်ခုလုံးလည်း ပျက်ပြားသွားပါမည်။ အလင်းရောင်မရှိဘဲ အဘယ်သူမျှ မရှင်သန်နိုင်ပါ။ ဝိညာဉ်ရေးအတွက်လည်း ထိုနည်းတူပင်ဖြစ်သည်။ ထို့ကြောင့် အလင်းမရှိဘဲ ဝိညာဉ်အသက်တာမရှိဟု ကောက်ချက်ချ၏။ ထို့ကြောင့်ဝိညာဉ်ရေးရာအသစ်မွေးဖွားလာသူတိုင်းသည် နှုတ်ကပတ်တော်ကို မရှိမဖြစ်လိုအပ်ကြသည်။ ထိုနှုတ်ကပတ်တော်က သူ့ဘဝတွင် ဘုရားသခင်၏အလိုတော်ကို စုံလင်စေဖို့ရန် နားလည်ခြင်းကို ပါပေးသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်တောင့်တသလား။ သင့်ဘဝတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို နေ့စဉ်ဖတ်ရှုပြီး တွေးတောဆင်ခြင်ရန်လိုအပ်ကြောင်း သဘောပေါက်ပါသလား။ အလုပ်များသည့်အချိန်များ၌ပင် နှုတ်ကပတ်တော်ကို ငတ်မွတ် ပါသလား။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စားသုံးရန် ကျမ်းစာကို မဖွင့်ဘဲထားသောအခါ၊ သင်သည် ဘုရားသခင်ထံမှ သွေဖယ်သွားလာတတ်သည်ကို သတိပြုမိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လိုချင်တောင့်တခြင်း ရှိ၍၊ နေ့စဉ် ဆင်ခြင် နှလုံးသွင်း ပါသလား။

**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်၌ နှုတ်ကပတ်တရားတော် ငတ်မွတ် တောင့်တခြင်း ရှိစေတော်မူပါ။

သောကြာ၊ မတ် (၈)
**ဆာလံ ၁၁၉း၁၃၂-၁၃၄**
ဟေရှာ ၆၃း၇-၁၄

*"ထာဝရဘုရား၏မဟာ မေတ္တာတော်နှင့်၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ငါ ချီးမွမ်းမည်"*

# ဘုရားသခင်ကိုချစ်သောသူတို့အတို့ နှုတ်ကပတ်တရားတော်

ဆာလံဆရာက သူ့ကိုစောင့်ကြည့်ဖို့ ဘုရားသခင်ကိုတောင်းဆို၏။ သူသည် ဘုရားသခင်၏ ဘုန်းတော်ရှေ့၌ အသရေပျက်သည်ကို သိ၏။ မိမိအပြစ်၏မှ မိမိကိုယ်ကို မသန့်စင်စေနိုင်ပါ။ သို့သော်လည်း သန့်ရှင်းသောလက်၊ သန့်ရှင်းသောစိတ်နှလုံးဖြင့် ဘုရားသခင်ကို အစေခံဖို့ရန် လိုအပ်သည်။ ဘုရားသခင်သည် သူ့ကို သနားညှာတာမှုဖြင့် ကြည့်ရှုရမည်ဖြစ်ပြီး သခင်ယေရှု ၏တန်ဖိုးကြီးသောအသွေးတော်ဖြင့် ဆေးကြောရမည်ဖြစ်သည်။ ဘုရားသခင်ကို ချစ်သောသူတို့ ၏နှလုံးသားထဲတွင် ဤပဋိပက္ခ ကွဲပြားခြင်းရှိသည်။ ခွင့်လွှတ်မည်ဟု ကတိပြုထားသည်အတိုင်း သူသည် ခွင့်လွှတ်တတ်သောဘုရားသခင်အဖြစ် ဆက်လက်တည်ရှိနေပါသည်။ ဆာလံဆရာသည် သူ ချစ်တော်မူသောဘုရားသခင်၌ အမြဲတည်ရှိနေဖို့ရန် ဆုတောင်းသည်။

<u>ကျွန်ုပ်၏ခြေလှမ်းများကို မိန့်ကြားပေးပါ</u> - ဆာလံဆရာသည် သူ၏ခြေလှမ်းများကို အချိန် တိုင်း မှန်ကန်စေဖို့ရန်အတွက် ဘုရားသခင်ထံ ဆုတောင်း၏။ သူ၏ဆန္ဒသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း လျှောက်လှမ်းဖို့ရန်ဖြစ်သည်။ နှုတ်ကပတ်တော်နှင့်ဆန့်ကျင်သော အသက် တာမျိုးဖြင့် အသက်ရှင်ရန် ရည်ရွယ်ချက်မရှိပေ။ မည်သို့ပင်ဖြစ်စေ သူသည် စုံလင်စွာ မလိုက် လျှောက်နိုင်ပါ။ ဘုရားသခင်ပြင်ဆင်ထားသော လမ်းကြောင်းတွင် သူ့ကို လျှောက်လှမ်းစေဖို့ရန် လိုအပ်သည်။ ကြမ်းတမ်း၍မညီညာသောလမ်းပေါ်၌ ဘုရားသခင်က သင့်ကိုခန့်ထားလျှင် သူသည် ထိုနေရာတွင် သစ္စာရှိစွာအတူရှိမည်ကို ဆာလံဆရာသိသည်။ အသက်ရှင်ခြင်းသို့ ဦးတည်သောလမ်း ကို နင်းရန် သူ၏ခြေကို ညွှန်ကြားရန် ဘုရားသခင်သည် ထိုနေရာတွင် ရှိနေမည်။ ဤသည်ကား သူ့ကို ကယ်တင်ခဲ့ပြီးသော ဘုရား၊ သူ့ကိုအရင်ချစ်သောကြောင့် သူချစ်ရသော ဘုရားသခင်အတွက် သူ၏ချစ်ခြင်းမေတ္တာဖြစ်သည်။ ဘုရားသခင်သည် မိမိဘုန်းတော်အတွက် ရင်ခုန်သောနှလုံးသား အသစ်ကို သူ့အထဲသို့ သွင်းပေးတော်မူသည်။

<u>ညှင်းဆဲခြင်းဘေးမှ ကယ်တင်တော်မူပါ</u> - သူသည် ဖိနှိပ်ညှင်းဆဲခြင်း ခံရသောဘဝမှ လွတ်မြောက်ခြင်းငှါ ဆုတောင်း၏။ သူ ခံစားနေရသည့် ထိခိုက်ဒဏ်ရာများသည် အလွန်နာကျင်ပြီး ဒေါသထွက်လျက်၊ သန့်ရှင်းသောလူတို့၏အစည်းအဝေးမှ ခွဲထွက်ရန် စဉ်းစားသည့် အကြိမ်များ စွာရှိခဲ့ပါသည်။ ဆာလံဆရာသည် လက်တုံ့ပြန်ရန် သွေးဆောင်ခံရသည်။ ညှင်းဆဲသောသူတို့သည် ရက်စက်သောသူ ဖြစ်ကြသည်။ သို့သော် လက်စားချေမည့်အစား ဖိနှိပ်မှုမှ လွတ်မြောက်ရန် ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်ကို မပြစ်မှားချင်ဘဲ နှုတ်ကပတ်တော်ကို စောင့်ထိန်းလိုသည်။ ဘုရားသခင် ရှေ့တော်၌ သန့်ရှင်း စင်ကြယ်လိုသည်။ ထိုသူတို့ကို ပြန်တိုက်ခြင်း ထက် သူတို့၏ မတရားသောဆက်ဆံမှုမှ လွတ်မြောက်ဖို့ရန် ဆုတောင်း၏။ ဘုရားသခင်ကို ချစ်လျှင် သူ့အတွက် ကောင်းသောသက်သေခံ ဖြစ်လိုခြင်း ရှိရပါမည်။

ချစ်သော စာဖတ်သူ၊ သခင်ဘုရားကို သင်ချစ်သလား။ ဘုရားသခင်ကို အမှန်ချစ်သော ယုံကြည်သူသည် ဘုရားသခင်၏လမ်းစဉ်ကို လိုက်လျှောက်သည်။ သူသည် အခြားသူများအတွက် သက်သေကောင်းတစ်ဦးဖြစ်ဖို့ရန် မိမိကိုယ်ကို သန့်ရှင်းစေ၏။ အမှားပြုမိသောအခါ ဘုရားသခင် နှစ်သက်တော် မမူကြောင်း သိ၏။ သူ၏ချစ်ခြင်းမေတ္တာသည် လုပ်ရပ်များ၌ထင်ရှားပြီး၊ ထိုသို့ လုပ်ဆောင်နိုင်ဖို့ရန် ဘုရားသခင်၏ကူညီမစခြင်းကို သူရှာဖွေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ချစ်ကြောင်း အကျွန်ုပ်အသက်တာ၌ ပေါ်လွင်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို အမှန်ချစ်လျက် အသက်တာ၌ ပေါ်လွင်မည် အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၉)
**ဆာလံ ၁၁၉း၁၃၅**
တော ၆း၂၃-၂၇

*"ထာဝရဘုရားသည် သင်၌ မျက်နှာတော်အလင်းကို လွှတ်၍ ဂရုဏာ ကျေးဇူးပြုတော်မူပါစေသော "*

# နှုတ်ကပတ်တရားတော်သည် ကျွန်ုပ်တို့ကို တောက်ပစေတော်မူ၏

ဘုရားသခင်တပါးတည်းသောသူ့ဘဝကို အလင်းပေးနိုင်ကြောင်း ဆာလံဆရာသိသည်။ ဘုရားသခင်သည် လောကအလင်းဖြစ်တော်မူ၏။ သူတပါးတည်းသာ သူ့လမ်းခရီးမှာ အလင်းပေးနိုင်သည်။ သူသည် ဘုရားသခင်၏အမှုတော်ကို မှန်ကန်စွာနှင့်သစ္စာရှိစွာ ဆောင်ရွက်နိုင်ဖို့အတွက် သူ၏စိတ်ကို တောက်ပစေနိုင်ရန် ဘုရားသခင်တတ်စွမ်းနိုင်၏။ ဟင်းလင်းဖွင့်ထားသောအပင်သည် နေရောင်ခြည်ကို ရရှိသည်။ ထိုအပင်သည် လူသားတို့၏ ကောင်းချီးမင်္ဂလာအတွက် ကြီးထွားပြီး တောက်ပနေလိမ့်မည်။ ထို့ကြောင့် ယုံကြည်သူတစ်ဦးသည် အခြားသူများအတွက် အလင်းဖြစ်ဖို့ရန် ဘုရားသခင်၏တောက်ပသောတန်ခိုးကို လိုအပ်သည်။ ဤအလင်းမှာ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သူ့လူတို့ထံ သွန်းလောင်းခဲ့သည်။

<u>အစေခံတို့အပေါ်၌</u> - ဘုရားသခင်၏အစေခံတို့သည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန် ကြိုးစားအားထုတ်ကြသည်။ သူတို့အလုပ်သည် နှုတ်ကပတ်တော်၏အလင်းဖြင့် လမ်းညွှန်ရမည်ဖြစ်ပြီး၊ သို့မဟုတ်ပါက သူတို့၏ဆောင်ရွက်ချက်မှာ အချည်းနှီးဖြစ်သွားမည်ဖြစ်သည်။ အမှုတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်တွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။ ထို့ကြောင့် ကိုယ်တော်၏အစေခံကျွန်များကို ညွှန်ပြဖို့ရန် အလင်းလိုအပ်သည်။ အမှောင်ထဲတွင် အလုပ်လုပ်နေသော ကျွန်တစ်ဦးသည် ကောင်းကောင်းမလုပ်နိုင်ပါ။ သူလုပ်ဆောင်နေသောအရာကို မမြင်နိုင်သောကြောင့် အရာတော်တော်များများမှာ ချို့တဲ့နေကြသည်ကို တွေ့ရပါမည်။ အလင်းသည် မရှိမဖြစ်လိုအပ်သည်။ ဘုရားသခင်၏နှုတ်ကပတ်အလင်းသည် ဘုရားသခင်၏ အစေခံတို့အတွက် အရေးကြီးဆုံးဖြစ်သည်။

<u>တပည့်များအပေါ်၌</u> - ဆာလံဆရာသည် ဘုရားသခင်၏ စီရင်ထုံးဖွဲ့ချက် အားဖြင့် နှုတ်ကပတ်တော်ကို သင်ယူသည်။ ဤအရာများက ကျောင်းသားများကို သင်တန်းပြီးအောင် သင်ကြားပေးမည့် သင်ရိုးတမ်းတစ်ခုလိုသာ ဖြစ်သည်။ နှုတ်ကပတ်တော်သင်ယူရန် ဘုရားသခင်၏ ဉာဏ်ပညာနှင့်နားလည်မှုလိုအပ်ကြောင်း ဆာလံဆရာသိသည်။ ဤအရာမှာ ဘုရားသခင်ထံ သင်ကြားဖို့ရန် အလိုရှိသောသူအားလုံးထံ သွန်းလောင်းပေးသောဘုရားသခင်၏ အလင်းတော်ဖြစ်သည်။ နှုတ်ကပတ်တော်၏အလင်းကိုရရှိသောအခါ အသိပညာကို ရရှိနိုင်ပြီး ထိန်းသိမ်းထားနိုင်သည်။ လေ့လာသင်ယူသောသူများသာ အလင်းကိုရှာဖွေကြမည်ဖြစ်ပြီး၊ နှုတက်ပတ်တော်ကို လေ့လာသူများကိုသာ အလင်းကို ပေးမည်ဖြစ်သည်။

ခမည်းတော်၏ဘုန်းတော်ထင်ရှားဖို့အတွက် အလင်းကို အသုံးပြုသောအခါမှသာ ဘုရားသခင်၏အလင်းကို ကျွန်ုပ်တို့မျှော်လင့်နိုင်သည်။ ဤမှောင်မိုက်ပြီး အပြစ်ရှိသော ကမ္ဘာကြီးတွင် ပိုမိုတောက်ပလာစေရန် အလင်းရောင်သည် လိုအပ်ပါသည်။ အလင်းသည် မှားယွင်းသော သင်ကြားခြင်းနှင့် မှန်ကန်သောသင်ကြားခြင်းကို ခွဲခြားဖို့ရန် အရေးကြီးသည်။ ကျွန်ုပ်တို့သည် အလင်းကို မတောင်းဆိုသောအခါ အမှောင်ထဲ၌ အမှန်ရှိနေကြသည်။ အလင်းမှာရှိသော လူတို့သည် အလင်းကို တန်ဖိုးထားကြပြီး၊ အမှောင်ထဲ၌ရှိကြသော သူတို့သည်အလင်းကို မထီမဲ့မြင်ပြုကြသည်။

ချစ်သော စာဖတ်သူ၊ သင်ဘာကိုလိုက်စားနေသနည်း။ အလင်းလော၊ အမှောင်လော။ ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်သောသူတို့သည် အလင်းကို လိုက်ရှာကြလိမ့်မည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် အလင်းကို ရှာနေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏တရားများကို သင်ယူမည်အကြောင်း ကျွန်ုပ်တို့၌ အလင်း ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၀)
**ဆာလံ ၁၁၉း၁၃၆**
ယေရမိ ၉း၁-၁၁

*"ငါသည် နေ့ညဉ့်မပြတ် ငိုရမည်အကြောင်း၊ . . . ငါ့မျက်စိတို့သည် မျက်ရည်ထွက်သော စမ်းဖြစ်ပါစေသော"*

---

# ဝမ်းနည်းသောအချိန်၌ ဘုရားသခင်၏နှုတ်ကပတ်တရားတော်

ဝမ်းနည်းမှုဆိုသည်မှာ ဝမ်းနည်းခြင်း စိတ်ခံစားမှုပင်ဖြစ်ပါသည်။ ချစ်ရသောသူ တစုံတယောက် ဆုံးရှုံးသွားသောကြောင့်လည်း ထိုသို့သော ခံစားမှု ဖြစ်ပေါ်နိုင်ပါသည်။ ဆင်းရဲဒုက္ခ (သို့) ညှင်းပန်းနှိပ်စက်ခြင်းများကြောင့် ဝမ်းနည်းခြင်းခံစားနိုင်၏။ သို့သော်လည်း ယခုဝမ်းနည်းမှုသည် ထိုအကြောင်းများကြောင့် မဟုတ်ပါ။ ထိုအရာများထက် ပိုပါ၏။

အကြောင်းရင်း - ယခင်ကျမ်းပိုဒ်များနှင့်လက်ရှိကျမ်းပိုဒ်များကို ထည့်သွင်း စဉ်းစားခြင်းဖြင့် ယခုအခြေအနေသည် ကျွန်ုပ်တို့စိတ်ကူးနိုင်သည်ထက် များစွာ ဆိုးရွားနေပုံရသည်။ မည်သို့ပင်ဖြစ် စေ၊ ၎င်းမှာ ဘုရားသခင်၏အမှုတော်ကို ဖျက်ဆီးရန် ကြိုးပမ်းသော ဖိနှိပ်သူများကြောင့် ဖြစ်နိုင်သည်။ ဧဝံဂေလိတရား ဟောပြောခြင်းကို ထိခိုက်စေကြောင်း ဆာလံဆရာ သိမြင်၏။ ဤအရာက ဘုရားသခင်၏အမှုတော်ကို အနှောင့်အယှက်ဖြစ်စေ၏။ ဤဖိနှိပ်ညှင်းဆဲသူ တို့ကြောင့် လူများစွာသည် နှုတ်ကပတ်တော်ဟောပြောခြင်းမှ ကင်းကွာသွားသည်ကို သူကောင်းစွာသိသည်။

အခြေအနေ - ဆာလံဆရာငိုကြွေး၏။ သို့သော် ဤဝမ်းနည်းမှုသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ဝမ်းနည်းမှု ဖြစ်ပါသည်။ ချောင်းရေကဲ့သို့ မျက်ရည်ကျသည်အထိ ဝမ်းနည်းသည်။ ဤတင်စားမှု စကားပုံက သူ၏ဝမ်းနည်းမှုကို ဖော်ပြ၏။ သူ့မျက်ရည်များကို ဘယ်အရာကမှ ထိန်းမရပါ။ သူ့ဝမ်းနည်းမှုက အလွန်ပြင်းထန်၏။ အကြောင်းမှာ ၎င်းသည် ရုပ်ဝတ္ထုပစ္စည်းများ ဆုံးရှုံး ရုံသာမက စိတ်ဝိညာဉ်များကို ငရဲသို့ ဆုံးရှုံးစေသောကြောင့်ဖြစ်သည်။ လူများစွာတို့သည် ထာဝရစီရင်ခြင်းခံရန်ချီတက်နေကြသည်။ အကြောင်းမှာ ဘုရားသခင်၏ တရားတော်ကို မစောင့်ထိန်းသောသူများ၏ ဟန့်တားမှုကြောင့်ဖြစ်ပါသည်။ ဤငိုကြွေးခြင်းသည် အဆုံးမသတ်နိုင် ဟုထင်ရပါသည်။ ပျက်စီးခြင်းသို့ ရောက်မည့်သူများစွာအတွက် ဝမ်းနည်းပူဆွေးသော သူ၏နှလုံးသားကို ဘုရားသခင်ဖြေသိမ့်ပေးလျှင် သူ အငို တိတ်ပါမည်။ သူတပါး ကယ်တင်ခံရခြင်းအကြောင်းကို ဂရုမစိုက်သော၊ တစ်ကိုယ်ကောင်းဆန်သူများကြောင့် ထိုသို့ဝမ်းနည်းခြင်း ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင်သည် ကယ်တင်ခြင်းမခံရသော သူများ၏ဝိညာဉ်များကို တွေးတောခြင်းမရှိဘဲ မိမိတို့အတွက် စိတ်ကျေနပ်မှုနှင့်အပျော်အပါးလိုက်စားသောသူ မဖြစ်ပါနှင့်။ သင့်ဘဝကို မိမိပိုင်သည်ဟု တွေးထင်လျက် အသက် မရှင်ပါနှင့်။ သင့်ကို ဘုရားသခင်က ကျေးဇူးတော်အားဖြင့် ကယ်တင်တော် မမူလျှင် သင်သည် ငရဲ၌ထာဝရပျက်စီးခြင်းခံရမည်။ ချစ်ခြင်းမေတ္တာတော်နှင့် ကရုဏာကြီးမားလှသော ဘုရားသခင်သည် ကျွန်ုပ်တို့အား သခင်ယေရှု၌ပြီးပြည့်စုံသောကယ်တင်ခြင်း နည်းလမ်းကို ပေးသနားတော်မူပြီ။ သို့ဆိုလျှင် အမှောင်ထဲ၌ ရှိနေသေးသော၊ မျှော်လင့်ချက်မဲ့ပြီး အနာဂတ်ပျောက်ဆုံးနေသော လူများထံ အဘယ်ကြောင့် ထိုကယ်တင်ခြင်း သတင်းကို ကျွန်တော်တို့ မပြောဘဲ နေရပါမည်နည်း။ ကျွန်တော်တို့သည် သူတို့၏ဝိညာဉ်အတွက် ဝမ်းနည်းခြင်း ရှိရမည် မဟုတ်လော။

**ဆင်ခြင်ရန်** - လူများတို့အတွက် ကျွန်တော် ဝမ်းနည်း ငိုကြွေးပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို ချစ်လျက်၊ ညီအစ်ကိုတို့ကို မိမိကိုယ်ကို ချစ်သကဲ့သို့ ချစ်မည်အကြောင်း မစတော်မူပါ။

# နှုတ်ကပတ်တော်သည် ဖြောင့်မတ်တော်မူ၏

ဘုရားသခင်သည် ဖြောင့်မတ်တော်မူ၏။ သူ့၌အပြစ်အစွန်းအထင်းလည်း မရှိပါ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် လူသား၏ဆိုးသွမ်းမှုကို ပေါ်လွင်စေပါသည်။ လူသား၏ အပြစ်တရားနှင့်နှိုင်းယှဉ်လျှင် ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် အလွန်ကြီးကျယ်လှ၏။ ဒံ ၉း၇ တွင် ပရောဖက်ဒံယေလ ပြောခဲ့သောစကားကို ဖတ်ပါ။

ဖြောင့်မတ်သော - သမ္မာကျမ်းစာကို ရေးသောသူသည် ဖြောင့်မတ်တော်မူသကဲ့သို့ နှုတ်ကပတ်တော်သည် ဖြောင့်မတ်မှန်ကန်ပါသည်။ အရင်းအမြစ်ဖြစ်တော်မူသော ဘုရားသခင်၏ စရိုက်လက္ခဏာနှင့် ကိုက်ညီမှုရှိပါသည်။ ဖြောင့်မတ်ခြင်းဆိုသည်မှာ “ဖြောင့်တန်းခြင်း” ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးတွင် ဖြောင့်မတ်ခြင်းကို ထူးဆန်းစွာ ရှုရှာကြသည်။ ထိုသို့သောကမ္ဘာ၌ ကျွန်တော်တို့ နေထိုင်လျက်ရှိပါသည်။ ဤကမ္ဘာသည် ဖြောင့်မတ်ခြင်းထက် ကောက်ကျစ်ခြင်းကို ပိုနှစ်သက်၏။ များစွာသောလူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ပေးသည့် ဖြောင့်မတ်သော အသက်တာမျိုးကို မနှစ်သက်ဘဲ “သမားရိုးကျ မဟုတ်သော” နေထိုင်မှုပုံစံကို ပို၍နှစ်သက်ကြသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအတိုင်း ဖြောင့်မတ်စွာ နေခြင်းကို ဤလောကသည် မုန်းတီးပြီး၊ ဖြောင့်မတ်ခြင်းကို ဆန့်ကျင်ကြသည်။

သစ္စာရှိသော - သစ္စာရှိခြင်းဆိုသည်မှာ မိမိ၏ယုံကြည်ချက်အပေါ် မရွေ့လျားခြင်းနှင့် မိမိခံယူချက်အပေါ် ခိုင်ခံ့မြဲမြံခြင်းဖြစ်သည်။ သို့ရာတွင် ထိုယုံကြည်ချက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီသော ယုံကြည်မှုဖြစ်ရပါမည်။ ထိုနှုတ်ကပတ်တော်သည် မပြောင်းလဲနိုင်သော ဘုရားသခင်၏ ကျမ်းစာဖြစ်ပါသည်။ ဘုရားသခင်သည် ပြောင်းလဲခြင်း မရှိဘဲ၊ မနေ့၊ ယနေ့နှင့် ထာဝရ အတူတူပင်ဖြစ်သည်။ ဤသစ္စာတရားသည် ပြောင်းလဲခြင်း (သို့) ထပ်ပေါင်းထည့်လို့ မရနိုင်သောသူ၏ ကတိတော်များထဲတွင်ရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ နောက်ထပ်ရူပါရုံ (သို့) အသစ်သော ဗျာဒိတ်တော် ထပ်ပေါင်းထည့်လို့ မရပါ။ နှုတ်ယူ ဖယ်ရှားလို့လည်း မရပါ။ ကျမ်းစာသည် နောက်ဆုံးသော ဗျာဒိတ်တော်ဖြစ်သည်၊ ထာဝရ မှန်ကန်ပါ၏၊ အာမင်။ ထိုနှုတ်ကပတ်တော်သည် ယနေ့ ကျွန်ုပ်တို့နှင့်အတူရှိပြီး ဟေဗြဲဘာသာ Masoretic Text နှင့် ဂရိဘာသာ Textus Receptus တို့ကို စုံလင်စွာ ထိန်းသိမ်းထားသည်။ ၎င်းကို အင်္ဂလိပ်ဘာသာဖြင့် King James Version (သို့) The Authorized Version ၌ တွေ့ရှိရပါသည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်မှလွဲ၍ ဖြောင့်မတ်ခြင်းတရား၏ အခြားအခြေခံ မရှိပါ။ ထိုအရာကို နှုတ်ကပတ်တော်အားဖြင့် လူသားတို့ကို ထင်ရှားစေသည်။ “ကျမ်းစာသည် ပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသောသူ၏အသံမှတပါး အခြား မဟုတ်ပါ။ ကျမ်းတိုင်း၊ အခန်းကြီးတိုင်း၊ အခန်းငယ်တိုင်း၊ စကားလုံးတိုင်း၊ အက္ခရာတိုင်းသည် အမြင့်ဆုံးသောဘုရား၏ တိုက်ရိုက်ဖွင့်ပြချက်ဖြစ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှလွဲ၍ အခြား မဟုတ်ပါ။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူ၏ဖွင့်ပြချက်မှာ အချို့အပိုင်း နှုတ်ကပတ်တော်ပိုများပြီး၊ အချို့အပိုင်း ပိုနည်းသည် မဟုတ်ဘဲ၊ အားလုံးအတူတူဖြစ်ပြီး၊ အမှားကင်းလျက် မမှားနိုင်သော၊ တန်ခိုးအာဏာ အမြင့်မြတ်ဆုံးဖြစ်သည်” (Dean Burgon)။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ၊ နှုတ်ကပတ်တော်သည် ဖြောင့်မတ်မှန်ကန်တော်မူကြောင်း ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် ကိုယ်တော် ဖြောင့်မတ် တော်မူသည်နည်းတူ၊ သစ္စာရှိလျက် ဖြောင့်မတ်တော်မူကြောင်း သိမြင်မည်အကြောင်း အကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူပါ။

# နှုတ်ကပတ်တော်သည် အလွန်စင်ကြယ်သန့်ရှင်း၏

ဘုရားသခင်၏နှုတ်ကပတ်တော်သည် စင်ကြယ်သည်။ သန့်စင်ထားသော (သို့) အစွန်းအထင်း မရှိသောသတ္တု ကဲ့သို့ဖြစ်သည်။ ပစ္စည်း စစ် မစစ် စမ်းသပ်ခြင်း သဘောတရားလည်းဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌လည်း အမှားအယွင်းမရှိ၊ လူ၏ထပ်ဖြည့်ခြင်းလည်း မရှိ၊ ဘုရားသခင်၏ ဖော်ပြချက်စစ်စစ်ဖြစ်သည်။ ဘုရားသခင် မှတ်သွင်းထားသော ကျမ်းစာများကို စုံလင်စွာ ထိန်းသိမ်းထားလျက်၊ ယနေ့အထိ ရာစုနှစ် များစွာ ပျက်စီးခြင်းမရှိ တည်ရှိနေသေးကြောင်း သက်သေပြထားလျက်ရှိပါသည်။ ထိုအချက်ကြောင့် နှုတ်ကပတ်တော်သည် "အလွန်" စင်ကြယ်သည်ဟု ဆာလံဆရာက ပြောဆိုခြင်းဖြစ်ပါသည်။

<u>ရန်သူများက နှုတ်ကပတ်တော်ကို မေ့လျော့ကြ၏</u> - သို့သော် ရန်သူများသည် နှုတ်ကပတ်တော်ကို မေ့လျော့ကြသည်။ သူတို့စိတ်ထဲ၌ နှုတ်ကပတ်တော်ရှိကောင်း ရှိနိုင်သော်လည်း ပစ်ထားခဲ့ကြသည်။ ထိုနှုတ်ကပတ်တော်သည် သူတို့အတွက် လိုက်နာကျင့်သုံးဖို့ရန် ထိုက်တန်ခြင်းမရှိပါ။ သူတို့၏ဆိုးညစ်သော လမ်းခရီးအတွက် အတားအဆီးကဲ့သို့ ရှုမြင်ကြ၏။ သူတို့စိတ်ထဲ၌ နှုတ်ကပတ်တော် မရှိစေချင်ကြပါ။ သူတို့သည် ကြားရသော်လည်း အလိုမရှိပါ။ ဤအချက်က ဆာလံဆရာကို ငြီးငွေ့စေပြီး၊ သူ၏ရန်သူတို့သည် ဘုရားသခင်၏ နှုတ်ထွက်စကားတော်ကို ငြင်းပယ်ကြကြောင်း မြင်ရ၍ ဝမ်းနည်းလျက် ဆက်လက် မနေလိုတော့ပေ။ ဘုရားသခင်အတွက် ကြိုးစားအားထုတ်ရန် သူ၏စိတ်အားထက်သန်မှုကို ရန်သူများ၏နှုတ်ကပတ်တော် တမင်လျစ်လျူရှုခြင်းအကြောင်းက ငြိမ်ကျသွားစေသည်။ နှုတ်ကပတ်တော်သည် သူတို့နားနှင့်နီးကပ်သော်လည်း ဘယ်သောအခါမှ သူတို့ မကြားပါ။ သူတို့ပါးစပ်နှင့်နီးကပ်သော်လည်း ဘယ်တော့မှ သူတို့ မပြောကြပါ။

<u>ကိုယ်တော်၏အစေခံတို့သည် နှုတ်ကပတ်တော်ကိုချစ်ကြပါ၏</u> - ဆာလံဆရာသည် နှုတ်ကပတ်တော်၏ သန့်ရှင်းစင်ကြယ်ခြင်း အမှန်တရားကို မငြင်းပယ်နိုင်ပါ။ နှုတ်ကပတ်တော်သည် သူ့အတွက် အလွန်တန်ဖိုးကြီးသည်။ မည်သို့မေ့နိုင်မည်နည်း။ ရန်သူများက သူ့ကို စိတ်ပျက်စေသော်လည်း နှုတ်ကပတ်တော်၏မှန်ကန်မှုက သူ့ကို ဆက်လက်ခံယူစေပြီး၊ သူ့အသက်တာတွင် ဆက်လက်ကျင့်သုံးဖို့ရန် ခွန်အားဖြစ်စေသည်။ သူသည် နှုတ်ကပတ်တော်ကို ချစ်ပြီး၊ ထိုတရားအတိုင်း အသက်ရှင်လိုသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သူများထံ၌ ဝေမျှလိုသည်။

ရန်သူများ၏ နှုတ်ကပတ်တော် ငြင်းပယ်ခြင်းက ထိုနှုတ်ကပတ်တော်ကို မဖျက်ဆီးနိုင်ကြောင်း သန့်ရှင်းသူများ ကောင်းကောင်း သိပါသည်။ မယုံကြည်ခြင်းနှင့် လမ်းလွဲခြင်း အမှောင်ချိုင့်ဝှမ်း ထဲ၌ သွားနေကြသော ဘုရားသခင်၏ရန်သူတို့သည် မိမိကိုယ်ကို ပိုမိုယိုယွင်း ဆိုးသွမ်းစေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အချည်းနှီးသော လူ့အတွေးအခေါ်များဖြင့် အစားထိုးထားကြ၏။ တရားဟောဆရာများနှင့်သင်းအုပ်တို့သည် နှုတ်ကပတ်တော်မဟုတ်ဘဲ လောကအကြောင်းကို ဟောပြောကြသည်။ နှုတ်ကပတ်တော်ကို မေ့လျော့ခဲ့ကြသောကြောင့် အသင်းတော်များစွာတွင် ဘုရားသခင်၏ ဘုန်းတော်ကွယ်ပျောက်သွားပြီဖြစ်သည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်ကို ကျွန်တော် အစဉ် အောက်မေ့သတိရ ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်သည် အကျွန်ုပ်၏ဘဝ အသက်တာ ဖြစ်စေတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၁၃)
**ဆာလံ ၁၁၉း၁၄၁-၁၄၂**
ယောဟန် ၁၇း၁၇-၁၉

*“ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏”*

## ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်တော်မူ၏

ရာစုနှစ်များတစ်လျှောက် ခရစ်ယာန်များကို မထီမဲ့မြင်ပြုကြပြီး အရေးမပါဟု ယူဆခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ နေထိုင်ကြသောကြောင့် ဤလောကီသားတို့က မကြိုဆိုကြပါ။ နှုတ်ကပတ်တော်နှင့် လောကသည် ဆန့်ကျင်ဘက်ဖြစ်ကြ၏။ အကြောင်းမှာ နှုတ်ကပတ်တော်၏ဘုရားသခင် နှင့် ဤလောက၏ဘုရားသည် ရန်သူများဖြစ်ကြ၏။ ရှင်ယာကုပ် ၄း၄ ကိုဖတ်ပါ။

<u>မမေ့နိုင်သောအရာ</u> - ကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်လာသောအခါ ကျွန်ုပ်တို့၏ မိသားစုများနှင့်ဆွေမျိုးများကပင် ကျွန်ုပ်တို့ကို မထီမဲ့မြင်ပြုလာနိုင်သည်။ သူတို့က ကျွန်ုပ်တို့ကို နှိမ်သည့် စကားလုံးအမျိုးမျိုး ပြောဆိုနိုင်၏။ ယုံကြည်ခြင်းမှ ကျွန်ုပ်တို့ကို နှုတ်ထွက်စေသည်ဟု မတရားစွပ်စွဲနိုင်ပါသည်။ ခရစ်ယာန်များသည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရာတွင် အထီးကျန်မှုခံစားရလိမ့်မည်။ သင်သည် ခရစ်တော်အတွက် ရပ်တည် သောအခါ အတိတ်က သင်နှင့်အတူ ရပ်တည်သူများသည် ယခုတွင် သင့်အား ပြင်းထန်စွာ ဆန့်ကျင် နေပေမည်။ သို့သော် ယုံကြည်သူများသည် မိသားစုဝင်များနှင့်သူငယ်ချင်းများ၏ ချစ်ခင်မှုနှင့် ခရစ်တော်ကို လဲလှယ်မည်လော။ လောင်ပြောင်ခြင်းနှင့် အထင်အမြင်သေးခြင်းကြားတွင် ဆာလံဆရာက သမ္မာကျမ်းစာကို မေ့မရနိုင်ပါ။ အကြောင်းမှာ ထိုကျမ်းစာသည် သမ္မာတရားဖြစ် သောကြောင့်ဖြစ်သည်။ ထိုမုန်းတီးသူများ၏ စကားများသည် အတုအယောင်ဖြစ်သည်။ သူသည် ထိုသူတို့ကို မေ့ထားရပါမည်။

<u>ထာဝရဖြစ်သည်</u> - လူတို့၏ စိတ်ဆင်းရဲစေခြင်း၊ မညှာတာသောစကားလုံးများမှာ မှားယွင်းပြီး ဘယ်တော့မှကြာရှည်မခံပါ။ တဘက်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရဖြစ်သည်။ ထိုနှုတ်ကပတ်တော်သည် ဖြောင့်မတ်သောဘုရားသခင်ထံမှ ဆင်းသက်လာပြီး၊ ထာဝရ တည်လိမ့်မည်။ ယုံကြည်သူများသည် ထာဝရတည်သော ဤသမ္မာတရားကို စွဲကိုင်ကြသည်။ မထီမဲ့မြင်ပြုသူများ၏စကားသည် ကြာရှည်မခံပါ။ အမှန်တရားသည် ထာဝရ ဖြစ်ပြီး၊ တစ်ခုတည်းသော အမှန်တရားမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ ဤသည်မှာ နှုတ်ကပတ်တော်ကို မမေ့ရန် ဆာလံဆရာ၏ခံယူချက် အခြေခံဖြစ်သည်။

ချစ်သော စာဖတ်သူ၊ မထီမဲ့မြင်ပြုသောသူများ၏ မှားယွင်းသောစကားတို့သည် ဘာမှမဟုတ်ကြောင်း သင်သဘောပေါက်ပြီလား။ ဟုတ်ပါ၏။ သူတို့၏စကားများသည် နာကျင်စေသော်လည်း လိမ်ညာပြီး လက်တွေ့မကျကြပါ။ ထိုစကားတို့ကို မယုံကြည်ပါနှင့်။ ဆက်လက်တည်ရှိနေမည့်အရာကိုသာ အာရုံစိုက်ပြီး ထာဝရတည်နေပါ။ ဤသို့ဆိုးယုတ်သည့် စွပ်စွဲချက်များကို သင်များများတွေးလေလေ၊ သင် အားနည်းလေလေဖြစ်ပါ၏။ မကြာခင်တွင် ဤအချည်းနှီးသောစကားများကြောင့် သင်မှုးမေ့သွားမည်။ ဘုရားသခင်ထံ ချဉ်းကပ်ပြီး သူ၏ထာဝစဉ်မလှဲမှားနိုင်သော နှုတ်ကပတ်တော်ကို ကြားနာပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အားတက်ဖွယ်ဖြစ်ပြီး ကောင်းမွန်၍ ကြီးမြတ်သောအလုပ်များကို ပိုမိုလုပ်ဆောင်စေမည်ဖြစ်သည်။ သင်သည် အာရုံပျံ့လွင့်နေခြင်းထက် စွမ်းဆောင်မှု အားကောင်းသောသူဖြစ်ပါလော့။

**ဆင်ခြင်ရန်** - နှုတ်ကပတ် သမ္မာတရားတော်ကို ကျွန်တော် စွဲကိုင်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ အကျိုးရှိ၍ ထာဝရတည်သော ကိုယ်တော်၏ အံ့ဘွယ် နှုတ်ကပတ် သမ္မာတရားကို အကျွန်ုပ် စိတ်နှလုံးထဲ၌ သိုထားတော်မူပါ။

ကြာသပတေး၊ မတ် (၁၄)
**ဆာလံ ၁၁၉း၁၄၃-၁၄၄**
ယောဘ ၂၃း၈-၁၂

*"ကိုယ်တော်၏ နှုတ်ထွက်စကားများကို အကျွန်ုပ်လိုအပ်သော အစားအစာထက် ပို၍ အလေးထားပါ၏"*

# နှုတ်ကပတ်တရားတော်၌ ပျော်မွေ့ခြင်း

မမှန်မကန်စွပ်စွဲခံရခြင်းသည် အထူးသဖြင့် ကျွန်ုပ်တို့ကို သိကျွမ်းသည်ဟု ထင်ရသောသူများထံမှ ကြားရသောအခါ ပို၍ စိတ်ဒုက္ခနှင့် အလွန်နာကျင်ခြင်းဝေဒနာကို ခံစားရပါသည်။ သူတို့သည် အမှန်တရားကို ရည်ရွယ်ချက်ရှိရှိ လှည့်စားတတ်ကြသည်။ သူတို့သည် ကျွန်ုပ်တို့ကို စိတ်ဓာတ်ကျစေပြီး ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းအား ရပ်တန့်ရန် ခြိမ်းခြောက်တတ်ကြသည်။ စာတန်သည် ဘုရားသခင့်နှုတ်ကပတ်တော်ဟောပြောခြင်းကို တားဆီးရန် ထိုအစီအစဉ်ရှိသည်။ စိတ်ဒုက္ခရောက်နေသော ဆာလံဆရာ၏ တုံ့ပြန်မှုကိုနားထောင်ကြပါစို့။

ဖြောင့်မတ်၏ - ဆာလံဆရာကို ဒုက္ခရောက်စေသော စကားများသည် မဖြောင့်မတ်ဘဲ ဆိုးယုတ်ကြသည်။ သူသည် ဘုရားသခင်၏ ဖြောင့်မတ်သော နှုတ်ကပတ်တော်ကို တွေးတောဆင်ခြင်လိုသည်။ နှုတ်ကပတ်တော်က သူ့ကို ဘုရားသခင်၏ ဘုန်းထင်ရှားစေမည့် မှန်ကန်သော အရာများလုပ်ဖို့ ညွှန်ကြားထားသည်။ သူ့ကို သန့်ရှင်းစေသော နှုတ်ကပတ်တော်အားဖြင့် သူသည် ဖြောင့်မတ်စေခြင်းခံရသည်။ နှုတ်ကပတ်တော်က မိမိ၏အပြစ်များနှင့် လွန်ကျူးမှုများဖော်ပြလျက်၊ အပြစ်များကို ဘုရားသခင့်ရှေ့တော်၌ ဝန်ခံစေ၏။ တရားမျှတပြီး သစ္စာရှိသောဘုရားသခင်သည် သူ့ကိုသန့်စင်စေပြီး သူ၏အပြစ်များကို ဆေးကြောပေးရန် အမြဲ အသင့်ရှိနေသည်။ ဖြောင့်မတ်သော နှုတ်ကပတ်တော်ဖြစ်ပြီး၊ လူတို့၏ ရှုပ်ထွေးသောစကားများထက် ပိုမိုနှစ်သက်စရာကောင်းသော စကားများဖြစ်ပါသည်။

အသက်ဖြစ်သည် - ဆာလံဆရာက နှုတ်ကပတ်တော်ကို နှစ်သက်၏။ အကြောင်းမှာ ထိုနှုတ်ကပတ်တော်သည် သူ့အသက်ဖြစ်သည်။ ပူပန်သောကရောက်နေသောဝိညာဉ်ကို ရှင်လန်းကြည်နူးစေရုံသာမက သူ၏စိတ်ဝိညာဉ်ကိုလည်း အသက်ပေးသည်။ ၎င်းသည် နာကျင်ကိုက်ခဲမှုများကို သက်သာစေသော ပရုပ်ဆီ ဖြစ်သည်။ မိတ်ဆွေဟောင်းများ၏ နောက်ကျောထိုးမှုကြောင့်ဖြစ်ပေါ်လာသော ဒဏ်ရာများကို ပျောက်ကင်းစေပါသည်။ ရန်သူများ၏ မုသာစကားများသည် သေခြင်းသို့ရောက်စေသော အဆိပ်ပြင်းသောစကားဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်သောနှုတ်ကပတ်တော်များသည် အသက်ရှင်လျက်၊ ထာဝရအသက်ကို ပေးမည်။ အသိဉာဏ်နှင့်အသက်ကိုပေးသော ဘုရားသခင်၏ နှုတ်ကပတ်တော်၊ သမ္မာတရားရှိသောအခါ လူသား၏ မုသာဝါဒ၌စွဲလန်းနေခြင်းမှာ မိုက်မဲမှုမဟုတ်လား။

မှားယွင်းသောစွပ်စွဲချက်များကြောင့် ဝမ်းနည်းပူဆွေးမှုများ ရင်ဆိုင်ကြုံတွေ့ နေရစဉ်၊ ဆာလံဆရာသည် ဘုရားသခင်၏အကြံပြုချက်များအား နှုတ်ကပတ်တော်၌ရှာဖွေခြင်းကို နှစ်သက်သည်။ နှုတ်ကပတ်တော်၌ သူ၏စိတ်နှလုံးအတွက် ရှင်လန်းမှုကိုတွေ့ရှိပြီး၊ သမ္မာကျမ်းစာမှတဆင့် ဘုရားသခင်၏အသံတော်ကို ကြားလိုစိတ်ရှိသည်။

ချစ်သော စာဖတ်သူ၊ လိမ်ညာခြင်းကြောင့် သင်စိတ်ဓာတ်ကျနေသလား။ ဘုရား သခင်၏ နှုတ်ကပတ်တော်ကို နှစ်သက်လော့။ ယာယီမဟုတ်ဘဲ ထာဝရပြည့်စုံလာမည့် အံ့ဖွယ်ကတိတော်များနှင့် ပြည့်နှက်နေသည်။ သမ္မာကျမ်းစာကို နေ့စဉ်ဖတ်လော့။ ကျွန်ုပ်တို့၏ နေ့စဉ်ဝိညာဉ်ရေးရာ လိုအပ်ချက်များနှင့်ကိုက်ညီသောအစားအစာဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ဆာလောင်နေသော ဝိညာဉ်များကို ကျွေးမွေးပြီး ကျေးဇူးတော်နှင့်ကျွန်ုပ်တို့ကယ်တင်ရှင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌ ကြီးထွားစေပါသည်။

**ဆင်ခြင်ရန်** - ကျမ်းစာ ဖတ်ခြင်းကို ကျွန်တော် နှစ်သက်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို နှစ်သက် လက်ခံမည် အကြောင်း နှိမ့်ချသောစိတ်သဘော ပေးသနားတော်မူပါ။

သောကြာ၊ မတ် (၁၅)
**ဆာလံ ၁၁၉း၁၄၅-၁၄၆**
၁ ယော ၂း၁-၆

*"ထိုသခင်၏စကားကို နားထောင်သောသူမည်သည်ကား၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာနှင့် အမှန်ပြည့်စုံ၏"*

# နှုတ်ကပတ်တရားတော် နာခံလိုက်လျှောက်ခြင်း

"စောင့်ရှောက်" (ဆာ ၁၁၉း၁၄၅-၁၄၆) ဟူသော စကားလုံးသည် ဟေဗြဲ စကားလုံး အမျိုးမျိုးမှ ဘာသာပြန်ခြင်း ဖြစ်နိုင်ပါသည်။ အကောင်းဘက်တွင်၊ ဤစကားသည် နှုတ်ကပတ်တော်အား နာခံမှုဖြင့် ကာကွယ်ထိန်းသိမ်းခြင်းကိုဆိုလိုသည်။ ဒုတိယစကားလုံးမှာလည်း အဖိုးတန်သော အရာ တစ်ခုခုကို ကာရံထားခြင်းဖြင့် စောင့်ရှောက်ကာကွယ်ခြင်းသဘောရှိသည်။ ဆာလံဆရာသည် နှုတ်ကပတ်တော်ကို ကာကွယ်ရမည့် ကင်းစောင့်နှင့်တူပြီး ဤနေရာတွင် နှုတ်ကပတ်တော်ကို အဖိုးတန်ပစ္စည်းတစ်ခုလို သဘောထားသည်။

<u>စိတ်နှလုံးအကြွင်းမဲ့ အော်ဟစ်ခြင်း</u> - အော်ဟစ်ခြင်းသည် အော်ခေါ်ခြင်းကိုဆိုလို၏။ ၎င်းကို "တရားဟောရန်" ဟူ၍လည်း ပြန်ဆိုထားပြီး ၎င်းမှာ ဝမ်းနည်းပူဆွေးသောသူ၏ အပြုအမူ မဟုတ်ပါ။ သို့သော်လည်း ဤအော်ဟစ်ခြင်းသည် ဒုက္ခထဲမှခေါ်သံဖြစ်ကြောင်းကို အဘယ်သူကမျှ ငြင်းလို့မရနိုင်ပါ။ ဆာလံဆရာက သူ၏အော်ဟစ်ခြင်းကို ဖြစ်ကတတ်ဆန်း မဖော်ပြပါ။ သူသည် ဘုရားသခင်၏အမှုပြုခြင်းကို လိုအပ်သည့်အတွက် အသေးအဖွဲ့ကိစ္စ မဟုတ်ပါ။ ထို့ကြောင့် သူ၏ တောင်းဆိုချက်မှာ အရေးကြီးကြောင်း သိရှိနိုင်သည်။ ထိုအော်ဟစ်ခြင်းမှာ ဘုရားသခင်အား အမြန်ဖြေရှင်းပေးဖို့ တောင်းဆိုခြင်းဖြစ်သည်။ ထိုခေါ်ဆိုမှုသည် သူ၏အရေးကြီးသော လိုအပ်ချက်အတွက် ဘုရားသခင်၏ ထောက်ပံ့မှုနှင့်ဆုံးဖြတ်ချက်ကို မျှော်လင့်ခြင်းအပြည့်ဖြင့် စိတ်နှလုံးထဲမှ ထွက်ဆိုခြင်းဖြစ်သည်။

<u>ဘုရားသခင်ထံ အော်ဟစ်ခြင်း</u> - ဆာလံဆရာသည် မိမိချစ်ရသူ (သို့) အထက်လူကြီးများထံ မအော်ဟစ်ပါ။ အကြောင်းမှာ သူ၏စိုးရိမ်မှုကို အဘယ်သူမျှ မဖြေရှင်းပေးနိုင်ပါ။ သူ၏ကတိတော်များကို အခြေခံ၍သားသမီးများကို အမြဲဖြေကြားပေးလိုသော ဘုရားသခင်ကို တောင်းလျှောက်သည်။ အဖြေသည် ဘုရားသခင်၏ ဂရုဏာတော်နှင့်ကျေးဇူးတော်၌ရှိကြောင်းကို သူသိသည်။ မဖြစ်နိုင်သည့်အရာကို လုပ်နိုင်သော အနန္တတန်ခိုးရှင်ဘုရားသခင်ရှိကြောင်းကို ဆာလံဆရာသိသည်။ ဤလောက၏ တန်ခိုးအကြီးဆုံးလူတို့ထက် ဘုရားသခင်ထံသို့သာ သူအော်ဟစ်သည်။ သူ၏နှုတ်ကပတ်တော်ကို မပြည့်စုံစေနိုင်ရန် ဘုရားသခင်၏လက်သည် နှေးကွေးခြင်း၊ တိုနေခြင်းမရှိပါ။ ဤအရာကို ဆာလံဆရာသည် ယခင်က တစ်ကြိမ်မက အကြိမ်များစွာ တွေ့ကြုံခဲ့ဖူးသည်။ ဘုရားသခင်သည် သူ့ကို ကူညီသောသူဖြစ်သည်။

ချစ်သော စာဖတ်သူ၊ ကြီးစွာသောကပ်ဘေးမှ သင် လွတ်မြောက်ချင်သည် မဟုတ်လော။ အကယ်စင်စစ် သင်သည် ယုံကြည်သူတစ်ဦးအနေဖြင့် ကမ္ဘာပေါ်ရှိ အကြီးမား ဆုံးပြဿနာဖြစ်သော အပြစ်မှ ကယ်နှုတ်ခံရကြောင်း သက်သေထူနိုင်သည်။ ခရစ်တော်ကို ယုံကြည်ခြင်းကြောင့် ထာဝရ အပြစ်ပေးခံရခြင်းမှ ကယ်နှုတ်ခံရကြောင်းကိုလည်း သင်သိပါ၏။ ယခုဤအရာများထက် သင့်စိုးရိမ်မှုက ပိုမိုကြီးမားသလား။ မဖြစ်နိုင်ဟု ယူဆရသောအရာများကိုပင် ဘုရားသခင်ပြုခဲ့ပါက သင်ယခုကြုံတွေ့နေရသော ပြဿနာကို သူမဖြေရှင်းနိုင်ဟု သင်ထင်သလော။ ဘုရားသခင်ထံ စိတ်အားထက်သန်စွာ အော်ဟစ်ပြီး သူ၏ကောင်းမြတ်ခြင်းကိုခံစားရန် စောင့်မျှော်လော့။ သူသည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်၏အဖဖြစ်သောကြောင့် စိတ်ချခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ စိတ်နှလုံး အကြွင်းမဲ့ ကျွန်တော် ဆုတောင်း ပါသလား။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်ထံ စိတ်နှလုံး အကြွင်းမဲ့ တောင်းလျှောက်မည် အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၁၆)
**ဆာလံ ၁၁၉း၁၄၇-၁၄၈**
ဟေဗြဲ ၆း၉-၂၀

*"ထိုမြော်လင့်ခြင်းမူကား၊ ကုလားကာအတွင်း၌ ချ၍ မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ ကျောက်ဆူး ကဲ့သို့ ငါတို့၌ ရှိသတည်း"*

# နှုတ်ကပတ်တရားတော်၌ တည်သောမြော်လင့်ခြင်း

သမ္မာကျမ်းစာပါ မျှော်လင့်ချက်သည် လောကီဆန္ဒ၊ မျှော်လင့်ချက်မျိုး မဟုတ်ပါ။ ဘုရားသခင်ကို မျှော်လင့်ခြင်းသည် လက်တွေ့ဖြစ်လာလိမ့်မည်ဟု သမ္မာကျမ်းစာက ဖော်ပြထားသည်။ ကတိတော်နှင့်အာမခံချက်ပေးတော်မူသောသူမှာ ကျွန်ုပ်တို့၏ အချုပ်အခြာ အာဏာပိုင်ရှင်နှင့်သစ္စာရှိသော ဘုရားသခင်ဖြစ်သည်။ သူသည်မပြောင်းလဲနိုင်သော ဘုရားသခင် ဖြစ်သည်။ သူသည် ပြောင်းလဲခြင်းမရှိပါ။ ဤကမ္ဘာမတည်မရှိမှီမှစ၍ အဆုံးထိအောင် သူသိတော် မူ၏။ သူ၏ဉာဏ်ပညာ၊ အလိုတော်နှင့်အညီ အစကတည်းက အစီအစဉ်အားလုံးကို ချမှတ်ပြီး ဖြစ်သည်။

<u>အာရုဏ်ဦးကိုအလျင်အမြန်ပြီးစေလိုခြင်း</u> - ဆာလံဆရာသည် သူ၏ဘဝတွင် ဘုရားသခင်၏ကိုင်တွယ်ဖြေရှင်းပုံနှင့် ပတ်သက်၍ အလွန်ရင်းနှီးကျွမ်းဝင်ပြီး ဘေးဒုက္ခများရောက်သောအခါတွင် ဘုရားသခင်၌ မျှော်လင့်လျက်နေသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ သူ၏မျှော်လင့်ချက်ကို ထားသောအခါ၊ အချည်းနှီးဖြစ်မည်မဟုတ်ကြောင်း သူသိသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဧကန်မုချတည်လိမ့်မည်။ သူသည် နံနက်အာရုဏ်တက်ချိန်ကို အမြန်ရောက်စေသည်။ ဆိုလိုသည်မှာ သူသည် နေ့သစ်ကို စိတ်လှုပ်ရှားစွာ စောင့်မျှော်နေသည်။ ည၏အမှောင်ဆုံးအပိုင်းမှာ နေ၏အလင်းရောင်မရောက်ခင်နှင့် နေမထွက်မီအချိန်သာဖြစ်ကြောင်း ပြောဆိုကြသည်။ ထို့ကြောင့် ဆာလံဆရာသည် နံနက်အလင်းရောင်ကို စိတ်အားထက်သန်စွာမျှော်လင့်သည်။ သူ့ဘဝ၏အမှောင်ဆုံးအခိုက်အတန့်ပြီးနောက် အလင်းရောင်ရောက်လာမည်ကို သူသေချာသိသည်။ ထာဝစဉ် မှောင်လိမ့်မည်မဟုတ်ကြောင်းကို ဘုရားသခင်က နှုတ်ကပတ်တော်ထဲတွင် မိန့်ဆိုသည်။ ဆာလံဆရာက ၎င်းကို ယုံကြည်ပြီး အမှောင်ဆုံးရာသီဖြစ်သည့် အာရုဏ်တက်ချိန်ကို ဖြတ်ကျော်ရန် စိတ်အားထက်သန်နေသည်။ အကြောင်းမှာ နောက်တဆင့်မှာ ဘုရားသခင်သတ်မှတ်ထားသည့် ကတိတော်နှင့်ဆိုင်သော ထွန်းလင်းတောက်ပမှုဖြစ်သည်ကို သူသေချာသိသည်။

<u>ညကို မြန်မြန်ပြီးစေလိုခြင်း</u> - သူသည်မနက်ခင်းကို အမြန်ရောက်စေလိုရုံသာမက ညအချိန်မှာပင် ကြိုတင်မျှော်လင့်လျက်နေသည်။ ညဘက် အခက်ခဲဆုံးခရီးကိုဖြတ်သန်းစဉ်တွင် သူသည် ဘုရားသခင်၏ လုပ်ဆောင်မှုကို မျှော်လင့် နေပြီဖြစ်သည်။ သူရည်ညွှန်းသော စောင့်ကြည့်သူများမှာ အထူးသဖြင့် ညဘက်တွင် ဘေးကင်းစေရန် မြို့ရိုးပေါ်တွင် အစောင့်အကြပ်များပြောင်းလဲခြင်းဖြစ်သည်။ နာရီများကို အရှိန်မြှင့်ခြင်းက ဘုရားသခင်၏နှုတ်ကပတ်တော်၌ ညအမှောင်၌ပင် မွေ့လျော်ခြင်းကိုဆိုလိုသည်။ ည၏မှောင်မိုက်မှုသည် နှုတ်ကပတ်တော်ကို တွေးတောဆင်ခြင်ခြင်းမှ သူ့ကို မကင်းကွာစေနိုင်ပါ။ ညသည် မည်မျှပင် မှောင်မိုက်နေပါစေ နှုတ်ကပတ်တော်ကို နားလည်ရန် ဆက်လက်ဆန္ဒရှိနေသည်။

ချစ်သော စာဖတ်သူ၊ သင်သည် ဘုရားသခင့်နှုတ်ကပတ်တော်နှင့်အညီ မှန်ကန်သော အကျင့်ကို ကျင့်ခြင်းဖြင့် သင့်ဘဝကို ကောင်းစွာမြှုပ်နှံပြီလား။ ယုံကြည်သူတိုင်း မျှော်လင့်စောင့်စားနေသည့် နောက်ဆုံးမနက်ခင်းတစ်ခုမှာ ကောင်းကင်နိုင်ငံတော်၏ တောက်ပမှုဖြစ်သည်။ သို့သော် ထိုမနက်ခင်းသည် ထာဝရဖြစ်ပြီး ထိုနေရာတွင် ညမရှိပါ။ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ တောက်ပမှုအောက်တွင် ရှိကြလိမ့်မည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်၏ ဂတိတော်၌ အကျွန်ုပ်၏မြော်လင့်ခြင်း တည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော် မှတ်သွင်းလျက် ထိန်းသိမ်းစောင့်ရှောက် တော်မူသော နှုတ်ကပတ်တရားတော်ကို ယုံကြည်မည်အကြောင်း မစသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၇)

**ဆာလံ ၁၁၉း၁၄၉-၁၅၁**

ဆာလံ ၂၂း၁၁-၂၁

*"အကျွန်ုပ်နှင့် ဝေးဝေးနေတော် မမူပါနှင့်။ ဘေးအန္တရယ် ရောက်လုနီးပါပြီ။ မစသောသူ မရှိပါ"*

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် စောင့်ရှောက်တော်မူ၏

ဆာလံဆရာက ဘုရားသခင်၏နားညောင်းတော်မူခြင်းကိုရှာဖွေသည်။ သူ့အား ယုံကြည်ခြင်းမှ သွေဖယ်ရန် ကြိုးစားသော လူယုတ်မာများရှိကြောင်းကို ဤကျမ်းပိုဒ်၏ဆက်စပ်ကျမ်းက ဖော်ပြထားသည်။ ဘုရားသခင်၏သား၊ သူသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်အား အမြဲမှီခိုနိုင်သည်ကို သူသိသောကြောင့် သူ၏အမှုကို နားထောင်ပေးဖို့ရန် ဘုရားသခင်ထံ အော်ဟစ် သည်။ သူသည် မောပန်းနွမ်းနယ်နေပုံရပြီး ဘုရားသခင်၏ကြားဝင်မှုကို အလွန်လိုအပ်သည်။ သူသည် ဘုရားသခင်အား သူ့အသက်ကို ကာကွယ်စောင့်ရှောက်ဖို့ တောင်းပန်သည်။

<u>ယုတ်မာသောသူတို့သည် ချဉ်းကပ်ကြသောအခါ</u> - ယုတ်မာသောသူတို့သည် ချီတက်၍ ဆာလံဆရာအား ချေမှုန်းရန် အသင့်ရှိသောအခါ ဘုရားသခင်မှအပ သူကိုးစားဖို့ အဘယ်သူမျှမရှိပါ။ မကြောက်ရွံ့ဘဲ သနားညှာတာမှုကင်းသော သူတို့သည် သွေးသွန်းရန်အသင့်ရှိနေကြပြီ။ သူတို့သည် ဘုရားသားသမီးတို့ကို ဆင်းရဲဒုက္ခရောက်စေရန်နှင့် သုတ်သင်ပယ်ရှင်းရန်သာ လိုလားကြသည်။ သူတို့စိတ်ထဲတွင် ရှိသမျှသည် အခြားသူများအပေါ် မကောင်းသောအတွေးချည်းဖြစ်၏။ သူတို့သည် အမှန်တရားနှင့် ဝေးကွာလျက် ဘုရားသခင်၏ ပညတ်တော်ကို မသိကြပါ။ သူတို့သည် ပညတ်တော်ကို လေ့လာဖူး သော်လည်း ဘုရားသခင်၏ဖြောင့်မတ်သောပညတ်တော်များကို ဘယ်တော့မှ မယုံကြည်ကြပါ။ သူတို့ သည် ဥပဒေမဲ့၊ ဒုစရိုက်သမား များနှင့် ရန်သူ၏ ကျွန်များ ဖြစ်ကြသည်။ သူတို့၏စိတ်ထဲတွင် ဘုရား သခင်၏အလိုတော်ကို ဆန့်ကျင်ဖို့သာဖြစ်သည်။

<u>ဘုရားသခင်သည် အနီးရှိသောအခါ</u> - ရန်သူ၏အနားချဉ်းကပ်မှုကို ဆာလံဆရာက သူ့ သခင်ဘုရားနှင့်ရင်းနှီးသော ဆက်သွယ်မှုဖြင့် တုန့်ပြန်၏။ ယုံကြည်သူတိုင်း၏နှလုံးသားတွင် ရှိပြီး သူ၏သားသမီးများသည် သူ၏ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်၏။ ယေရှုခရစ်၌ရှိသော ဘုရားသခင် ၏ ချစ်ခြင်းမေတ္တာနှင့်သူ့ကိုမည်သူမျှ ခွဲလို့မရပါ။ သူသည် ဘဝတစ်လျှောက်လုံး ဘုရားသခင်၏ အကြောင်းကိုဆင်ခြင်၍ ဘုရားသခင်၏ ဝိညာဉ်ရေးရာအစာကို နေ့စဉ်သုံးဆောင်သည်။ ခရစ်တော် နှင့်သူ၏နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်နှင့် ဤကြီးမားသော စည်းလုံးဆက်ဆံခြင်းကို ခွဲခြား လို့ မရပါ။ ၎င်းမှာ ထာဝရအတူတကွရှိနေရန် ချည်နှောင်ထားသည်။ ယော ၁၀း၂၈ ကိုဖတ်ပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘုရားသခင်၏လူတို့ကို ကာကွယ်စောင့်ထိန်းမည်။ အကြောင်းမှာ ဘုရားသခင်သည် သူတို့အနီးအပါးတွင်ရှိ၍ သူတို့နှင့်အတူ ရှိသည်ဟူသော သမ္မာတရားအကြောင်းကို သူတို့အားအမှတ်ရစေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်တည်ရှိနေခြင်းကြောင်း သမ္မာတရားကို နားလည်ရန် ပို့ဆောင်ပေးလိမ့်မည်။ ကျမ်းစာကိုအမြဲဖတ်ရှုသောအခါ ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် ရွေးချယ်ခံရသောသူတို့နှင့်အတူ အမြဲရှိနေမည်ဟု သခင်ဘုရား၏ ကတိတော်ကို သတိရစေမည်။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ကာကွယ်ထိန်းသိမ်းခြင်း ဆိုသည်မှာ သင့်ဘဝတလျှောက်လုံး နှုတ်ကပတ်တော်ကို ရင်းနှီးကျွမ်းဝင်ခြင်းရှိပြီး၊ သုံးဆောင်ဖို့ရန် ဖြစ်သည်။ ထိုအခါ ဘုရားသခင် သင်နှင့်အတူရှိတော်မူကြောင်းကို သင်ခံစားရလိမ့်မည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်အားဖြင့် ကျွန်တော်သည် ဘုရားသခင်နှင့် နီးနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့် နီးတော်မူကြောင်း အစဉ်သတိရစေတော်မူပါ။

တနင်္လာ၊ မတ် (၁၈)
**ဆာလံ ၁၁၉း၁၅၂**
ဒေ ၃း၁၁-၁၅

*"ဘုရားသခင် ပြုတော်မူသမျှသော အမှုသည် နိစ္စထာဝရဖြစ်သည်ကို ငါသိ၏။ ထပ်၍ မပြုနိုင်ရာ။ နှုတ်၍ မယူနိုင်ရာ"*

## နှုတ်ကပတ်တရားတော်၏ သက်သေခံချက်

သမ္မာကျမ်းစာသည် အသက်ရှင်၍စစ်မှန်သော ဘုရားသခင်၏သက်သေဖြစ်သည်။ ကျမ်းစာမပါဘဲ ကျွန်ုပ်တို့ကို အဘယ်သူဖန်ဆင်းပြီး တမလွန်တွင် အဘယ်သို့သွားရမည်ကို မသိနိုင်ကြပါ။ ကျမ်းစာက လူသားတို့ လုံးဝ စာရိတ္တပျက်ပြားခြင်းကို ဖြစ်စေသော လူသား အပြစ်သို့ ကျဆုံးခြင်းအကြောင်းကို ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင် သခင်ဖြစ်သော ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့အားဖော်ပြပေးထားသည်။ ကောင်းကင်ဘုံရှိ ဘုရား သခင်၏နိုင်ငံတော်၌ ထာဝရဘုန်းအသရေ မျှော်လင့်ချက်ကို ကျွန်ုပ်တို့အား ထုတ်ဖော်ပြသသည်။ ဤအရာများနှင့် ဤအရာထက်ပိုသောအရာများသည် သူ၏သားသမီးများအတွက် ဘုရားသခင်၏ ကောင်းသောအစီအစဉ်၏သက်သေများ ဖြစ်ကြသည်။

<u>အဟောင်းကိုသိခြင်း</u> - ဤအရာတို့သည် မျက်မှောက်ခေတ်ရုပ်ပါရုံများနှင့်အိပ်မက်များမှ ပေါ်ထွန်းသော ဗျာဒိတ်တော်အသစ်များမဟုတ်ပါ။ သမ္မာကျမ်းစာရေး မထားမီကပင် အာဒံနှင့်ဧဝတို့သည် ၎င်းကိုကောင်းစွာသိခဲ့ကြသည်။ သူ့နှုတ်ကပတ်တော်ကို ရှင်းလင်းစွာပေးထားခဲ့သည်။ ကျွန်ုပ်တို့၏ပထမဆုံးမိဘများအပြစ်ကျူးလွန်ပြီးနောက် ချက်ချင်းဘုရားသခင်က "မိန်းမ၏အမျိုးအနွယ်" စေလွှတ်ဖို့ သူတို့အားကတိပေးခဲ့သည်။ ယောဘ၊ အာဗြဟံနှင့် အခြားဘိုးဘေးများသည် မေရှိယ ကြွလာခြင်းကို သတိပြုမိကြသည်။ လူသားများအတွက် ဘုရားသခင်၏ အကြံအစည်ကို မျိုးဆက်တိုင်းအတွက် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်သည်။ ယောဟန် ၈း၅၆ ကိုဖတ်ပါ။

<u>ထာဝစဉ်တည်စေခဲ့သည်</u> - ဆာလံဆရာက ရှေးခေတ်ကတည်းက ရှိခဲ့သော ဘုရားသခင့်နှုတ်ကပတ်တော်အကြောင်း သိကျွမ်းခြင်းအကြောင်းကို စိတ်ချလက်ချပြောဆိုသည်။ ၎င်းမှာ ဖန်ဆင်းခြင်းကာလကတည်းက ရှိနေသည်ကို သူသိရှိသောကြောင့် သူသည် ၎င်းကိုလက်ခံရရှိသောသူဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝစဉ်တည်တံ့မည်ဖြစ်သည်။ မုန်တိုင်းအမျိုးမျိုးက ၎င်းကိုဖယ်ရှားရန် ကြိုးပမ်းနိုင်သော်လည်း နှုတ်ကပတ်တော်၏အစက်ကလေး (သို့) အက္ခရာတစ်ခုပင် ပျောက်ကွယ်သွားအောင် လုပ်နိုင်ခြေမရှိပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်မြဲရန် သတ်မှတ်ထားခဲ့ပြီးဖြစ်ပါသည်။

ထိုသို့တည်မြဲစေခြင်းကြောင့် ယုံကြည်ရန်ထိုက်တန်သောအရာ ဖြစ်သည်။ ယုံကြည်သူတို့၏စိတ်နှလုံးထဲ၌ရှိသော ထိုနှုတ်ကပတ်တော်ကို အဘယ်အာဏာကမျှ ဖယ်ထုတ်လို့မရနိုင်ပါ။ ဘုရားသခင်သည် ၎င်းကို မိမိ၏အလိုတော်နှင့်အညီ ထားတော်မူသည်။ ဘေးဒုက္ခကြုံရသောအခါ ကျွန်ုပ်တို့၏မှီခိုရာဖြစ်တော်မူ သည်။ ခဲယဉ်းသောကာလ၌ ၎င်းမှာ ကျွန်ုပ်တို့ခိုလှုံရာကျောက်ဖြစ်သည်။ ဤလောက၏ပြဿနာများကြောင့် ကြီးမားစွာဝန်ထုပ်ဝန်ပိုး ခံရသော အသက်တာများအတွက် ၎င်းမှာ နှစ်သိမ့်စရာဖြစ်သည်။ ရည်ရွယ်ချက်များသည် ထာဝရတည်သည် ဖြစ်၍ ဘယ်သောအခါမှ ပြောင်းလဲခြင်း ရှိမည် မဟုတ်ပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကိုးစားယုံကြည်သလား။ သင်၏ယုံကြည်မှုသည် ရှေးကာလကတည်းက တည်ရှိသောသမ္မာတရားအပေါ် အခြေခံပါသလား။ ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို ဘယ်တော့မှ သံသယမဝင်ပါနှင့်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်သည် အကျွန်ုပ်အတွက် ထာဝရ သက်သေဖြစ်ပါ သလား။
**ဆုတောင်းချက်** -အဖဘုရား၊ ထာဝရ မတည်သော အကျိုး မရှိသော လူ့စကားကို မရှာဘဲ နေမည်အကြောင်း၊ ကိုယ်တော်၏ ထာဝရတည်သော စကားတော်ကို အစဉ်အောက်မေ့စေတော်မူပါ။

အင်္ဂါ၊ မတ် (၁၉)
**ဆာလံ ၁၁၉း၁၅၃-၁၅၅**
မိက္ခာ ၇း၇-၁၃

*“ငါ့ကို အလင်းထဲသို့ ထုတ်၍ နေရာ
ပေးတော်မူသော အားဖြင့် ဖြောင့်မတ်ခြင်း
ပါရမီတော်ကို ငါမြင်ရလိမ့်မည်”*

# နှုတ်ကပတ်တရားတော်အားဖြင့် ကယ်နှုတ်တော်မူခြင်း

ယုံကြည်သူများခံစားနေရသော စိတ်ဓာတ်ကျခြင်းကို ဘုရားသခင်က သူ၏နှုတ်ကပတ်တော်အားဖြင့် အဖြေပေးနိုင်သည်။ ကျွမ်းကျင်သောအကြံဉာဏ်ပေးသူများနှင့်လူသား၏ စိတ်နှလုံးကို အကန့်အသတ်အားဖြင့်သာ သိသောစိတ်ပညာရှင်များကို တိုင်ပင်စရာမလိုပါ။ ကျွန်ုပ်တို့တွင် အမှန်တရားကို ပြောပြသော ဘုရားသခင်နှင့်ဆိုင်သော အတိုင်ပင်ခံရှိသည်။ ယုံကြည်သူများစွာကို ဒုက္ခပေးသည့် ဆင်းရဲဒုက္ခများနှင့်ပြဿနာအများစုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ဖြေဆေးရှိပါသည်။ ၎င်းတွင် လူသား၏ငယ်ရွယ်စဉ်ကာလများအတွက် စုံလင်သောနားလည်မှုရှိပြီး အိုသောအရွယ်ရောက်သွားလည်း ဆက်လက်လမ်းပြပေးလိမ့်မည်။ ၎င်းမှာ တစ်ခုတည်းသောကယ်တင်ခြင်းဖြစ်သည်။ ၎င်းက များစွာသောလူများကို ငရဲနှင့် ရောက်လာမည့်အမျက်ဒေါသတို့မှလည်း ကယ်တင်ပြီးဖြစ်သည်။ နှုတ်ကပတ်တော် အနိုင်မယူနိုင်သောအရာ ဘာရှိဦးမည်နည်း။

<u>မိမိလူများအတွက်</u> - ဆာလံဆရာက ကယ်တင်ခြင်းလိုအပ်သည်ဟု မိမိကိုယ်ကို ထုတ်ဖော်ရန် ကိုယ်ပိုင်နာမ်စားကို အသုံးပြုထားသည်။ ဘုရားသခင်တပါးတည်းသာ သူ့အပေါ် စွပ်စွဲသောမှားယွင်းသောစွဲချက်များကို ရှင်းပေးနိုင်သည်။ ဘုရားသခင်၏ ဥပဒေများမှာ တရားမျှတကြောင်းကို သူယုံကြည်သည်။ ဘုရားသခင်သည် အဘယ်သူကိုမျှ မျက်နှာထောက်တော်မမူပါ။ သူသည် အပြစ်ကျူးလွန်သူများကို မရှင်းပစ်ဘဲ အမှားလုပ်သူများကို မှန်ကန်စွာအပြစ်ပေးမည်။ တရားမျှတမှုနှင့်ရိုးသားမှုကိုအခြေခံ၍ ဘုရားသခင်စီရင်မည်။ ဆာလံဆရာက ဘုရားသခင်၏ ဤစရိုက်ကို ယုံကြည်ပြီး ဘုရားသခင်သည် သူ၏တရားသူကြီးဖြစ်သည်။

<u>မတရားသောသူနှင့်ဝေး၏</u> - ကယ်တင်ခြင်းသည် မတရားသောသူနှင့်ဝေး၏။ အရာခပ်သိမ်းကို အုပ်စိုးတော်မူသောဘုရားသခင်သည် မည်သူ့ကိုမျှ အပြစ်ဒဏ်လွတ်ကင်းခွင့်ပေးမည်မဟုတ်ပါ။ မြေကြီးတပြင်လုံး၏တရားသူကြီးသည် ဒုစရိုက်ကိုပြုသောသူတို့ကိုစီရင်တော်မူမည်။ ထိုသို့သောစီရင်ချက်သည် ကျိုးကြောင်းဆီလျော်စွာ မည်သို့အကောင်အထည်ဖော်မည်ကို ဘုရားသခင်သိတော်မူ၏။ ဘုရားသခင်၏အမျက်တော်ကို ရင်ဆိုင်ခြင်း၏အကျိုးဆက်သည် ကြောက်မက်ဖွယ်ကောင်းလှသည်။ ဘုရားသခင့်ရှေ့တော်၌ မတရားသဖြင့် ဆက်ဆံခံရသူ ရှိမည်မဟုတ်ပါ။ သနားခြင်းမရှိဘဲ၊ ဆိုးသွမ်း သောသူတို့အပေါ် ထာဝရအပြစ်စီရင်ခြင်းခံရမည်။ နောင်တမရသောသူတို့၏ကံကြမ္မာသည် ငရဲနှင့် ထာဝရမီးအိုင်၌ဖြစ်လိမ့်မည်။ ထိုအရာသည် တရားမျှတသော အဆုံးသတ်ဖြစ်လိမ့်မည်။ အဘယ် ကြောင့်ဆိုသော် သူတို့သည် မိမိတို့၏ သခင်နှင့်ကယ်တင်ရှင်ဖြစ်ဖို့ရန် မိမိ၏တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် ချစ်တော်မူသောဘုရားသခင်ကို ငြင်းပယ်၍ ကဲ့ရဲ့ရှုံ့ချကြ၏။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တော်၏ဘုရားသခင်ထံမှ ကယ်တင်ခြင်းကို ယုံကြည်ကိုးစားပါ။ သင်သည် ယေရှုကို ယုံကြည်သောသူဖြစ်လျှင် ကယ်တင်ခြင်းခံရမည်မှာ သေချာလှသည်။ သင် မျှော်လင့်ထားသည့် အချိန် အတိအကျ၌ မဟုတ်သော်လည်း ကယ်နှုတ်တော်မူခြင်းကို သင်အမှန်ခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ် ခံရသော ကယ်နှုတ်တော်မူခြင်းသည် စိတ်ချရပါသလား။
**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော် ဂတိထားတော်မူသော အကျွန်ုပ် ကယ်နှုတ်တော်မူခြင်းကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ မတ် (၂၀)
**ဆာလံ ၁၁၉း၁၅၆-၁၅၇**
၁ ကော ၁၅း၅၈

*"မရွေ့လျော့ မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏ အမှုတော်ကို ကြိုးစားအားထုတ်ကြလော့"*

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မမှောက်လှန်ပါနှင့်

"လျော့ပါး" ဟူသောစကားလုံး (ဆာ ၁၁၉း၁၅၇) သည် "ဆွဲလိမ်ခြင်း" ကိုဆိုလိုသည်။ ဆိုလိုသည်မှာ စကားလုံးတစ်လုံး၏ အဓိပ္ပာယ်ကို စာဖတ်သူအားနှစ်သက်ကျေနပ်စေရန် (သို့) လှည့်စားရန်အတွက် အခြားသောအဓိပ္ပာယ်မျိုးဖြစ်အောင် ပြောင်းလဲခြင်းကိုဆိုလိုသည်။ ပေတရုက မတတ် သောသူနှင့်တည်ကြည်ခြင်းမရှိသောသူတို့သည် မိမိတို့ကို ထိခိုက်စေဖို့ ဆွဲနှုတ်ကြမည် (၂ ပေ ၃း ၁၆) ဟုဆိုသည်။

<u>နူးညံ့သောကရုဏာတော်သည် ကြီးမား၏</u> - အချို့သော စာဖတ်သူများသည် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့်ကိုက်ညီစေရန် စကားလုံး၏ကွဲပြားချက်ကို သွေဖယ်၍ အဓိပ္ပာယ်ကို အတင်းလုပ်ယူဖွင့်ဆိုကြသည်။ ထိုအရာကိုရှောင်ရှားရမည်။ ဘုရားသခင်၏ ဂရုစိုက်မှုက ယုံကြည်သူတို့အား နှုတ်ကပတ်တော်ကို မှားယွင်းစွာ အနက်ဖွင့်ခြင်းမှ တားဆီးလိမ့်သည်။ ဆာလံဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလွဲသုံးစားမပြုဝံ့သောကြောင့် ဘုရားသခင်က သူ့ကို (မိမိဝမ်းထဲ၌ရှိသောသန္ဓေသားကဲ့သို့) အလွန်ဂရုစိုက်ကြောင်းကို ဝန်ခံသည်။ ယုံကြည်သူသည် နှုတ်ကပတ်တော်၏အဓိပ္ပာယ်များကို ပြောင်းလဲစေမည့်အစား ပြည့်စုံဖို့ ခိုင်ခံ့စေရန် သော်၎င်း၊ စောင့်ထိန်းထားရန်သော်၎င်း၊ ဘုရားသခင်၏အမိန့်တော်ကို နာခံဖို့ရန်သော်၎င်း တောင်းဆို ရပါမည်။

<u>များစွာသောသူတို့သည် ညှင်းပန်းနှိပ်စက်သူများနှင့်ရန်သူများဖြစ်ကြသည်</u> - ဤသည်မှာ ဆာလံဆရာက ဘုရားသခင်၏နှုတ်ကပတ်တော်မှလွဲမသွားဖို့ရန် ကတိပြုရသည့်အကြောင်းရင်းများ ဖြစ်သည်။ နှိပ်စက်သူများသည် အလွန်ရန်လိုသည့်ပုံစံဖြင့် သူ့နောက်တွင်ရှိကြသည်။ သူတို့က သူ့နောက်သို့ လိုက်ကြ၍ ပိုလုံခြုံသောနေရာကို ရှာဖို့ပြေးခိုင်းထားကြသည်။ သူတို့သည် လူအနည်းငယ် မဟုတ်ဘဲ အလွန်များကြသည်။ ရာဇဝတ်ကောင်နောက်သို့ လိုက်သကဲ့သို့ သူ့အားရှာဖွေကြသည်။ သူ့ကိုဖျက်ဆီးပစ်ဖို့ အသင့်ရှိနေသည့် စစ်တပ်က သူတို့ကို ကျောထောက်နောက်ခံပေးထားကြသည်။ သို့တိုင် ဆာလံဆရာသည် ဘုရားသခင်ကိုသာ အကြောက်ဆုံး ဖြစ်သည်။ သူ့အားပို၍အထိနာစေမည့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင်သည်ထက် ရန်သူများလက်အောက်တွင် နေရသည်မှာ သာ၍ကောင်းမည်။ နှုတ်ကပတ်တော်ကိုဆန့်ကျင်လျှင် ဘုရားသခင်၏ အမျက်တော် ခံရမည့် ပျက်စီးခြင်းက ထာဝရဖြစ်ပြီး၊ လူသားများ၏ ညှင်းပန်းနှိပ်စက်မှု ဒဏ်ထက် ပို၍ကြီးလေး၏။ ယနေ့ခေတ်တွင် ဘုရားသခင်ထက် လူကိုပိုကြောက်သော ခရစ်ယာန်များရှိကြ၏။ သူတို့ သည် လူတို့နှစ်သက်စေရန်နှင့် နှိပ်စက်ခြင်းကိုရှောင်ရှားရန် နှုတ်ကပတ်တော်ကို ဆန့်ကျင်ကြသည်။ ဘုရားသခင်ပေးမည့်အကျိုးဆက်သည် လူကြောင့် ဖြစ်ပေါ်လာသောဆင်းရဲဒုက္ခများထက် များစွာဆိုးရွားကြောင်း သတိပြုပါ။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်သည် သင့်အား နူးညံ့သောကရုဏာနှင့်မေတ္တာပါသော ဂရုစိုက်မှုကို ပြသခဲ့ပြီးဖြစ်သည်။ သူ၏ကောင်းမြတ်ခြင်းကိုအလွဲသုံးစားမလုပ်ပါနှင့်။ ကမ္ဘာပေါ်တွင် အရက်စက်ဆုံးနှိပ်စက်သူထက် ဘုရားသခင်၏တန်ခိုးကြီးသောလက်တော်သည် ပိုကြောက်ဖို့ကောင်း၏။

**ဆင်ခြင်ရန်** - လူ့အလိုကို လိုက်၍ နှုတ်ကပတ်တော်ကို ကျွန်တော် မှောက်လှန် ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို မှန်ကန်စွာ အနက်ဖွင့်လျက်၊ မှန်ကန်စွာ ဟောပြောမည်အကြောင်း မစတော်မူပါ။

*“မတရားသောသူတို့ကို ဒဏ်ခံစေမည့်အကြောင်း၊ . . .
တရားဆုံးဖြတ်သော နေ့အဘို့ ချုပ်ထားခြင်း”*

## နှုတ်ကပတ်တရားတော်ကို ချိုးဖောက်သောသူများ

လွှန်ကျူးသူများ (အမည်ခံယုံကြည်သူများဖြစ်နိုင်) သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟန်ဆောင်ယုံကြည်သူများဖြစ်ကြသည်။ သူတို့၏လုပ်ရပ်ကြောင့် အခြားသူများကို လဲကျစေပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မတရားပြုကြသည်။ သူတို့သည် ဘုရားသခင်အတွက်၊ ဘုရားသခင်ကို ဆန့်ကျင်သော အသင်းတော်ခေါင်းဆောင်များနှင့်အသင်းဝင်များကို သန့်ရှင်းစေမည်ဟု လေးနက်စွာပြောနေပေမည်။ သို့တိုင်အောင် သူတို့၏ လုပ်ရပ်များသည် နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ သူတို့၏ ကိုယ်ရေးကိုယ်တာ ရန်ငြိုးကြောင့် အခြားသူများကို ဖျက်ဆီးရန် သူတို့၏ဆိုးညစ်သော ရည်ရွယ်ချက် များအတွက် ဘုရားသခင်၏နှုတ်ကပတ်တော် ကို အသုံးပြုတတ်ကြသည်။

<u>သူတို့အတွက်ဝမ်းနည်းခြင်း</u> - သူတို့ကို အကူအညီ မပေးသင့်ပါ။ သူတို့သည် သမ္မာကျမ်းစာ၏ဘုရားသခင်ကို ဆန့်ကျင်ကြသည်။ ဆာလံဆရာက သူတို့အတွက် ဝမ်းနည်းနေ၏။ သူ၏ဝမ်းနည်းခြင်းမှာ ငိုကြွေးပူဆွေးခြင်းမျိုးမဟုတ်၊ လွှန်ကျူးသူများကို ရွံ့ရှာခြင်းနှင့် အဆက်အသွယ်ဖြတ်တောက်ခြင်းမျိုးဖြစ်သည်။ သူတို့သည် ဘုရားသခင်ကို ဆန့်ကျင်ကြသောကြောင့် သူတို့နှင့် မိဿဟာယ မဖွဲ့ဖို့ ဆုံးဖြတ်သည်။ သူတို့သည် ကျွန်ုပ်တို့၏သခင်ဘုရားကို ဆန့်ကျင်တိုက်ခိုက်သောကြောင့် မိတ်ဖွဲ့ရန်မထိုက်တန်ကြပါ။ အိမ်မွေးခွေးများပင်လျှင် တစုံတယောက်က သူတို့၏ သခင်မိသားစုကို အန္တရာယ်ပြုရန် ခြိမ်းခြောက်ပါက အကာအကွယ်ပေးတတ်ကြ၏။ ရန်သူများက သခင်ဘုရားကို ပုပ်ခတ်ပြောဆိုလျှင် သခင်ဘုရားဘက်၌ ရပ်တည်ဖို့ရန် ကျွန်ုပ်တို့ ပိုမို စဉ်းစားတတ်ရပါမည်။ ဇဖက် ၅း၁၂ ကိုဖတ်ပါ။

<u>ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ချစ်ခြင်း</u> - ဆာလံဆရာသည် နှုတ်ကပတ်တောကို ချစ်ခြင်းမေတ္တာနှင့်သစ္စာစောင့်ခြင်းဖြင့် လိုက်လျှောက်၏။ လက်စားချေဖို့ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မနာခံသောသူများကဲ့သို့ သူ မပြုမူခဲ့ပါ။ သူသည် ထိုအမှုကို သူ၏သခင်ဘုရားထံ၌ အပ်ထားရပါမည်။ အကြောင်းမူကား သခင်ဘုရားသည် တရားမျှတတော်မူ၏။ သူ၏ဘုရားသခင်ကို ချစ်မြတ်နိုးဖို့ မိမိကိုယ်ကို ဆက်ကပ်အပ်နှံထားရပါမည်။ သူသည် မိမိအားကယ်တင်ရှင် ဘုရားသခင်ကို ကိုးကွယ်မြတ်နိုးခြင်း၏အဓိပ္ပာယ်ကို အခြားသူများအား ပြသရပါမည်။ အနီးနားရှိလူများသည် စစ်မှန်သော ခရစ်ယာန်၏ဘဝပုံစံကို မြင်ရပါမည်။ နှုတ်ကပတ်တော်ကို မလွန်ကျူးဘဲ စောင့်ရှောက်ခြင်းသည် မည်သို့ဖြစ်သည်ကို သူထင်ရှားစေပါမည်။ ယုံကြည်သူသည် သခင်ဘုရား၏ စိတ်တော်နှင့်တွေ့ရန် ရည်ရွယ်ပြီး၊ တရားစီရင်ခြင်းရောက်လာသောအခါ သူသည် ဘုရားသခင်၏အမျက်တော်မှ လွတ်၍ဘုရားသခင်၏နိုင်ငံတော်သို့ ကြိုဆိုခြင်း ခံရမည်။

ချစ်သော စာဖတ်သူ၊ မတရားသောသူတို့၏ အကြံအစည်၊ သွေးဆောင်ခြင်းသို့ မလိုက်ပါနှင့်။ ဘုရားသခင်သည် အဆုံးစွန်အာဏာ ရှိ၍ တန်ခိုးကြီးတော်မူ၏။ ဘုရားသခင်၏ ဘုန်း ထင်ရှားစေဖို့ရန် အရာအားလုံးကို သူ့ထံသို့ အပ်နှံ တတ်ဖို့ သင်ယူပါ။ မကောင်း သောအမှုကို ရွံ့ရှာရမည်။ ကယ်တင်ရှင်သခင်ကြွလာခြင်းကို စောင့်မျှော်နေပါ။ လွှန်ကျူးသူများသည် ဘေးဒဏ်ကြီးကာလတွင် ဘုရားသခင်၏အမျက်ဒေါသကိုမြင်တွေ့ရမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - အပြစ်လွှန်ကျူးသောသူများနှင့် မိဿဟာယ မဖွဲ့ဘဲ ကျွန်တော် နေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အပြစ်လွှန်ကျူးသောသူများကို သိမှတ်မည့်အကြောင်း အသိဉာဏ် ပေးသနားတော်မူပါ။

*"အိုထာဝရဘုရား၊ ကိုယ်တော်သည်
ထိုနှုတ်ကပတ်တော်များကို ယခုခေတ်မှ အစဉ်ထာဝရ
ကွယ်ကာစောင့်မတော်မူမည်"*

# ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရတည်လိမ့်မည်

"ခိုင်မြဲသည်" ဟူသောစကားသည် မူရင်းဟေဗြဲကျမ်းတွင် မပါရှိပေ။ KJV ဘာသာပြန်သူများသည် ဤစကားလုံးကို သစ္စာရှိစွာဖြင့် စာလုံးစောင်းဖြင့် ရေးသားထားပြီး၊ ၎င်းကို အဓိပ္ပာယ်ပြည့်စုံစေရန် ထည့်သွင်းထားခြင်းဖြစ်သည်။ နှုတ်ကပတ်တော်သည် ထာဝရကာလတိုင်အောင် တည်လိမ့်မည်ဟု ဆာလံဆရာက ကြေညာထားသည်။

အစကတည်းက - ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစကတည်းက ယုံကြည်စိတ်ချရသည်။ ဗျာဒိတ်ကျမ်းတွင် နောက်ဆုံးစကားလုံးကို ရေးသားပြီးမှသာ ၎င်းသည် အခြေခိုင်နေခြင်း မဟုတ်ပါ။ ဘုရားသခင်၏ မှုတ်သွင်းမှုဖြင့် ပေးတော် မမူခင်ကပင် လူသားတို့ထံသို့ ပေးဖို့ ဗျာဒိတ်တော်အစုံအလင် စီစဉ်ထားပြီးဖြစ်သည်။ ဝိညာဉ်တော်သည် သန့်ရှင်းသူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်များကို ရေးသားရန် လှုံ့ဆော်ပေးသည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို ခေတ်အဆက်ဆက်၊ ထာဝရထိန်းသိမ်းစောင့်ရှောက်ရန် ကတိပြုထားသည်။

အကုန်လုံး - ဟုတ်ပါ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားလုံးသည် ထာဝရတည်မြဲမည်ဖြစ်သည်။ အသေးဆုံးအက္ခရာနှင့်အစက်များပင် ပျောက်မည် မဟုတ်ပါ။ နှုတ်ကပတ်တော်သည် ဘုရားသခင်၏စကားတော်ဖြစ်သောကြောင့် အဘယ်သို့ပျောက်ဆုံးနိုင်မည်နည်း။ လူသည် သမ္မာကျမ်းစာ၏ စာမျက်နှာများကို တမင်တကာ ဆုတ်ဖြဲပြီး စကားစုများနှင့်စကားလုံးများကိုသော်၎င်း၊ အခန်းကြီးများနှင့်အခန်းငယ်များကိုသော်၎င်း ဖယ်ရှားနိုင်သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အစဦးကပင် တည်ရှိနေပြီဖြစ်သည်။ နှုတ်ကပတ်တော်၏ မှန်ကန်မှုအတွက် ကျွန်ုပ်တို့သည် ကိုယ်တော်ကို မည်သို့ချီးမွမ်းကြသနည်း။ ထိုနှုတ်ကပတ်တော်သည် အမှား လုံးဝကင်းစင်၏။ ထိုနှုတ်ကပတ်တော်သည် တစ်ခုမျှ ပျောက်ဆုံးမည်မဟုတ်သလို ထပ်ဖြည့်၍လည်း မရနိုင်ပါ။ ဤသည်မှာ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ အပြည့်အဝယုံကြည်နိုင်ရခြင်းအကြောင်းရင်းဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်ရှေ့တော်၌ လူတိုင်းစုဝေးကြရသည့်အချိန်ထိ ၎င်းကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်သည်။

စကားလုံးတိုင်း စောင့်ထိန်းကာကွယ်ခြင်းဟူသော ယုံကြည်ချက်သည် လူတို့ထွင် သောအယူ မဟုတ်။ ဘုရားသခင်ကိုယ်တိုင်လုပ်ဆောင်သောအရာဖြစ်သည်။ လူသား၏ဉာဏ်ရည်ဉာဏ်သွေး ကြီးမားသောကြောင့်မဟုတ်ဘဲ သူ၏နှုတ်ကပတ်တော်သည် ထာဝရတည်မြဲမည်ဟုဆိုသော ဘုရားသခင်၏အလုံးစုံသော အစွမ်းသတ္တိကြောင့်ဖြစ်သည်။

ချစ်သော စာဖတ်သူ၊ ကျမ်းစာမူရင်းသည် ဘုရားသခင်၏စုံလင်သော နှုတ်ကပတ်တော်ဖြစ်ကြောင်းကို သင်ယုံကြည်ပါသလား။ အကယ်၍သင်သည် နှုတ်ကပတ်တော်၏စုံလင်မှုကို သံသယဖြစ်လျှင် ထိန်းသိမ်းစောင့်ရှောက်ရန် ဘုရားသခင်၏တန်ခိုးတော်ကို သံသယဝင်ခြင်းနှင့်အတူတူပင်ဖြစ်သည်။ သူ၏နှုတ်ကပတ်တော်ကို သူစောင့်ထိန်းနိုင်ကြောင်းကို မယုံကြည်လျှင် သင့်ဝိညာဉ်အတွက် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်နိုင်ပါမည်လော။ ကောင်းကင်ဘုံသို့ သင် မဝင်ရောက်မီတိုင်အောင် သင့်ကိုထိန်းသိမ်းစောင့်ရှောက်မည်ကို သင်မည်သို့ သေချာနိုင်မည်နည်း။ သင် ကိုယ်တိုင်စောင့်ရှောက်နိုင်သလား။ မည်သို့မျှမဖြစ်နိုင်ပါ။ ဘုရားသခင်သာ တတ်နိုင်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော် စုံလင်စွာ စောင့်ရှောက်တော်မူခြင်းကို ကျွန်တော် ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်နှင့်အတူ ကျွန်တော် ထာဝရတည်ကြည်မည်အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၂၃)
**ဆာလံ ၁၁၉း၁၆၁**
ဆာလံ ၄း၁-၅

*"ကြောက်ရွံ့တုန်လှုပ်၍ ဒုစရိုက်အပြစ်ကို ရှောင်ကြလော့။ အိပ်ရာပေါ်မှာ ကိုယ်စိတ်နှလုံးနှင့် ဆွေးနွေးစဉ်းစား၍ တိတ်ဆိတ်ခြင်း ရှိကြလော့"*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြောက်ရွံ့တုန်လှုပ်ခြင်းရှိလော့

ကြောက်ရွံ့ခြင်းဖြင့် ရပ်တည်ခြင်းသည် ဘုရားသခင်ကိုကြောက်ရွံ့သောကြောင့် တုန်လှုပ်ခြင်းဖြစ်သည်။ ထိုအရာမှာ သန့်ရှင်း၍ကြောက်မက်ဖွယ်ကောင်းသော ဘုရားသခင်ရှေ့တော်၌ မှန်ကန်သောသဘောထားဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သန့်ရှင်း၍ကြောက်မက်ဖွယ်ပင်ဖြစ်သည်။ ဘုရားသားသမီးများသည် နှုတ်ကပတ်တော်ကို ရိုသေလေးစားကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် နှုတ်ကပတ်တော်ကို မူရင်းလာရာ ဘုရားသခင်ကဲ့သို့ပင် တန်ဖိုးထားသောကြောင့်ဖြစ်သည်။ သန့်ရှင်းသူတို့သည် ဘုရားသခင့်ရှေ့တော်၌ တုန်လှုပ်သောအခါ၊ သူ၏နှုတ်ကပတ်တော်ရှေ့၌လည်း တုန်လှုပ်ကြ၏။ သူတို့သည် ဘုရားသခင်ကို ချစ်ကြသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလည်း ချစ်ကြသည်။ ထိုနှစ်ပါးသည် တလုံးတဝတည်းဖြစ်ကြ၏။ နှုတ်ကပတ်တော်ကို ကျူးလွန်လျက် ဘုရားသခင်ကိုချစ်သည်ဟုအဘယ်သူမျှ မဆိုနိုင်ပါ။

ကြီးမြတ်သောလူတို့ကို ညှဉ်းဆဲသောအခါ - မင်းသားများက တန်ခိုးအာဏာရှိသော ကြီးမြတ်သောလူများကို ကိုယ်စားပြုသည်။ သူတို့သည် ဆာလံဆရာကို အန္တရာယ်ပြုရန်နှင့် မှားယွင်းသောစွပ်စွဲချက်များကို ယူဆောင်လာဖို့ အမိန့်ပေးနိုင်ကြသည်။ ထိုသို့သော စိတ်ဆင်းရဲစရာအခြေအနေများတွင် ၎င်းတို့အား ဦးညွှတ်ရန်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လွန်ကျူးရန် သွေးဆောင်မှုရှိသည်။ သို့သော် ဆာလံဆရာက မြေကြီးပေါ်ရှိ အာဏာတန်ခိုးများထက် ဘုရားသခင်ကို ပို၍ကြောက်ရွံ့ရမည်ကို သိထားသည်။

အကြောင်းမရှိဘဲ ညှဉ်းဆဲကြသောအခါ ကျွန်ုပ်တို့၏ အမှားလုပ်ခြင်းကြောင့် ညှဉ်းပန်းခြင်းခံရသောအခါ ဘုရားသခင်က ကျွန်ုပ်တို့၏ လွန်ကျူးသောအပြစ်ကြောင့် ထိုညှဉ်းဆဲခြင်းကို ခွင့်ပြုသည်ဟု ကျွန်ုပ်တို့ဆိုနိုင်သည်။ သို့ရာတွင် ဆာလံဆရာသည် အကြောင်းမရှိဘဲ နှိပ်စက်ခံရသောအခါ ကြောက်ရွံ့တုန်လှုပ်စရာဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်အမှားမျှ မလုပ် ခဲ့သော်လည်း မှားယွင်းသည်ဟု သတ်မှတ်ခံရလျှင် တွေးကြည့်ရန်ပင် အမုန်စိတ်ပျက်စရာ ဖြစ် သည်။ ကျွန်ုပ်တို့မပြောသောစကားတို့ကို ကျွန်ုပ်တို့ပြောသည်ဟု စွပ်စွဲကြမည်။ သူတို့သည် ကျွန်ုပ်တို့၏ပိုင်သောအရာများကို လွဲမှားစွာသုံးစွဲကြပြီး သူတို့၏နှုတ်ထွက်စကားများဖြင့် ကျွန်ုပ်တို့ကို အပြစ်သားများအဖြစ် ပုံဖော်ကြသည်။ သူတို့ကို တိုက်ခိုက်ခြင်းသည် တရားမျှတကြောင်း ရှင်းပြရန်လွယ်ကူနိုင်ပါ၏။ ထိုသို့သော လုပ်ရပ်များနှင့်အတူ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောဒေါသကို ခံစားလို့ရသည်ဟု ထင်မှတ်နိုင်ပါသည်။ သို့သော်လည်း ဆာလံဆရာက ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြောက်ရွံ့ခြင်းရှိသည်။ ညှဉ်းဆဲသူများကို လက်စားချေခြင်းထက် ဘုရားသခင်ကို ကြောက်ရွံ့ပြီး နာခံခြင်းသည် ပို၍အရေးကြီးပါသည်။ မသဲ ၁၀း ၂၈ ကိုဖတ်ပါ။

ချစ်သော စာဖတ်သူ၊ ဘုရားသခင်ထက် လူများကို သင် ပိုကြောက် သလား။ ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ကျေနပ်စေခြင်းထက် သင်၏သူငယ်ချင်းများနှင့် အမှုဆောင်အရာရှိချုပ်များကို ပို၍ကျေနပ်စေချင်သလား။ ကိစ္စရပ်များကို ချိန်ဆကာ ဘယ်အရာက ပို၍ကြောက်စရာကောင်းသည်ကို ဆင်ခြင်လော့။ တစ်ခဏညှဉ်းပန်းနှိပ်စက်ခြင်း (သို့) ဘုရားသခင်၏နှုတ်ကပတ်တော်ကို လွန်ကျူးသောသူတို့ကို စောင့်မျှော်နေသော ထာဝရအပြစ်စီရင်ခြင်းက ဘယ်အရာပိုကြောက်စရာကောင်းသနည်း။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်ကို ကျွန်တော် ကြောက်ရွံ့ တုန်လှုပ်ခြင်း ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်နှင့်နှုတ်ကပတ်တော်ကို လူထက် ပိုကြောက်မည်အကြောင်း မစတော်မူပါ။

*"စပါးကို စုသိမ်းရာကာလ၌ ဝမ်းမြောက်သကဲ့သို့ငှင်း၊
လုယူသော ဥစ္စာကို ဝေသောသူ
ဝမ်းမြောက်သကဲ့သို့ငှင်း"*

# ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကြီးစွာသောကြွယ်ဝခြင်း

ဤကမ္ဘာမြေကြီး၏အရာများကို (ရွှေ၊ ငွေ၊ ရတနာ စသည်) စည်းစိမ်ဥစ္စာအဖြစ် သင်ယူဆပါသလား။ (သို့) ဝိညာဉ်ရေးဆိုင်ရာများ (ထာဝရတည်မြဲမည့်) ကို သင့်အသက်တာ၏ စည်းစိမ်များဖြစ်ကြပါသလား။ အမှန်တကယ်အသစ်မွေးဖွားခြင်းကို ခံရသောယုံကြည်သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို မြင်တွေ့နိုင်သည်။ သူတို့၏စည်းစိမ်ဥစ္စာသည် ထာဝရတည်မြဲမည့် ကောင်းကင်အရာများပါဝင်သည်။ သူတို့သည် ဤလောကအရာများကို မနှစ်သက်ကြဘဲ မပျက်စီးနိုင်သောအရာများအတွက် ကြိုးစားအားထုတ်ကြသည်။

<u>ကိုယ်တော်၏နှုတ်ကပတ်တော်၌ ဝမ်းမြောက်ခြင်း</u> - ဆာလံဆရာအတွက် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရှင်မြူးထိုက်သည့်စည်းစိမ်တစ်ခုဖြစ်သည်။ ၎င်းကို ရှုံးနိမ့်သောမြို့ကို အောင်နိုင်သူစစ်တပ်မှ လုယူသိမ်းယူထားသော ကြီးမားသည့်ပစ္စည်းတစ်ခုအဖြစ် သူယူဆထားသည်။ ဝန်းရံထားသောမြို့ရှိ ပစ္စည်းအားလုံးသည် အောင်နိုင်သူများအတွက်ဖြစ်သည်။ သူတို့သည် မိမိတို့စိတ်နှလုံးကို စုစည်းနိုင်သည်။ သိမ်းပိုက်ခံရသောမြို့တွင်း၌ တွေ့သမျှသူတို့အလိုရှိသောအရာကို ရယူခြင်းမှ သူတို့ကိုဘယ်အရာကမှ တားဆီးနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဖတ်ရှုကြားနာလိုသူတိုင်းအတွက် တားမြစ်ချက်မရှိဘဲ လွတ်လပ်စွာရရှိနိုင်သည်။ ပညာရှိသော တိုက်တွန်းချက်များနှင့်နှစ်သိမ့်မှုများစွာကို အကန့်အသတ်မရှိ လက်ခံရရှိနိုင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လုယူထားသော အရာများထက် ပို၍ကြွယ်ဝခြင်းရှိ၏။ နှုတ်ကပတ်တော်၏ တန်ဖိုးသည် အဆုံးမရှိနိုင်ပေ။

<u>မုသာကိုမုန်း၍ ရွံ့ရှာခြင်း</u> - သို့သော် မယုံကြည်သူများတွင် ဆန့်ကျင်ဘက်အမြင်ရှိသည်။ သူတို့သည် ဤလောကအရာများကို ချစ်မြတ်နိုးကြသည်။ သူတို့သည် ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ ဝါကြွားခြင်းတို့ကို နှစ်သက်ကြသည်။ သူတို့သည် လောကီအရာများကိုရရှိရန် သမ္မာကျမ်းစာကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားများကို ငြင်းပယ်ကြလိမ့်မည်။ လောကမှချမ်းသာဖို့ရန် သူတို့သည် မုန်းတီး၍ လိမ်ညာကြသည်။ သူတို့သည် အမြတ်ရရှိဖို့ မုသာကိုအားကိုးပြီး သူတို့၏ပြိုင်ဘက်များကိုဖျက်ဆီးဖို့ရန် ဘာမဆိုလုပ်လိမ့်မည်။ သူတို့သည် စီးပွားရေးပြိုင်ဘက်များကို တမင်ဖျက်ဆီးပြီး အသာစီးရဖို့ လာဘ်ထိုးကြမည်။ ဘုရားသခင်၏နည်းလမ်းများသည် သူတို့အတွေးအခေါ် တွင်မရှိပါ။ ဤလောက၏စည်းစိမ်ဥစ္စာကို ရဖို့ မည်မျှပင်ခက်ခဲနေပါစေ ၎င်းနောက်ကို လိုက်ကြလိမ့် မည်။ တမလွန်ဘဝကို မမျှော်လင့်ကြပါ။ သူတို့သည်အနာဂတ်အဝေးကြီးကို မမြင်ဘဲ "မနက်ဖြန် သေမှာမို့လို့ စားသောက်၊ ပျော်မွေ့ကြ" ဟုဆိုတတ်ကြသည်။

ချစ်သော စာဖတ်သူ၊ သင်၏ကြီးမားသော စည်းစိမ်ဥစ္စာအဖြစ် ဘယ်အရာကို သင်မှတ်ယူသနည်း။ ဤလောက၏ စည်းစိမ်များထက် များစွာသာ၍ ကြီးမြတ်သောရတနာအဖြစ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တန်ဖိုးထားသလား။ ဤမြေကြီးပေါ်မှာရှိသော ပျော်ရွှင်ဖွယ်ရာများနှင့် နှိုင်း ယှဉ်လျှင် နှုတ်ကပတ်တော်ကို သင်မည်သို့ သဘောထားဆက်ဆံသနည်း။

**ဆင်ခြင်ရန်** - လောကီအရာထက် နှုတ်ကပတ်တရားတော်ကို ကျွန်တော် ပိုနှစ်သက်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ကြီးစွာသော ကြွယ်ဝခြင်းကဲ့သို့ သိမှတ်မည်အကြောင်း မစတော်မူပါ။

*“ပညတ်တရားသည် အသက်တာရှည်သော ကာလနှစ်ပေါင်းများကို၎င်း၊ ငြိမ်ဝပ်ခြင်းကို၎င်း၊ တိုးပွါးစေလိမ့်မည်”*

# နှုတ်ကပတ်တရားတော်၌ ငြိမ်ဝပ်ခြင်း

“ရှလုံ” ဟူ၍နှုတ်ဆက်ခြင်းကို ခရစ်ယာန်များ အလွန်ရင်းနှီးကြပါသည်။ ဤကျမ်းပိုဒ်တွင် ကောင်းမွန်ပြီး ဘေးကင်းသောအခြေအနေကို ရည်ညွှန်းသည်။ ကြီးပွားခြင်းနှင့် ချမ်းသာခြင်းလည်း ပါဝင်သည်။ သို့သော် စစ်မှန်သောငြိမ်းချမ်းရေးကို လူသားနှင့်ဘုရားသခင် ပြန်လည်သင့်မြတ်ပေါင်းစည်းခြင်းဖြင့် တိုင်းတာသည်။ ဤအရာမှာ အပြစ်သားသည် သခင်ယေရှုအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သောအခါ ရရှိသောငြိမ်သက်ခြင်းဖြစ်ပြီး သူ၏ကျေးဇူးတော်အားဖြင့် ကယ်တင်ခံရသောသူအဖို့ အပြစ်စီရင်ခြင်းမရှိပါ။ ဆာလံဆရာက မိမိဘဝတွင် နှုတ်ကပတ်တော် ရှိဖို့ မည်မျှလိုအပ်သည်ကြောင်း၊ မည်မျှအဓိပ္ပာယ်ရှိကြောင်းကို ဖော်ပြထားသည်။

<u>အမြဲချီးမွမ်းပါ</u> - နှုတ်ကပတ်တော်က သူ့ကိုဘုရားသခင်ထံ ချီးမွမ်းခြင်းပြုဖို့ အမြဲလှုံ့ဆော်ပေးသည်။ နှုတ်ကပတ်တော်၌တွေ့ရသော ဘုရားသခင်၏ဖြောင့်မတ်သောတရားစီရင်ခြင်း အတွက် မည်သို့မချီးမွမ်းဘဲ နေနိုင်မည်နည်း။ သူသည် နှိပ်စက်ခြင်းခံရပြီး၊ မဟုတ်မမှန်စွပ်စွဲ ခြင်းခံရနိုင်သော်လည်း ဘုရားသခင်နှင့် သူ့အကြားငြိမ်းချမ်းရေးရှိခြင်းသည်သာ အရေးကြီးဆုံးဖြစ်သည်။ ထိုအရာက ဘုရားသခင်အား တစ်ရက်ခုနှစ်ကြိမ်ချီးမွမ်းရန် နှိုးဆော်သည်။ ဤသည်မှာ ပုံသေဆုတောင်းရန် နည်းလမ်းမဟုတ်ပါ။ ဤအရာက သူသည် အမြဲတမ်းဆုတောင်းနေခြင်းကို ဖော်ပြခြင်းဖြစ်သည်။ ဤအရာမှာ နှုတ်ကပတ်တော်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်းမှ ထွက်လာသောဘုရားသခင်နှင့်သူ၏ဆက်ဆံခြင်းဖြစ်သည်။ သူသည် နှုတ်ကပတ်တော်၌ ဖော်ပြထားသည့်အတိုင်း ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တော်မူ၏။ နှုတ်ကပတ်တော်အားဖြင့် နေ့တိုင်းအစဉ် သန့်ရှင်းခြင်းရှိ၍ နှုတ်ကပတ်တော်၌ ကတိထားတော်မူသည့်အတိုင်း ထာဝရအသက်ကို ရရှိထားပြီးသော သူအနေဖြင့် ဘုရားသခင်ကို ဆက်လက်မချီးမွမ်းဘဲ မည်သို့နေနိုင်မည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ကြီးမားသော ကောင်းချီးများရရှိရန်အတွက် ဆုတောင်းခြင်း၌ ချီးမွမ်းခြင်းနှင့် ကျေးဇူးချီးမွမ်းခြင်းကို လွတ်လပ်စွာဖော်ပြခြင်းဖြစ်၏။

<u>အနှောင့်အယှက်မရှိပါ</u> - နှုတ်ကပတ်တော်၌ ကျင်လည်သောသူများအား ငြိမ်သက်ခြင်းအာမခံထားသည်။ သူတို့ကို ဘယ်အရာကမှ အနှောင့်အယှက် မပေးပါ။ ဆာလံဆရာက နှုတ်ကပတ်တော် ယုံကြည်သူများသည် ထိမိ၍လဲစရာများမှ ကင်းဝေးရမည်ကို သိသည်။ နှုတ်ကပတ်တော်သည် သူတို့ကို သတိပေးလိမ့်မည်။ ဖိနှိပ်ညှဉ်းဆဲသူများက သူတို့ဒုက္ခရာအနာတရဖြစ်စေရန် သူတို့၏လမ်းတစ်လျှောက်တွင် ဆူးပင်များချထားလိမ့်မည်။ သို့သော်လည်း နှုတ်ကပတ်တော်က သူတို့ကိုကာကွယ်ပေးထားသည်။ လူဆိုးတို့သည် အမှုတော်ကို ရပ်တန့်ရန် အတားအဆီးများ ထားသော်လည်း သူတို့သည် အမှုတော် ဆက်လက်ထမ်းဆောင်နိုင်ရန်အတွက် နှုတ်ကပတ်တော်က သူတို့အားပြသလိမ့်မည်။ သူတို့သည် ထာဝရ အောင်မြင်ရန်အတွက် ကြိုတင်ခန့်ထားခြင်းခံရသူများဖြစ်သည်။ သူတို့သည် ကောင်းကင်မြို့ဆီသို့ နေ့စဉ်ခရီးဆက် စဉ်တွင် ဘုရားသခင်၏လမ်းညွှန်မှုကို ရှာဖွေရန် နှုတ်ကပတ်တော်ထံ အဆက်မပြတ် ပြန်သွားကြသည်။

ချစ်သော စာဖတ်သူ၊ ဒုက္ခနှင့်ပြည့်နေသော ဤမြေကြီးပေါ်တွင် သင်ငြိမ်သက်ခြင်းရှိပါသလား။ သင်သည်နှုတ်ကပတ်တော်ကို ဖတ်ရှုပြီး၊ ကတိပေးထားသည့် ငြိမ်သက်ခြင်းကို ခံစားနေသလား။ နှုတ်ကပတ်တော်ကို ချစ်လျှင် ငြိမ်သက်ခြင်းအတွက် အာမခံချက်ရှိပါ၏။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်ရှိ ဘုရားသခင်၏ဂတိတော်များကြောင့် ဘုရားသခင်ကို ကျွန်တော် အစဉ် ချီးမွမ်းပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ငြိမ်သက်ခြင်းကို အကျွန်ုပ်အား ခံစားစေတော်မူပါ။

အင်္ဂါ၊ မတ် (၂၆)
**ဆာလံ ၁၁၉း၁၆၆-၁၆၈**
၁ သက် ၅း၆-၁၀

*"ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုဝတ်လျက်၊ ကယ်တင်ခြင်းသို့ရောက်မည်ဟု မြော်လင့်ခြင်း တည်းဟူသော သံခမောက်လုံးကိုဆောင်းလျက်၊ ဝတ်ဆောင်ကြကုန်အံ့"*

# နှုတ်ကပတ်တော်၌တည်သော ကယ်တင်ခြင်း မြော်လင့်ခြင်း

ဤနေရာ၌ဖော်ပြသောမျှော်လင့်ခြင်းမှာ ဘုရားသခင်၏ကယ်တင်ခြင်းကိုစောင့်မျှော်နေခြင်းဖြစ်သည်။ စောင့်ရသည့်အလုပ်ဟာလွယ်ကူသောအရာမဟုတ်ပါ။ အထူးသဖြင့် အချိန်အကြာကြီးစောင့်ရသည့်အချိန်သည် မလွယ်ကူပေ။ ကျွန်ုပ်တို့အများစုသည် စိတ်ရှည်သည်းခံမှု ကုန်ဆုံးနိုင်ပြီး အမှုပြုနေသော ဘုရားသခင်၏လက်တော်ကို ကျွန်တော်တို့မမြင်နိုင် သောအခါ မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသောအရာကို ဆက်လုပ်ဖို့ စိတ်ကုန်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မစောင့်နိုင်ကြပါ။ ကျွန်ုပ်တို့သည် ရလဒ်များကို ချက်ချင်းလိုချင်ပြီး လျှင်မြန်စွာဖြစ်စေချင်ကြသည်။ အချိန်အကြာကြီးစောင့်ဆိုင်းခြင်းသည် အချိန်ဖြုန်းခြင်းဖြစ်သည်ဟု ယူဆပြီး ဘုရားသခင်၏ညွှန်ကြားချက် မရှိဘဲ ချက်ချင်းလုပ်ဆောင်လိုကြသည်။

<u>ကျွန်ုပ်၏စိတ်ဝိညာဉ်၌</u> - ဆာလံဆရာက ခြားနားသောသူဖြစ်၍ဘုရားသခင်ကို စောင့်ဆိုင်းနိုင်သည်။ ဘုရားသခင်၏ပဋိညာဉ်အမည် "ထာဝရဘုရား" ဟူသောအမည်ကို သူဦးစွာ ဖော်ပြခြင်းမှာ အလွန်သင့်လျော်ပါသည်။ သူသည် ဘုရားသခင်အား အဘယ်သူဖြစ်သည်ကိုအလုံးစုံရှင်းလင်းစေမည့် နာမတော်အားဖြင့် စတင်ခဲ့သည်။ သူသည် သစ္စာရှိသော ဘုရားသခင်ဖြစ်သောကြောင့် စောင့်မျှော်ရကျိုးနပ်ပါသည်။ အကြိမ်များစွာ ကိုယ်တော်၏အချိန်နှင့်ကျွန်ုပ်တို့အချိန်မတူကြသည်ကို တွေ့ရှိနိုင်သော်လည်း သူသည်ကတိတည်သောသူဖြစ်သည်ကို သိသောကြောင့် ကျွန်ုပ်တို့စောင့်ဆိုင်းနိုင်သည်။ သူ၏ကတိတော်များ မှန်ကန်သောကြောင့် ပြည့်စုံလာလိမ့်မည်။ ယုံကြည်သူ၏စိတ်ဝိညာဉ်သည် ဘုရားသခင်ကို ဆက်လက်မျှော်လင့်နေသည်။ သူသည် ဘုရားသခင်အား ယုံမှားသံသယရှိပြီး မေးခွန်းမထုတ်ဘဲ စောင့်ဆိုင်းနေလိမ့်မည်။ ဘုရားသခင်နှင့်ငြင်းခုံသူမှာ အဘယ်သူနည်း။ စကြာဝဠာကို ဖန်ဆင်းသူကို ဘာလုပ်ရမည်ဟု ပြောဆိုရဲသောလူသားသည် မည်သို့သောသူနည်း။ ဆာလံဆရာက သူ့နေရာသူသိ၏။ သူသည် ဘုရားသခင့်ဉာဏ်ပညာ၏အစက်တစ်ခုလေးကို လက်ခံရရှိသူသာဖြစ်၏။ ဘုရားသခင်အားဘာလုပ်ရမည်ကိုအကြံပြုခွင့်ပင် သူ၌မရှိပါ။

<u>ကျွန်ုပ်၏နည်းလမ်းများ</u> - မိမိ၏လမ်းစဉ်ကိုရှာမည့်အစား ဆာလံဆရာက ဘုရားသခင်၏လမ်းစဉ်အတိုင်း လိုက်ရန်ဆုံးဖြတ်ထားသည်။ သူသည် နှုတ်ကပတ်တော်၌ရှိသောဘုရားသခင်၏ပညတ်တော်များနှင့်သက်သေခံချက်များကို စောင့်ထိန်းသည်။ သူ့လမ်းစဉ်များကို လိုက်ဖို့မဆုံးဖြတ်ရပါ။ သစ္စာရှိသော ဘုရားသခင်သည် သူ၏အသက်တာအတွက် အသေးစိတ်စီမံချက်ရှိထားပြီးဖြစ်ကြောင်းကို သူသိသည်။ ထို့ကြောင့် သူ၏လမ်းပြဖြစ်ရန် ကိုယ်တော်ကို စောင့်မျှော်နေသည်။ အကယ်စင်စစ် ဘုရားသခင်၏လက်ရာတော်ကို ကိုးစားသောသူသည် မိမိရည်မှန်းသော နေရာသို့ရောက်လိမ့်မည်။ နောက်ကြောင်းပြန်မလှည့်ပါနှင့်။ အခြားသောလမ်းကိုလည်း လှည့်မသွားပါနှင့်။ အကြောင်းမှာ ဘုရားသခင်၏လမ်းစဉ်သည် ကယ်တင်ခြင်းကိုမျှော်လင့်နိုင်သော တစ်ခုတည်းသောလမ်းစဉ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသောလမ်းကိုအဘယ်ကြောင့် ရှာရမည်နည်း။ ဘုရားသခင်၏လမ်းစဉ်မှလွဲ၍ အခြားလမ်းအားလုံးသည် လူကိုပျက်စီးခြင်းသို့ ပို့ဆောင်မည့်မှားယွင်းသောလမ်းဖြစ်ကြသည်။

ချစ်သော စာဖတ်သူ၊ သင့်ဝိညာဉ်သည် သင်၏ကယ်တင်ခြင်း အရှင်ဘုရားသခင်ကို စောင့်မျှော်နေပါသလား။ နှုတ်ကပတ်တော်များကိုနာခံပြီး ညွှန်ကြားချက်ကို စောင့်ဆိုင်း နေသလား။ ချစ်ရသောသူများနှင့် မိတ်ဆွေများ၏ကယ်တင်ခြင်းအတွက် ဘုရားသခင်ကို သင် စောင့်ဆိုင်းနေပါသလား။ နှုတ်ကပတ်တော်၌ အစဉ်အမြဲ ရှိနေသောအခါ ထိုသို့သင်ပြုနိုင်လိမ့်သည်။

**ဆင်ခြင်ရန်** - ပြုသောအရာတိုင်းတွင် ဘုရားသခင်၌ ကျွန်တော် မြော်လင့်ခြင်း ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ အရာရာတိုင်း၌ ကိုယ်တော်၏ စုံလင်သော အချိန်အခါကို ကျွန်တော် စောင့်ပါမည်။

ဗုဒ္ဓဟူး၊ မတ် (၂၇)
**ဆာလံ ၁၁၉း၁၆၉-၁၇၀**
၅ ရာ ၂၂း၆-၁၆ *"ထာဝရဘုရားသည် ဉာဏ်ပညာကို ပေး၍"*

## နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်ကို ချဉ်းကပ်လော့

ယုံကြည်သူအတွက် အကောင်းဆုံးသောနေစရာ နေရာသည် ဘုရားသခင်အတူပါရှိတော်မူသောနေရာ ပင်ဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်အထံတော်ကို မိမိကြိုက်သလို ချဉ်းကပ်၍ မရပါ။ ကျွန်ုပ်တို့၏ကယ်တင်ရှင် သခင် ယေရှု ခရစ်တော်၏နာမတော်အားဖြင့် ချဉ်းကပ်ရမည်ဖြစ်ပါသည်။ ထို အရာခပ်သိမ်းကို ဖန်ဆင်းအုပ်စိုးတော်မူသော အနန္တတန်ခိုးရှင် ဘုရားသခင်ထံသို့ ချဉ်းကပ်ဖို့ရန် ကျွန်တော်တို့သည် ထိုက်တန်ခြင်း မရှိပါ။ ခရစ်တော် ပြုတော်မူခဲ့သောအမှုကြောင့်သာ ချဉ်းကပ်ရသောအခွင့်ကို ကျွန်တော်တို့ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ ချဉ်းကပ်သောအခါ၊ နှုတ်ကပတ်တရားတော်အတိုင်း ယေရှု၏နာမတော်အားဖြင့် ချဉ်းကပ်ရပါမည်။ ညစ်ညမ်းသော ဤလောကီစကားလုံးများ မဟုတ်ဘဲ၊ နှုတ်ကပတ်တော် စကားများဖြင့် ဘုရားသခင်ကို ချဉ်းကပ်လျက် မိသာဟာယ ဖွဲ့ရမည် ဖြစ်ပါသည်။

<u>ကျွန်ုပ် အော်ဟစ်သံ</u> - ဤအော်ဟစ်သံသည် ဝမ်းမြောက်ခြင်း (သို့) ဝမ်းနည်းခြင်း ကြောင့်ပေါ်ထွက်လာသော အသံဖြစ်လိမ့်မည်။ ဆာလံဆရာ၏ စိတ်နှလုံးထဲမှ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ အချည်းနှီးသောစကားကို အော်ဟစ်လျှင် ဘုရားသခင် နားညောင်းတော်မူမည် မဟုတ်ပါ။ ထို့ကြောင့် ဆုတောင်းခြင်းသည် ခက်ခဲသောအမှု မဟုတ်ပါ။ လိုအပ်သည်မှာ ဆာလံဆရာ ကဲ့သို့ နှုတ်ကပတ်တော် သိနားလည်ခြင်းပင်ဖြစ်ပါသည်။ ညီးထွားမြည်တမ်းခြင်း မပြုဘဲ၊ နှုတ်ကပတ်တော် မိန့်တော်မူချက်နှင့်အညီ ယေရှုနာမတော်ဖြင့် ချဉ်းကပ် အော်ဟစ်ရပါမည်။ ဆာလံဆရာသည် ဘုရားသခင်ကို သိလျက်၊ နှစ်သက်တော်မူသောအရာကိုလည်း သိခဲ့ပါသည်။ သူ၏ ဝမ်းမြောက်နာကျင် အော်ဟစ်ခြင်းတို့သည် ဘဝ၌ ဘုရားသခင်ပြုတော်မူသောအမှုကို သိနားလည်ခြင်းမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

<u>အသနားတော်ခံသော စကား</u> - ဘုရားသခင်ထံ ချဉ်းကပ်သောအခါ၊ ဆာလံဆရာသည် ဘုရားသခင် အလိုတော်နှင့် ဆန့်ကျင်သောအရာကို မတောင်းလျှောက် မိဖို့ရန် အထူးသတိပြုပါ၏။ ဘုရားသခင်၏အလိုတော်အတိုင်း ကယ်နှုတ်ခြင်းကို တောင်းခဲ့ပါသည်။ နှုတ်ကပတ်တော်၌ ဖော်ပြခဲ့သော အလိုတော်အတိုင်း တောင်းလျှောက်ခြင်း ပြုရန် သတိထားခဲ့ပါသည်။ ကောင်းကြီး မဟုတ်ဘဲ အမျက်တော် နိုးဆော်သော ဆုတောင်းခြင်းမျိုး မတောင်း မိဖို့ရန် သတိထားရပါမည်။ အချည်းနှီးသော အရာ၊ ဇာတိတပ်မက်ခြင်းအရာများကို မတောင်းလျှောက် မိဖို့ အရေးကြီးလှပါသည်။ ဘုရားသခင် နှစ်သက်သောအရာ၊ မှန်သောအရာ သိခြင်းသည် နှုတ်ကပတ်တော်၌ ရှိပါသည်။ ဆာလံဆရာသည် ထာဝရဘုရားကို နှုတ်ကပတ်တော်နှင့်အညီ ချဉ်းကပ်ခဲ့ပါသည်။

ချစ်သော စာဖတ်သူ၊ ဆုတောင်းခြင်းနှင့်ကိုးကွယ်ခြင်း၌ ဘုရားသခင်ကို သင်မည်သို့ ချဉ်းကပ် ပါသနည်း။ ရိုသေလေးစားခြင်း မရှိ၊ မိမိစိတ်ကြိုက် ချဉ်းကပ်ခြင်း ပြုသည် မဟုတ်လော။ ကောင်းကြီးမင်္ဂလာ မဟုတ်ဘဲ၊ အမျက်တော်ကိုသာ ဖိတ်ခေါ် နေပါသလား၊ သတိပြု ဆင်ခြင်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော် အစဉ် ရှာပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို အစဉ် မြင်တွေ့ရမည်အကြောင်း၊ ကိုယ်တော်ကို ရှာလိုသော စိတ်နှလုံး အကျွန်ုပ်၌ ဖန်ဆင်းပေးတော်မူပါ။

*"အကျွန်ုပ်၏ လျှာသည်လည်း ဖြောင့်မတ်တော်မူခြင်းတရားကို အစဉ် မြွက်ဆိုပါလိမ့်မည်"*

# နှုတ်ကပတ်တော်အတွက် ကျွန်ုပ်၏လျှာ

နှုတ်ပါးစပ်သည် စကားပြောသော အင်္ဂါတခုအဖြစ် သိမှတ်ကြပါ၏။ လူ့ခန္ဓာကိုယ် ဖွံ့ဖြိုးကြီးထွားဖို့ရန် အစားအစာရန်အတွက် အရေးကြီးသော အင်္ဂါဖြစ်သည်သာမက၊ ဤနှုတ်ပါးစပ်သည် ဘုရားသခင်နှင့် မိသာဟာယဖွဲ့ဖို့ရန် အသုံးပြုသော အင်္ဂါဖြစ်ပါသည်။ ဆာလံ ၅း၉ ထဲတွင် ဆာလံဆရာက သူ့ရန်သူများ၏ပါးစပ်အကြောင်းကို ဖော်ပြခဲ့ပါသည်။ ဘုရားသခင် သားသမီးတို့၏ နှုတ်ပါးစပ်သည် ခြားနားပါ၏။ ကိုယ်တော်ဘုရားကို ချီးမွမ်းဖို့ရန် ဘုရားသခင်က အသစ်ပြုပြင် တော်မူပြီဖြစ်ပါသည်။ ထိုချီးမွမ်းခြင်း၏အရင်းအမြစ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။

<u>အကျွန်ုပ် နှုတ်သည် ချီးမွမ်းခြင်းကို မြွက်ဆိုပါမည်</u> - ဆာလံဆရာသည် နှုတ်ကပတ်တော်ကို သင်ယူလေ့လာခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ကို ချီးမွမ်းတတ်ခြင်းဖြစ်ပါသည်။ အဘယ်သူသည် ဘုရားသခင်၏ အံ့ဘွယ် ဖန်ဆင်းတော်မူခြင်း၊ ကယ်နှုတ်တော်မူခြင်း အစီအစဉ်နှင့် အပြစ်ခွင့်လွတ်တော်မူခြင်းအကြောင်း၌ မချီးမွမ်းဘဲ နေနိုင်မည်နည်း။ အမည်ခံ ယုံကြည်သူ၊ စကား မပြောချင်လောက်အောင် ပျင်းရိသောသူသာလျှင် နေနိုင်လိမ့်မည်။ ဟုတ်ပါ၏၊ မယုံကြည်သူသည် ဘုရားသခင် ပြုတော်မူသော အံ့ဘွယ်အမှုများကို အလေး မထားတတ်ကြပါ။ သူတို့သည် ချီးမွမ်းခြင်း မဟုတ်ဘဲ၊ မြည်တမ်းခြင်းကို ပြုကြ၏။ နှုတ်ကပတ်တော်ကို ဆန့်ကျင် ရှုတ်ချတတ်ကြ၏။ ဆိုးသွမ်းသော စကား၊ မကောင်းသော စကားမှန်သမျှ ပြောတတ်ကြပြီး၊ ဘုရားသခင် ချီးမွမ်းခြင်းစကား မပြော တတ်ကြပါ။

<u>အကျွန်ုပ် လျှာသည် ဗျာဒိတ်တော်ကို သီချင်းဆိုပါမည်</u> - ဘုရားသခင်ကို ချီးမွမ်းသော နှုတ် လျှာ ပါးစပ်သည် နှုတ်ကပတ်တော်ကို ပြောကြားသော နှုတ်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို ပုံမှန် ဖတ်ရွတ် ဆင်ခြင် လေ့လာသော၊ ယုံကြည်သူ၏နှုတ်သည် ကောင်းသော စကားကို ပြောတတ်၏။ စီးဆင်းသော မြစ်ရေကဲ့သို့ စိတ်ထဲမှာ အသိမ်းဆည်းနိုင်ဘဲ အဆက်မပျက် ဘုရားသခင် ချီးမွမ်းခြင်း စကားများကို ပြောဆိုတတ်ပါသည်။ ယုံကြည်သူသည် နှုတ်ကပတ်တော်ကို အစဉ်အမြဲ ဖတ်ရှု လေ့လာသောအခါ၊ သူ့နှုတ်မှ ကြင်နာခြင်းစကားများ ထွက်လာတတ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင့် နှုတ်ပါးစပ်သည် မည်ကဲ့သို့ရှိပါသနည်း။ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားစေသော ချီးမွမ်းခြင်း စကားများ ထွက်ပါသလား။ ကယ်တင်ခြင်း မခံရသေးသောသူများထံသို့ ကယ်တင်ခြင်းတရား ဟောပြောပါသလား။ ကယ်တင်ခြင်း သတင်းကောင်းကို တစုံတယောက်ထံ သင် ဟောပြော ဖူးပါသလား။ သင့် နှုတ်ပါးစပ်ကို ထာဝရဘုရား ချီးမွမ်းခြင်းနှင့် ယေရှု ခရစ်တော်၏အကြောင်း သက်သေခံခြင်းအတွက် အသုံးပြုပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ လျှာသည် ကိုယ်တော်နှင့် နှုတ်ကပတ်တရားတော်ကို ချီးမွမ်းပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဘုန်းအသရေတော်အတွက် အကျွန်ုပ်၏လျှာကို အသုံးပြုတော်မူလျက်၊ ကျိန်ခြင်းစကား၊ မကောင်းသောစကားများနှင့် ဝေးစေတော်မူပါ။

သောကြာ၊ မတ် (၂၉)
**ဆာလံ ၁၁၉း၁၇၃-၁၇၄**
ယောရှု ၂၄း၁၄-၂၈

*“အဘယ်မည်သော ဘုရားတို့အား ဝတ်ပြုမည်
အရာကို ယနေ့ ရွေးကြလော့”*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော် ရွေးပါ၏

ကျွန်တော်တို့သည် နေ့စဉ် ရွေးချယ်မှုကို ပြုရပါသည်။ ဘယ်အချိန် ထရ မလဲ၊ သရေစာ ဘာစားရ မလဲ၊ ဘယ်အဝတ်အစား ဝတ်ရ မလဲ၊ ဘယ်လမ်းဖြင့် သွားရ မလဲ၊ စသည်ဖြင့် များစွာ ရှိပါသည်။ ဘုရားသခင်နှင့်နှုတ်ကပတ်တော်အတွက် သင့်တနေ့တာ၏အကောင်းဆုံးအချိန်ကို သင်အသုံးပြုခဲ့ပါသလား။ ဘုရားသခင်နှင့် မိသာဟာယဖွဲ့ခြင်း၊ နှုတ်ကပတ်တော် ဆင်ခြင်ခြင်း အတွက် သင် အချိန်ပေးဖို့ ရွေးချယ်ပါသလား။ ဆာလံဆရာသည် ဘုရားသခင်၏မစတော်မူခြင်းကို လိုအပ်သဖြင့် နှုတ်ကပတ်တော်ကို ရွေးချယ်ခဲ့ပါသည်။ ဘုရားသခင်ကို မိမိလိုအပ်ကြောင်း သိသဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပထမဆုံး သူ ရွေးချယ်ခဲ့ပါသည်။

<u>ဘုရားသခင်၏ မစတော်မူခြင်း</u> - ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ထို ထာဝရ ဘုရား၏ မစတော်မူခြင်း လက်တော်အကြောင်းကို နှုတ်ကပတ်တော်က ဖော်ပြလျက်ရှိပါသည်။ သူသည် များစွာသောအမှုများကို ပြုတော်မူကြောင်း ဖော်ပြရာ၌ ဘုရားသခင်၏လက်တော်ဟု အသုံးပြုလေ့ရှိပါသည်။ ပရောဖက် ဟေရှာယက “ကြည့်ရှုလော့။ ထာဝရဘုရားသည် မကယ်တင် နိုင်အောင် လက်တော်တိုသည် မဟုတ် . . . ”(ဟေရှာ ၅၉း၁) ဟု ဘုရားသခင်၏ ကယ်တင်တော်မူ နိုင်ခြင်း တန်ခိုးတော်ကို ဖော်ပြခဲ့ပါသည်။ မိမိ၏အလိုတော်၊ နှစ်သက်သောအမှုကို မပြုနိုင်အောင် ဘုရားသခင်၏လက်တော်ကို ဘယ်သူမျှ မဆီးတား မချုပ်နှောင်နိုင်ပါ။ ထိုသို့သောအမှုသည် ယုံကြည်သူအတွက် ကြင်နာခြင်း၊ ကျန်းမာစေခြင်း၊ အတူပါရှိတော်မူကြောင်း ပြသတော်မူသော အမှုများဖြစ်ကြပါသည်။ ထိုဘုရားသခင်၏ မစတော်မူခြင်းသည် စုံလင်ပြည့်စုံသော မစတော်မူခြင်း ဖြစ်ပါသည်။ နည်းမျိုးစုံဖြင့် ထိုမစတော်မူခြင်းကို ယုံကြည်သူထံ ရောက်လာတတ်ပါသည်။ ပင်ပန်း အားနည်းသောသူများကို ခွန်အားပေးလျက် မစတော်မူ၏။ လိုအပ်သော အစားအစာများကို ဘုရားသခင်သည် လိုအပ်သောသူများထံ မစပေးကမ်းတော်မူ၏။

<u>ဘုရားသခင်၏ ကယ်တင်တော်မူခြင်း</u> - ထာဝရဘုရားသည် မိမိလူများကို ကယ်တင်လျက် သစ္စာရှိတော်မူခြင်းကို ပြသတော်မူ၏။ စာတန်၏တိုက်ခိုက်ခြင်းနှင့် သွေးဆောင်ခြင်းမှလည်း ကယ်နှုတ်တော်မူ၏။ အဆုံးထိအောင် ကယ်တင်တော်မူမည်ဖြစ်၍ ဤလောက၌လည်း အတူပါရှိ တော်မူ၏။ ဆာလံဆရာသည် လူတို့၏ကယ်နှုတ်ခြင်း မဟုတ်ဘဲ၊ ကယ်တင်ရှင်၏ တန်ခိုးနှင့်ပြည့်စုံ သော လက်တော်၏ ကယ်နှုတ်ခြင်းကို တောင့်တခဲ့ပါသည်။ ဤလောက၌ စစ်မှန်သော ကယ်တင်ခြင်း မရှိပါ။ ထိုဘုရားသခင်၏ ကယ်တင်တော်မူခြင်းကို ဆာလံဆရာ စောင့်မျှော်ပါသည်။ ထိုဘုရားသခင်၏ အကွယ်အကာကို ဆာလံဆရာ ကိုးစားခဲ့ပါသည်။

ထာဝရဘုရား၏ မစတော်မူခြင်း လက်တော်ကို ကျွန်တော်တို့ တောင့်တပါသည်။ လူတို့၏ မစခြင်းကို အဘယ်ကြောင့် ကျွန်တော်တို့ ရှာရပါမည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင် ရွေးချယ်ခဲ့လျှင်၊ ဂုဏ်တော်အပေါင်းသည် သင့်အဘို့ ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်ကို ကျွန်တော် ရွေးချယ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ ချစ်ခြင်း၊ မစတော်မူခြင်း လက်တော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

# အသက်တာအတွက် နှုတ်ကပတ်တရားတော်

ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော် အရေးကြီးမှုကို ကျွန်တော်တို့ လေ့လာခဲ့ပြီဖြစ်ပါသည်။ နှုတ်ကပတ်တော်၏ ပြုစုခြင်း၊ လမ်းပြခြင်းနှင့် နှိမ့်သိမ့်ခြင်း မပါဘဲ၊ ခရစ်ယာန်သည် အသက် မရှင်နိုင်ပါ။ ယုံကြည်သူ၏အသက်ဝိညာဉ်အတွက် နှုတ်ကပတ်တော်သည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့်၊ နှုတ်ကပတ်တော် မပါလျှင် အသက်တာသည် ညှိုးနွမ်းလိမ့်မည်ဖြစ်ပါသည်။ လက်ထဲ၌ကျမ်းစာ ပိုင်ဆိုင်ခြင်းကို မဆိုလိုပါ၊ ဘုရားသခင်၏သားသမီးများသည် မိမိစိတ်နှလုံးထဲ၌ နှုတ်ကပတ်တရားတော် ပိုင်ဆိုင်ကြရပါမည်။

<u>ဝိညာဉ်အသက်တာ</u> - ဘုရားသခင်က လူကို ဖန်ဆင်းသောအခါ၊ နှာခေါင်းထဲသို့ အသက်ဝိညာဉ်ကို မှုတ်သွင်းလျက်၊ လူသည် အသက်ရှင်သောသူ ဖြစ်လာခဲ့ပါသည်။ သို့သော်လည်း၊ လူသည် ဘုရားသခင်၏စကားကို နာ မခံသောအခါ၊ အပြစ်၌ ဝိညာဉ်အသက်တာ သေဆုံးသောသူ ဖြစ်ခဲ့ပါသည်။ ကယ်တင်ခြင်းခံရသောအခါ၊ လူသည် ဝိညာဉ်အသက်တာ၌ အသစ်တဖန် မွေးဖွားခြင်း ခံရ၍ ဘုရားသခင်အတွက် ဆက်လက်အသက်ရှင်ဖို့ရန် အားအင်ခွန်အား လိုအပ်ခဲ့ပါ သည်။ ထိုဝိညာဉ်အစားအစာသည် နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ ယုံကြည်သူသည် နှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော်က ခွန်အားပေးလျက် အားအင်ဖြည့်ပေးတော်မူ၏။ နှုတ်ကပတ် တော်ကို နေ့စဉ် ဖတ်ရှုလေ့လာ ဆင်ခြင်သောသူသည် ဝိညာဉ်အသက်တာ မှန်ကန်စွာ ကြီးထွားခြင်း ရှိလျက်၊ စာတန်နှင့်အပေါင်းအပါတို့၏ နှောင့်ယှက်ခြင်းမှလည်း ကွယ်ကာခြင်း ခံရလိမ့်မည်။ အမှုတော်မြတ်၌လည်း စိတ်အားထက်သန်စွာ ပါဝင်မည်ဖြစ်ပါသည်။ ဝိညာဉ်အသိဉာဏ် ရှိသည်ဖြစ်သောကြောင့် ရန်သူ၏သွေးဆောင်မှု နောက်သို့ မလိုက်ဘဲ နေလိမ့်မည်။

<u>မစတော်မူခြင်း</u> - ဝိညာဉ်တိုက်ပွဲ၌ နှုတ်ကပတ်တော်သည် ဓားဖြစ်ပါသည်။ ထို နှုတ်ကပတ်တော် ဓားကို ယုံကြည်သူသည် ကောင်းကောင်း ကိုင်တွယ် အသုံးပြုတတ်ရပါမည်။ စိတ်နှလုံးကိုလည်း နှုတ်ကပတ်တော်က လွှမ်းမိုးရပါမည်။ ရန်သူများကို အောင်နိုင်ဖို့ရန် နှုတ်ကပတ်တော်ကို လေ့ကျက်လျက် ပိုင်နိုင်စွာ သိကျွမ်းရပါမည်။ သို့မှသာ ဘုရား၏လူများကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူ၊ သင့်အသက်တာ၌ နှုတ်ကပတ်တော်သည် အဓိကကျပါသည်။ သူတပါးတို့သည် ကယ်တင်ခြင်း ခံရမည်အကြောင်း၊ သက်သေခံကောင်း ဖြစ်ဖို့ရန် နှုတ်ကပတ်တော်က သင့်ကို မစတော်မူမည်။ ယုံကြည်သူမှန်လျှင် သင်သည် စစ်မြေပြင်၌ ရှိပါ၏။ ဘုရားသခင်၏ စုံလင်သော စစ်ဝတ်တန်ဆာကို ယူတင် ဝတ်ဆင်လျက်၊ ဝိညာဉ်တော် ဓားကို စွဲကိုင်၍ ယုံကြည်ခြင်း အတွက် တိုက်လှန်ရပါမည်။ ထိုဝိညာဉ်တော် ဓားကို ထက်မြက်စွာ သင် သွေးထားရပါမည်။ ဆိုလိုသည်မှာ နှုတ်ကပတ်တော်ကို မှန်မှန် လေ့လာသင်ယူ၍ အသက်တာမှာ လိုက်လျှောက်ရမည်။ ယနေ့ စတင်ပါလော့၊ နက်ဖြန်သည် နောက်ကျပါလိမ့်မည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏စစ်သူရဲ အမည်စာရင်း၌ ကျွန်တော် ပါဝင်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ဝိညာဉ်တော်၏ဓါးကို စွဲကိုင်သော၊ ကိုယ်တော်၏စစ်သူရဲ ဖြစ်မည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၃၁)
**ဆာလံ ၁၁၉း၁၇၆**
ဟောရှာ ၅၃း၄-၉

*"ငါတို့ ရှိသမျှသည် . . . ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏ အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မမေ့ပါနှင့်

ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်း အကြိမ် ကိုးဆယ် ဆင်ခြင်နှလုံးသွင်း ခွန်အားယူခဲ့ကြပြီဖြစ်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့ မေ့လျော့ခဲ့ကြလျှင် အလွန် ဝမ်းနည်းစရာကောင်းပါလိမ့်မည်။ ဆာလံဆရာက ဤရှည်လျားသော ဆာလံကို သတိပေးချက်ဖြင့် နိဂုံးချုပ်ခဲ့ပါသည်။ ယုံကြည်သူသည် မိမိ၏ လမ်းပြအဖြစ် ဘုရားသခင်၏နှုတ်ကပတ်တော် အသုံး မပြုလျှင် သူသည် လမ်းပျောက်ပါလိမ့်မည်။

<u>လမ်းလွဲပါပြီ</u> - ယုံကြည်သူ အသက်တာ၌ လမ်းလွဲသောအကြိမ်များစွာ ရှိတတ်ပါသည်။ ထိုသို့ လမ်းလွဲခဲ့ဖူးကြောင်းကို ကျွန်တော်တို့ ရှိသားစွာ ဝန်ခံကြပါစို့။ ထိုသို့ လမ်းလွဲသောအခါ ဘုရားသခင်ထံ စောင့်ရှောက်ခြင်း တောင်းလျက် အလျင်အမြန် ဆုတောင်း ဖို့လိုပါသည်။ အဆင်ပြေပါသည်ဟု မိမိကိုယ်ကို ထင်သောသူသည် အမှန်မှာ အဆင် မပြေပါ။ ကျွန်တော်တို့ လမ်းလွဲ မလွဲကို နှုတ်ကပတ်တရားတော်အားဖြင့် သိနိုင်ပါသည်။

<u>ပျောက်သောသူ</u> - ယုံကြည်သူသည် လမ်းလွဲနိုင်ပါ၏၊ သို့သော်လည်း ပျောက်ခြင်းသည် ကြောက်စရာကောင်းလှပါသည်။ ပျောက်သောသိုးသည် သိုးစုထံ ပြန်မသွားတတ်ပါ။ သိုးထိန်း၏ ခေါ်ဆောင်ခြင်း လိုအပ်ပါသည်။ ပျောက်သောသိုးသည် တောရိုင်း တိရစ္ဆာန်များ၏ ရန်မူခြင်း၊ ကိုက်စားခြင်းကို ခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆာလံဆရာသည် မိမိကိုယ်ကို ပျောက်သောသိုးနှင့်ခိုင်းနှိုင်းခဲ့ပါသည်။ သူသည် သိုးထိန်းကို လိုအပ်ခဲ့ပါသည်။ သစ္စာရှိသော သိုးထိန်းသည် သူ့ကို ရှာဖွေတော်မူခဲ့ပါသည်။ ထိုသိုးထိန်းကို သူသည် ယုံကြည်ကိုးစားလျက်၊ သိုးထိန်း၏အသံကို ဘယ်တော့မှ မမေ့ခဲ့ပါ။

နှုတ်ကပတ်တော်ကို ကျွန်တော်တို့ အစဉ် အောက်မေ့ကြပါစို့။ သို့မဟုတ်လျှင် မိမိကိုယ်ကို ပျောက်ကြောင်း သိမည် မဟုတ်ပါ၊ ထိုအခါ မစတော်မူခြင်းအတွက် ဆုတောင်းတတ်မည် မဟုတ်ပါ။ သိုးထိန်း ရှိတော်မူကြောင်းလည်း သိမည် မဟုတ်ပါ။ ထို့ကြောင့် နှုတ်ကပတ်တော် မေ့လျော့ခြင်းသည် အလွန် ကြောက်စရာကောင်းလှပါသည်။

ချစ်သော စာဖတ်သူ၊ နှုတ်ကပတ်တော် မေ့လျော့ခြင်း၏ ကြီးမားသော အန္တရာယ်ကို သိမှတ်ဖို့ရန် ဘုရားသခင်သည် သင့်စိတ်နှလုံးကို နိုးဆော်တော်မူပါစေ။ သင့်အသက်တာ၌ နှုတ်ကပတ်တရားတော် လွှမ်းမိုးအုပ်စိုးခြင်း ရှိပါစေ။ နှုတ်ကပတ်တော်ကို ပုံမှန်၊ နှိမ့်ချသောစိတ်ဖြင့် ဖတ်ရှု ဆင်ခြင် နှလုံးသွင်းပါလော့။ မှန်ကန်စွာ နားလည်သဘောပေါက်မည်အကြောင်း သန့်ရှင်းသော ဝိညာဉ်တော်၏ အသိဉာဏ်အလင်းပေးခြင်းကို တောင်းလျှောက်ပါ။ ခက်ခဲသော ကျမ်းပိုဒ်ကို နားလည်ဖို့ရန် သင်းအုပ်ဆရာနှင့် တရားဟောဆရာများ၏ အကူအညီကိုလည်း ယူတတ်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော် မဖတ်ဘဲ၊ ကျွန်တော် နေသော နေ့ရက်များ ရှိပါသလား။

**ဆုတောင်းချက်** - အနန္တတန်ခိုးရှင် အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို မမေ့ဘဲ၊ အစဉ် ဖတ်ရှုတတ် ဆင်ခြင် နှလုံးသွင်းမည်အကြောင်း၊ အကျွန်ုပ် စိတ်နှလုံးကို ခွန်အားနှင့် ပြည့်စုံစေတော်မူပါ။